The Commerce Journal
http://www.commercejournal.com.mm
စီးပွားရေးသတင်းဂျာနယ်
စီးပွားရေးအောင်မြင်ရန်သတင်းအချက်အလက်ကိုအခြေခံ
VOL .18, NO . 41
တနင်္လာနေ့တိုင်းထုတ်ဝေသည်
October 15, 2018

# [illegible] (Transit Trade)

စာမျက်နှာ - ၈



## ကုန်သွယ်ရေးဇုန်အဆင့်သို့တိုးမြှင့်လာတော့မည့် ကန်ပိုက်တီကုန်သွယ်ရေးစခန်း

စာမျက်နှာ - ၁၃

## တိုးချဲ့ထုတ်လုပ်သင့်သော အင်းတော်မှန့်တီခေါက်ဆွဲလုပ်ငန်းများ

စာမျက်နှာ - ၂၂

## [illegible]

စာမျက်နှာ - ၂၅



## တစ်ပတ်အတွင်း ရေကြောင်းမှ ဆန်တင်ပို့မှုပိုမိုပြီး အာဖရိကနိုင်ငံများသို့ အများဆုံးတင်ပို့

စာမျက်နှာ - ၄

Top-Kick Multi - Crop Thresher စပါး နှင့် ပဲအမျိုးမျိုး ခြွေလှေ့စက်

စပါး၊ မတ်ပဲ၊ ပဲတီစိမ်း၊ ပဲစဉ်းငုံ၊ ပဲကြီး၊ ကုလားပဲ၊ စားတော်ပဲ၊ ပဲပိစပ်၊ ပဲလွန်းနီ၊ ဂျုံ၊ နေကြာ၊ မြေပဲ၊ ပြောင်းအစရှိသည့်သီးထပ်၊ သီးညှပ် ပဲအမျိုးမျိုးတို့ကို ခြွေလှေ့စက် တစ်လုံးတည်းဖြင့်လွယ်ကူစွာခြွေလှေ့နိုင်ပါသည်။ သီးနှံ တစ်မျိုးပြောင်း၍ခြွေလှေ့တိုင်းမည်သည့်နေရာဒေသမဆိုလိုက်လံခြွေလှေ့ပြသပေးပါသည်။



ပဲကွဲမှုမရှိကြောင်း နှင့် သဲ ခဲ ကင်းစင်မှုကို အာမခံပါသည်
စပါးတင်းတစ်ထောင်ခြွေလှေ့ပါက အလေအလွင့်အနည်းဆုံး(၄)ပြည်သာလျော့မည်။
ရိုးမဘဏ်(ပြည်ဘဏ်ခွဲ)ဖြင့် ချိတ်ဆက်၍ အရစ်ကျစနစ်ဖြင့် ဝယ်ယူနိုင်ပါသည်။
Ko Zaw Moe Aung(Electronic Service Engineer)
Top-Kick Engineering Group
No.(14),Mekkheyar Min Thar Gyi Mg Phyo Street,Industrial Zone(1),Pyay.
Ph:09-5409513,09-253100337,09-253149075
ဆက်သွယ်ရန် - ကိုဇော်မိုးအောင်( 09-5409513)အမှတ်(၂၀)၊ ဦးလူကြီးလမ်း၊ စက်မှုဇုန်(၁)၊ ပြည်မြို့။

# မြန်မာမင်္ဂလာစံအိမ်ကုမ္ပဏီလီမိတက်

ရာပြည့်ကွန်ဒို





အမှတ်(၅၂၀)၊သုမင်္ဂလာလမ်း၊၁၁ ရပ်ကွက်၊တောင်ဥက္ကလာပမြို့နယ်၊ရန်ကုန်မြို့။
ဖုန်း - ၀၉ ၄၁၀၀၇၁၈၄၊ ၀၉ ၂၅၀၀၀၀၆၄၅

# MYANMAR PADAUK TRADING CO., LTD.

မြန်မာနိုင်ငံတဝှမ်းလုံးသို့ တင်သွင်းဖြန့်ချီသည်။

KORYO CABLE — Made in Korea
CONTINENTAL ELECTRIC WIRE — Made in Korea
CADI-SUN — Made in Vietnam
EMG CABLE & WIRE — Made in Korea
N.I.U ELEC — Made in China
JEWAY — Made in China

IEC Standard နှင့် အညီ ထုတ်လုပ်ထားသော 99.9 Pure Coppeer (LT/HT) ဝါယာကြိုးများ၊ 99.9 Pure Aluminium Isulated ဝါယာကြိုးများနှင့် 400V Material & 6.6kV/11kV/33kV (Line Accessories) များအား နိုင်ငံတကာအသိအမှတ်ပြုလက်မှတ်များ ရရှိထားသော မှန်ကန်သည့် အရည်အသွေးပြည့် ပစ္စည်းများကိုသာ မြန်မာနိုင်ငံ တစ်ဝှမ်းလုံးသို့ တင်သွင်းဖြန့်ချီသည်။





**Available Items**

- Building Wire
- Underground Cable
- Overhead Cable
- High Quality & Long Term Quality Control
- Resonable Price for Customer
- International Standard & Certified for Safety
- We Can Support Low Voltage, Medium Voltage, High Voltage Copper Conductor & Aluminium Conductor

Head Office : No.12/ Da Dwe, Inya Avenue St., Ka Ba Aye Pagoda Rd, Mayangone Tsp. Tel : 01 657781, 657782, 657783, 657784
Showroom ( Yangon) : No. (H3-46), Thiriyadanar Wholesale/Retail Compound, North Okalapa Tsp.,Yangon.. Tel : 01 578538, 09 400309366
Showroom ( Dawei) : No.(117), Tike Thit Kyaung Road, Kanyone Yet, Dawei Tsp., Tanintharyi Division.Tel : 09 457366663, 09 457366664
Showroom (Taunggyi) : No.33, Oakaw Street, Nyaung Shwe Hawkone Yet, Taunggyi, Shan State. Tel : 09 445578001, 09 445578002
Showroom ( Monywa) : No.103, Bogyoke Aung San Street, Kwaegyi Ward, Monywa Tsp. Sagaing Division. Tel : 09 427 8888 71, 09 427 8888 72

Email : epshowroom@myanmarpadauk.com Website : www.myanmarpadauk.com

# စီးပွားရေးနှင့် ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဒေါက်တာသန်းမြင့် ဥရောပသမဂ္ဂအဖွဲ့ရုံးမှ သံအမတ်ကြီးဖြစ်သူ H.E. Mr. Kristian Schmidt နှင့် ကာတာသံရုံးမှ သံရုံးယာယီတာဝန်ခံဖြစ်သူ Mr. Mansoor Mubarak S.B. AL-Khayarin တို့အား သီးခြားစီ လက်ခံတွေ့ဆုံ



စီးပွားရေးနှင့် ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဒေါက်တာသန်းမြင့်သည် ဥရောပသမဂ္ဂအဖွဲ့ရုံးမှ သံအမတ်ကြီးဖြစ်သူ H.E. Mr. Kristian Schmidt ဦးဆောင်သောကိုယ်စားလှယ်အဖွဲ့အား အောက်တိုဘာ ၉ ရက် နံနက် ၁၁:၃၀ နာရီတွင်လည်းကောင်း၊ ကာတာသံရုံးမှ သံရုံးယာယီတာဝန်ခံ (Charge d' Affaires and Minister Plenipotentiary)ဖြစ်သူ Mr. Mansoor Mubarak S.B. AL-Khayarin ဦးဆောင်သော ကိုယ်စားလှယ်အဖွဲ့အား မွန်းလွဲ ၂ နာရီတွင်လည်းကောင်း စီးပွားရေးနှင့်ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာန ဝန်ကြီးရုံး၊ ဧည့်ခန်းမ(၁)၌ သီးခြားစီ လက်ခံတွေ့ဆုံခဲ့သည်။

ဥရောပသမဂ္ဂအဖွဲ့ရုံးမှ သံအမတ်ကြီးနှင့် တွေ့ဆုံစဉ် မြန်မာနိုင်ငံအနေဖြင့် Generalized System of Preferences (GSP) အခွင့်အရေးကို အသုံးချနိုင်မှုကြောင့် မြန်မာနှင့် ဥရောပသမဂ္ဂ (အီးယူ) တို့အကြား ကောင်းမွန်သော ကုန်သွယ်မှုများ မြင်တွေ့နေရပါကြောင်း၊ ဆက်လက်၍လည်း ပို့ကုန်များတိုးမြှင့်တင်ပို့သွားလိုပါကြောင်းနှင့် ကုန်သွယ်မှုဆိုင်ရာ ကြုံတွေ့နေရသည့် အခက်အခဲများအား နှစ်ဦးနှစ်ဖက် ညှိနှိုင်းဖြေရှင်းသွားနိုင်ရေး၊ အီးယူအဆင့်မြင့်ကိုယ်စားလှယ်အဖွဲ့၏ မကြာမီ လာရောက်မည့် ခရီးစဉ်နှင့်စပ်လျဉ်းပြီး ပူးပေါင်းဆောင်ရွက်သွားနိုင်ရေးတို့ကို ဆွေးနွေးခဲ့ကြသည်။

ကာတာသံရုံးမှ သံရုံးယာယီတာဝန်ခံနှင့် တွေ့ဆုံစဉ် မြန်မာနိုင်ငံနှင့် ကာတာနိုင်ငံအကြား ကုန်သွယ်မှုကဏ္ဍအား ယခုထက်ပို၍ တိုးမြှင့်ဆောင်ရွက်နိုင်ရေး၊ မြန်မာနိုင်ငံမှ လယ်ယာထွက်ကုန်များ၊ ရေထွက်ကုန်များကို ကာတာနိုင်ငံ၏ စားသုံးသူလိုအပ်ချက် စံချိန်စံညွှန်းများနှင့်အညီ တိုးမြှင့်တင်ပို့နိုင်ရေး၊ ကာတာနိုင်ငံမှ ရင်းနှီးမြှုပ်နှံသူများ မြန်မာနိုင်ငံသို့လာရောက်ရင်းနှီးမြှုပ်နှံနိုင်ရေး ကိစ္စရပ်များအား ဆွေးနွေးခဲ့ကြသည်။

အဆိုပါတွေ့ဆုံပွဲများသို့ ဒုတိယဝန်ကြီး၊ အမြဲတမ်းအတွင်းဝန်၊ ညွှန်ကြားရေးမှူးချုပ်များနှင့် တာဝန်ရှိသူများတက်ရောက်ခဲ့ကြကြောင်း သတင်းရရှိသည်။

**MOC(IR)**

# ဒုတိယဝန်ကြီး ဦးအောင်ထူး CTQM ရှိ သုတေသနအထောက်အကူပြု ဆန်စက်နှင့် သိုလှောင်ရုံများအား သွားရောက်ကြည့်ရှု



စီးပွားရေးနှင့် ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာန ဒုတိယဝန်ကြီး ဦးအောင်ထူးနှင့် စားသုံးသူရေးရာဦးစီးဌာန ညွှန်ကြားရေးမှူးချုပ် ဦးမြင့်လွင်တို့ပါဝင်သောအဖွဲ့သည် ၂၀၁၈ ခုနှစ် အောက်တိုဘာ ၁၂ ရက် ၁၂:၃၀ နာရီတွင် ရန်ကုန်တိုင်းဒေသကြီး၊ လှည်းကူးမြို့နယ်၊ ကျွန်းကလေး ကျေးရွာရှိ ကုန်ပစ္စည်းစမ်းသပ်စစ်ဆေးရေးနှင့် အရည်အသွေး စီမံခန့်ခွဲမှုဌာနစု(လှည်းကူး)သို့ ရောက်ရှိကာ လုပ်ငန်းဆောင်ရွက်မှု အခြေအနေများနှင့် CTQM ဝင်းအတွင်းရှိ သုတေသန အထောက်အကူပြုဆန်စက်၊ ဆီစက်၊ သိုလှောင်ရုံများကို ကြည့်ရှုစစ်ဆေးခဲ့သည်။

ဒုတိယဝန်ကြီးက CTQM ဝန်ထမ်းများနှင့် တွေ့ဆုံခဲ့ပြီး ကုန်သွယ်မှုနှင့်ဆက်စပ်နေသော အရည်အသွေး စီမံခန့်ခွဲမှုဌာနအဖြစ် ထူထောင်နိုင်ရေးအတွက်ကြိုးပမ်းဆောင်ရွက်ရန်၊ အရည်အသွေး စီမံခန့်ခွဲမှုနှင့်အတူ သုတေသနဖွံ့ဖြိုးရေးလုပ်ငန်းများ ဆောင်ရွက်သွားရန်နှင့် ဓာတ်ခွဲခန်းသုံးကိရိယာများ အဆင့်မြှင့်တင်နိုင်ရေး နည်းလမ်းရှာ၍ဆောင်ရွက်သွားရန် စသည်ဖြင့် မှာကြားခဲ့ပါသည်။

ဆက်လက်၍ CTQM ဝင်းအတွင်းရှိသုတေသန အထောက်အကူပြုဆန်စက်၊ ဆီစက်၊ သိုလှောင်ရုံများကို ကြည့်ရှုစစ်ဆေးပြီး သုတေသနနှင့် ဆန်စက်သင်တန်းများအတွက် သင့်လျော်သော ခေတ်မီဆန်စက်၊ အခြောက်ခံစက်များ အစားထိုးတပ်ဆင်နိုင်ရေး ဆောင်ရွက်သွားရန် လမ်းညွှန်မှာကြားမှုများ ပြုလုပ်ခဲ့ပါသည်။

ကုန်ပစ္စည်း စမ်းသပ်စစ်ဆေးရေးနှင့် အရည်အသွေးစီမံခန့်ခွဲမှုဌာနစု (CTQM) သည် ယခင်ရိတ်သိမ်းချိန်လွန် နည်းပညာအသုံးချဌာန (PTAC) ဖြစ်ပြီး စိုက်ပျိုးရေးအခြေခံ ပြည်ပပို့ကုန်များကို ဓာတ်ခွဲစမ်းသပ်စစ်ဆေးပေးလျက်ရှိသော စီးပွားရေးနှင့်ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာန၏ ပိုင်ဌာနတစ်ခုလည်း ဖြစ်ပါသည်။

**မောင်မောင်(CTQM)**

Commerce
J O U R N A L

**အတိုင်ပင်ခံစာတည်း**
မင်းမင်း
မြင့်လွင်
ဦးဦးဟန်
မြတ်ထွန်းကျော်

**စာတည်းမှူးချုပ်**
သိန်းထွန်းဦး

**တာဝန်ခံစာတည်း**
-

**အုပ်ချုပ်ရေးမှူး**
အေးအေးမော်

**စာတည်းအဖွဲ့**
ကြည်သာသစ်နိုင်

**လက်ထောက်စာတည်း**
ယဥ်ယဥ်အေး၊ မော်မော်အောင်၊
ခင်မိုးသူ၊ သီတာဝင်း

**သတင်းထောက်များ**
သန်းထိုက်အောင်(ပြင်ပ)၊ စုမြတ်လှိုင်(ပြင်ပ)
ရီလင်းထွဋ်(မုံရွာ)၊ မင်းမင်းဦး(ပုသိမ်)၊
ကြည်နိုင်ဦး(အင်းတော်) မင်းဇော်မွန်(ဖျာပုံ)၊
မြင့်ဦး(ပခုက္ကူ) ခင်ဆွေဝင်း(ပြည်)၊
ဝေဝေမင်း(ပြည်)၊ နီနီဝင်း(ပြည်)
ဝင်းဝင်းခိုင်(ပြည်)၊ ဇေခိုင်(တောင်ကြီး)၊
မင်းအောင်(တောင်ကြီး)၊ သန်းသန်းတင်(မုံရွာ)
စိုးအောင်(မန္တလေး)၊ စန္ဒာစိုးလွင်(မကွေး)

**Proof & Layout Design ကြီးကြပ်**
ခင်စုစုလှိုင်

**ကြော်ငြာတာဝန်ခံ**
ထွန်းထွန်းဝင်း (ဖုန်း-၀၉-၄၂၃၇၃၇၅၆၃)
မြင့်ဇင်ညွန့် (ဖုန်း-၀၉-၇၃၀၅၃၅၃၁)

**ထုတ်ဝေသူ**
ဦးမြတ်ထွန်းကျော်(၀၁၀၅၅)
အမှတ်-၂၂၈/၂၄၀၊ ကမ်းနားလမ်း၊
ပန်းဘဲတန်းမြို့နယ်။ ဖုန်း-၂၅၁၁၉၇၊ ၃၇၁၀၂၃

**ဖြန့်ချိရေးတာဝန်ခံ**
သန်းစိုး

**ဖြန့်ချိရေး**
ဇော်ဝင်း၊ မျိုးဇော်၊ အောင်မျိုး၊
အုန်းခင် (၀၉-၄၃၀၄၁၇၄၉)

**ကွန်ပျူတာ**
သင်းသီရိအောင်

**Layout Design & Graphic Design**
CJ Design Group

**ပုံနှိပ်သူ**
ကောမတ်စ်ဂျာနယ်ပုံနှိပ်တိုက်(၀၀၉၇၇)
မင်္ဂလာတောင်ညွန့်မြို့နယ်၊ ရန်ကုန်မြို့။

**Email Address**
commercejournal.editor@gmail.com

# ဆန်ချောဈေးငြိမ်ပြီး ဆန်ကြမ်းအနည်းငယ်ဈေးကျ

ယခုတစ်ပတ် ရန်ကုန်ဆန်ဈေးကွက်မှာ ဆန်ချောဈေး ငြိမ်ပြီး ဆန်ကြမ်းဈေး အနည်းငယ်ကျကြောင်း ဝါးတန်းကုန်စည်ဒိုင်မှ သိရပါတယ်။ ကုန်စည်ဒိုင်ရဲ့ ဆန် လက်ကားဈေးနှုန်းများအရ ဖျာပုံပေါ်ဆန်းဆန်ထိပ်စတစ်အိတ်ကျပ် ၅၂၀၀၀ နဲ့ လတ်စတစ်အိတ်ကျပ် ၅၁၀၀၀၊ ပုသိမ်၊ မြောင်းမြပေါ်ဆန်း ဆန်ထိပ်စတစ်အိတ် ကျပ် ၅၆၀၀၀ နဲ့ လတ်စတစ်အိတ်ကျပ် ၅၄၀၀၀၊ ကျိုက်လတ်ပေါ်ဆန်းဆန်ထိပ်စ တစ်အိတ်ကျပ် ၅၀၀၀၀ နဲ့လတ်စတစ်အိတ်ကျပ် ၄၉၀၀၀၊ ရွှေဘိုပေါ်ဆန်းဆန် တစ်အိတ်ကျပ် ၆၁၀၀၀ - ၆၃၀၀၀၊ ပေါ်ဆန်း(ရှယ်) တစ်အိတ် ကျပ် ၅၀၀၀၀ - ၅၃၀၀၀ ရှိပြီး ယခင်တစ်ပတ်အတိုင်း ဈေးငြိမ် နေကြောင်း သိရပါတယ်။ ပစ္စည်းအဝင်ပုံမှန်ရှိပြီး အရောင်း အဝယ်လည်းပုံမှန်ရှိကြောင်း သိရပါတယ်။

ယခုတစ်ပတ် ဆန်ကြမ်းဈေးအနည်းငယ်ကျကြောင်း ဝါးတန်းကုန်စည်ဒိုင်ရဲ့လက်ကားဈေးနှုန်းများအရ သိရပါတယ်။ဧည့်မထ ၂၅မှတ်ဆန်တစ်အိတ်ကျပ် ၂၂၃၀၀- ၂၂၅၀၀၊ သီးထပ်(ရှယ်)တစ်အိတ်ကျပ် ၂၄၂၀၀- ၂၄၈၀၀၊ ရက် ၉၀ ဆန်တစ်အိတ်ကျပ် ၂၅၀၀၀ - ၂၅၈၀၀ ရှိပြီး တစ်အိတ်ကို ကျပ် ၅၀၀ ခန့်ဈေးကျ ကြောင်း သိရပါတယ်။ မိုးသုခဆန်ကတော့ တစ်အိတ်ကိုကျပ် ၂၄၅၀၀ - ၂၆၀၀၀ ရှိပြီး ဈေးငြိမ်နေကြောင်း သိရပါတယ်။ဆန်ကြမ်းလည်းအရောင်းအဝယ်ပုံမှန်ရှိကြောင်း ဝါးတန်းဆန်ဈေးကွက်မှ သိရပါတယ်။

**ယဉ်ယဉ်အေး**

# ရောဝတီတိုင်းဒေသကြီးအတွင်း ဆန်၊ စပါးဈေးကွက်တွင် မြို့နယ်အချို့၌ နွေစပါးဈေးနှုန်းကျဆင်း

ဧရာဝတီတိုင်းဒေသကြီးအတွင်းရှိ ဆန်စပါးဈေး ကွက်တွင် မိုးစပါးသစ်များ မကြာမီ ပေါ်လာမည်ဖြစ်၍ မြောင်းမြ၊ အိမ်မဲ၊ ဝါးခယ်မ၊ လပွတ္တာ၊ မော်ကျွန်း၊ မအူပင်၊ ပန်းတနော်၊ ညောင်တုန်း၊ ဓနုဖြူမြို့နယ်များတွင် နွေစပါးဈေး အနည်းငယ် ကျဆင်းလျက်ရှိကာ ကျန်မြို့နယ်များတွင် ရောင်းဝယ်မှု ပုံမှန်ရှိနေပြီး စပါး၊ ဆန်ဈေးနှုန်းများ တည်ငြိမ်မှု ရှိကြောင်း စပါး၊ ဆန်ဈေးနှုန်း သတင်းများမှ သိရသည်။

ယခင် အောက်တိုဘာလဆန်းပိုင်း မြောင်းမြ၊ အိမ်မဲ၊ ဝါးခယ်မ၊ လပွတ္တာ၊ မော်ကျွန်းမြို့နယ်များတွင် နွေသီးထပ်ရင် စပါး (၄၆)ပေါင် တင်း(၁၀၀)ကို ကျပ် ၆၂၀၀၀-၆၂၅၀၀၀မှ ယခု ကျပ် ၆၀၇၀၀၀-၆၁၁၀၀၀ နှုန်း ရှိတာကြောင့် စပါးတင်း (၁၀၀)ကို ကျပ် ၁၅၀၀၀ ခန့် ဈေးနှုန်းကျဆင်းပြီး မအူပင်၊ ပန်းတနော်၊ ညောင်တုန်း၊ ဓနုဖြူမြို့နယ်များတွင် ယခင် နွေစပါး (၄၆)ပေါင် တင်း(၁၀၀)ကို ကျပ် ၆၁၆၀၀၀ မှ ယခု ကျပ် ၆၀၇၀၀၀ နှုန်းဖြစ်သွား၍ စပါးတင်း (၁၀၀)ကို ကျပ် ၉၀၀၀ ခန့် ဈေးနှုန်းကျဆင်းမှုရှိကြောင်း ဆန်၊ စပါးဈေးကွက် သတင်းများမှ သိရသည်။

**မင်းမင်းဦး(ပသ)**



# တစ်ပတ်အတွင်း ရေကြောင်းမှ ဆန်တင်ပို့မှု ပိုမိုပြီး အာဖရိကနိုင်ငံများသို့ အများဆုံးတင်ပို့

မြန်မာ-တရုတ်နဲ့ မြန်မာ-ဘင်္ဂလားဒေ့ရှ်နယ်စပ်ရှိ ကုန်သွယ်ရေး စခန်းများမှ စက်တင်ဘာ ၂၉ ရက်မှ အောက်တိုဘာ ၁၀ ရက်အထိ သီတင်းပတ်အတွင်း အမေရိကန်ဒေါ်လာ ၁ ဒသမ ၄၀၆ သန်း တန်ဖိုးရှိ ဆန် ၃၈၆၆ တန်ကျော် တင်ပို့ခဲ့ကြောင်း သိရပါတယ်။ မြန်မာ-တရုတ်နယ်စပ်မှ တင်ပို့မှုမှာ မူဆယ်(၁၀၅)မိုင် ကုန်သွယ်ရေးဇုန်မှ ဧည့်မထဆန် ၃၅၂၆ တန်၊ ကောက်ညှင်းဆန် ၂၁၆တန်ကျော်နဲ့ ချင်းရွှေဟော်စခန်းမှ ဧည့်မထဆန် ၁၀၄ တန် ဖြစ်ပြီး၊ မြန်မာ-ဘင်္ဂလားဒေ့ရှ်နယ်စပ် မောင်တောကုန်သွယ်ရေးစခန်း မှ ဧည့်မထဆန် တန်ချိန် ၂၀ တင်ပို့တာဖြစ်ကြောင်းသိရပါတယ်။ ယခင်တစ်ပတ် တင်ပို့မှုနဲ့ နှိုင်းယှဉ်ပါက ၁၆၇၅၉ တန် လျော့ကျခဲ့ကြောင်း သိရပါတယ်။

စက်တင်ဘာ ၃၀ ရက်မှအောက်တိုဘာ ၆ ရက်အထိ သီတင်းပတ်အတွင်း ပင်လယ်ရေကြောင်းကုန်သွယ်မှုမှ အမေရိကန်ဒေါ်လာ သုည ဒသမ ၁၉၉ သန်း တန်ဖိုးရှိဧည့်မထဆန်၊ ငစိန်ဆန်နဲ့ ပေါင်းဆန် ၁၇၆၆၉ တန် တင်ပို့ခဲ့ ကြောင်း သိရပါတယ်။ နိုင်ငံအလိုက် တင်ပို့မှုများမှာ အာဖရိကနိုင်ငံများဖြစ်တဲ့ ဂါနာနိုင်ငံသို့ ဧည့်မထဆန် တန်ချိန် ၁၃၅၀၀၊ ဘီနင်နိုင်ငံသို့ ၃၇၅တန်၊ အိုင်ဗရီကို့စ်နိုင်ငံသို့ ၈၇၅တန်၊ ဆီရာလီယွန်နီနိုင်ငံသို့ ဧည့်မထဆန် ၃၇၅ တန်၊ ယူအေအီးနိုင်ငံများသို့ တန်ချိန် ၄၅၀၊ တရုတ်နိုင်ငံသို့ ငစိန်ဆန် တန်ချိန် ၅၀၊ အီးယူနိုင်ငံများသို့ ဧည့်မထဆန်နဲ့ ပေါင်းဆန် ၂၀၄၄ တန် တင်ပို့ခဲ့ကြောင်း သိရပါတယ်။ ယခင်တစ်ပတ် တင်ပို့မှုနဲ့ နှိုင်းယှဉ်ပါက ယခုတစ်ပတ်မှာ ၁၃၅၀၅ တန် ပိုမို တင်ပို့နိုင်ကြောင်း သိရပါတယ်။ ယခုတစ်ပတ်မှာ ရေကြောင်းမှ အမေရိကန် ဒေါ်လာ သုည ဒသမ ၅၃၁သန်းတန်ဖိုးရှိ ဆန်ကွဲ ၁၇၇၅ တန်တင်ပို့ခဲ့ပြီး စင်ကာပူနိုင်ငံသို့ ၁၇၅တန်နဲ့ အီးယူနိုင်ငံများသို့ တန်ချိန် ၁၆၀၀ တင်ပို့ခဲ့ကြောင်း သိရပါတယ်။ ယခင်တစ်ပတ် တင်ပို့မှုနဲ့ နှိုင်းယှဉ်ပါက ၃၆၃၃ တန် လျော့ကျခဲ့ကြောင်း သိရပါတယ်။ ယခုတစ်ပတ် ဆန်နဲ့ဆန်ကွဲတင်ပို့မှု စုစုပေါင်းမှာ ဆန် ၂၁၅၃၅တန်နဲ့ဆန်ကွဲ ၁၇၇၅တန်ဖြစ်ပြီး ပင်လယ်ရေကြောင်းမှ ဆန်ပိုမိုတင်ပို့ နိုင်ခဲ့တာတွေ့ရပါတယ်။ ယခုတစ်ပတ် ဆန်တင်ပို့မှုများအနက် အာဖရိကနိုင်ငံများသို့ အများဆုံး တင်ပို့ခဲ့ကြောင်းသိရပါတယ်။

**ယဉ်ယဉ်အေး**

# ရန်ကုန်တောင်ပိုင်းခရိုင်အတွင်း ရက်(၉၀)သက်နုစပါးသစ်များ ရိတ်သိမ်းနေ

ရန်ကုန်တောင်ပိုင်းခရိုင်အတွင်း သန်လျင်၊ ကျောက်တန်း၊ သုံးခွ၊ ခရမ်းမြို့များရှိကျေးရွာတချို့တွင် ၂၀၁၈ - ၂၀၁၉ ခုနှစ် မိုးစပါးရက် (၉၀) သက်နုစပါးသစ်များ အောက်တိုဘာ ပထမပတ်မှစ၍ ထွက်ရှိနေပြီဖြစ်ကြောင်းသိရသည်။

သန်လျင်မြို့နယ်တွင် ဆေးလုံးကြီး၊ ချောင်းစောက် ကျေးရွာများ၊ ကျောက်တန်းမြို့နယ်တွင် ကန်ပြောင်၊ ကြာကန် ကျေးရွာများ၊ သုံးခွမြို့နယ်တွင် အောင်သာဒါန်း၊ ကုန်းခလာ၊ သုံးပေါက်ချွန်း၊ ပုလဲ၊ ညောင်နီကျေးရွာများ၊ ခရမ်းမြို့နယ်၌ ကျုံတူး၊ ခမတ်၊ တမံကြီးကျေးရွာများတွင် ရက် ( ၉၀ ) သက်နု ဧည့်မထစပါးများရိတ်သိမ်းနေကြောင်း၊ တလင်းပျောက်စနစ် ကျင့်သုံးခြင်းအနေဖြင့် ရိတ်သိမ်းခြွေလှေ့စက်များ ငှားရမ်း ရိတ်သိမ်းကြပြီး တစ်ဧကစပါးရိတ်သိမ်းခမှာ ကျပ် ၄၅၀၀၀ မှ ကျပ် ၅၀၀၀၀ အထိပေးရကြောင်း တောင်သူများထံမှ သိရသည်။ ယခု အောက်တိုဘာ ပထမပတ် စပါးသစ် ဧည့်မထ စပါး(အခြောက်) ဆန်စက်အရောက်ဈေးမှာ ၄၆ ပေါင်ကိုက် စပါးတင်း ၁၀၀ လျှင် ကျပ် ၅၂၀၀၀၀ ခန့် ဈေးဖြင့် ဝယ်ယူနေရ ကြောင်း ဆန်စက်ပိုင်ရှင်များထံမှသိရသည်။

**သိန်းနိုင်(သန်လျင်)**

# အာရှနိုင်ငံတွေက FOB ဆန်ဈေးနှုန်းများ

၁၂-၁၀-၂၀၁၈ ဒေါ်လာ/တန်

| | ထိုင်း | | | ဗီယက်နမ် | | | အိန္ဒိယ | | | ပါကစ္စတန် | | |
|---|---|---|---|---|---|---|---|---|---|---|---|---|
| | ယခင် | ယခု | နှိုင်းယှဉ်ချက် | ယခင် | ယခု | နှိုင်းယှဉ်ချက် | ယခင် | ယခု | နှိုင်းယှဉ်ချက် | ယခင် | ယခု | နှိုင်းယှဉ်ချက် |
| ဆန်ဖြူ ၁၀၀ % | ၃၉၅ | ၄၀၀ | △ | - | - | - | - | - | - | - | - | - |
| ဆန်ဖြူ ၅% | ၃၈၅ | ၃၉၀ | △ | ၄၀၀ | ၄၀၃ | △ | ၃၉၅ | ၃၉၅ | □ | ၃၈၃ | ၃၈၂ | ▽ |
| ဆန်ဖြူ ၁၀% | ၃၈၃ | ၃၈၈ | △ | ၃၉၅ | ၃၉၈ | △ | - | - | - | ၃၇၈ | ၃၇၇ | ▽ |
| ဆန်ဖြူ ၁၅% | ၃၈၀ | ၃၈၅ | △ | ၃၉၀ | ၃၉၃ | △ | - | - | - | ၃၇၃ | ၃၇၂ | ▽ |
| ဆန်ဖြူ ၂၅% | ၃၆၅ | ၃၆၇ | △ | ၃၈၀ | ၃၈၀ | □ | ၃၅၈ | ၃၅၅ | ▽ | ၃၄၈ | ၃၄၃ | ▽ |
| ပေါင်းဆန် | ၄၁၁ | ၄၁၂ | △ | - | - | - | ၃၆၈ | ၃၆၈ | □ | ၄၀၈ | ၄၀၈ | □ |

*Source: liverice*

# ပြည်တွင်းမြို့ကြီးများ၏ (၁၂-၁၀-၂၀၁၈)ရက်နေ့ ဆန်၊ စပါးဈေးနှုန်းများ

ရေတွက်ပုံ-ကျပ်/စပါး(တင်း)၊ ဆန်(တစ်အိတ်)

| မြို့ | ဧည့်မထအုပ်စု | | | | ပေါ်ဆန်းအုပ်စု | | | |
|---|---|---|---|---|---|---|---|---|
| | စပါး | | ဆန် | | စပါး | | ဆန် | |
| | ယခု | ယခင်အပတ်နှင့် နှိုင်းယှဉ်ချက် | ယခု | ယခင်အပတ်နှင့် နှိုင်းယှဉ်ချက် | ယခု | ယခင်အပတ်နှင့် နှိုင်းယှဉ်ချက် | ယခု | ယခင်အပတ်နှင့် နှိုင်းယှဉ်ချက် |
| **ဆန်ပိုဒေသများ** | | | | | | | | |
| ပြည် | ၆၄၅၀ | □ | ၂၇၀၀၀ | □ | ၁၀၅၀၀ | □ | ၄၃၀၀၀ | □ |
| ပုသိမ် | ၆၇၁၀ | □ | ၂၇၀၀၀ | □ | ၁၁၃၆၀ | □ | ၄၈၀၀၀ | □ |
| ပဲခူး | ၆၆၅၀ | □ | ၂၇၀၀၀ | □ | ၁၁၀၀၀ | □ | ၅၃၀၀၀ | □ |
| ရွှေဘို | ၆၅၀၀ | □ | ၂၅၀၀၀ | □ | ၁၆၅၀၀ | □ | ၅၄၀၀၀ | □ |
| စစ်တွေ | ၆၅၀၀ | △ | ၂၈၅၀၀ | △ | ၁၂၅၀၀ | △ | ၅၅၀၀၀ | △ |
| **ဆန်လိုဒေသများ** | | | | | | | | |
| နေပြည်တော် | ၇၅၀၀ | □ | ၃၂၀၀၀ | □ | - | - | ၅၄၀၀၀ | □ |
| ရန်ကုန်(ဝါးတန်း) | ၆၄၀၀ | □ | ၂၃၂၀၀ | □ | - | - | ၄၈၀၀၀ | □ |
| မန္တလေး | ၇၅၀၀ | □ | ၃၀၀၀၀ | □ | - | - | ၅၀၀၀၀ | □ |
| မကွေး | ၉၀၀၀ | △ | ၃၀၀၀၀ | △ | - | - | ၆၀၀၀၀ | □ |
| မော်လမြိုင် | ၇၀၀၀ | □ | ၂၇၀၀၀ | □ | ၁၁၅၀၀ | □ | ၅၀၀၀၀ | △ |
| လွိုင်ကော် | ၈၉၄၀ | △ | ၄၂၀၀၀ | △ | - | - | ၆၃၀၀၀ | △ |
| မြိတ် | ၆၈၀၀ | □ | ၂၇၅၀၀ | △ | - | - | ၅၅၀၀၀ | ▽ |
| ဘားအံ | ၇၅၀၀ | □ | ၂၈၅၀၀ | △ | - | - | ၅၆၅၀၀ | □ |

မှတ်ချက်။ ။ပေါ်ဆန်းအုပ်စုတွင် ပဲခူး၊ မော်လမြိုင်၊ မုံရွာ၊ ဘားအံတို့မှာဒေသထွက်ဆန်ဖြစ်ပြီး၊ ပြည် ဆန်ဈေးမှာ နတ္တလင်းဆန်ဈေးဖြစ်ပါသည်။ ဧည့်မထအုပ်စုတွင် နေပြည်တော်၊ မန္တလေး၊ မကွေး၊ လွိုင်ကော်တို့မှာ မနောသုခဆန်၊ ရွှေဘိုမှာအသွယ်စ နွေ(သစ်)အမျိုးအစားဖြစ်ပါသည်။ ရန်ကုန်၏ စပါးဈေးမှာ သန်လျင် မြို့နယ်၏ စပါးဈေးနှုန်းဖြစ်ပါသည်။

| ၈-၁၀-၂၀၁၈ မှ ၁၂-၁၀-၂၀၁၈ ထိ CO Form များ ထုတ်ပေးမှုစာရင်း ရန်ကုန်တိုင်းဒေသကြီးရုံး | | | |
|---|---|---|---|
| **Sr.No.** | **Forms** | **Copies** | **Total Value (US$)** |
| 1 | Form A | 875 | 49,331,362.956 |
| 2 | Form D | 83 | 2,685,729.979 |
| 3 | Form E | 127 | 2,987,144.610 |
| 4 | Korea GSP | 8 | 134,208.230 |
| 5 | Form AK | 118 | 5,604,729.670 |
| 6 | Form AJ | 4 | 285,497.180 |
| 7 | Form AI | 73 | 2,330,247.320 |
| 8 | Form AANZ | 17 | 464,804.070 |
| 9 | Form DFTP | | |
| 10 | Form CHINA | 1 | 110,002,140 |
| **Grand Total** | | **1306** | **63,933,726.155** |

## ပြည်တွင်းဈေးကွက်များမှ ပဲမျိုးစုံဈေးနှုန်းအပြောင်းအလဲ

၁၂-၁၀-၂၀၁၈ ကျပ်/ပိဿာ

| ပဲအမျိုးအမည် | ရန်ကုန် | | | မန္တလေး | | | မုံရွာ | | | မကွေး | | |
|---|---|---|---|---|---|---|---|---|---|---|---|---|
| | ၅/၁၀ | ၁၂/၁၀ | ပြောင်းလဲမှု | ၅/၁၀ | ၁၂/၁၀ | ပြောင်းလဲမှု | ၅/၁၀ | ၁၂/၁၀ | ပြောင်းလဲမှု | ၅/၁၀ | ၁၂/၁၀ | ပြောင်းလဲမှု |
| မတ်ပဲ | ၈၈၃ | ၉၆၂ | ▲ | ၈၆၇ | ၉၈၃ | ▲ | ၈၅၀ | ၉၇၅ | ▲ | ၈၆၀ | ၉၂၅ | ▲ |
| ပဲစင်းငုံ | ၇၅၉ | ၇၈၄ | ▲ | ၇၁၇ | ၇၃၃ | ▲ | ၇၁၀ | ၇၁၅ | ▲ | ၆၉၀ | ၆၈၅ | ▼ |
| ပဲတီစိမ်း | ၁၅၈၀ | ၁၆၀၀ | ▲ | ၁၇၇၈ | ၁၇၄၂ | ▼ | ၁၆၃၁ | ၁၅၇၈ | ▼ | ၁၅၅၅ | ၁၅၅၅ | ■ |
| ကုလားပဲရိုးရိုး | ၁၈၀၀ | ၁၈၀၀ | ■ | ၁၃၁၀ | ၁၃၁၀ | ■ | ၁၃၁၀ | ၁၂၈၉ | ▼ | ၁၃၄၅ | ၁၃၄၅ | ■ |
| ပဲလွန်းဖြူ | ၁၁၈၀ | ၁၁၈၀ | ■ | ၁၃၃၃ | ၁၃၆၇ | ▲ | ၁၃၆၈ | ၁၃၆၈ | ■ | ၁၄၂၀ | ၁၃၉၅ | ▼ |
| ထောပတ်ပဲ | ၂၆၀၅ | ၂၆၀၅ | ■ | ၂၉၃၃ | ၂၉၃၃ | ■ | ၂၄၇၃ | ၂၇၃၆ | ▲ | ၂၈၉၅ | ၂၈၉၅ | ■ |

* မှတ်ချက်။ ဖော်ပြပါဈေးနှုန်းများမှာ အနိမ့်ဈေးများသာဖြစ်ပါသည်။

## အပတ်စဉ် ပဲမျိုးစုံတင်ပို့မှု FOB အရောင်းအဝယ်ဖြစ်မှု အခြေအနေ

ရေတွက်ပုံ-တန်ချိန်

| ပဲအမျိုးအစား | ပြည်ပတင်ပို့မှု | | ပြည်ပတင်ပို့မှု |
|---|---|---|---|
| | ယခင်တစ်ပတ် (၂၉·၉·၁၈)ထိ | ယခုတစ်ပတ် (၅·၁၀·၁၈)ထိ | (၁·၁·၁၈) မှ (၅·၁၀·၁၈) ထိ |
| မတ်ပဲ | ၃၅၄၂၅၈ | ၂၄၀၅၀ | ၃၇၈၃၀၈ |
| ပဲတီစိမ်း | ၉၄၅၅၀ | ၂၀၆၈ | ၉၆၆၁၈ |
| ပဲစင်းငုံ | ၁၆၃၀၄၅ | ၆၅၈ | ၁၆၃၇၀၃ |
| ကုလားပဲ | ၄၇၇၂၃ | - | ၄၇၇၂၃ |
| ပဲလွန်းဖြူ | ၂၀၇၀၆ | ၁၃၆ | ၂၀၈၄၂ |
| မြေထောက်ပဲ | ၉၄၄၅ | ၂၄၁ | ၉၆၈၆ |

## ပင်ပြန့်မြေပဲလှိုင်လှိုင်ပေါ်၊ ဆီစက်၊ ပဲကြော်လုပ်ငန်းများ အဝယ်လိုက်နေ၍ ဈေးကောင်းရနေ

မကွေးတိုင်းဒေသကြီး၊ ရေနံချောင်းမြို့နယ်နှင့် နတ်မောက်မြို့နယ်၌ ထွက်ရှိသော ပင်ပြန့်မြေပဲများလှိုင်လှိုင်ပေါ်နေပြီဖြစ်ရာ ဆီစက်နှင့်ပဲကြော်လုပ်ငန်းများကဝယ်ယူသဖြင့် ဈေးကောင်းရနေကြောင်းသိရသည်။

ပင်ပြန့်မြေပဲကိုဇွန်လတွင် စိုက်ပျိုးကြပြီး အောက်တိုဘာလ၌မြေပဲဥများ လှိုင်လှိုင်ဆွတ်ခူးရောင်းချနေကြပြီး ယခုနှစ်တွင် ပင်ပြန့်မြေပဲကိုပွဲစားများက ကျေးရွာများအထိ လိုက်လံဝယ်ယူနေသလို ဆီစက်လုပ်ငန်းများ၊ ပဲကြော်လုပ်ငန်းများက ဝယ်ယူကြောင်း ဒေသခံတောင်သူများထံကသိရသည်။

"ပြီးခဲ့တဲ့ဩဂုတ်လတစ်လလုံး မိုးမရွာတဲ့အတွက် မြေပဲအထွက်တော့ နည်းတယ်။ ယခင်နှစ်ကာလတူမှာ မြေပဲတင်း ၅၀ ထွက်သော်လည်း ယခုနှစ် သုံးဆယ်ကျော်ပဲထွက်တယ်။ ဒါပေမယ့် ယခင်နှစ်က ပင်ပြန့်မြေပဲ တစ်တင်း ကျပ် ၉၀၀၀ ပဲရောင်းရတယ်။ ယခု ပင်ပြန့်မြေပဲတစ်တင်းကျပ် ၁၂၀၀၀ရောင်းရတယ်"ဟုရေနံချောင်းမြို့နယ် မန်ကျည်းတိုင်းကျေးရွာက တောင်သူတစ်ဦးက ပြောသည်။

"မြေပဲပေါ်ချိန်မှာဆီစက်များနဲ့ ပဲကြော်ဖိုများက အဓိကထားဝယ်တာပါ။ ဆီကြိတ်ဆန်အတွက်အများဆုံး အသုံးပြုတဲ့အပြင် အခြားစွန်တာနီမြေပဲ တွေပင်ထောင်မြေပဲတွေလို ယာမြေမှာ မိုးပဲနှင့်ဆောင်းပဲရယ်၊ ကိုင်းမြေမှာ ဆောင်းပဲအဖြစ်စိုက်ကြတယ်။သုံးကြိမ် စိုက်တယ်။ ပင်ပြန့်မြေပဲကတော့ တစ်ကြိမ်ပဲစိုက်ရတယ်။ စိုက်ချိန်ကနေ နုတ်သိမ်းချိန်အထိခြောက်လကြာတယ်။ ဒါကြောင့်ဝယ်လိုအားကပိုသွက်တာပါ"ဟု ပွဲစားတစ်ဦးကပြောသည်။

**ဆန်းညွန့်(ရေနံချောင်း)**

## ပြည်ဘိုကိတ်ပဲသီးနှံ လက်လီသမားအပြင် မျိုးပဲပါ ဝယ်ယူမှုရှိလာ

ယခုတစ်ပတ် ပြည်ပဲဈေးကွက်မှာ မျိုးပဲဝယ်ယူမှုများရှိလာခဲ့တာကို တွေ့ရပါတယ်။ လက်လီ၊ လက်ကားဝယ်ယူနေကြတဲ့ ပဲများထဲမှာ ဘိုကိတ်ပဲသီးနှံအနေဖြင့် ယခုအချိန်တွင် လက်လီသာဝယ်ယူမှုရှိပေမယ့် ပဲလက်ကျန်ရှားနေပြီဖြစ်လို့ အိတ်အနည်းငယ်သာ အရောင်းအဝယ်ဖြစ်နေခဲ့ပြီး ပဲစိုက်ပျိုးသူတောင်သူအချို့ မျိုးပဲဝယ်ယူမှုရှိလာတာကြောင့် မျိုးပဲဈေးမှာ တစ်တင်းကျပ် ၂၀၀၀၀ ဖြင့် အရောင်းအဝယ်ဖြစ်ခဲ့တယ်လို့ သိရပါတယ်။ လက်လီအရောင်းအဝယ်ဖြစ်နေခဲ့တဲ့ဈေးကတော့ တစ်တင်းကျပ် ၁၈၀၀၀ ဖြင့်သာ ဈေးကွက်အတွင်း ဈေးအနိမ့်ဖြင့် အရောင်းအဝယ်ဖြစ်ခဲ့တဲ့ သီးနှံဖြစ်ကြောင်း သိရပါတယ်။

**ခင်ဆွေဝင်း**

## ဆီဆန်ဈေးငြိမ်နေပြီး လုံးဆန်ဈေး ဆက်လက်မြင့်တက်လာတဲ့ ပြည်မြေပဲဆန်

ပြည်ဈေးကွက်တွင် ဆီဆန်ဈေးအနည်းငယ် ပြန်ကျလာပြီး လုံးဆန်ဈေးအနည်းငယ် ပြန်မြင့်လာတာ တွေ့ရပါတယ်။ ပြည်ဈေးကွက်သို့ မြေပဲဆန်များကို ပေါက်ခေါင်း၊ ရွှေတောင်နှင့် ပြည်အောင်လံကြားရှိ ကျေးရွာများမှ တစ်နေ့လျှင် နှစ်တင်းဝင်အိတ် ၁၂၀၀ ခန့် ဝင်ရောက်လာမှုရှိသဖြင့် ဈေးကွက်တွင် အရောင်းအဝယ်မှာ နေ့စဉ်ဖြစ်လျက်ရှိပါတယ်။ ဆီဆန်ကို မြို့တွင်းရှိ ဆီစက်သမားများက ဝယ်ယူမှုရှိပြီး လုံးဆန်(အဖြူ)ကို ရန်ကုန်၊မန္တလေးဝယ်လက်များက အဝယ်ရှိသလို လုံးဆန်(အနီ)ကိုပဲကြော်ဖိုသမားများက အဝယ်ရှိတာ တွေ့ရပါတယ်။ ယခုတစ်ပတ် မြေပဲဆန်ဈေးများမှာ ဆီကြိတ်မြေပဲဆန် တစ်ပိဿာလျှင် ကျပ် ၂၅၀၀ ဖြင့် ဈေးငြိမ်နေပြီး လုံးဆန် (ဖြူ) တစ်ပိဿာလျှင် ကျပ် ၂၇၀၀၊ (နီ) တစ်ပိဿာလျှင် ကျပ် ၃၀၀၀ ဖြင့် ဈေးအနည်းငယ် မြင့်တက်လာတာ တွေ့ရပါတယ်။

**ဝေဝေမင်း(ပြည်)**

## မတ်ပဲဈေးပြန်လည်ကောင်းမွန်လာ

သာယာဝတီခရိုင်အတွင်းမြို့နယ်များမှာ ရောင်းဝယ်မှုဖြစ်တဲ့ မတ်ပဲသီးနှံဈေးနှုန်းများသည် ယခင်သီတင်းပတ်တွင် ပိဿာ ၂၀ တစ်တင်းလျှင် ကျပ် ၁၇၀၀၀ ခန့်ရှိရာမှ ယခုသီတင်းပတ်တွင် ဈေးကွက်၌ ဝယ်လိုအားရှိခြင်းနှင့်အတူပြည်ပ ဝယ်လိုအားပါရှိသည့်အတွက် တစ်တင်းလျှင်ကျပ် ၂၀၀၀၀ ထိဈေးနှုန်းများပြန်လည်ကောင်းမွန်လာကြောင်းလေ့လာသိရှိရပါတယ်။

**ဝေဝေဖြိုး(သာယာဝတီ)**

## ပခုက္ကူကုန်စည်ဒိုင်တွင် ပဲမျိုးစုံ ပုံမှန်အရောင်းအဝယ်ဖြစ်

ယခုတစ်ပတ် ပခုက္ကူကုန်စည်ဒိုင်တွင် ကုလားပဲ၊ ပဲတီစိမ်း၊ နှမ်းနှင့် ပြောင်းဖူးစေ့(CP) တို့မှာ ပုံမှန်အရောင်းအဝယ်ဖြစ်လျက်ရှိကြောင်းသိရပါတယ်။ ယခုတစ်ပတ်တွင် ပဲစင်းငုံနီ (အဟောင်း)မှာ တစ်တင်းလျှင် ကျပ် ၁၅၀၀၀ ဖြင့်အိတ် ၅၀ခန့် အရောင်းအဝယ်ဖြစ်ကြောင်း၊ ကုလားပဲဝါ HLတစ်တင်းလျှင် ကျပ် ၂၅၀၀၀ ဖြင့် အိတ် ၅၀ ခန့်၊ ကုလားပဲဖြူလုံးကြီး V2 တစ်တင်းလျှင် ကျပ် ၂၃၈၀၀ ဖြင့်အိတ် ၁၀၀ ခန့်၊ ကုလားပဲဝါ လုံးကြီး 929 တစ်တင်းလျှင် ကျပ် ၂၃၈၀၀ ဖြင့် အိတ် ၆၀ ခန့်၊ ပဲတီစိမ်းသေး (သစ်)တစ်တင်းလျှင် ကျပ် ၂၉၅၀၀ ဖြင့် အိတ်၅၀ ခန့်၊ နှမ်းဝါ(ယော)တစ်တင်းလျှင် ကျပ် ၄၈၅၀၀ဖြင့် အိတ်၅၀ခန့်၊ ပြောင်းဖူးစေ့ (CP) တစ်တင်းလျှင် ကျပ် ၉၃၀၀ ဖြင့် အိတ် ၅၀ ခန့်၊ နှမ်းညို သစ် တစ်တင်းလျှင် ကျပ် ၄၆၅၀၀ ဖြင့် အိတ် ၅၀ ခန့် ကုန်စည်ဒိုင်တွင် အရောင်းအဝယ်ဖြစ်ခဲ့ကြောင်းသိရပါတယ်။

**လှိုင်ဥမ္မာဦး(ပခုက္ကူ)**

## ပြည်ပဲတီစိမ်းသီးနှံအရည်အသွေးလိုက်၍ ဈေးကွာခြားမှုရှိ

ယခုတစ်ပတ် ပြည်ပဲဈေးကွက်အတွင်း ပဲတီစိမ်းသီးနှံမှာ အရည်အသွေးအလိုက်ကွာခြားမှုရှိခဲ့တာကို တွေ့ရပါတယ်။ ဒါကြောင့် ထိပ်စတစ်တင်း ကျပ် ၂၇၅၀၀၊ လတ်စတစ်တင်းကျပ် ၂၅၀၀၀ တို့ဖြင့် ယခင်လကုန်ပတ်က ဈေးထက် ဈေးလျော့ကာ အရောင်းအဝယ်ဖြစ်နေခဲ့ပါတယ်။ ပဲအဝင်ပါးခဲ့လို့ ပြည်အနီးတစ်ဝိုက်ဒေသများမှ တစ်ရက်အိတ် ၅၀ ကျော်သာ ဝင်ရောက်ခဲ့ပြီး ဝယ်လက်ကတော့ မန္တလေးလိုင်းသမားများ အဓိကထားဝယ်ယူလျက်ရှိကာ တစ်ရက်အိတ် ၅၀ မှ ၁၀၀ ကျော်အထိ အရောင်းအဝယ်ဖြစ်ခဲ့ကြောင်း သိရပါတယ်။ မတ်ပဲနှင့်ပဲစင်းငုံသီးနှံမှာ ကျပ်နှစ်သောင်းအောက်ရရှိလို့ ဈေးအေးခဲ့ပေမယ့် ပြည်ပဝယ်လက်ပဲထဲမှာ ပဲတီစိမ်းသီးနှံက ဈေးကောင်းရတယ်လို့ဆိုရမှာဖြစ်ပါတယ်။

**ခင်ဆွေဝင်း**

## ပြည်ကုလားပဲ လက်ကျန်များ ခွဲစက်သမား အဝယ်ရှိ

အောက်တိုဘာလဆန်းမှစ၍ ပြည်ပဲဈေးကွက်သို့ ကုလားပဲသီးနှံဝင်ရောက်မှုမရှိတော့ဘဲ လက်ကျန် လှောင်ပဲများရှိမှုအပေါ် နေ့စဉ် အရောင်းအဝယ်ဖြစ်နေခဲ့တယ်လို့ သိရပါတယ်။ ခွဲစက်သမားများ ပုံမှန်ဝယ်ယူလျက်ရှိတာကြောင့် တစ်ရက်အိတ် ၂၀၀ကျော်၃၀၀ အထိ အရောင်းအဝယ်ဖြစ်ခဲ့ပြီး ပဲဈေးမှာ တစ်တင်း ကျပ် ၂၇၅၀၀ ဖြင့် ယခင်လကဈေးထက် ဈေးလျော့သွားခဲ့သလို ယခင်နှစ်ကဈေးထက်လည်း သိသိသာသာဈေးလျော့နည်းနေခဲ့ပါတယ်။ ယခင်နှစ်က အောက်တိုဘာလအတွင်း မျိုးပဲ ဝယ်ယူမှုများ ရှိလာတာကြောင့် ပဲတစ်တင်း ကျပ်လေးသောင်းကျော်ထိ ဈေးကောင်းရရှိခဲ့ကြောင်း လေ့လာသိရှိရပါတယ်။

**ခင်ဆွေဝင်း**

## ဆောင်းအမီမြေထောက်ပဲစိုက်ပျိုးဖို့ မြေပြင်နေ

စစ်ကိုင်းတိုင်းဒေသကြီး၊ ချင်းတွင်းမြစ်အထက်ပိုင်းဒေသဖြစ်သော ဖောင်းပြင်မြို့နယ်နှင့် ဟုမ္မလင်းမြို့နယ်တို့တွင် ယခုဆောင်းအမီမြေထောက်ပဲစိုက်ပျိုးဖို့ တောင်သူများမြေပြင်နေကြပြီဖြစ်ကြောင်း သိရသည်။ မြေထောက်ပဲ တစ်ဧကစိုက်ရင် မျိုးအနေဖြင့် နှစ်တင်းခွဲအသုံးပြုရကြောင်း၊ မျိုးဈေးအနေဖြင့် တစ်တင်းလျှင် ကျပ် ၃၀၀၀၀ပေးရကြောင်း၊ဟုမ္မလင်းမြို့နယ် တောင်သူဦးဖိုးကျော်ကပြောပါတယ်။ တစ်ဧကစိုက်ပျိုးထုတ်လုပ်ကုန်ကျမှုမှာကျပ်တစ်သိန်းခွဲမှနှစ်သိန်း ဝန်းကျင်ကုန်ကျတယ်လို့လေ့လာသိရှိရပါတယ်။ ဟုမ္မလင်းမြို့နယ်တွင်း တစ်ဧကအထွက်နှုန်းမှာ မြေကောင်းပြီး သွင်းအားစုများများထည့်နိုင်သူက ၂၅ တင်း မှ ၂၇ တင်းထိထွက်ရှိပြီး အလယ်အလတ်ထွက်ရှိမှုမှာ ၁၅ တင်းမှ တင်း ၂၀ ထိထွက်ရှိကြောင်း၊ တောင်သူများ မြေမကောင်းရင်အနည်းဆုံး၁၀ တင်းမှ ၁၂တင်း ထွက်ရှိတယ်လို့ တောင်သူ ဦးဖိုးကျော်က ပြောပါတယ်။

မြေထောက်ပဲထွက်ပေါ်ချိန်မှာပေါက်ဈေးကတစ်တင်းလျှင် ကျပ် ၂၀၀၀၀ ဖြစ်ကြောင်း၊ မြေထောက်ပဲ တစ်ဧကလျှင်တင်း ၂၀ ထွက်ရှိမှ တောင်သူများ တွက်ခြေကိုက်မှုရှိကြောင်းလည်း ဟုမ္မလင်းမြို့နယ် တောင်သူ ဦးအုန်းကြိုင်က ပြောပါတယ်။ ဟုမ္မလင်းဒေသမှထွက်ရှိတဲ့ မြေထောက်ပဲများကို မုံရွာမြို့သို့ ရေလမ်းခရီးဖြင့် တင်ပို့ကြောင်း၊ ဟုမ္မလင်းမှမုံရွာသို့ ရေလမ်းဖြင့် တစ်အိတ်လျှင် တန်ဆာခ ကျပ် ၁၀၀၀ ပေးရပြီး ဆိပ်ကမ်းတင်ခ၊ အလုပ်သမားခမှာ တစ်အိတ်လျှင် ကျပ်၃၀၀ ပေးရကြောင်း၊ မုံရွာဆိပ်ကမ်းရောက်လျှင် ကမ်းတက်လုပ်သားခ၊ တစ်အိတ်လျှင် ကျပ်၂၀၀ ပေးရကြောင်း၊ မြေထောက်ပဲအရောင်းအဝယ်ပြုလုပ်သူကုန်သည် ဦးထွန်းကျော်က ပြောပါတယ်။

လွန်ခဲ့သော သုံးနှစ်ခန့်က မြေထောက်ပဲ ဈေးကောင်းခဲ့လို့ တောင်သူများအကျိုးဖြစ်ထွန်းခဲ့ကြောင်း၊ ၂၀၁၆ ခုနှစ်တွင် မြေထောက်ပဲဈေးက တစ်တင်းလျှင် ကျပ် ၁၀၀၀၀ သာရှိခဲ့၍ တောင်သူများ အရှုံးပေါ်ခဲ့ ကြောင်း၊ ၂၀၁၇-၂၀၁၈ ခုနှစ်တွင် မြေထောက်ပဲတစ်တင်းလျှင်ကျပ် ၃၀၀၀၀ မှ ကျပ် ၃၅၀၀၀ အထိရောင်းခဲ့ရ၍ တောင်သူများအကျိုးဖြစ်ထွန်းခဲ့ကြောင်း၊ ဟုမ္မလင်းတောင်သူများအနေဖြင့် ယခုနှစ် ဆောင်းအမီ မြေထောက်ပဲများစိုက်ပျိုးနိုင်ရန် ထွန်ရေးပြင်နေပြီဖြစ်ကြောင်း၊ ဟုမ္မလင်းဒေသထွက်ရှိသော မြေထောက်ပဲနှင့် ဖောင်းပြင်ဒေသထွက် မြေထောက်ပဲတွင် ဖောင်းပြင်ဒေသထွက်ကဈေးပိုရကြောင်း၊ ဖောင်းပြင်ဒေသတွင် မြေထောက်ပဲကြိုက်နှစ်သက်သောသဲနုန်းမြေဖြစ်ကြောင်း သိရပါတယ်။

**သန်းဇော်လင်း (ဟုမ္မလင်းမြို့)**

# တရုတ်ကိုအချက်ပြလိုက်သည့် ထရမ့်၏ကုန်သွယ်ရေးကတိစာချုပ်အသစ်

အမေရိကန်သမ္မတဒေါ်နယ်ထရမ့်သည် မြောက်အမေရိက လွတ်လပ်စွာ ကုန်သွယ်ရေးသဘောတူညီချက်ပါ အချက်များအား မျှမျှတတဖြစ်အောင် ဆောင်ရွက်ပေးမည် ဖြစ်ကြောင်း သဘောတူခဲ့ပြီး ထိုသဘောတူညီချက်အား ထုတ်ပြန်ခဲ့ပါသည်။ သို့ရာတွင် စက်တင်ဘာလ ၃၀ ရက်က ထုတ်ပြန်ခဲ့သောသတင်းတွင် အမေရိကန်လွှတ်တော်၏ သဘောတူညီချက်ရရှိရန် လိုအပ်နေသေးကြောင်း၊ အဆိုပါ သဘောတူညီချက်အသစ်မှာ ယခင် အိုဘားမားအစိုးရအဖွဲ့၏ အဆိုပြုချက်ဖြစ်သည့် ပစိဖိတ်ဖြတ်ကျော် မိတ်ဖက်ပြုရေး (TPP)တွင် ပါဝင်သော မူလ (NAFTA)ပါအချက်များကို သုံးသပ်ပြီး နောက်ဆုံးအခြေအနေများကို ဖြည့်သွင်းထားခြင်း ဖြစ်ကြောင်း၊ နိုင်ငံပေါင်းစုံဖြတ်ကျော် ဒေသတွင်း ကုန်သွယ်ရေးလုပ်ဆောင်ရန် သဘောတူညီမှုတွင် မက္ကဆီကိုနှင့် ကနေဒါ နိုင်ငံများကို ထပ်မံထည့်သွင်းမည်ဖြစ်ကြောင်း၊ အမေရိကန် မော်တော်ကားထုတ်လုပ်မှု၊ စက်မှုလုပ်ငန်းများကို အကာအကွယ်ဖြစ်စေရန်အတွက် ထရမ့်အစိုးရမှ သတ်မှတ်ထားသည့် ပြဋ္ဌာန်းချက်များ ထည့်သွင်းထားကြောင်း သိရှိရပါသည်။

ထရမ့်က တရုတ်ကုန်စည်များအပေါ် အကောက်ခွန် တိုးမြှင့်ခြင်းနှင့်တရုတ်တို့၏ တန်ပြန်အကောက်ခွန်များ တိုးမြှင့်သည့်ကိစ္စရပ်များအား ဆက်လက်လုပ်ဆောင်နေခြင်း နှင့်ကမ္ဘာနှင့်ချီသော အမေရိကန်တို့၏သဘောတူညီချက် များကို လုပ်ဆောင်ရာတွင် သမ္မတ၏လုပ်ဆောင်နိုင်စွမ်းနှင့် ပတ်သက်၍ လျော့တွက်၍မရကြောင်း၊ တရုတ်ပြည်သို့မဟုတ် အခြားသောနိုင်ငံများနှင့်ပတ်သက်၍ သိသာထင်ရှားသော အောင်မြင်မှုများမှာ ယခင် သမ္မတထက် အားသာချက်ရှိသော်လည်း အချို့သောကိစ္စများတွင် လုပ်ကိုင်ဆောင်ရွက်နိုင်စွမ်း မရှိမှုများကြောင့် နည်းစနစ်ပိုင်းဆိုင်ရာ၊ ရေရှည်အကျိုးအမြတ်များအတွက် ထည့်သွင်းစဉ်းစားခြင်းဆိုသည့်အချက်များကို တိတိပပ ခွဲခြားနိုင်စွမ်းမရှိကြောင်း၊ တောင်ကိုရီးယားနှင့် အမေရိကန်နိုင်ငံတို့အကြားရှိ ကုန်သွယ်ရေးသဘောတူညီချက်များအား ပြန်လည်ပြင်ဆင်ခဲ့ခြင်းနှင့် ကနေဒါအစိုးရမှ သူ့နိုင်ငံ၏ မွေးမြူရေးလယ်သမားများကို ကာကွယ်လိုသည့် ကိစ္စများအပေါ်တွင် လွန်လွန်ကဲကဲ တုံ့ပြန်မှုများရှိခဲ့သဖြင့် ရေရှည်တည်ဆောက်လာခဲ့သော ဆက်ဆံရေးတစ်ရပ်လုံး ပျက်စီးသွားနိုင်ကြောင်း၊ တရုတ်နှင့်အမေရိကန်သည် ကမ္ဘာ့ကုလသမဂ္ဂတို့တွင် တစ်ကမ္ဘာလုံးဆိုင်ရာ G2 မဏ္ဍိုင်အဖြစ် မရှိမဖြစ်ကြောင်းနှင့် ကမ္ဘာ့စီးပွားရေးအင်အားစုနှစ်ရပ်မှာ သူသာကိုယ်သာ မိတ်ဖက်ဆက်ဆံရေးကို တည်ထောင်ရန်နှင့် ဘုံအကျိုးစီးပွားများ မျှဝေကြခြင်းဖြင့် လက်ရှိအနေအထားကို ဆက်လက်ထိန်းသိမ်းနိုင်ကြောင်း သိရှိရပါသည်။

တရုတ်တို့အနေဖြင့် အချို့ကဏ္ဍများတွင် အမျိုးသားအကျိုးစီးပွား ကာကွယ်မှုများကို ဆက်လက်လုပ်ဆောင်နေဦးမည်ဖြစ်ပြီး နိုင်ငံတကာ ရင်းနှီးမြှုပ်နှံသူများနှင့် အကျိုးတူ ပူးပေါင်းဆောင်ရွက်ရန်၊ ပိုင်ဆိုင်မှုသဘောတူညီချက်များ လုပ်ဆောင်ရန် နှောင့်နှေးဦးမည်ဖြစ်သလို အသိဉာဏဆိုင်ရာ မူပိုင်ခွင့်များကိုလည်း လုပ်ကိုင်မှုများရှိနေဦးမည် ဖြစ်ကြောင်း အမေရိကန်သမ္မတအနေဖြင့် ပြဿနာများကို လုပ်ဆောင်ရန် တွန်းအားပေးနေသကဲ့သို့ရှိသော်လည်း တရုတ်ခေါင်းဆောင်များအနေဖြင့် ပါဝါအားပြိုင်မှုဆိုင်ရာ အနေအထားတွင် ဆက်လက်ရပ်တည်လျက်ရှိကြောင်း သိရှိရပါသည်။

တရုတ်တို့အနေဖြင့် လိုက်လျောမှုများပြုလုပ်ပြီး အမေရိကန်တို့၏ယုံကြည်စိတ်ချရသော မိတ်ဖက်အဖြစ် ဆက်လက်ရပ်တည်မည်လား ဆိုသည့်ပုံစံမှာ အဖြစ်နိုင်ဆုံးသော အနေအထားဖြစ်ကြောင်း၊ အနောက်အုပ်စုမှ တရုတ်နိုင်ငံအပေါ် ကုန်သွယ်ရေးကစားပွဲတစ်ခုကို ဆက်လက်ကစားမည့် အနေအထားတွင်ရှိနေမည်ဟု ထင်မြင်ထားကြသော်လည်း အရှိန်မြင့်လာသည့်ကုန်သွယ်ရေးစစ်ပွဲတွင် အားနည်းချက်များ ရှိနိုင်ခြင်း ယခုနှစ်အတွင်း ဖြစ်ပေါ်ခဲ့သည့် ဈေးကွက်ဆိုင်ရာ ကျဆင်းနေသည့်လုပ်ဆောင်ချက်များကပြသလျက်ရှိကြောင်း၊ တရုတ်ခေါင်းဆောင်များသည်လည်း ထရမ့်နှင့်ငြိမ်းချမ်းရေး ပြုလုပ်ခြင်းမှရရှိနိုင်သောအားသာချက်များကိုလည်း တွက်ဆလျက်ရှိကြောင်း သိရှိရပါသည်။

အမေရိကန်တို့အနေဖြင့် စီးပွားရေးမဟာမိတ်ပုံစံများဖြင့် တရုတ်တို့အား ထိန်းသိမ်းထားနိုင်သည့် အနေအထားဖြစ်အောင် ဆောင်ရွက်မည်ဖြစ်သော်လည်း မြောက်အမေရိကတိုက်၊ ဂျပန်၊ ကိုရီးယားနှင့် အခြားသော အာရှမဟာမိတ်များတွင်ရှိသော ကုန်သွယ်ရေးသဘောတူညီချက်များအရ ယင်းနိုင်ငံများတွင် တရုတ်တို့၏ စွက်ဖက်ခြင်းများကို အမေရိကန်တို့မှ ထိတ်လန့်နေသော အနေအထားရှိကြောင်း၊ ပစိဖိတ်ဒေသရှိကုန်သွယ်ရေးသဘောတူညီချက်များတွင် တရုတ်အား ပါဝင်လာစေရန် လုပ်ဆောင်ချက်အောင်မြင်သွားပါက ထိုသဘောတူညီချက်အား ပစိဖိတ်ဖြတ်ကျော်မိတ်ဖက်ပြုရေး (TPP)ဟု ခေါ်ရန်မသင့်တော့ဘဲ (JKCAMUS) တလွဲဖြစ်တည်မှု ပဓာနဝါဒဟုသာ ခေါ်ဆိုရန်ဖြစ်ကြောင်း သိရှိရပါသည်။

**Source : Bangkok Post**

**ခိုင်ခိုင်စိုး**

## တရုတ်နယ်စပ်စခန်းများမှ ပြောင်းတင်ပို့မှု လျော့နည်း

မြန်မာ-တရုတ်နယ်စပ်ရှိ မူဆယ်၊ လွယ်ဂျယ်၊ ချင်းရွှေဟော်နဲ့ကန်ပိုက်တီကုန်သွယ်ရေးစခန်းစုံမှ စက်တင်ဘာ ၂၉ ရက်မှအောက်တိုဘာ ၅ ရက်အထိ ရက်သတ္တပတ်အတွင်း အမေရိကန်ဒေါ်လာ ၅ ဒသမ ၀၄၇ သန်းတန်ဖိုးရှိ ပြောင်း ဖူးစေ့ ၂၄၀၆၆တန်ကို တရုတ်နိုင်ငံသို့ တင်ပို့ခဲ့ပါတယ်။ စခန်းအလိုက်တင်ပို့မှုမှာ မူဆယ်မှတန် ၂၁၈၀၀၊ လွယ်ဂျယ်မှ တန် ၁၉၉၀၊ ချင်းရွှေဟော်မှ ၁၇၆ တန်နဲ့ ကန်ပိုက်တီမှတန်ချိန် ၁၀၀ ဖြစ်ပါတယ်။ ယခင်ရက်သတ္တပတ်က အဆိုပါစခန်းများမှပြောင်းဖူးစေ့ တန်ချိန် ၃၀၃၆၆ တင်ပို့ခဲ့တဲ့အတွက် ယခုတစ်ပတ်တန် ၆၃၀၀ လျော့နည်း တင်ပို့နိုင်ခဲ့တာ တွေ့ရပါတယ်။ မူဆယ်ကုန်စည်ဒိုင်မှာ ယခင်တစ်ပတ် ပြောင်းတစ်တန်ဈေး ၃၁၉၆၅၄ ကျပ်ရှိရာမှ စက်တင်ဘာ ၂၉ ရက်မှ အောက်တိုဘာ ၅ ရက်အထိ ရက်သတ္တပတ်အတွင်း ၃၂၅၉၉၁ ကျပ်သို့ဈေးအနည်းငယ်မြင့်တက်ခဲ့ကြောင်း၊ ယခုတစ်ပတ်မူဆယ်သို့ ပြောင်းကား ၇၉၁ စီးသာ ဝင်ရောက်ခဲ့ကြောင်း သိရပါတယ်။

**မော်မော်အောင်**

## အညာဒေသတွင်ကိုင်းမြေစိုက်ချိန် ငရုတ်ပျိုးထောင်လုပ်ငန်းများတွက်ခြေကိုက်နေ

မကွေးတိုင်းဒေသကြီး ပွင့်ဖြူမြို့နယ်၊ စလင်းမြို့နယ်၊ ချောက်မြို့နယ်များရှိ ကိုင်းမြေများ၌ငရုတ်များ တွင်ကျယ်စွာ စိုက်ပျိုးနေချိန်ဖြစ်ရာ ရေနံချောင်းမြို့နယ်က ငရုတ်ပျိုးထောင်သူများတွက်ခြေကိုက်နေကြောင်း တောင်သူနှင့်ပျိုးထောင်၍ ရောင်းချသူများထံကသိရသည်။

"ငရုတ်ကိုကိုင်းမြေများတွင် အောက်တိုဘာလ၌စားဖိုဆောင်သီးနှံအဖြစ်စိုက်ပျိုး၍ ငရုတ်အစိုနှင့်အခြောက်နှစ်မျိုးခွဲရောင်းချကြပါတယ်။ ယခုနှစ် ငါးဧကဝန်းကျင်စိုက်မှာပါ။ ယခုတစ်ဝက်နီးပါးစိုက်ပြီးပါပြီ။ ငရုတ်ကို နှစ်တိုင်းလည်း စိုက်တယ်။ ဈေးတည်တည်ငြိမ်ငြိမ်ရှိတဲ့အတွက် စိုက်တာပါ"ဟု ရေနံချောင်းမြို့နယ်က တောင်သူ ဦးလှဝင်းက ပြောသည်။ "ပျိုးထောင်ပြီးရောင်းချလာတာဆယ်နှစ်ရှိပါပြီ။ ဝါးအရှည်တစ်ပျံရှိပါတယ်။ အနံကတော့သုံးပေရှိတဲ့ ငရုတ် ပျိုးထောင်ပြီးသား တစ်ဘောင်ကို ကျပ် ၁၅၀၀၀ ရောင်းရပါတယ်။ ဒီနှစ် ပျိုးဘောင်သုံးဆယ်ရောင်းရပါတယ်။ ကျပ်လေး သိန်းကျော်ရပြီး တွက်ခြေကိုက်တယ်။ ပျိုးထောင်တဲ့လုပ်ငန်းကလည်း ကြွေတစ်လှည့်ကြက်တစ်ခုန်ပါ။ ဘာလို့လဲဆိုတော့ ယခင်နှစ်ကဆိုရင် ကြက်သွန်တစ်ပိဿာကျပ် ၃၀၀၀ ရောင်းရတော့ ကြက်သွန်ပဲစိုက်တယ်။ ငရုတ်စိုက်သူနည်းတယ်။ ငရုတ်ပျိုးတစ်ဘောင်ကျပ် ၇၀၀၀ ပဲရောင်းရပြီး ပျိုးဘောင်ဆယ့် ငါးခုပဲရောင်းရတာ။ ယခုနှစ်တော့ ယခင်နှစ်ကထက် ဝယ်လိုအားထက်ဝက်တက်တယ်။ ငရုတ်စိုက်သူများတယ်"ဟု ရေနံချောင်းမှ ပျိုးရောင်းသူတစ်ဦးကပြောသည်။ ကိုင်းမြေစိုက်ချိန်ဖြစ်၍ ချောက်မြို့နယ်၊ ရေနံချောင်းမြို့နယ်၊ စလင်းမြို့နယ်၊ ပွင့်ဖြူမြို့နယ်များရှိ ကိုင်းမြေများတွင်ငရုတ်ကိုစိုက်ပျိုးနေကြောင်း သိရသည်။

**ဆန်းညွန့်(ရေနံချောင်း)**

## မြန်မာ့ဆိပ်ကမ်းတွင် ၁၁.၁၀.၂၀၁၈ နေ့ ကုန်တင်ကုန်ချသင်္ဘောများစာရင်း

ပို့ဆောင်ရေးနှင့် ဆက်သွယ်ရေးဝန်ကြီးဌာန မြန်မာ့ဆိပ်ကမ်းများတွင် ကုန်တင်/ကုန်ချဆဲနှင့် ရောက်ရှိမည့် ကုန်သင်္ဘောများ၊ ကုန်သေတ္တာသင်္ဘောများစာရင်းကို ကြည့်ရှုနိုင်ရန် ဖော်ပြလိုက်ပါတယ်။

### (က) ကုန်တင်ကုန်ချဆောင်ရွက်နေသောသင်္ဘောများ

| ဆိပ်ကမ်းအမည် | သင်္ဘောအမည် | ကုန်တင်/ကုန်ချအခြေအနေ |
|---|---|---|
| ထီးတန်းဆိပ်ကမ်း(၁) | - CAPE FLORES | ကုန်သေတ္တာ ၄၆၂တင်၄၉၅ ချရန် |
| ထီးတန်းဆိပ်ကမ်း (၂) | - SINAR BINTAN | ကုန်သေတ္တာ ၄၂၁ တင်ရန် |
| အေးရှားဝေါလ်ဆိပ်ကမ်း (၁) | - IAL-001 | ကုန်သေတ္တာ ၃၅၀ တင်၅၉၄ ချရန် |
| အလုံဆိပ်ကမ်း (၁) | -GENIUS STAR IX | Vehicle &G/C ၁၁၈၄ ချရန် |
| အလုံဆိပ်ကမ်း (၂) | -KENG TUNG | Steel Bar ၁၀၂၁၃ တင်ရန် |
| အလုံဆိပ်ကမ်း (၃) | -MAJESTIC PESCADORES | Deformed Bars ၅၃၃၅ တန် ကုန်ချရန် |
| ဆူးလေဆိပ်ကမ်း (၄) | -STC COLUMBUS | သကြား ၇၆၂၄ တန် ကုန်ချရန် |
| ဆူးလေဆိပ်ကမ်း (၅) | -BEST FUTURE | ဆန် ၂၀၀၀၀ တန်ကုန်တင်ရန် |
| MIPL ဆိပ်ကမ်း | -HONG LI-8 | Steel& Fertilizer ၁၆၆၀၀ ကုန်ချရန် |
| သီလဝါဆိပ်ကမ်း (၅) | -JOSCO TAIZHOU | Steel Product ၂၂၅၀၀ကုန်ချရန် |
| ELITE JETTY | -MT OCEAN WINNER | MOGAS 92 RON ၂၅၂၆၂တန်ကုန်ချရန် |

### (ခ) ကုန်တင်ကုန်ချရန် စောင့်နေသောသင်္ဘောများ

| သင်္ဘောအမည် | ကုန်အမျိုးအစား | လာ/သွားရောက်မည့်ဆိပ်ကမ်း | ဆိုက်ကပ်မည့်ရက် |
|---|---|---|---|
| RAIN BOW IVY | Steel ၁၀၅၀၀ တန်ကုန်ချရန် | OMAN | ၁၅.၁၀.၂၀၁၈ |
| MODEN LINK | Unit Vehicle (RO/RO)၅၂၅တန်ကုန်ချရန် | JAPAN | ၁၆.၁၀.၂၀၁၈ |
| OCEAN REEF | Coal (In Bulk) ၃၃၀၀၀ တန်ကုန်တင်ရန် | - | ၁၇.၁၀.၂၀၁၈ |
| NORTHPOLE | Steel Plate ၁၅၃၀ တန်ကုန်တင်ရန် | JAPAN | ၂၅.၁၀.၂၀၁၈ |

### (ဂ) ဝင်ရောက်မည့် ကုန်သေတ္တာ သင်္ဘောများစာရင်း

| သင်္ဘောအမည် | လာမည့်ဆိပ်ကမ်း | ဆိုက်ကပ်မည့်ဆိပ်ကမ်း | ဆိုက်ကပ်မည့်ရက် |
|---|---|---|---|
| UNI ANGEL | SINGAPORE | အေးရှားဝေါလ်ဆိပ်ကမ်း | ၁၂.၁၀.၂၀၁၈ |
| NINOS | SINGAPORE | အေးရှားဝေါလ်ဆိပ်ကမ်း | ၁၃.၁၀.၂၀၁၈ |
| RATANA THIDA | SINGAPORE | သီလဝါ/အလုံဆိပ်ကမ်း | ၁၃.၁၀.၂၀၁၈ |
| AS FRIDA | SINGAPORE | အေးရှားဝေါလ်ဆိပ်ကမ်း | ၁၄.၁၀.၂၀၁၈ |
| MCC HALONG | SINGAPORE | သီလဝါ/စက်မှုဆိပ်ကမ်း | ၁၅.၁၀.၂၀၁၈ |
| SINAR BALI | SINGAPORE | အေးရှားဝေါလ်ဆိပ်ကမ်း | ၁၆.၁၀.၂၀၁၈ |
| EF ELENA | SINGAPORE | အေးရှားဝေါလ်ဆိပ်ကမ်း | ၁၇.၁၀.၂၀၁၈ |
| KOTA HASIL | SINGAPORE | သီလဝါ/အေးရှားဝေါလ်ဆိပ်ကမ်း | ၁၈.၁၀.၂၀၁၈ |
| ANDAMAN STAR | SINGAPORE | စက်မှုဆိပ်ကမ်း | ၁၉.၁၀.၂၀၁၈ |
| ANAN BHUM | SINGAPORE | အေးရှားဝေါလ်ဆိပ်ကမ်း | ၁၉.၁၀.၂၀၁၈ |
| CAPE FLORES | SINGAPORE | အေးရှားဝေါလ်ဆိပ်ကမ်း | ၂၀.၁၀.၂၀၁၈ |
| KUO HSIUNG | SINGAPORE | အေးရှားဝေါလ်ဆိပ်ကမ်း | ၂၁.၁၀.၂၀၁၈ |
| CTP FORTUNE | SINGAPORE | သီလဝါ/အလုံဆိပ်ကမ်း | ၂၁.၁၀.၂၀၁၈ |

### (ဃ) ဆိုက်ရောက်ရန် မျှော်လင့်လျက်ရှိသော စက်သုံးဆီ/စားအုန်းဆီ သင်္ဘောများစာရင်း

| သင်္ဘောအမည် | ကုန်ပစ္စည်း | ဆိုက်ကပ်မည့်ဆိပ်ကမ်း | ရောက်မည့်ခန့်မှန်းရက် |
|---|---|---|---|
| MT.PHUBAL PATTRA-2 | Diesel Oil | SINGAPORE | ၁၂.၁၀.၂၀၁၈ |
| MT.AU GEMINI | P'Oil(In Bulk) | INDONESIA | ၁၂.၁၀.၂၀၁၈ |
| MT.YU DONG | Diesel Oil+MOGAS 92 RON | SINGAPORE | ၁၃.၁၀.၂၀၁၈ |
| MT.OCEAN VICTORY | Diesel Oil+MOGAS 92 RON | SINGAPORE | ၁၃.၁၀.၂၀၁၈ |
| MT.BABYLON | Diesel Oil+MOGAS 92 RON | SINGAPORE | ၁၄.၁၀.၂၀၁၈ |
| MT.PENYUAN | P'Oil(In Bulk) | INDONESIA | ၁၄.၁၀.၂၀၁၈ |
| MT.PRIMROSE | P'Oil(In Bulk) | INDONESIA | ၁၆.၁၀.၂၀၁၈ |
| MT.ATALANTA | ဒီဇယ်ဆီ | SINGAPORE | ၁၆.၁၀.၂၀၁၈ |
| MT.AMONIA | P'Oil(In Bulk) | INDONESIA | ၁၈.၁၀.၂၀၁၈ |
| MT.MESON | P'Oil(In Bulk) | INDONESIA | ၁၈.၁၀.၂၀၁၈ |

## တာချီလိတ်မှ လက်ဖက်ခြောက် ပိုမိုတင်ပို့ပြီး မူဆယ်မှ လျော့နည်းတင်ပို့

မြန်မာ-ထိုင်းနယ်စပ်ရှိတာချီလိတ်ကုန်သွယ်ရေးစခန်း မှ အောက်တိုဘာ ၁ ရက်မှ ၅ ရက်အတွင်း အမေရိကန်ဒေါ်လာ ၂၇၅၃၄ တန်ဖိုးရှိ လက်ဖက်ခြောက်တန် ၇၀ ကျော်ကို ထိုင်းနိုင်ငံသို့ တင်ပို့ခဲ့ရာ ယခင်တစ်ပတ်ကတင်ပို့ခဲ့တဲ့ ၅၃ တန်ကျော်နဲ့နှိုင်းယှဉ်ပါက ၁၇ တန်ပိုမိုတင်ပို့နိုင်ခဲ့ပါတယ်။ အဆိုပါ ရက်သတ္တပတ်အတွင်း မြန်မာ-တရုတ်နယ်စပ်ရှိ မူဆယ်ကုန်သွယ်ရေးဇုန်မှလည်း အမေရိကန်ဒေါ်လာ ၃၀၀၀ တန်ဖိုးရှိ လက်ဖက်ခြောက် ၁၂ တန်ခွဲကို တရုတ်နိုင်ငံသို့ တင်ပို့ခဲ့ရာ ယခင်တစ်ပတ်က တင်ပို့ခဲ့တဲ့ ၅၆ တန်ခွဲနဲ့နှိုင်းယှဉ်ပါက ၄၄ တန် လျော့နည်းတင်ပို့ခဲ့ပါတယ်။

အမေရိကန်နိုင်ငံသို့ မြန်မာ့လက်ဖက်အစိုများ တင်ပို့ ရန် နမ့်ဆန်မြို့ ဇယန်းကျေးရွာရှိစံပြလက်ဖက်စိုစက်ရုံကို တည်ဆောက်ပြီး အမေရိကန်ကုမ္ပဏီနဲ့ပူးပေါင်းကာ မြန်မာ့အော်ဂဲနစ်လက်ဖက်အစိုကို အမေရိကန်ဈေးကွက်သို့ စမ်းသပ်တင်ပို့ကြောင်း ရှမ်းပြည်နယ် ပင်းတယဒေသရှိလက်ဖက်စိုက်တောင်သူများထံမှ သိရပါတယ်။

**မော်မော်အောင်**

## ကြက်သွန်/နှမ်း/ချင်း

# ပြည်ကြက်သွန်နီဈေးကွက် ပုံမှန်ရောင်းဝယ်မှုဖြစ်

ပြည်ကြက်သွန်နီဈေးကွက်အတွင်းသို့ ဆိပ်ဖြူ ပခုက္ကူဘက်မှ ကြက်သွန်နီများ ပိဿာ (၃၀)ဝင် အိတ် ၃၀၀ ခန့် ဝင်ရောက်မှုရှိနေကြောင်းသိရပါတယ်။ ဝင်ရောက်လာသော ကြက်သွန်နီများအနေဖြင့် အရည်အသွေးကောင်းနေကြောင်းလည်း သိရပါတယ်။ ပုံမှန်ဈေးကွက်များဖြစ်သော အိတ်ဆွဲဝယ်ရောင်းသမား များ၊ ဒေသတွင်းဝယ်လက်များ၊ ဧရာဝတီ/ရခိုင်တို့သို့ တင်ပို့မှုအပါအဝင် တစ်ရက်ကို ဝင်ရောက်မှုရဲ့ သုံးပုံနှစ်ပုံခန့်နှင့် ပုံမှန်အရောင်းအဝယ်ဖြစ်နေကြောင်း သိရပါတယ်။ ဈေးနှုန်းအနေနဲ့ ပွဲရုံလက္ကားဈေးတစ်ပိဿာလျှင် အရည်အသွေးပေါ်မူတည်၍ ကျပ် ၁၁၀၀-၁၁၅၀-၁၂၀၀-၁၂၅၀-၁၃၀၀ စသည်ဖြင့် ခွဲခြားရောင်းချပြီး လက်လီဈေးအသေးများတွင် တစ်ပိဿာကို (ကြီး) ကျပ် ၁၃၀၀-၁၄၀၀၊ (လတ်) ကျပ် ၁၄၀၀-၁၅၀၀၊ (သေး) ကျပ် ၁၂၀၀-၁၃၀၀ စသည်တို့ဖြင့် အသီးသီး ရောင်းဝယ်လျက်ရှိနေကြောင်း သိရပါတယ်။ ဈေးကွက်အတွင်း တရုတ်ကြက်သွန်နီများကို အရည်အသွေး အကြိုက်မတွေ့သဖြင့် စားသုံးသူပြည်သူများမှ ဝယ်ယူသုံးစွဲခြင်းမရှိသည့်အတွက် ယခင် လက်လီ/လက်ကား တစ်ပိဿာကို ကျပ် ၆၅၀-၇၅၀ စသည်ဖြင့် ရောင်း ချနေပေမယ့် ယခုအခါ တစ်ပိဿာကို ကျပ် ၄၀၀-၅၀၀-၆၀၀-၇၀၀ စသည်ဖြင့် အသီးသီး လျှော့နည်းရောင်းချနေကြောင်းသိရှိရပါတယ်။

**ဝင်းလဲ့ဝါ (ပြည်)**

# ပခုက္ကူခရိုင်အတွင်းကြက်သွန်နီ အဝင်နည်းနေ၍ အရောင်းအဝယ်အေးနေ

ယခုတစ်ပတ်တွင် ပခုက္ကူ ကုန်ဝယ်ဒိုင်သို့ ကြက်သွန်နီ ပိဿာချိန် အဝင်နည်းလျက်ရှိကြောင်း သိရပါတယ်။ ထိုသို့ အဝင်နည်းရခြင်းမှာ မိုးစိုက်(၃) စိုက်ကြက်သွန်နီများ စတင်စပျိုးနေခြင်း၊ မြိတ်စား ကြက်သွန်နီများလည်း ဈေးကွက်အတွင်းသို့ စတင်ဝင်ရောက်နေခြင်းတို့ကြောင့် ဖြစ်ပါတယ်။ မြိတ်စား ကြက်သွန်နီတစ်စည်းလျှင် ကျပ် ၁၀၀ ဈေးရှိပါတယ်။ ပေါက်၊ ဆိပ်ဖြူ ရေစကြိုဒေသများမှ ကြက်သွန်နီစိုက် တောင်သူများမှာလည်း လက်ကျန်နည်းနေပါတယ်။ ပခုက္ကူကြက်သွန်နီကုန်ဝယ်ဒိုင်၏ ယခုတစ်ပတ် ကြက်သွန်နီ လက်ကားဈေးမှာ ထိပ်စတစ် ပိဿာလျှင် ကျပ် ၁၀၀၀ -၁၀၇၅-၁၁၅၀၊ အလတ်စ တစ်ပိဿာလျှင် ၉၀၀- ၉၅၀ ကျပ်၊ အနိမ့်စတစ် ပိဿာလျှင် ကျပ် ၇၀၀-၇၅၀-၈၀၀ ဈေးနှုန်းများဖြင့် နေ့စဉ်ပိဿာချိန် ၂၅၀၀ မှ ၂၅၀၀၀ ကြား အရောင်း အဝယ်ဖြစ်လျက်ရှိပါတယ်။ ဆိပ်ဖြူ ကြက်သွန်နီကုန်ဝယ်ဒိုင်၏ ယခုတစ်ပတ် လက် ကား ဈေးနှုန်းမှာ ထိပ်စ တစ်ပိဿာလျှင် ကျပ် ၁၀၈၅-၁၁၂၅-၁၁၇၅၊ အလတ်စ တစ်ပိဿာလျှင်၁၀၂၅-၁၀၃၅-၁၀၄၀ကျပ်၊ အနိမ့်စတစ်ပိဿာလျှင် ၉၀၀-၉၂၅ဖြင့်နေ့စဉ်ပိဿာချိန် ၂၀၀၀၀ မှ ၄၀၀၀၀ ကြားတွင် အရောင်းအဝယ်ဖြစ်လျက်ရှိကြောင်း သိရပါတယ်။

**လှိုင်ဥမ္မာဦး(ပခုက္ကူ)**

# ပြည် ကြက်သွန်ဖြူဈေး အနည်းငယ်ပြန်ကျလာ

ပြည်ကြက်သွန်ဖြူ ပွဲရုံများတွင် စက်တင်ဘာ (နောက်ဆုံးပတ်)မှစ၍ ကြက်သွန်ဖြူဈေး အနည်းငယ် မြင့်တက်ခဲ့ပါတယ်။ ကုန်ပစ္စည်းဝင်ရောက်မှု အနည်းငယ် ပြတ်တောက်ခဲ့ကြောင်းလည်း သိရပါတယ်။ ယခု အောက်တိုဘာ (ဒုတိယပတ်)မှာတော့ ကြက်သွန်ဖြူ အိတ်များ ပုံမှန်ဝင်ရောက်နေပြီး ဈေးနှုန်းလည်း ပြန်ကျလာတာ တွေ့ရပါတယ်။ ယခုတစ်ပတ် ပြည်(ပွဲရုံ) ကြက်သွန်ဖြူဈေးတစ်ပိဿာလျှင် (ရှမ်း)အမွှာ ကျပ် ၁၁၀၀ မှ ၁၂၀၀ နှင့် (ကြူကုတ်)ကတော့ ကျပ်၁၂၀၀ တို့ဖြင့် ရောင်းဝယ်နေပါတယ်။ ဒေသတွင်း လက်လီဈေးများတွင် (ရှမ်းစ) တစ်ပိဿာလျှင် ကျပ် ၁၈၀၀ မှ ၂၀၀၀ ဈေးနှင့် (ကြူကုတ်)ကိုတော့ ကျပ် ၁၄၀၀ ဈေးဖြင့် ရောင်းချလျက်ရှိပါတယ်။ တစ်ပတ်အတွင်း ကြက်သွန်ဖြူ တစ်ပိဿာပေါ်တွင် (ပွဲရုံ) ဈေး ကျပ် ၁၀၀ မှ ၂၀၀ ဈေး ပြန်ကျလာခြင်းဖြစ်ပါတယ်။ တစ်ပတ်အတွင်း ကြက်သွန်ဖြူအိတ် ၁၈၀ နီးပါး အရောင်းအဝယ်ဖြစ်ကြောင်းလည်း သိရပါတယ်။

**နီနီဝင်း**

# ရှမ်းချင်းအသစ်ဈေးကွက်သို့ စတင်ဝင်ရောက်

အောင်ပန်းဈေးကွက်မှာတော့ ချင်းသစ်တွေစပြီးဝင်လာ ပါပြီ။ စက်တင်ဘာလဆန်းမှာ မိုးများပြီး အပင်သေ(ဝါ) သိပ်ပုပ်တဲ့အပင်တွေက မဖော်မဖြစ်ဖော်ရတာကြောင့် ဈေးကွက်မှာဝင်လာတဲ့ ချင်းသစ်တွေက အနုတွေသာများတယ်လို့လည်းသိရပါတယ်။ ယခုတစ်ပတ်မှာတော့ ချင်းတက်သစ်တွေကဖော်လို့ရတဲ့ အခြေအနေဖြစ်ပြီး ယခင်တစ်ပတ်ကထက်လည်းရင့်လာပြီဖြစ်တာကြောင့် ဖော်ရတာလို့သိရပါတယ်။

ချင်း(စို) အသစ်က ချင်း(ဥမ)ထက် အထားခံတာကြောင့် လှောင်လက်တွေကရော ကုန်သည်တွေကပါပိုပြီး သဘောကျနှစ်ခြိုက်ကြတယ်လို့သိရပါတယ်။ ချင်းတက်က တစ်နှစ်ပတ်လုံး အရောင်းအဝယ်ဖြစ်တဲ့သီးနှံဖြစ်တာကြောင့် ချင်း(ဥမ)လို ခပ်မြန်မြန်မရောင်းရင်လည်းရတယ်လို့သိရပါတယ်။

ယခုတစ်ပတ်အောင်ပန်းဈေးကွက်မှာ ချင်းသစ်က တစ်ပိဿာ ကျပ် ၅၀၀ ပေါက်ဈေးရှိပြီး၊ ချင်း(ဥမ)ကတစ်ပိဿာ ကျပ် ၁၀၀၀ ဈေးရှိပါတယ်။ ချင်းစိုဈေးကောင်းတဲ့အချိန်က စပြီး ချင်းခြောက်ကိုလည်းသိပ်ပြီး မလုပ်ဖြစ်ကြတော့လို့ ချင်းခြောက်ကလည်း လက်ကျန်နည်းနေပြီး အရောင်းအဝယ်လည်း အေးနေတယ်လို့သိရပါတယ်။ တစ်ပတ်အတွင်းချင်း(စို) ပိဿာချိန်ပေါင်း ၁ ဒသမ ၈ သိန်း ပိဿာ အရောင်းအဝယ်ဖြစ်ခဲ့သလို ချင်းခြောက်ကလည်း တစ်ပိဿာကို ကျပ်၉၀၀၊ကျပ်၁၀၀၀ ဈေးနဲ့ပိဿာ ချိန်ပေါင်း ကိုးသောင်းသုံးထောင်ခန့် အရောင်းအဝယ်ဖြစ်ခဲ့တယ်လို့ သိရပါတယ်။ ဟိုပုံးဈေးကွက်မှာတော့ ချင်း(ဥမ)က ပစ္စည်းလုံးဝပြတ်သွားပြီး ချင်းတက်သစ်တွေလည်း အဝင်မရှိသေးလို့ ဈေးကွက်မရှိဘူးလို့သိရပါတယ်။ **ဇေခိုင်**

# ပြည်ဈေးကွက်တွင် နှမ်းနီဈေးငြိမ်ပြီး နှမ်းနက်နှင့်စမုံနက်ဈေး ဆက်လက်မြင့်တက်

ပြည်ဈေးကွက်သို့ ယခုတစ်ပတ်တွင် ပေါင်းတည်၊ မြန်အောင်နှင့် မိုးညိုဘက်မှ မိုးနှမ်းများ တစ်နေ့လျှင် အိတ် ၁၀၀၀အထိ ဝင်ရောက်လာတာ တွေ့ရပါတယ်။ ဝင်ရောက်လာသည့်နှမ်းများမှာ အများဆုံးက နှမ်းနက်များဖြစ်ပြီး နှမ်းနီမှာ အနည်းငယ်သာဝင်ရောက်မှုရှိတာ တွေ့ရပါတယ်။

ဆီစက်လုပ်ငန်းရှင်များက သီတင်းကျွတ်အခါနားနီးလို့ နှမ်းနီကို အဝယ်ရှိသော်လည်း ပစ္စည်းမရှိလို့ လိုသလောက်ဝယ်လို့မရသဖြင့် ယခင်တစ်ပတ်အတိုင်း ဈေးငြိမ်နေတာ တွေ့ရပါတယ်။ စမုံနက်နှမ်းနှင့် နှမ်းနက်ကို မန္တလေးဝယ်လက်များက ဝယ်ယူမှုရှိသဖြင့် ဈေးမှာဆက်လက် မြင့်တက်လာတာ တွေ့ရပါတယ်။ ယခုတစ်ပတ် နှမ်းဈေးများမှာ နှမ်းနီသုံးတင်းတစ်အိတ်လျှင် ကျပ် ၁၅၀၀၀၀ဖြင့် ယခင်တစ်ပတ်အတိုင်း ဈေးငြိမ်နေပြီး နှမ်းနက် သုံးတင်းတစ်အိတ်လျှင် ကျပ် ၁၉၀၀၀၀ နှင့် စမုံနက်နှမ်း သုံးတင်းတစ်အိတ်လျှင် ကျပ် ၂၄၀၀၀၀ ဖြင့် ယခင်တစ်ပတ်ကထက် ဈေးမြင့်သော်လည်း အရောင်းအဝယ်ဖြစ်တာ တွေ့ရပါတယ်။ နှမ်းဆီဈေးမှာလည်း တစ်ပိဿာလျှင် ကျပ် ၇၀၀၀ အထိ ဈေးမြင့်လာတာတွေ့ရပါတယ်။

**ဝေဝေမင်း(ပြည်)**

## နနွင်း

# နနွင်းတန်ချိန် ၂၀၀ကျော် တင်ပို့

စက်တင်ဘာ ၃၀ ရက်မှ အောက်တိုဘာ ၆ ရက် သီတင်းပတ်အတွင်း နနွင်း ၂၀၄ တန်ကို ပင်လယ်ရေကြောင်းကုန်သွယ်မှုလမ်းမှ တင်ပို့ခဲ့ပါတယ်။ ဒီတစ်ပတ် ပါကစ္စတန်နိုင်ငံသို့ ၁၆ တန်၊ အိန္ဒိယနိုင်ငံသို့ ၁၃၂ တန်နဲ့ ဘင်္ဂလားဒေ့ရှ်နိုင်ငံသို့ ၅၆တန် တင်ပို့ခဲ့တယ်လို့ သိရပါတယ်။ ဒီတစ်ပတ် အိန္ဒိယနိုင်ငံသို့ အများဆုံး တင်ပို့ခဲ့တယ်လို့ သိရပါတယ်။ ပါကစ္စတန်နိုင်ငံသို့ နနွင်းတင်ပို့ရာ တစ်တန်ကို အမေရိကန်ဒေါ်လာ ၅၀၀၊ အိန္ဒိယနိုင်ငံသို့တင်ပို့ရာ တစ်တန်ကို အမေရိကန် ဒေါ်လာ ၇၀၀ ရရှိပြီး ဘင်္ဂလားဒေ့ရှ်နိုင်ငံသို့တင်ပို့ရာ တစ်တန်ကို အမေရိကန် ဒေါ်လာ၇၃၀ ရရှိခဲ့တယ်လို့ သိရပါတယ်။ယခင်သီတင်းပတ်က နနွင်း၅၉ တန်ကျော် တင်ပို့နိုင်ခဲ့တာကြောင့် ဒီတစ်ပတ်တင်ပို့ခဲ့တဲ့တန်ချိန်နဲ့နှိုင်းယှဉ်ရင် တန်ချိန် ၁၄၀ ကျော်ပိုမို တင်ပို့နိုင်ခဲ့တယ်လို့ သိရပါတယ်။

**သီတာဝင်း(DOT)**

# အရောင်းသွက်တဲ့ ဟိုပုံးနနွင်း

ရှမ်းပြည်နယ်(တောင်ပိုင်း)မှာ အောင်ပန်းနနွင်းထက် ဟိုပုံးနနွင်းက ဒီနှစ်မှာ ပိုပြီးအရောင်းသွက်နေပါတယ်။ အောင်ပန်းဈေးကွက်မှာတော့ နနွင်းနဲ့ချင်းခြောက်က တစ်နှစ်ပတ်လုံးနီးပါးအရောင်းအဝယ်အေး၊ ဈေးအေးနေတယ်လို့လည်း သိရပါတယ်။ အောင်ပန်းဈေးကွက်ကိုဝင်တဲ့ နနွင်းကိုရန်ကုန်ဝယ်လက်ကပဲ အဝယ်ရှိနေပါတယ်။ ရေကြောင်းကတစ်ဆင့်သွားရတဲ့ဝယ်လက်တွေက အဓိကဝယ်ယူကြတယ်လို့သိရပါတယ်၊ ပြည်ဝယ်လက်တွေကလည်း အနည်းအကျဉ်းသာဝယ်ယူနေပြီး လှောင်ဖို့အတွက်နဲ့ ဒေသတွင်းဖြန့်ဖို့အတွက် ဝယ်ယူ နေတယ်လို့လည်းဆိုပါတယ်။

အောင်ပန်းဈေးကွက်ကနနွင်းကို ဝယ်ယူနေတဲ့ဝယ်လက်တွေက ချင်း(စို) ဝယ်ယူရင်းနဲ့ပဲ နနွင်းကိုလည်း လိုသလောက်ဝယ်ယူနေကြတာကြောင့် တစ်ပတ်အတွင်း နနွင်းပိဿာချိန်ပေါင်း ခုနှစ်သောင်းခွဲခန့် အရောင်းအဝယ်ဖြစ်ခဲ့တယ်လို့လည်းသိရပါတယ်။ အခုလောလောဆယ်တော့ ဈေးကွက်မှာ အဝင်မရှိတော့ပါဘူး။ ပွဲရုံလက်ကျန်တွေနဲ့သာအရောင်းအဝယ်ပြုလုပ်နေရတယ်လို့ သိရပါတယ်။ ဒီတစ်ပတ် အောင်ပန်းဈေးကွက်မှာ နနွင်းတစ်ပိဿာ အနိမ့်ဆုံး ကျပ် ၁၀၀၀ မှ အမြင့်ဆုံး ကျပ် ၂၂၀၀ ဈေးရှိပါတယ်။ ဟိုပုံး ဈေးကွက်မှာလည်း ပြည်တွင်းသုံးအတွက်သာ အဝယ်ရှိနေပြီး တစ်ပိဿာပေါက်ဈေးကတော့ အနိမ့်ဆုံး ကျပ် ၁၈၀၀ မှ ကျပ် ၂၀၀၀ ဈေးရှိတယ်လို့သိရပါတယ်။

**ဇေခိုင်၊ တောင်ကြီး**

## မန်ကျည်း



# ဒီတစ်ပတ် စင်ကာပူနိုင်ငံသို့ မန်ကျည်းတန်ချိန် ၁၅၀တင်ပို့

စက်တင်ဘာလ ၃၀ ရက်မှ အောက်တိုဘာ ၅ ရက်အထိ သီတင်းပတ်အတွင်း မန်ကျည်းတန်ချိန် ၁၅၀ ကို ပင်လယ်ရေကြောင်းကုန်သွယ်မှုလမ်းမှ တင်ပို့ခဲ့ပါတယ်။ တင်ပို့ခဲ့တဲ့နိုင်ငံမှာ စင်ကာပူနိုင်ငံဖြစ်ပါတယ်။ ယခင်သီတင်းပတ်က အပို့ပျောက်ခဲ့တဲ့ မန်ကျည်းက ဒီတစ်ပတ်မှ ပြန်လည်တင်ပို့ခဲ့ခြင်းဖြစ်ပါတယ်။ ဒီတစ်ပတ် မန်ကျည်း တင်ပို့မှုမှ အမေရိကန်ဒေါ်လာ ၂၄၀၀၀ ဝင်ငွေရရှိခဲ့တယ်လို့ သိရပါတယ်။

**သီတာဝင်း(DOT)**

## ငှက်ပျော

# ကန်ပိုက်တီမှ တစ်သျှူးငှက်ပျော ပိုမိုတင်ပို့

မြန်မာ-တရုတ်နယ်စပ်ရှိ ကန်ပိုက်တီကုန်သွယ်ရေးစခန်းမှတစ်ဆင့် တရုတ်နိုင်ငံသို့ စက်တင်ဘာ ၂၉ ရက်မှ အောက်တိုဘာ ၅ ရက်အထိ ရက်သတ္တပတ်အတွင်း အမေရိကန်ဒေါ်လာ ၅၇၅၃၀၀ တန်ဖိုးရှိ တစ်သျှူးငှက်ပျောတန်ချိန် ၁၅၀၀ ကို တင်ပို့ခဲ့ရာ ယခင်တစ်ပတ်က တင်ပို့ခဲ့တဲ့ တန် ၂၅၀ နဲ့နှိုင်းယှဉ်ပါက တန် ၁၂၅၀ ပိုမိုတင်ပို့နိုင်ခဲ့တာတွေ့ရပါတယ်။ တစ်သျှူးငှက်ပျောကို ကချင်ပြည်နယ် မြစ်ကြီးနားနဲ့ဗန်းမော်ခရိုင်တို့တွင် အဓိကထားစိုက်ပျိုးကြောင်း၊ လက်ရှိစိုက်ပျိုးဧကလေးသောင်းခန့်ရှိကြောင်း၊ တရုတ်နိုင်ငံမှ ပြည်တွင်းတွင်လာရောက်စိုက်ပျိုးတဲ့ တစ်သျှူးငှက်ပျောများကို ပြည်တွင်းဈေးကွက်မှာရောင်းချခြင်းမရှိဘဲ တရုတ်နိုင်ငံသို့သာ ပြန်လည်သယ်ယူ ရောင်းချခြင်းဖြစ်ကြောင်း ကန်ပိုက်တီစခန်းမှ သတင်းရရှိပါတယ်။

**မော်မော်အောင်**

# [illegible] (Transit Trade)

ခင်လေးယု

နိုင်ငံတစ်နိုင်ငံ၏ စီးပွားရေးဖွံ့ဖြိုးတိုးတက်စေရေး၊ ကုန်သွယ်မှုလွယ်ကူချောမွေ့စေရေးတို့သည် အဆိုပါနိုင်ငံ၏ စီးပွားရေး ကြီးထွားဖွံ့ဖြိုးရေးအတွက် လွန်စွာအရေးပါလှပါသည်။ ကုန်သွယ်မှုလွယ်ကူချောမွေ့မှု၏ နောက်တွင် ဒေသအလိုက် စီးပွားရေးကောင်းမွန်မှု၊ အလုပ်အကိုင်အခွင့်အလမ်း တိုးတက်လာမှုနှင့် တစ်ဦးချင်းဝင်ငွေ တိုးတက်လာမှုတို့သည် ပူးတွဲဖြစ်ပေါ်လာမည်ဖြစ်ရာ မိမိတို့နိုင်ငံတော်အနေဖြင့် နိုင်ငံ၏စီးပွားရေး ဖွံ့ဖြိုးတိုးတက်စေရန် အစဉ်တစိုက်ကြိုးပမ်းလျက်ရှိပြီး စီးပွားရေးနှင့် ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာနသည်လည်း စီးပွားရေးတိုးတက်စေရန်အတွက် နိုင်ငံတော်မှ ချမှတ် အကောင်အထည်ဖော်မှုများကို ဒေသတွင်း နိုင်ငံများနှင့် သာမက နိုင်ငံတကာနှင့်ပါ ပူးပေါင်း၍တစ်ပါတည်း လိုက်ပါအကောင်အထည်ဖော် ဆောင်ရွက်လျက်ရှိပါသည်။

မိမိတို့နိုင်ငံတွင် ကုန်သွယ်မှုလုပ်ငန်းများကို စနစ်တကျ လုပ်ဆောင်နေသော အတွေ့အကြုံ ဗဟုသုတပြည့်ဝသည့် လုပ်ငန်းရှင်များရှိသကဲ့သို့ အတွေ့အကြုံများစွာ မကြွယ်ဝသည့် လုပ်ငန်းစတင်ဆောင်ရွက်ရန် ကြိုးပမ်းလုပ်ဆောင်နေသော လုပ်ငန်းရှင်များလည်း ရှိသည်ဖြစ်ရာ တိုးတက်လာသော ကမ္ဘာ့ကုန်သွယ်ရေးလုပ်ငန်းများကို မျက်ခြေမပြတ်လေ့လာနိုင်စေရန်အလို့ငှာ မြန်မာနိုင်ငံတွင် လုပ်ဆောင်နေသော ကုန်သွယ်ရေး လုပ်ငန်းစဉ်များထဲတွင်မှတစ်ဆင့်ဖြတ်သန်းကုန်သွယ်မှု (Transit Trade) အကြောင်းကို ကောက်နုတ်ဖော်ပြလိုပါသည်။

မြန်မာနိုင်ငံတွင် ကုန်သွယ်မှုပြုရာ၌ ပုံမှန်ကုန်သွယ်မှုနည်းလမ်း (Conventional Trade) နှင့် နယ်စပ်ကုန်သွယ်မှုနည်းလမ်း (Border Trade) ဟူ၍ နည်းလမ်းနှစ်သွယ်ဖြင့် ဆောင်ရွက်ကြပါသည်။

ပုံမှန်ကုန်သွယ်မှုနည်းလမ်းဖြင့် ကုန်သွယ်မှုပြုပါက နိုင်ငံတကာ အဖွဲ့အစည်းများမှ သဘောတူထားသည့် ကုန်သွယ်မှုစနစ်၊ ဘဏ်စနစ်များဖြင့် ရေကြောင်း၊ လေကြောင်းတို့မှ တင်ပို့၊ တင်သွင်းရမည်ဖြစ်ပြီး နယ်စပ်ကုန်သွယ်မှုနည်းလမ်းမှဆောင်ရွက်ပါက မြန်မာနိုင်ငံနှင့် နယ်နိမိတ်ထိစပ်နေသော အိမ်နီးချင်းနိုင်ငံ တစ်ခုခုနှင့် နယ်နိမိတ်ကိုဖြတ်ကျော်၍ သတ်မှတ်ခွင့်ပြုထားသည့် လုပ်ထုံးလုပ်နည်းနှင့်အညီ ကုန်ပစ္စည်းများကို တင်ပို့၊ တင်သွင်းရမည်ဖြစ်ပါသည်။ သုံးစွဲရန်ခွင့်ပြုထားသော ငွေကြေးအမျိုးအစားများမှာ ပုံမှန်ကုန်သွယ်မှုအတွက် မြန်မာနိုင်ငံတော်ဗဟိုဘဏ်မှ ခွင့်ပြုထားသော ငွေကြေးအမျိုးအစားကို သက်ဆိုင်ရာဘဏ်များနှင့် ချိတ်ဆက်ဆောင်ရွက်ရမည်ဖြစ်သော်လည်း နယ်စပ်ကုန်သွယ်မှုပြုပါက မြန်မာ-တရုတ်နယ်စပ်တွင် ကျပ်၊ ယွမ်၊ ဒေါ်လာကိုလည်းကောင်း၊ မြန်မာ- ထိုင်းနယ်စပ်တွင် ကျပ်၊ ဘတ်၊ ဒေါ်လာကိုလည်းကောင်း၊ မြန်မာ-အိန္ဒိယနယ်စပ်တွင် ကျပ်၊ ရူပီး၊ ဒေါ်လာကိုလည်းကောင်း၊ မြန်မာ-ဘင်္ဂလားဒေ့ရှ်နယ်စပ်တွင် ကျပ်၊ ဒေါ်လာဖြင့်သော် လည်းကောင်း ကုန်သွယ်မှုဆောင်ရွက်ရန် နိုင်ငံတော်မှ ခွင့်ပြုဆောင်ရွက်ခွင့်ပေးလျက်ရှိပါသည်။

ထို့ပြင် ကုန်သွယ်မှုလုပ်ဆောင်နိုင်ရန်အတွက် ကုန်သွယ်မှုနည်းလမ်းများစွာကို ခွင့်ပြုထားရှိထားပြီး ကုန်သွယ်မှုလွယ်ကူချောမွေ့စေရန်အတွက် စီးပွားရေးနှင့် ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာနအနေဖြင့် အဆင့်လိုက် ဖြေလျှော့မှုများကိုလည်း အကြိမ်ကြိမ်လုပ်ဆောင်လျက်ရှိပါသည်။ တစ်ဆင့်ဖြတ်သန်းကုန်သွယ်မှု (Transit Trade) နည်းလမ်းသည် ကုန်သွယ်မှုနည်းလမ်းများထဲတွင်မှ မြန်မာနိုင်ငံသားလုပ်ငန်းရှင်များနှင့် ကုန်သွယ်မှုလမ်းကြောင်းတစ်လျှောက်ရှိ လုပ်ငန်းများ အတွက် အကျိုးအမြတ်များစေနိုင်မည့် နည်းလမ်းတစ်ခုပင် ဖြစ်ပါသည်။

တစ်ဆင့်ဖြတ်သန်းကုန်သွယ်မှု (Transit Trade) ဆိုသည်မှာ ပြည်ပနိုင်ငံတစ်ခုမှ ကုန်ပစ္စည်းများကို မြန်မာနိုင်ငံအတွင်းသို့ သတ်မှတ်ထားသည့် သင်္ဘောဆိပ်ကမ်း၊ လေဆိပ်နှင့် နယ်စပ်ကုန်သွယ်ရေးစခန်းတစ်ခုမှ တင်သွင်း၍ မြန်မာနိုင်ငံကို ဖြတ်သန်းသယ်ယူပို့ဆောင်ပြီး အခြားနိုင်ငံတစ်ခုသို့ သတ်မှတ်ထားသည့် သင်္ဘောဆိပ်ကမ်း၊ လေဆိပ်နှင့် နယ်စပ်ကုန်သွယ်ရေးစခန်းတစ်ခုမှတစ်ဆင့် တင်ပို့ရန်အတွက် မြန်မာနိုင်ငံသား လုပ်ငန်းရှင်မှ သယ်ယူပို့ဆောင်ခနှင့် ကော်မရှင်ခကို ရယူဆောင်ရွက်သည့် စနစ်တစ်ခုဖြစ်ရာ မိမိတို့နိုင်ငံသားများအတွက် နိုင်ငံခြားငွေ အသားတင်စီးဝင်ရရှိစေနိုင်သည့် စနစ်တစ်ခုဟုဆိုနိုင်ပါသည်။



တစ်ဆင့်ဖြတ်သန်းကုန်သွယ်မှု (Transit Trade) ကို ကမ္ဘာ့နိုင်ငံအများက အသုံးပြုနေကြပြီး အထူးသဖြင့် CLMV နိုင်ငံများဖြစ်သော မြန်မာ၊ လာအို၊ ကမ္ဘောဒီးယားနှင့် ဗီယက်နမ်နိုင်ငံတို့အတွက် အထူးသင့်လျော်ကြောင်း ၂၀၁၆ ခုနှစ်က ထုတ်ပြန်ခဲ့သည့် Regional Quarterly Report တွင် အကြံပြုထားပါသည်။ ထိုင်းနိုင်ငံ၏ နယ်စပ်ဖြတ်ကျော်ကုန်သွယ်မှုနှင့် တစ်ဆင့်ဖြတ်သန်းကုန်သွယ်မှု လမ်းကြောင်းတွင် မြန်မာနိုင်ငံသည် အရေးပါသော ပထဝီအနေအထားတွင်ရှိနေကြောင်းနှင့် ထိုင်းပို့ကုန်တိုးမြှင့်နိုင်သည့် လမ်းကြောင်းတစ်ခုဖြစ်နေကြောင်း အဆိုပါထုတ်ပြန်ချက်က ဖော်ပြထားပါသည်။ အပြန်အလှန် သုံးသပ်ကြည့်ပါက ထိုင်းနိုင်ငံ၏ ပို့ကုန်တိုးချဲ့မှုအစီအစဉ်သည် ကုန်သွယ်မှုလမ်းကြောင်းတစ်လျှောက်ရှိ မြန်မာနိုင်ငံသားများအတွက် အလုပ်အကိုင် အခွင့်အလမ်းများနှင့် ဆက်စပ်အကျိုးကျေးဇူးများကို ရရှိစေနိုင်သည်ဟုလည်း ရှုမြင်သုံးသပ်နိုင်ပါသည်။ CLMV နိုင်ငံများသို့ ပို့ကုန် တိုးမြှင့်တင်ပို့ရန် ထိုင်းက ရည်ရွယ်နေပြီး ၂၀၁၀ ခုနှစ်နောက်ပိုင်း ကာလများမှ စတင်ကာ ထိုင်းနှင့် CLMV နိုင်ငံများ၏ နယ်စပ်ကုန်သွယ်မှုသည် နှစ်ဆမြင့်တက်လာကြောင်းကိုလည် အဆိုပါ Report တွင် ဖော်ပြထားသည့်အပြင် CLMV နိုင်ငံများသည် ထိုင်းနိုင်ငံ၏ အလားအလာကောင်းသော ဈေးကွက်တစ်ခုဟု သတ်မှတ်ဖော်ပြပါရှိပါသည်။ အဆိုပါ Report တွင် ထိုင်းနိုင်ငံကို Transit Trade နည်းလမ်းအား အားထားဆောင်ရွက်၍ ပို့ကုန်တိုးမြှင့်ရန် အကြံပြုပါရှိပါသည်။

Transit Trade သည် တစ်နိုင်ငံမှ တစ်နိုင်ငံသို့ လည်းကောင်း၊ ဒေသတစ်ခုမှ တစ်ခုသို့လည်းကောင်း ကုန်ပစ္စည်းများတင်ပို့ကုန်သွယ်ခြင်းအတွက် ဖြတ်သန်းသွားလာခွင့်ပြုသော ကြားနိုင်ငံမှ အကျိုးအမြတ်ရစေသည်ဖြစ်သည့်အပြင် စီးပွားရေးလုပ်ငန်းများ ပိုမိုလွယ်ကူစွာ ချိတ်ဆက်လုပ်ဆောင်စေနိုင်သည့် အကျိုးကျေးဇူးများကိုလည်း ရရှိစေသဖြင့် ကုန်သွယ်မှုဝန်းကျင်ကို ပိုမိုလွယ်ကူလျင်မြန်လာစေနိုင်ပါသည်။ ထို့ပြင် ဖြတ်သန်းသွားလာခွင့်ပြုသော နိုင်ငံအနေဖြင့် အလုပ်အကိုင် အခွင့်အလမ်းများ ပိုမိုတိုးတက်ရရှိစေပြီး တစ်ဦးချင်းဝင်ငွေများတိုးတက်လာစေခြင်း၊ ပို့ကုန်များလွယ်ကူ လျင်မြန်စွာတင်ပို့နိုင်ခြင်းမှတစ်ဆင့် လွယ်ကူလျင်မြန် တိုးတက်သော စီးပွားရေးဝန်းကျင်များကိုလည်း ပေါ်ထွန်းလာစေမည် ဖြစ်ပါသည်။

ယခုအခါ မိမိတို့နိုင်ငံတွင် တစ်ဆင့်ဖြတ်သန်းကုန်သွယ်မှု (Transit Trade) ကို ဆောင်ရွက်မည့်နိုင်ငံသားများအတွက် လုပ်ငန်းများကို တွင်ကျယ်လွယ်ကူမှုရှိစေရန်အတွက် လုပ်ထုံးလုပ်နည်းများကို ဖြေလျှော့လျက်ရှိသည်ကိုလည်း သိရှိရန်လိုအပ်လှပါသည်။ တစ်ဆင့်ဖြတ်သန်းကုန်သွယ်မှု (Transit Trade) ကို ဆောင်ရွက်မည့် နိုင်ငံသားလုပ်ငန်းရှင်အနေဖြင့် အမျိုးသားစီမံကိန်းနှင့် စီးပွားရေးဖွံ့ဖြိုးတိုးတက်မှုဝန်ကြီးဌာန၊ ရင်းနှီးမြှုပ်နှံမှုနှင့် ကုမ္ပဏီများညွှန်ကြားမှုဦးစီးဌာန၏ ရောင်းဝယ်ရေးကုမ္ပဏီမှတ်ပုံတင်လက်မှတ် ရရှိရန်လိုအပ်မည်ဖြစ်ပါသည်။ ထို့ပြင် ယခင်က ပို့ဆောင်ရေးနှင့် ဆက်သွယ်ရေးဝန်ကြီးဌာန၊ ကုန်းလမ်းပို့ဆောင်ရေး ညွှန်ကြားမှုဦးစီးဌာန၏ သယ်ယူပို့ဆောင်ရေး ဝန်ဆောင်မှုလုပ်ငန်း မှတ်ပုံတင်လက်မှတ် လိုအပ်ခဲ့သော်လည်း ယခုအခါ အဆိုပါလက်မှတ်မလိုတော့ကြောင်း၊ ၂၀၁၈ ခုနှစ်၊ အောက်တိုဘာ ၁ ရက်မှစတင်၍ ကုန်းလမ်းပို့ဆောင်ရေး ညွှန်ကြားမှုဦးစီးဌာနမှ Domestic Operator Lisence နှင့် International Operator Lisence များ စတင်ထုတ်ပေးခဲ့ပြီး လုပ်ငန်းလုပ်ကိုင်သူများအနေဖြင့် မိမိလုပ်ငန်းအလိုက် လိုအပ်သည့်လုပ်ငန်းလိုင်စင်အမျိုးအစားကို ရယူခြင်းဖြင့် အဆင်ပြေချောမွေ့စွာ ဆောင်ရွက်သွားနိုင်မည်ဖြစ်ကြောင်း၊ တစ်ဆင့်ဖြတ်သန်း ကုန်သွယ်မှုများအတွက် ဝန်ဆောင်မှုလက်မှတ်ရယူရန် လိုအပ်ခြင်းမရှိတော့ပါကြောင်း၊ ကုန်းလမ်းပို့ဆောင်ရေး ညွှန်ကြားမှုဦးစီးဌာနအနေဖြင့် ၂၀၀၈ ခုနှစ်မှ ၂၀၁၈ ခုနှစ်၊ စက်တင်ဘာလ အတွင်းအထိ ကုမ္ပဏီပေါင်း ၇၄ ခုအား သယ်ယူပို့ဆောင်ရေးဝန်ဆောင်မှုလုပ်ငန်း မှတ်ပုံတင်လက်မှတ်များ ထုတ်ပေးထားခဲ့ပြီး အဆိုပါကုမ္ပဏီ၊ အဖွဲ့များသို့လည်း ပယ်ဖျက်ထားမှုအခြေအနေအား အသိပေးသွားမည်ဖြစ်ပါကြောင်း ပို့ဆောင်ရေးနှင့် ဆက်သွယ်ရေးဝန်ကြီးဌာန ဝန်ကြီးရုံး၏ ထုတ်ပြန်ချက်အရ သိရပါ သည်။

မိမိတို့နိုင်ငံအနေဖြင့် နိုင်ငံသား ပို့ကုန်သွင်းကုန်လုပ်ငန်းရှင်များသာ တစ်ဆင့်ဖြတ်သန်းကုန်သွယ်မှုစနစ်ကို ဆောင်ရွက်ခွင့်ပြုထားပါသည်။ ထို့ပြင် ဆောင်ရွက်လိုသော လုပ်ငန်းရှင်များသည် ကုန်ပစ္စည်း သယ်ယူပို့ဆောင်ရေး ဝန်ဆောင်မှုလုပ်ငန်းကို တရားဝင်ဆောင်ရွက်ခွင့်ရှိသူလည်းဖြစ်ရန် လိုအပ်ပါသည်။ တင်ပို့သည့်ကုန်ပစ္စည်းသည် မြန်မာနိုင်ငံ၊ ကုန်လက်ခံသူနိုင်ငံမှ ခွင့်ပြုကုန်ပစ္စည်းများလည်းဖြစ်ရန်လိုပါသည်။ ကုန်သွယ်ရေးဦးစီးဌာနသို့ တစ်ဆင့်ဖြတ်သန်းကုန်သွယ်မှုလိုင်စင် လာရောက်လျှောက်ထားသူများသည် ကုမ္ပဏီ လျှောက်လွှာ၊ ကုန်ရောင်းကုန်ဝယ်စာချုပ်နှင့် ကုန်ပို့လွှာ (Sale Contrace နှင့် Invoice)၊ ပြည်ပလုပ်ငန်းအပ်နှံသူမှ ဖြတ်သန်းသယ်ယူပို့ဆောင်ပေးမည့် မြန်မာနိုင်ငံအကျိုးဆောင်ကုမ္ပဏီသို့ ကိုယ်စားလှယ်လွှဲ၍ လုပ်ငန်းအပ်နှံသည့် စာချုပ်၊ ကုန်ပစ္စည်း လက်ခံမည့်နိုင်ငံမှ အကြောင်းအမျိုးမျိုးကြောင့် လက်ခံမှုမရှိပါက ပို့ကုန်ပစ္စည်းများကို ကုန်ပို့သူ၏စရိတ်ဖြင့် ကုန်ပို့သူနိုင်ငံသို့ ပြန်လည်ပေးပို့မည့် ကတိဝန်ခံချက်၊ ကုန်ရောင်းသူနိုင်ငံမှ တင်ပို့ခွင့်လိုင်စင်၊ ပါမစ်၊ ကုန်လက်ခံသူနိုင်ငံမှ တင်သွင်းခွင့်လိုင်စင်၊ ပါမစ်တို့ကို တင်ပြပြီး ကုန်သွယ်ရေးဦးစီးဌာန၏ သွင်းကုန်လိုင်စင်နှင့် ပို့ကုန်လိုင်စင်တို့ကို လျှောက်ထားရမည်ဖြစ်ပါသည်။ တစ်ဆင့်ဖြတ်သန်း ကုန်သွယ်မှုစနစ်ဖြင့် ဆောင်ရွက်မည်ဆိုပါက နိုင်ငံသားလုပ်ငန်းရှင်များအနေဖြင့် ကြိုတင်လိုင်စင်လျှောက်၍ ခွင့်ပြုချက်ရရှိပြီးမှသာ တင်သွင်းတင်ပို့ရမည်ဖြစ်ပါသည်။

**စာမျက်နှာ (၁၆)သို့**

## ဒီတစ်ပတ် ရေလမ်းမှ ဓာတ်ဆီရောဒီဇယ်ပါအဝင်လျော့

စက်တင်ဘာလ ၃၀ ရက်မှအောက်တိုဘာ ၅ ရက်အထိ သီတင်းပတ်အတွင်း အမေရိကန်ဒေါ်လာ ၆၁၃၉၀၀၇ တန်ဖိုးရှိ ဓာတ်ဆီ ၉၉၉၉ ဒသမ ၁၈ တန်နဲ့ အမေရိကန်ဒေါ်လာ ၄၂၀၅၂၃၃၅ တန်ဖိုးရှိ ဒီဇယ် ၆၅၅၉၅ ဒသမ ၇၇ တန်၊ စုစုပေါင်း ၇၅၅၉၄ ဒသမ ၉၅ တန်ကို ပင်လယ်ရေကြောင်းကုန်သွယ်မှုလမ်းမှ တင်သွင်းခဲ့ပါတယ်။

ယခင်သီတင်းပတ်က တင်သွင်းခဲ့တဲ့ ဒီဇယ်တန်ချိန် ၆၆၇၃၀ ကျော်နဲ့ နှိုင်းယှဉ်ရင် တန်ချိန် ၁၁၃၀ ကျော် အဝင်လျော့ခဲ့သလို ယခင်သီတင်းပတ်က တင်သွင်းခဲ့တဲ့ ဓာတ်ဆီတန်ချိန် ၆၃၀၇၀ ကျော်နဲ့ နှိုင်းယှဉ်ရင် ဒီတစ်ပတ်မှာတန်ချိန် ၅၃၀၇၀ ကျော် တင်သွင်းမှုလျော့နည်းခဲ့တယ်လို့ သိရပါတယ်။ ဒါကြောင့်ဒီတစ်ပတ်မှာ ဓာတ်ဆီရော ဒီဇယ်ပါ အဝင်လျော့ခဲ့ပါတယ်။

နယ်စပ်စခန်းဖြစ်တဲ့မူဆယ်(၁၀၅)မိုင်ကုန်သွယ်ရေးဇုန်မှ အမေရိကန်ဒေါ်လာ ၁ဒသမ ၁၃၆ တန်ဖိုးရှိ **Re-export** ဒီဇယ် ၁၇၆၀ ဒသမ ၀၂တန် တင်ပို့ခဲ့ပြီး မြိတ်ကုန်သွယ်ရေးစခန်းမှ အမေရိကန်ဒေါ်လာ ၁၀၀၉၃၈၀ တန်ဖိုးရှိ ဒီဇယ် ၁၅၇၅ ဒသမ ၇၂တန် တင်သွင်းခဲ့တယ်လို့ သိရပါတယ်။

**သီတာဝင်း(DOT)**

## တရုတ်နိုင်ငံသို့ ပရဆေးကုန်ကြမ်းလျော့နည်းတင်ပို့

မြန်မာ-တရုတ်နယ်စပ်ရှိ မူဆယ်(၁၀၅)မိုင်ကုန်သွယ်ရေးဇုန်မှတစ်ဆင့် တရုတ်နိုင်ငံသို့ စက်တင်ဘာ ၂၉ ရက်မှ အောက်တိုဘာ ၅ ရက်အထိ သီတင်းပတ်အတွင်း အမေရိကန် ဒေါ်လာ သုည ဒသမ ၆၁၀ သန်းတန်ဖိုးရှိပရဆေးကုန်ကြမ်း အမယ် ၁၈ မျိုးကို တန်ချိန်အားဖြင့် ၈၀၇ တန်ကျော်တင်ပို့ခဲ့ရာ ယခင်တစ်ပတ်က တင်ပို့ခဲ့တဲ့ ၁၁၈၁ တန်ကျော်နဲ့နှိုင်းယှဉ်ပါက ၃၇၄ တန်လျော့နည်းတင်ပို့ခဲ့ပါတယ်။

ယခုတစ်ပတ် တင်ပို့ခဲ့တဲ့ ပရဆေးအမယ်များမှာ ဆီးဆန်၊ ဆီးခွဲခြမ်း၊ ဆီးသီးခြောက်၊ ဖန်ခါးသီးခြောက်၊ ရွှေးရွက်၊ တောဂျုံးမြစ်၊ ကွမ်းသီး၊ ကွမ်းသီးခွံ၊ ကွမ်းစားဂမုန်း၊ မာလာဥခေါင်း၊ နနွင်းခေါင်း၊ နနွင်းတက်၊ နေလဲစေ့၊ သီဟိုဠ်စေ့၊ ကြက်ဆူစေ့၊ ကြောင်ပန်းစေ့၊ မိကျောင်းကွမ်းဖတ်စေ့နဲ့ ချဉ်ပေါင်ဖာလာတို့ဖြစ်ပါတယ်။

မြန်မာ-အိန္ဒိယနယ်စပ်ရှိ ရိဒ်ကုန်သွယ်ရေးစခန်းမှ အဆိုပါ သီတင်းပတ်အတွင်း အမေရိကန်ဒေါ်လာ သုည ဒသမ ၀၁၉ သန်းတန်ဖိုးရှိ တောင်လုံးကျော် တစ်တန်ခွဲနီးပါးကို မြန်မာနိုင်ငံသို့ တင်သွင်းလာခဲ့ပါတယ်။

**မော်မော်အောင်**

## မူဆယ်မှရေထွက်ကုန် တန်ချိန်ရော တန်ဖိုးပါလျော့နည်းတင်ပို့

မြန်မာ-တရုတ်နယ်စပ်ရှိ မူဆယ်(၁၀၅)မိုင်ကုန်သွယ်ရေးဇုန်မှတစ်ဆင့် တရုတ်နိုင်ငံသို့ စက်တင်ဘာ ၂၉ ရက်မှ အောက်တိုဘာ ၅ ရက်အထိ သီတင်းပတ်အတွင်း အမေရိကန်ဒေါ်လာ ၂ ဒသမ ၉၀၀ သန်းတန်ဖိုးရှိ ရေထွက်ကုန်တန်ချိန် ၁၅၈၀ တင်ပို့ခဲ့ရာ ယခင်တစ်ပတ်က တင်ပို့ခဲ့တဲ့ ၁၈၁၇ တန်နဲ့နှိုင်းယှဉ်ပါက ၂၃၇ တန် လျော့နည်းပြီး တန်ဖိုးအားဖြင့်လည်း အမေရိကန်ဒေါ်လာ သုည ဒသမ ၄၃၃ သန်း လျော့နည်းခဲ့ပါတယ်။

ယခုတစ်ပတ်တွင် ကဏန်းနဲ့ငါးမျိုးစုံ တင်ပို့မှုလျော့နည်းခဲ့တာကြောင့် ရေထွက်ကုန်တန်ချိန်ရော၊ တန်ဖိုးပါတင်ပို့မှုလျော့နည်းရခြင်းဖြစ်ကြောင်း၊ တစ်ဖက်နိုင်ငံဈေးအနေနဲ့ စက်တင်ဘာ ၂၉ ရက်မှ အောက်တိုဘာ ၅ ရက်အထိ သီတင်းပတ်အတွင်း ကဏန်းတစ်တန်လျှင် ၆၆၆၇ ယွမ်ဈေး၊ ငါးရှဉ့် တစ်တန်လျှင် ယွမ်၃၆၀၀၀ ဈေးဖြင့် ယခင်တစ်ပတ်အတိုင်း ပြောင်းလဲမှုမရှိကြောင်း မူဆယ်ရေထွက်ကုန်စည်ဒိုင်မှ သိရပါတယ်။

**မော်မော်အောင်**

## Energy NYMEX 12-10-2018

| | Price | Change | Change % |
|---|---|---|---|
| WTI Crude Future (USD/bbl.) | 71.87 | 0.90 | 1.27 |
| Brent Crude Futr (USD/bbl) | 81.30 | 1.04 | 1.30 |
| Gasoline Rbob Fut (Cent/gal) | 196.99 | 3.72 | 1.92 |
| Natural Gas Futr (USD/MMBtu) | 3.25 | 5.03 | 0.81 |
| Heating Oil Futr (Cent/gal) | 235.12 | 1.96 | 0.84 |

## ကျပ်ဆယ်သိန်းကျော်သွားပြန်တဲ့ ပြည်တွင်းရွှေ

ပြည်တွင်းရွှေဈေးနှုန်းသည် အောက်တိုဘာ ပထမပတ်တွင် ကျပ်ကိုးသိန်းကိုးသောင်းရှိခဲ့ရာမှ ယခုရက်သတ္တပတ်အတွင်း ကျပ်ဆယ်သိန်းကျော်သို့ရောက်ရှိလာခဲ့ကြောင်း သတင်းရရှိသည်။ အောက်တိုဘာပထမပတ်အတွင်း အခေါက်ရွှေတစ်ကျပ်သားလျှင် ကျပ် ၉၉၁၀၀၀ ရှိခဲ့ရာမှ ဒုတိယပတ်တွင် ကျပ် ၁၀၁၇၀၀၀ သို့ ပြန်လည်မြင့်တက်ခဲ့ခြင်းဖြစ်ကြောင်း သိရသည်။

"ခုလည်း ရွှေက ကျပ်ဆယ်သိန်း ပြန်ကျော်သွားပြန်ပြီ။ ဈေးကိုဆွဲတင်နေကြပေမယ့်ဈေးကွက်မရှိဘဲခန့်မှန်းရောင်းနေကြလို့ အရောင်းအဝယ်မရှိဘူး။ ပွဲ့လင်းရာသီနီးလာပေမယ့် လူတွေလက်ထဲမှာ ပိုက်ဆံသိပ်မရှိကြသလို ဒေါ်လာဈေးကလည်း တက်နေတော့ ရွှေရော၊ ဒေါ်လာရော အရောင်းအဝယ်အေးနေတယ်"ဟု ပြည်တွင်းရွှေအရောင်းအဝယ်လုပ်ငန်းလုပ်ကိုင်နေသူတစ်ဦးက ဆိုသည်။

ပြည်တွင်းရွှေဈေးကွက်တွင် အောက်တိုဘာ ၈ရက်က အခေါက်ရွှေတစ်ကျပ်သားလျှင် ကျပ် ၉၉၀၀၀၀ရှိခဲ့ရာမှ အောက်တိုဘာ ၁၀ရက်တွင် ကျပ် ၁၀၁၁၀၀၀ သို့ မြင့်တက်ခဲ့ပြီး အောက်တိုဘာ ၁၂ရက်တွင် ကျပ်၁၀၁၇၀၀၀သို့ ဆက်လက်မြင့်တက်ခဲ့ကြောင်းသိရသည်။ကမ္ဘာ့ရွှေဈေးကွက်မှာတော့ အောက်တိုဘာ ၈ရက်က ရွှေတစ်အောင်စလျှင် ၁၂၀၃အမေရိကန်ဒေါ်လာရှိခဲ့ရာမှ အောက်တိုဘာ ၁၀ရက်တွင် တစ်အောင်စလျှင် ၁၁၈၇အမေရိကန်ဒေါ်လာသို့ ပြန်ကျခဲ့သော်လည်း အောက်တိုဘာ ၁၂ရက်တွင် ၁၂၂၁အမေရိကန်ဒေါ်လာသို့ရောက်ရှိခဲ့ပြီး ဈေးနှုန်းအတက်အကျများခဲ့ကြောင်း သိရသည်။

**သန်းထိုက်အောင်**

## ပြည်တွင်းငွေလဲနှုန်း တစ်ဒေါ်လာ ကျပ် ၁၆၀၀ထိမြင့်တက်

ပြည်တွင်းငွေလဲဈေးကွက်သည် အောက်တိုဘာဒုတိယပတ်အတွင်း အမေရိကန်တစ်ဒေါ်လာလျှင် ကျပ် ၁၆၀၀ ဝန်းကျင်သို့ ပြန်လည်ရောက်ရှိခဲ့ကြောင်း ဈေးကွက်အတွင်းမှ စုံစမ်းသိရှိရသည်။ မြန်မာနိုင်ငံတော်ဗဟိုဘဏ်က ငွေလဲနှုန်းကိုအမေရိကန်တစ်ဒေါ်လာလျှင် ၁၅၁၀ကျပ်မှတစ်ဒေါ်လာလျှင် ၁၅၃၅ကျပ်သို့ ပြောင်းလဲသတ်မှတ်ခဲ့ကြောင်း သိရသည်။

ကမ္ဘာ့ဈေးကွက်တွင်ဒေါ်လာဈေးအတက်အကျရှိသော်လည်း ပြည်တွင်းဈေးကွက်တွင်မူ ဒေါ်လာဈေးတက်လာခဲ့သလို တက်ဈေးမှာလည်း မြန်ဆန်ခဲ့ကြောင်း၊ ယခင်လကုန်ပိုင်းကတရားမဝင် ငွေလဲလုပ်ငန်းလုပ်ကိုင်သူများကို စုံစမ်းစစ်ဆေးခြင်းများပြုလုပ်လာခြင်းကြောင့် ပြည်တွင်းငွေလဲနှုန်းမှာ အတန်အသင့်ကျဆင်းခဲ့ကြောင်း၊ ဒေါ်လာဈေးတက်လာခြင်းမှာ ပို့ကုန်ရငွေ(Earning)ဈေးနှုန်းမြင့်တက်ခြင်းကြောင့်ဖြစ်ပြီး ယခုလိုဈေးအတက်အကျမြန်ဆန်နေခြင်းမှာ နိုင်ငံခြားရင်းနှီးမြှုပ်နှံမှု ဝင်ရောက်လာဖို့အတွက် အခက်အခဲရှိကြောင်း ပြည်တွင်းငွေကြေးအရောင်းအဝယ်လုပ်ငန်းလုပ်ကိုင်နေသူတစ်ဦးက ဆိုသည်။

ပြည်တွင်းငွေလဲနှုန်းဈေးကွက်တွင် အောက်တိုဘာ ၉ရက်က အမေရိကန်တစ်ဒေါ်လာရောင်းဈေး ၁၅၅၀ကျပ်၊ ဝယ်ဈေး ၁၅၄၀ကျပ်မှ အောက်တိုဘာ ၁၁ရက်တွင် အမေရိကန်တစ်ဒေါ်လာရောင်းဈေး ၁၆၀၀ကျပ်၊ဝယ်ဈေး ၁၅၆၀ ကျပ်သို့မြင့်တက်ခဲ့ပြီး အောက်တိုဘာ ၁၂ရက်တွင် ရောင်းဈေး ၁၅၉၀ ကျပ်၊ ဝယ်ဈေး ၁၅၆၀ကျပ်ဖြင့် ဈေးနှုန်းအတက်အကျများခဲ့ကြောင်း သိရသည်။

**သန်းထိုက်အောင်**

## Initial Step to Stock Investment ဟောပြောပွဲပြုလုပ်မည်

စတော့ရှယ်ယာရင်းနှီးမြှုပ်နှံမှု အကြောင်းကိုလေ့လာနိုင်စေရန် ရည်ရွယ်ပြီး Myanmar Securities Exchange Centre Co., Ltd (MSEC) မှ စီစဉ်သော Initial Step to Stock Investment ခေါင်းစဉ်ဖြင့် ဟောပြောပွဲအခမ်းအနားကို ရန်ကုန်မြို့ရှိ ကုန်သည်စက်မှုအသင်းချုပ်ရုံး၌ အောက်တိုဘာ ၂၀ ရက်၊ နေ့လယ် ၂ နာရီတွင် ကျင်းပမည်ဖြစ်ကြောင်း သိရသည်။

ယခုဟောပြောပွဲတွင် MSEC ကုမ္ပဏီ သမိုင်းကြောင်းနှင့် အတွေ့အကြုံ မှတ်တမ်းများ၊ စတော့ရှယ်ယာဈေးကွက်အကြောင်းသိကောင်းစရာနှင့် စတင်လုပ်ကိုင်ရန် ပြင်ဆင်ရမယ့်အကြောင်းအရာများ၊ ငွေချေးသက်သေခံလက်မှတ်စာရင်း ဖွင့်လှစ်ပုံအဆင့်ဆင့်နှင့် Onlineမှ တစ်ဆင့် စတော့ရှယ်ယာများ အရောင်းအဝယ်ပြုလုပ်ခြင်းစသည့် အကြောင်းအရာများကို MSECမှ မန်နေဂျင်းဒါရိုက်တာ Mr. Takashi Yamaguchi၊ကိုမာသင် (သုံးမိနစ်စီးပွားရေးအကြံပေး)၊ MSEC မှ Assistant Manager ဦးကောင်းထက်နိုင်တို့က ဆွေးနွေးဟောပြောသွားမည်ဖြစ်ကြောင်း သိရသည်။

ဟောပြောပွဲသို့ တက်ရောက်လိုသူများအနေဖြင့် နာမည်၊ ဖုန်းနံပါတ်၊ မှတ်ပုံတင်နံပါတ်တို့ကို ဖုန်း ၀၁-၃၇၆ ၈၂၂ လိုင်းခွဲ ၁၀၅ သို့ဖြစ်စေ၊ rsvp@msecmyanmar.com သို့ ဖြစ်စေ အောက်တိုဘာ ၁၈ ရက်မတိုင်ခင်အထိ စာရင်းပေးသွင်းနိုင်ကြောင်း သိရသည်။

**သန်းထိုက်အောင်**

## World Metal Price (US$)

| Date | Silver/Oz | Zinc/Ton | Aluminium/Ton | Copper/Ton | Platinum/Oz |
|---|---|---|---|---|---|
| 8-October | 14.14 | 2585.73 | 2052.59 | 6166.13 | 817.00 |
| 9-October | 14.39 | 2649.65 | 2069.34 | 6221.01 | 823.00 |
| 10-October | 14.37 | 2683.15 | 2049.94 | 6240.19 | 825.00 |
| 11-October | 14.26 | 2614.16 | 2020.19 | 6138.14 | 817.00 |
| 12-October | 14.55 | 2651.85 | 2029.00 | 6282.06 | 840.00 |

## Currency Exchange Rate

October 12, 2018
Base Currency is
United States Dollar - USD

| Currency Unit | Units per USD |
|---|---|
| AUD Australia Dollars | 1.40 |
| BDT Bangladesh Taka | 83.79 |
| CAD Canada Dollars | 1.30 |
| CNY China Yuan Renminbi | 6.91 |
| EUR Euro | 0.86 |
| H KDHong Kong Dollars | 7.84 |
| I NR India Rupees | 73.81 |
| I DR Indonesia Rupiahs | 15201.79 |
| JPY Japan Yen | 112.38 |
| MYR Malaysia | 4.15 |
| PKR Pakistan Rupees | 131.16 |
| PHP Philippines Pesos | 54.13 |
| RUB Russia Rubles | 65.96 |
| SGD Singapore Dollars | 1.38 |
| KRWSouth Korea Won | 1131.57 |
| LKR Sri Lanka Rupe | 171.19 |
| THB Thailand Baht | 32.73 |
| GBP United Kingdom Pounds | 0.75 |
| VND VietnamDon | 23356.36 |

*Source:xe.com*

## World Gold Price

October-2018 (USD/OZ)

| Date | NY | London | Zurich |
|---|---|---|---|
| 8 | 1200 | 1199 | 1199 |
| 9 | 1195 | 1195 | 1195 |
| 10 | 1194 | 1193 | 1193 |
| 11 | 1197 | 1197 | 1197 |
| 12 | 1222 | 1222 | 1222 |

## Domestic Gold Price

Kyats(Thousand)

| Date | Yangon | Mandalay |
|---|---|---|
| 8-10- 2018 | 987.00 | 987.00 |
| 9-10- 2018 | 999.00 | 1000.00 |
| 10-10- 2018 | 1003.00 | 1003.00 |
| 11-10- 2018 | 1014.00 | 1013.50 |
| 12-10- 2018 | 1027.00 | 1027.00 |

## နယ်စပ်ငွေလဲလှယ်နှုန်း

အောက်တိုဘာလ ၂၀၁၈ (1US$)

| ရက် | တရုတ် (ယွမ်) | ထိုင်း (ဘတ်) | ဘင်္ဂလားဒေ့ရှ် (တာကာ) | အိန္ဒိယ (ရူပီး) |
|---|---|---|---|---|
| 8 | 6.88 | 32.96 | 84.11 | 73.87 |
| 9 | 6.91 | 32.92 | 83.93 | 74.09 |
| 10 | 6.92 | 32.88 | 83.79 | 74.14 |
| 11 | 6.93 | 32.84 | 83.81 | 74.39 |
| 12 | 6.91 | 32.73 | 83.79 | 73.81 |

## ဘိလပ်မြေ

# ဒီတစ်ပတ် ရေလမ်းမှအဝင်ပိုပြီး နယ်စပ်လမ်းမှအဝင်လျော့

စက်တင်ဘာ ၃၀ ရက်မှ အောက်တိုဘာ ၅ ရက်အထိ သီတင်းပတ်အတွင်း အမေရိကန်ဒေါ်လာ၃၀၄၂၃၇ တန်ဖိုးရှိ ဘိလပ်မြေ ၃၂၄ ဒသမ ၇၀ တန်ကို ပင်လယ်ရေကြောင်းကုန်သွယ်မှုလမ်းမှ တင်သွင်းခဲ့ပါတယ်။ ဒီတစ်ပတ် ထိုင်းနိုင်ငံမှ စိန်တံဆိပ်များတင်သွင်းခဲ့တယ်လို့ သိရပါတယ်။ ယခင်သီတင်းပတ်က တင်သွင်းခဲ့တဲ့ ဘိလပ်မြေ ၆ တန်ကျော်နဲ့နှိုင်းယှဉ်ရင် တန်ချိန် ၃၁၀ ကျော် ပိုမိုတင်သွင်းခဲ့တယ်လို့ သိရပါတယ်။

စက်တင်ဘာ ၂၉ ရက်မှ အောက်တိုဘာ ၅ ရက်အထိ သီတင်းပတ်အတွင်း နယ်စပ်လမ်းမှ ဘိလပ်မြေအဝင်မှာတန်ချိန် ၄၀၁၀ ကျော်ရှိခဲ့ပြီး ယခင်သီတင်းပတ်က ဘိလပ်မြေအဝင်မှာ ၆၄၈၅ တန်ရှိခဲ့တာကြောင့် ဒီတစ်ပတ်မှာ တန်ချိန် ၂၄၆၀ ကျော် အဝင်လျော့ခဲ့တယ်လို့ သိရပါတယ်။ ဒါကြောင့် ဒီတစ်ပတ်မှာ ရေလမ်းမှ အဝင်ပိုပြီး နယ်စပ်လမ်းမှအဝင်လျော့ခဲ့တယ်လို့ သိရပါတယ်။

# မော်လမြိုင်ဘိလပ်မြေဈေးကွက် အရောင်းပုံမှန်ရှိ



မော်လမြိုင်ဘိလပ်မြေ ဈေးကွက်မှာအရောင်းအဝယ်ပုံမှန်ရှိတယ်လို့ သိရပါတယ်။ ကြံ့နှစ်ကောင်(အနီ)က ဈေးကွက်ထဲအသစ်ဝင်လာပေမယ့် အဝယ်လိုက်တယ်။ ဒီတစ်ပတ်မှာ ဘိလပ်မြေဈေးက အတက်အကျမရှိ ငြိမ်တယ်လို့ သိရပါတယ်။ ဈေးကွက်ထဲအရောင်းအဝယ်ဖြစ်နေတဲ့ဈေးမှာ ဆင်မြန်မာ ကျပ် ၄၆၅၀၊ ဆင်(ထိုင်း) ကျပ် ၅၇၅၀၊ ကြံ့(မြန်မာ)ကျပ် ၄၈၀၀၊ကြံ့နှစ်ကောင်(အနီ) ကျပ် ၄၇၀၀၊ စိန်(ထိုင်း) ကျပ် ၅၅၀၀နဲ့အရောင်းအဝယ်ဖြစ်တယ်လို့ စုံစမ်းသိရှိရပါတယ်။

**မန္တလေးဘိလပ်မြေဈေးကွက်မှာ** ဒီရက်ပိုင်းမိုးများနေတာကြောင့် အရောင်းအဝယ်ပါးသလို ဈေးငြိမ်တယ်လို့ သိရပါတယ်။ ဈေးကွက်ထဲအရောင်းအဝယ်ဖြစ်နေတဲ့ဈေးမှာ ရွှေဖြူ ကျပ် ၄၈၀၀၊ အေသုံးလုံး ကျပ် ၄၅၀၀၊ အယ်လ်ဖာ ကျပ် ၄၄၀၀၊ ဘလူးဒိုင်းမွန်း ကျပ် ၄၈၀၀၊ ခရောင်းကျပ်၅၀၀၀၊အပါချီကျပ်၄၂၀၀နဲ့ အရောင်းအဝယ်ဖြစ်တယ်လို့ စုံစမ်းသိရှိရပါတယ်။

**မကွေးဘိလပ်မြေဈေးကွက်**မှာ ဒီတစ်ပတ်မိုးများနေတာကြောင့် အရောင်းအဝယ်ပါးတယ်။ ဈေးကွက်ထဲ ဆင်(ထိုင်း)က ဈေးမြင့်နေတာကြောင့် သုံးသူနည်းတယ်လို့ သိရပါတယ်။ ဈေးကွက်ထဲအရောင်းအဝယ်ဖြစ်နေတဲ့ဈေးမှာ ဆင်မြန်မာ ကျပ်၄၈၀၀၊ ကြံ့ကျပ် ၄၅၀၀၊ ဆင် (ထိုင်း) ကျပ် ၆၅၀၀၊ ကမ္ဘောဇကျပ် ၄၃၀၀၊အပါချီ ကျပ် ၅၀၀၀၊ ဘလူးဒိုင်းမွန်းကျပ် ၄၆၀၀ နဲ့ အရောင်းအဝယ် ဖြစ်တယ်လို့ သိရှိရပါတယ်။

**တောင်ကြီးဈေးကွက်မှာ** ဒီတစ်ပတ်လည်း အရောင်းအဝယ်ပါးတယ်လို့ သိရပါတယ်။ မိုးတွင်းကာလက ဒီလိုပဲ အရောင်းအဝယ်က ကောင်းလိုက်မကောင်းလိုက်နဲ့၊ ထိုင်းဘိလပ်မြေက ပြီးခဲ့တဲ့တစ်ပတ်ကဈေးတက်ခဲ့ပြီး ဒီတစ်ပတ်မှာတော့ ဈေးငြိမ်နေတယ်လို့ သိရပါတယ်။ ဈေးကွက်ထဲအရောင်းအဝယ်ဖြစ်နေတဲ့ဈေးမှာ စိန်(ထိုင်း) ကျပ် ၇၇၀၀၊ အေသုံးလုံး ကျပ် ၅၂၀၀၊ အပါချီ ကျပ် ၄၀၀၀၊ ကမ္ဘောဇ ကျပ် ၃၈၀၀၊ နဂါးကျပ် ၄၃၀၀၊ ဆင်(ထိုင်း) ကျပ် ၆၄၀၀နဲ့ အရောင်းအဝယ်ဖြစ်တယ်လို့ အိမ်ဆောက်ပစ္စည်း ရောင်းဝယ်ရေးဆိုင်မှ စုံစမ်းသိရပါတယ်။

**သီတာဝင်း(DOT) စုစည်းသည်**

## ဓာတ်မြေသြဇာ

# ဒီတစ်ပတ်မြေသြဇာတန်ချိန် ၂၀၀၀၀ နီးပါးဝင်

စက်တင်ဘာ ၃၀ ရက် မှ အောက်တိုဘာ ၅ ရက်အထိ သီတင်းပတ်အတွင်း အမေရိကန်ဒေါ်လာ ၅၈၅၄၂၁၃တန်ဖိုးရှိ မြေသြဇာ ၁၉၀၅၁ ဒသမ ၆၁၅ တန်ကို ပင်လယ်ရေကြောင်းကုန်သွယ်မှုလမ်းမှ တင်သွင်းခဲ့ပါတယ်။ တင်သွင်းခဲ့တဲ့ အမျိုးအစားများမှာပိုတက်၊ အမိုးနီးယားဆာလဖိတ်၊ ဖော့စဖိတ်၊ မဂ္ဂနီဆီယမ်ဆာလဖိတ်၊ ကွန်ပေါင်း(၁၅း၁၅း၁၅)၊ကွန်ပေါင်း(၂၀း၁၀း၁၀)၊ကွန်ပေါင်း (၁၆း၁၆း၈)၊ကွန်ပေါင်း (၁၆း၈း၈)၊ယူရီးယား ၄၆%နဲ့ ပိုတက်ဆီယမ်ကလိုရိုဒ်တို့တင်သွင်းခဲ့တယ်လို့ သိရပါတယ်။ ဒီတစ်ပတ် ဘီလာရုစ်နိုင်ငံမှ ၁၅၄၀ တန်၊ ကနေဒါနိုင်ငံမှ တန်ချိန်၅၀၀၊ တရုတ်နိုင်ငံမှ ၂၃၉၆ တန်၊ ဂျာမနီနိုင်ငံမှ ၅၈၃၂ တန်၊ အီရန်နိုင်ငံမှ ၄၇၀၄ တန်၊ ကိုရီးယားနိုင်ငံမှ ၁၆၉၂ ဒသမ ၉၄ တန်၊ လာအိုနိုင်ငံမှ တန်ချိန် ၅၀၀၊ နော်ဝေနိုင်ငံမှ ၆၄၁ ဒသမ ၃၉၅ တန်၊ ဆော်ဒီအာရေဗျနိုင်ငံမှ ၁၃၃ ဒသမ ၈၄တန်၊ ထိုင်းနိုင်ငံမှ ၈၆၁ ဒသမ ၄၄ တန်နဲ့ဗီယက်နမ်နိုင်ငံမှ တန်ချိန် ၂၅၀ တင်သွင်းခဲ့တယ်လို့ သိရပါတယ်။ ယခင်သီတင်းပတ်က တင်သွင်းခဲ့တဲ့ မြေသြဇာ တန်ချိန် ၁၂၁၇၀ ကျော်နဲ့ နှိုင်းယှဉ်ရင် တန်ချိန် ၆၈၈၀ ကျော် ပိုမိုတင်သွင်းခဲ့တယ်လို့ သိရပါတယ်။

# တောင်ကြီးဈေးကွက်မြေသြဇာအရောင်းအေး

စက်တင်ဘာ ၂၉ ရက်မှ အောက်တိုဘာ ၅ရက်အထိ နယ်စပ်လမ်းမှမြေသြဇာအဝင်မှာတန်ချိန် ၁၃၅၀၀ကျော်ရှိခဲ့ပြီး ယခင်တစ်ပတ်ကအဝင်မှာ တန်ချိန် ၁၇၈၈၀ ကျော်ရှိခဲ့တာကြောင့် ဒီတစ်ပတ်မှာ တန်ချိန် ၄၃၈၀ကျော် အဝင်လျော့ခဲ့တယ်လို့သိရပါတယ်။ဒါကြောင့် ဒီတစ်ပတ်မှာ ရေလမ်းမှအဝင်ပိုပြီး နယ်စပ်လမ်းမှ အဝင်လျော့ခဲ့ပါတယ်။ ပြည်တွင်းဈေးကွက်များဖြစ်တဲ့ တောင်ကြီးနဲ့မကွေးမှာအရောင်းအေးပြီး မော်လမြိုင်နဲ့မန္တလေးမှာအရောင်းပုံမှန်ရှိတယ်လို့သိရပါတယ်။

**မော်လမြိုင်ဈေးကွက်မှာ** ဒီရက်ပိုင်းအရောင်းအဝယ်က ပုံမှန်ရှိတယ်။ အရင်တစ်ပတ်တွေက ဈေးက ဆက်တိုက်ဆိုသလိုတက်နေတာ ဒီတစ်ပတ်မှာတော့ ဈေးမတက်ဘဲ အရင်တစ်ပတ်ဈေးနဲ့အရောင်းအဝယ်ဖြစ်တယ်လို့သိရပါတယ်။ဈေးကွက်ထဲအရောင်းအဝယ်ဖြစ်နေတဲ့ဈေးမှာပုလဲ-အသေး၄၆% (ရွှေတောင်-တရုတ်) ကျပ် ၃၀၀၀၀၊ ကွန်ပေါင်း (အစိမ်းရောင်) ကျပ် ၄၈၀၀၀၊ ကွန်ပေါင်း ၁၆း၁၆း၈ (မြင်းပျံ-ထိုင်း) ကျပ် ၃၁၅၀၀၊ တီစူပါ၄၆% (သံကွင်း-တရုတ်) ကျပ် ၂၆၀၀၀၊ တီစူပါ ၁၆% (မြားကမ္ဘာ-တရုတ်) ကျပ် ၁၃၅၀၀ နဲ့ အရောင်းအဝယ်ဖြစ်တယ်လို့ စုံစမ်းသိရှိရပါတယ်။

**တောင်ကြီးဈေးကွက်မှာ**အရောင်းအဝယ်ပါးတယ်လို့သိရပါတယ်။ ဒီတစ်ပတ်မှာတီစူပါ ၂၀%က ကျပ် ၆၀၀၊တီစူပါ(၁၀း၁၀း၅)က ကျပ် ၁၀၀၀၊ ဆိုင်ကလုန်းက ကျပ် ၁၀၀၊ ဆိုက်ပါက ကျပ် ၅၀၀ ဈေးကျပြီး ရွက်ဖြန်းမြေသြဇာက ကျပ် ၅၀၀၊ ပိုတက်က ကျပ် ၂၀၀၀ ဈေးမြင့်ပြီး ကျန်မြေသြဇာများက ယခင်ဈေးနဲ့ အရောင်းအဝယ်ဖြစ်တယ်လို့ သိရပါတယ်။ ဈေးကွက်ထဲအရောင်းအဝယ်ဖြစ်နေတဲ့ဈေးမှာ (ကမ္ဘာလုံး-တရုတ်)ကျပ် ၃၀၃၀၀၊ ယူရီးယား (ရွှေတောင်-တရုတ်) ကျပ် ၃၀၃၀၀၊ ယူရီးယား (ပန်းဖူး-တရုတ်) ကျပ်၃၀၃၀၀၊ တီစူပါ ၂၀% (တရုတ်) ကျပ် ၁၂၅၀၀၊ ပိုးသတ်ဆေး ကျပ် ၂၅၀၀၊ တီစူပါ ၁၅ ပတ်လည် (တရုတ်) ကျပ် ၄၁၀၀၀၊ တီစူပါ ၁၀း၁၀း၅ (တရုတ်) ကျပ် ၁၈၅၀၀၊ ဓာတ်ဆား (တရုတ်) ကျပ် ၁၇၅၀၀၊ ပိုတက် (တရုတ်) ကျပ်၃၀၀၀၀၊ ယူရီးယား(ယူအေအီး) ကျပ် ၂၆၅၀၀၊ မြားကမ္ဘာကျပ်၁၈၀၀၀၊ ရွက်ဖျန်းကျပ် ၃၀၀၀၊ ဆိုင်ကလုန်း ကျပ် ၃၀၀၀၊ ဆိုက်ပါ ကျပ် ၅၀၀၀ဈေးနဲ့အရောင်းအဝယ်ဖြစ်တယ်လို့ ဈေးကွက်အတွင်းမှ စုံစမ်းသိရပါတယ်။

**မကွေးဈေးကွက်မှာ** ဒီရက်ပိုင်းမိုးများနေတာကြောင့် အရောင်းအဝယ်ပါးတယ်လို့သိရပါတယ်။မြားကမ္ဘာ-တရုတ်(၁၂း၁၃)နဲ့ အာမို(၁၀း၁၀း၅)က ကျပ် ၃၀၀၊ အာမို(၁၅း၁၅း၁၅)က ကျပ် ၂၀၀၀၊ အာမို(၁၆း၁၆း၈)က ကျပ် ၇၀၀နဲ့ယူရီးယား-ပုလဲက ကျပ် ၁၀၀၀ဈေးကျပြီး ကျန်မြေသြဇာများက ယခင်ဈေးနဲ့ အရောင်းအဝယ်ဖြစ်တယ်လို့သိရပါတယ်။ ဈေးကွက်ထဲ အရောင်းအဝယ်ဖြစ်နေတဲ့ဈေးမှာ မြားကမ္ဘာ-တရုတ် (၁၂း၁၃) ကျပ် ၁၈၅၀၀၊ ဆင်၁၀း၁၀း၅ ကျပ် ၁၈၀၀၀၊ အာမို ၁၅း၁၅း၁၅ ကျပ် ၄၀၅၀၀၊ အာမို ၁၆း၁၆း၈ ကျပ် ၃၈၃၀၀၊ အာမို ၁၀း၁၀း၅ ကျပ် ၁၉၅၀၀၊ သီးစုံ (ဝါစိမ်းပြာ) ကျပ် ၁၈၀၀၀၊ ယူရီးယား-ပုလဲ (ပန်းဖူး-တရုတ်) ကျပ် ၂၉၀၀၀၊ ယူရီးယား-ပုလဲ(ရွှေတောင်-တရုတ်)ကျပ် ၂၉၀၀၀၊ ဇာမဏီ ကျပ် ၁၈၃၀၀၊ အောင်ကမ္ဘာ ၁၀း၁၀း၅ ကျပ် ၁၈၃၀၀၊ မြားကမ္ဘာ (၁၅း၇း၈) ကျပ် ၂၀၅၀၀၊တီစူပါ ကျပ် ၂၅၀၀၀၊ တောင်သူမ ကျပ် ၁၉၀၀၀ နဲ့ အရောင်းအဝယ်ဖြစ်တယ်လို့ သိရပါတယ်။

## နို့ဆီ/နို့မှုန့်

# ဒီတစ်ပတ် နို့ဆီရော နို့မှုန့်ပါ အဝင်ပို

စက်တင်ဘာ ၃၀ ရက်မှ အောက်တိုဘာ ၅ ရက်အထိ သီတင်းပတ်အတွင်း အမေရိကန်ဒေါ်လာ ၆၀၅၁၅၉တန်ဖိုးရှိ နို့ဆီ ၅၆၆ ဒသမ ၁၃၆ တန်ကို ပင်လယ် ရေကြောင်းကုန်သွယ်မှုလမ်းမှ တင်သွင်းခဲ့ပါတယ်။ ဒီတစ်ပတ် စင်ကာပူနိုင်ငံမှ အိုကေနို့ဆီ ၂၁၈ဒသမ ၈၈တန်နဲ့မလေးရှားနိုင်ငံမှ Hawk နို့ဆီ ၃၄၇ ဒသမ ၂၅၆ တန် တင်သွင်းခဲ့တယ်လို့ သိရပါတယ်။ ယခင်သီတင်းပတ်က တင်သွင်းခဲ့တဲ့ နို့ဆီ ၈၇ တန်ကျော်နဲ့ နှိုင်းယှဉ်ရင် တန်ချိန် ၄၇၀ကျော် အဝင်ပိုခဲ့တယ်လို့ သိရပါတယ်။

အမေရိကန်ဒေါ်လာ ၃၅၂၉၆၀ တန်ဖိုးရှိ နို့မှုန့် ၁၄၇ ဒသမ ၂၀ တန်ကို တင်သွင်းခဲ့ပါတယ်။ ဒီတစ်ပတ် နယူးဇီလန်နိုင်ငံမှ ၅၁ ဒသမ ၂၀တန်နဲ့ဂျာမနီနိုင်ငံမှ ၉၆ တန် တင်သွင်းခဲ့တယ်လို့ သိရပါတယ်။ ယခင်သီတင်းပတ်က တင်သွင်းခဲ့တဲ့ နို့မှုန့် ၆၃ တန်ကျော်နဲ့ နှိုင်းယှဉ်ရင် ဒီတစ်ပတ်မှာ တန်ချိန် ၈၀ ကျော် ပိုမို တင်သွင်းခဲ့တယ်လို့ သိရပါတယ်။ ဒါကြောင့် ဒီတစ်ပတ် နို့ဆီရော နို့မှုန့်ပါ အဝင်ပိုခဲ့ပါတယ်။

## ကုန်သွယ်ရေးစခန်း/ဇုန်အလိုက် ဘိလပ်မြေတင်သွင်းမှုအခြေအနေ

| စဉ် | စခန်းအမည် | ယခုသီတင်းပတ် တင်သွင်းမှုတန်ချိန် ၂၉/၉ မှ ၅/၁၀ | ယခင်သီတင်းပတ် တင်သွင်းမှုတန်ချိန် ၂၂/၉ မှ ၂၈/၉ | နှိုင်းယှဉ်ချက် (ပို/လို) +/- | |
|---|---|---|---|---|---|
| ၁။ | မူဆယ် | ၆.၅၀ | ၇၅.၀၀ | (-) | ၆၈.၅၀ |
| ၂။ | လွယ်ဂျယ် | - | - | | - |
| ၃။ | ချင်းရွှေဟော် | - | - | | - |
| ၄။ | ကန်ပိုက်တီး | ၂၂၅.၀၀ | ၈၀.၀၀ | (+) | ၁၄၅.၀၀ |
| ၅။ | တာချီလိတ် | ၃၅၅၀.၀၀ | ၃၀၀၀.၀၀ | (+) | ၅၅၀.၀၀ |
| ၆။ | မြဝတီ | - | - | | - |
| ၇။ | ကော့သောင်း | ၆၆.၂၀ | - | (+) | ၆၆.၂၀ |
| ၈။ | မြိတ် | ၁၇၀.၀၀ | ၃၃၃၀.၀၀ | (-) | ၃၁၆၀.၀၀ |
| | စုစုပေါင်း | ၄၀၁၇.၇၀ | ၆၄၈၅.၀၀ | (-) | ၂၄၆၇.၃၀ |

မော်မော်အောင်

## ကုန်သွယ်ရေးစခန်း/ဇုန်အလိုက် ဓာတ်မြေသြဇာတင်သွင်းမှုအခြေအနေ

| စဉ် | စခန်းအမည် | ယခုသီတင်းပတ် တင်သွင်းမှုတန်ချိန် ၂၉/၉ မှ ၅/၁၀ | ယခင်သီတင်းပတ် တင်သွင်းမှုတန်ချိန် ၂၂/၉ မှ ၂၈/၉ | နှိုင်းယှဉ်ချက် (ပို/လို) +/- | |
|---|---|---|---|---|---|
| ၁။ | မူဆယ် | ၄၈၆၀.၉၅ | ၉၅၁၃.၂၀ | (-) | ၄၆၅၂.၂၅ |
| ၂။ | လွယ်ဂျယ် | ၅၅၁.၅၀ | ၄၀.၀၀ | (+) | ၅၁၁.၅၀ |
| ၃။ | ချင်းရွှေဟော် | ၁၀၁၈.၅၀ | ၁၇၇၀.၀၀ | (-) | ၇၅၁.၅၀ |
| ၄။ | ကန်ပိုက်တီ | ၁၁၁၆.၀၀ | ၆၂၈.၀၀ | (+) | ၄၈၈.၀၀ |
| ၅။ | မြဝတီ | ၂၉၂၄.၆၅ | ၅၃၂၄.၉၅ | (-) | ၂၄၀၀.၃၀ |
| ၆။ | ကော့သောင်း | - | - | | - |
| ၇။ | မြိတ် | - | - | | - |
| ၈။ | ရိဒ် | ၂၆၀၀.၀၀ | ၅၀၀.၀၀ | (+) | ၂၁၀၀.၀၀ |
| ၉။ | တမူး | ၄၃၀.၀၀ | ၁၁၂.၅၀ | (+) | ၃၁၇.၅၀ |
| | စုစုပေါင်း | ၁၃၅၀၁.၆၀ | ၁၇၈၈၈.၆၅ | (-) | ၄၃၈၇.၀၅ |

ခင်မိုးသူ

# ကမ္ဘာ့စတုတ္ထမြောက်စီးပွားရေးအင်အား အကြီးမားဆုံးဖြစ်လာတော့မည့်အာဆီယံ

**သိန်းမြင့်ဝေ**

အရှေ့တောင်အာရှနိုင်ငံများအသင်း (ASEAN) သည် ၂၀၃၀ ပြည့်နှစ်တွင် ကမ္ဘာပေါ်တွင် စတုတ္ထမြောက် စီးပွားရေးအင်အားအကြီးမားဆုံးသောနေရာဖြစ်လာနိုင်သည်။ အမေရိကန်နိုင်ငံ၊တရုတ်နိုင်ငံနှင့်ဥရောပသမဂ္ဂတို့သည် ပထမ၊ ဒုတိယနှင့်တတိယတို့ဖြစ်ပြီး အာဆီယံသည်စတုတ္ထနေရာသို့ ရောက်ရှိလာနိုင်ကြောင်း စင်ကာပူနိုင်ငံတွင်ကျင်းပခဲ့သောအကြိမ်(၅၀) မြောက် အာဆီယံစီးပွားရေးဝန်ကြီးများအစည်းအဝေး၌ စင်ကာပူနိုင်ငံဝန်ကြီးချုပ် Lee Hsien Loong က ပြောကြားခဲ့သည်။

## စီးပွားရေးအလားအလာကောင်းများ

အရှေ့တောင်အာရှဒေသသည် လူဦးရေ ၆၂၅သန်းကျော်ရှိပြီး ယင်းလူဦးရေ၏ ၆၀ ရာခိုင်နှုန်းမှာ အသက် ၃၅ နှစ်အောက်ဖြစ်သောကြောင့် အလုပ်လုပ်နိုင်သော လုပ်သားအင်အားများပြားသည်။ ထို့ပြင် ဝယ်ယူစားသုံးသူမြင့်မားသော အလယ်အလတ်တန်းစားလူဦးရေ (Middle Class) တိုးပွားလျက်ရှိခြင်း၊ ပညာအရည်အချင်းပြည့်ဝပြီး လူငယ်လုပ်သားအရေအတွက်များပြားခြင်းတို့ကြောင့် ပြည်ပရင်းနှီးမြှုပ်နှံမှုများကို ဆွဲဆောင်လျက်ရှိသည်။ ၂၀၁၇ခုနှစ် စာရင်းများအရ အာဆီယံသည် အဖွဲ့ဝင် ၁၀ နိုင်ငံရှိသည့်အနက် အဖွဲ့ဝင် ၄ နိုင်ငံ မှာကမ္ဘာ့စီးပွားရေး တိုးတက်မှုအမြန်ဆန်ဆုံးနိုင်ငံများစာရင်းတွင်ပါဝင်သည်။ ကမ္ဘာ့စီးပွားရေးတိုးတက်မှု အမြန်ဆန်ဆုံး ၁၀ နိုင်ငံစာရင်းတွင်ပါဝင်သော အာဆီယံအဖွဲ့ဝင် ၄ နိုင်ငံမှာ လာအို၊ ကမ္ဘောဒီးယား၊ မြန်မာနှင့် ဖိလစ်ပိုင်နိုင်ငံတို့ဖြစ်သည်။ ၂၀၁၇ ခုနှစ်၏ စီးပွားရေးတိုးတက်မှုနှုန်းကို ဖော်ပြထားသော ကမ္ဘာ့စီးပွားရေးဖိုရမ်၏ စာရင်းများအရ လာအိုနိုင်ငံ၏ စီးပွားရေးတိုးတက်မှုနှုန်းမှာ ၇ ရာခိုင်နှုန်းရှိပြီး ကမ္ဘောဒီးယား၊ မြန်မာနှင့် ဖိလစ်ပိုင်တို့၏ တိုးတက်မှုနှုန်းမှာ ၆ ဒသမ ၉ ရာခိုင်နှုန်းစီရှိကြပါသည်။

ထို့ပြင်လာမည့် ၅ နှစ်အတွက် အာဆီယံ၏စီးပွားရေးတိုးတက်မှုနှုန်းကို ခန့်မှန်းရာတွင် အာဆီယံသည် နှစ်စဉ်ပျမ်းမျှ ၅ ဒသမ ၄ ရာခိုင်နှုန်းဖြင့် ဆက်လက်တိုးတက်နိုင်ကြောင်း တွေ့ရှိရပါသည်။ ဤတိုးတက်မှုနှုန်းသည် ကမ္ဘာလုံးဆိုင်ရာ စီးပွားရေးတိုးတက်မှုစံနှုန်းသတ်မှတ်ချက် (Global norm) ၏ အထက်တွင်ရှိသောကြောင့် အလားအလာကောင်းပါသည်။ ၁၉၇၀ခုနှစ်များမှ စတင်ခဲ့သော စီးပွားရေးပူးပေါင်းမှုနှင့် စီးပွားရေးပေါင်းစည်းမှု (Economic cooperation and integration) တို့သည် အာဆီယံ၏တိုးတက်မှုဖြစ်စဉ်တွင် အရေးကြီးသော အစိတ်အပိုင်းဖြစ်ခဲ့ပါသည်။ ထိုမှဆက်၍ စီးပွားရေးပူးပေါင်းဆောင်ရွက်မှုသည် အာဆီယံ၏ အောင်မြင်မှုနှင့် စည်းလုံးညီညွတ်မှုကို ထောက်ပံ့ပေးထားသော သော့ချက်ကျသည့်မဏ္ဍိုင်တစ်ခု(A Key pillar)ဖြစ်လာခဲ့သည်။

## လွတ်လပ်သော ကုန်သွယ်ရေးသဘောတူစာချုပ်များ

အာဆီယံသည် လွတ်လပ်သောကုန်သွယ်ရေးသဘောတူစာချုပ် ၆ ခု (Six Free Trade Agreements) ကို လက်မှတ်ရေးထိုး အကောင်အထည်ဖော်လျက်ရှိသည်။ အာဆီယံသည် ယင်း၏သော့ချက်ကျသည့် ကုန်သွယ်ဖက်များဖြစ်သော ဩစတြေးလျနှင့် နယူးဇီလန်၊ တရုတ်၊ အိန္ဒိယ၊ တောင်ကိုရီးယား၊ ဂျပန်နှင့် ဟောင်ကောင်တို့နှင့်လွတ်လပ်သောကုန်သွယ်ရေးသဘောတူစာချုပ်ချုပ်ဆိုထားခြင်းဖြစ်သည်။ ထို့ပြင် အာဆီယံသည် ပွင့်လင်းပြီး အားလုံးအကျုံးဝင်သော နိုင်ငံစုံကုန်သွယ်မှုစနစ် (Open and inclusive multilateral system) ကို ဆက်လက်ထောက်ခံသွားမည်ဖြစ်သည်။ စိတ်သဘောထားချင်းတူညီသော ကုန်သွယ်ဖက်နိုင်ငံများနှင့်လည်း ပိုမိုနက်ရှိုင်းစွာ ဆက်လက်ပူးပေါင်းသွားမည်ဖြစ်ပါသည်။ ပွင့်လင်းပြီး စီးပွားရေးအရ ပေါင်းစည်းလျက်ရှိသော အာဆီယံသည် အခြားသောနိုင်ငံများကို ပိုမိုဆွဲဆောင်နိုင်မည်ဖြစ်ပြီး အခြားသောနိုင်ငံများအတွက် တန်ဖိုးရှိသော ကုန်သွယ်ရေးမိတ်ဖက်ဖြစ်လာပါမည်။ ထို့ကြောင့် အရှေ့တောင်အာရှဒေသ၏ ခေါင်းဆောင်များသည် ၂၀၂၅ ခုနှစ် အာဆီယံစီးပွားရေးအသိုက်အဝန်းအသေးစိတ်စီမံချက် (AEC Blueprint 2025) ကို အပြည့်အဝအကောင်အထည်ဖော်ရန် လိုအပ်ပါသည်။ AEC Blueprint တွင် အာဆီယံနိုင်ငံများ၏ ကဏ္ဍအလိုက်လုပ်ဆောင်ရမည့်အသေးစိတ်လုပ်ငန်းစဉ်များနှင့်အတူ မဟာဗျူဟာအစီအမံများ (Strategic measures) ပါဝင်သည်။ ဤစီမံချက်ကို အကောင်အထည်ဖော်ခြင်းအားဖြင့် အာဆီယံစီးပွားရေးလုပ်ငန်းများသည်ဒေသတစ်ဝန်း ပိုမိုအဆင်ပြေချောမွေ့စွာဆောင်ရွက်နိုင်မည်ဖြစ်သည်။ထို့မျှသာမက အာဆီယံကုမ္ပဏီများနှင့် အာဆီယံနိုင်ငံများသည် ကမ္ဘာလုံးဆိုင်ရာဈေးကွက်အတွင်း ပိုမိုယှဉ်ပြိုင်ထိုးဖောက်နိုင်မည်ဖြစ်ပါသည်။

## စီးပွားရေးစစ်တမ်းနှင့် လုပ်ငန်းရှင်များအမြင်

အရှေ့တောင်အာရှဒေသသို့ လာရောက်ရင်းနှီးမြှုပ်နှံသော ဥရောပစီးပွားရေးလုပ်ငန်းများ တိုးပွားလျက်ရှိသည်။ အာဆီယံ၏နောက်ထပ်စီးပွားရေးပေါင်းစည်းမှုက ၎င်းတို့၏ စီးပွားရေးလုပ်ငန်းများအတွက် အရေးကြီးလိမ့်မည်ဖြစ်ကြောင်း ဥရောပကုမ္ပဏီအများစုက ပြောကြားပါသည်။ လက်ရှိအာဆီယံ၏ စီးပွားရေးတိုးတက်မှု နှေးကွေးနေသော်လည်း ဥရောပသမဂ္ဂစီးပွားရေးလုပ်ငန်းရှင်များက အာဆီယံ၏ အလားအလာကို အကောင်းမြင်လျက်ရှိပါသည်။ ဤအခြေအနေကို ဥရောပသမဂ္ဂနှင့် အာဆီယံစီးပွားရေးအကဲဖြတ်မှုစစ်တမ်း (EU-Asean Business Sentiment Survey) တွင် ဖော်ပြထားသည်။ ဤစစ်တမ်းသည် ဥရောပသမဂ္ဂနှင့် အာဆီယံစီးပွားရေးကောင်စီ (EU-Asean Business Council) က စတုတ္ထအကြိမ်မြောက် လေ့လာထုတ်ဝေထားသော စစ်တမ်းဖြစ်သည်။

ဤစစ်တမ်းအရ ဖြေဆိုသူ ၃၃၈ ဦးအနက် ၇၅ ရာခိုင်နှုန်းသည် အာဆီယံတွင် လာမည့် ၅ နှစ်အတွင်း ၎င်းတို့၏ ကုန်သွယ်မှုနှင့်ရင်းနှီးမြှုပ်နှံမှုလုပ်ငန်းများကို ပိုမိုတိုးချဲ့သွားမည်ဟု ဖြေဆိုထားပါသည်။ ယခင်နှစ်က ပြုလုပ်ခဲ့သည့် စစ်တမ်းတွင် ၈၆ ရာခိုင်နှုန်းသည် ၎င်းတို့၏လုပ်ငန်းများ တိုးချဲ့သွားမည်ဟု ဖြေဆိုထားပါသည်။ ထို့ကြောင့် ယခင်နှင့် ယခုစစ်တမ်းကို နှိုင်းယှဉ်ရာတွင် ၈၆ ရာခိုင်နှုန်းမှ ၇၅ ရာခိုင်နှုန်းသို့ လျော့ကျသွားကြောင်း တွေ့ရသည်။ ထိုကဲ့သို့ ကျဆင်းသွားသော်လည်း ၇၅ ရာခိုင်နှုန်းသည် များပြားသည့် လုပ်ငန်းအရေအတွက်ဖြစ်ကြောင်း သိမြင်နိုင်သည်။ ကျန်ရှိသော ၂၄ ရာခိုင်နှုန်းသည် ၎င်းတို့၏လုပ်ငန်းများကို လက်ရှိအခြေအနေအတိုင်း ဆက်လက်ဆောင်ရွက်သွားမည်ဟု ဖြေကြားပါသည်။

အာဆီယံဒေသအတွင်း အမြတ်ရရှိမှုအခြေအနေနှင့်ပတ်သက်၍ ၂၀၁၈ ခုနှစ်တွင် အမြတ်ပိုမိုရရှိနိုင်ကြောင်း ၇၂ ရာခိုင်နှုန်းသောလုပ်ငန်းများက ပြန်လည်ဖြေကြားသည်။ ယခင်ပြုလုပ်ခဲ့သော စစ်တမ်းတွင် စီးပွားရေးလုပ်ငန်း ၇၅ ရာခိုင်နှုန်းက ၂၀၁၈ ခုနှစ်တွင် အမြတ်ပိုမိုရရှိနိုင်သည်ဟူ၍ ဖြေဆိုထားခဲ့သည်။ ထို့ကြောင့် ယခုစစ်တမ်းတွင် အမြတ်ရရှိနိုင်သည်ဟုဖြေဆိုသောလုပ်ငန်းအရေအတွက် ၃ ရာခိုင်နှုန်း လျော့နည်းသွားပါသည်။

အာဆီယံကို စီးပွားရေးအလားအလာအကြီးမားဆုံးတည်ရှိသော ကမ္ဘာ့ဒေသ (World region) အဖြစ် ဥရောပလုပ်ငန်းထက်ဝက်ကျော်က ရှုမြင်ပါသည်။ ဒုတိယအလားအလာအကြီးမားဆုံးသောဒေသမှာ တရုတ်နိုင်ငံဖြစ်ကြောင်းလည်း ၎င်းတို့က ပြောဆိုဖြေကြားပါသည်။ သို့သော်လည်း အခြားဥရောပလုပ်ငန်းရှင်ထက်ဝက်ခန့်က အာဆီယံစီးပွားရေးပေါင်းစည်းမှုနှေးကွေးလွန်းကြောင်း၊ ဒေသဆိုင်ရာထုတ်လုပ်ရောင်းချမှုကွင်းဆက် (Regional Supply Chains)ကို ထိထိရောက်ရောက် အသုံးမချနိုင်ဘဲ အဟန့်အတားများ များပြားနေဆဲဖြစ်ကြောင်း တွေးထင်ယူဆကြပါသည်။

**စာမျက်နှာ-၃၁ သို့**

## ပြည်တွင်းဆီဈေးနှုန်းများ (၁၂-၁၀-၂၀၁၈)

ကျပ်/ပိဿာ

| မြို့အမည် | ပဲဆီ | | | နှမ်းဆီ | | | စားအုန်းဆီ | | |
|---|---|---|---|---|---|---|---|---|---|
| | ယခင် | ယခု | နှိုင်းယှဉ်ချက် | ယခင် | ယခု | နှိုင်းယှဉ်ချက် | ယခင် | ယခု | နှိုင်းယှဉ်ချက် |
| နေပြည်တော် (ပျဉ်းမနား) | ၅၈၀၀ | ၅၈၀၀ | □ | ၅၀၀၀ | ၅၀၀၀ | □ | ၁၉၀၀ | ၁၉၀၀ | □ |
| ရန်ကုန် | ၇၀၀၀ | ၇၀၀၀ | □ | ၆၅၀၀ | ၆၅၀၀ | □ | ၂၀၀၀ | ၂၀၀၀ | □ |
| မန္တလေး | ၅၈၀၀ | ၅၈၀၀ | □ | ၅၈၀၀ | ၅၈၀၀ | □ | ၂၀၀၀ | ၂၀၀၀ | □ |
| ပဲခူး | ၅၈၀၀ | ၅၈၀၀ | □ | ၅၈၀၀ | ၅၈၀၀ | □ | ၂၀၀၀ | ၂၀၀၀ | □ |
| မကွေး | ၆၀၀၀ | ၆၀၀၀ | □ | ၆၃၀၀ | ၆၅၀၀ | △ | ၂၀၀၀ | ၂၀၀၀ | □ |
| မုံရွာ | ၅၅၀၀ | ၅၅၀၀ | □ | ၅၅၀၀ | ၅၅၀၀ | □ | ၂၀၀၀ | ၂၀၀၀ | □ |
| စစ်တွေ | ၆၀၀၀ | ၆၀၀၀ | □ | ၅၀၀၀ | ၅၀၀၀ | □ | ၂၂၀၀ | ၂၂၀၀ | □ |




## မလေးရှားစားအုန်းဆီ အပတ်စဉ်ပျမ်းမျှ (FOB) ဈေးနှုန်း

၁၂-၁၀-၂၀၁၈ US$/Ton

| အမျိုးအစား | စက်တင်ဘာစတုတ္ထပတ် | အောက်တိုဘာပထမပတ် | နှိုင်းယှဉ်ချက် |
|---|---|---|---|
| RBD P.Oil | ၅၃၉.၅၀ | ၅၄၄.၀၀ | △ |
| RBD P.Olein | ၅၄၇.၅၀ | ၅၄၈.၅၀ | △ |
| RBD P.Stearin | ၅၂၅.၅၀ | ၅၁၉.၀၀ | ▽ |

*Source: bepi.mpob*

## ပြည်ပမှတင်သွင်းလာသော စားအုန်းဆီများ ရန်ကုန်ဆိပ်ကမ်းအရောက် တစ်ပိဿာအရင်းဈေးတွက်ချက်ပုံ (၁၂-၁၀-၂၀၁၈ )နေ့

| အကြောင်းအရာ | တွက်ချက်နှုန်း | တစ်ပိဿာကုန်ကျစရိတ် (ကျပ်) Cloud Point 8˚CMax |
|---|---|---|
| CIF ဈေး | (CIFx USD)/ 612 | ၁၄၇၉.၈၂ |
| FDA ထောက်ခံစာ | 58 .20/ 612 | ၀.၁၀ |
| သွင်းကုန်လိုင်စင်ကြေး | 50/ 612 | ၀.၀၈ |
| L/C စရိတ် | (CIF x 0.25% x USD)/612 | ၃.၇၀ |
| Bill စရိတ် | (CIF x 0.50% x USD )/612 | ၇.၄၀ |
| စားအုန်းဆီအလျော့ | 0.5% x လက်ကားဈေး | ၈.၂၅ |
| ဆီကန်သို့လှောင်ထိန်းသိမ်းခ | 5/ -1% | ၄.၉၅ |
| ကုန်သွယ်လုပ်ငန်းခွန် | (FOB x USD x 1.0 x 5%)/612 | ၇၀.၈၆ |
| ဆိပ်ကမ်းခွန် | (50000/ 1000)/612 | ၀.၀၈ |
| MITS စစ်ဆေးခ (FDA အပါအဝင်) | | ၀.၆၀ |
| အမြတ်ခွန် | (CIF x 35/-)/ 612 | ၃၃.၇၄ |
| ဆိပ်ကမ်းကပ်ခ | (3x USD )/ 612 | ၇.၅၂ |
| | ရန်ကုန်ဆိပ်ကမ်းအရောက် အရင်းဈေး | ၁၆၁၇.၀၉၈ |

မှတ်ချက်။
၁။ အထက်ပါတွက်ချက်မှုမှာ ၁၂-၁၀-၂၀၁၈နေ့ (CIF ဈေး Cloud Point 8 ˚C Max 590 ဒေါ်လာနှင့် USD ဈေး ၁၅၃၅ကျပ်)ဖြင့် တွက်ချက်ထားခြင်းဖြစ်ပါသည်။
၂။ ၁၂-၁၀-၂၀၁၈နေ့ ဝယ်ယူပြီးနောက် ၁၀ ရက်ခန့်အကြာ ရန်ကုန်ဆိပ်ကမ်းရောက်ရှိမည့် ဈေးဖြစ်ပါသည်။
၃။ တင်သွင်းလာသော ကုမ္ပဏီ၏ အမြတ်၊ ဆိပ်ကမ်းမှ ဖြန့်ဖြူးမည့် ဈေးကွက်အရောက် သယ်ယူစရိတ်၊ လုပ်သားခ၊ လက်လီဆိုင်များ၏ အမြတ်များ မပါဝင်သေးပါ။
၄။ ငွေလဲနှုန်း တစ်ဒေါ်လာကို ယခင် ၄၅၀ ကျပ်နှင့် တွက်ချက်ပြီး ၂၀၁၂ ခုနှစ် ဧပြီ ၁ ရက်မှစ၍ ဗဟိုဘဏ်မှ နှုန်းရှင်သတ်မှတ်သည့်အတွက် ဒေါ်လာဈေး ၁၅၃၅ကျပ်ဖြင့် တွက်ချက်ထားပါသည်။
၅။ ကုန်သွယ်လုပ်ငန်းခွန်မှာ ယခင် သုညရာခိုင်နှုန်းဖြစ်ပြီး ယခု ၅ရာခိုင်နှုန်း ဖြစ်ပါသည်။
၆။ ဆိပ်ကမ်းကပ်ခမှာ ယခင်ကောက်ခံခြင်းမရှိပါ။ ယခုတစ်တန်လျှင် အမေရိကန် ၃ ဒေါ်လာနှုန်းကောက်ခံပါသဖြင့် ထည့်သွင်းတွက်ချက်ပါသည်။

# &Syne; Red Mountain Co., Ltd \ pyspfdkufysdK;a&;ESifh 0dkifxkwfvkyfrI



စောမောင် (တောင်ကြီး)

Red Mountain Production Co., Ltd. (မြေနီတောင်ထုတ်လုပ်မှုကုမ္ပဏီလီမိတက်) စပျစ်စိုက်ပျိုးရေးနှင့် ဝိုင်စက်ရုံသည် ပင်လယ်ရေမျက်နှာပြင် မီတာ ၁၀၀၀ ရှိတဲ့ ရှမ်းပြည်နယ်(တောင်ပိုင်း) အင်းလေးကန်အရှေ့ဘက်ကမ်း ညောင်ရွှေ-မိုင်းသောက်ကားလမ်းရှိ ရွှေလဖုံးကျေးရွာအနီးတွင်တည်ရှိပြီး စက်ရုံကို ၂၀၀၂ ခုနှစ် ဒီဇင်ဘာ ၁၈ ရက်တွင် စတင်တည်ဆောက်ခဲ့ရာ ၂၀၀၅ ခုနှစ် မတ်လ ၂၆ ရက်နေ့တွင် ဆောက်လုပ်ပြီးစီးခဲ့တယ်လို့ သိရပါတယ်။ ဝိုင်ထုတ်လုပ်ရန်အတွက် အသုံးပြုသည့် စက်ပစ္စည်းကို အီတလီနိုင်ငံ Velo Co., Ltd မှ ဖြစ်ပြီး တော်ဝင်စပျစ်မျိုးကောင်းမျိုးသန့်များကိုလည်း ပြင်သစ်၊ အစ္စရေး၊ စပိန်နိုင်ငံများမှ မှာယူတင်သွင်းပြီး စိုက်ပျိုးရေးနှင့် ဝိုင်ထုတ်လုပ်သည့်နည်းပညာကိုပြင်သစ်ပညာရှင် နှစ်ဦးမှ အကြံပေးကာ ပြည်တွင်းစိုက်ပျိုးရေးပညာရှင်များနဲ့အတူ ဦးစီးပြီး ၂၀၀၃ခုနှစ်မှ စတင်စိုက်ပျိုးခဲ့ကြောင်း သိရပါတယ်။ စပျစ်ပျိုးပင်ပေါင်း လေးသိန်းကျော်ကို ဧကပေါင်း ၁၈၇ ဧက စိုက်ပျိုးထားတယ်လို့ဆိုပါတယ်။ ၈၀ ရာခိုင်နှုန်းသော စိုက်ဧကမှာ သက်တမ်း ၁၀ နှစ်အထက် ရှိနေပြီဖြစ်ကြောင်း သိရှိရပါတယ်။ Red Mountain Production Co., Ltd မြေနီတောင်ထုတ်လုပ်မှု ကုမ္ပဏီလီမိတက်၏ ရည်ရွယ်ချက်ကတော့-

- နိုင်ငံတော်၏ ထုတ်ကုန်တိုးမြှင့်ပြီး နိုင်ငံဂုဏ်ဆောင်ရန်။
- နိုင်ငံတော်အတွက် နိုင်ငံခြားဝင်ငွေတိုးမြှင့်ရရှိစေရန်။
- နိုင်ငံခြားမှ တင်သွင်းကုန်အစားထိုးဆောင်ရွက်နိုင်ရန်။
- ကျန်းမာရေးနှင့်ညီညွတ်အောင်ထုတ်လုပ်ထားသည့်အတွက် ကျန်းမာရေး အထောက်အကူ ပြုရန်တို့ ဖြစ်ပါတယ်။

စပျစ်စိုက်ပျိုးရေး၊ ဝိုင်ထုတ်လုပ်မှုနှင့်ပတ်သက်၍ ဝိုင်ထုတ်လုပ်မှုနည်းပညာကို ပြင်သစ်နိုင်ငံတောင်ပိုင်းရှိ ဝိုင်တက္ကသိုလ်ဖြစ်တဲ့ University du Vin မှပညာသွားရောက်ဆည်းပူးခဲ့တဲ့ ဒေါ်နော်နော်အေးက ရှင်းပြသည်မှာ ယခုလက်ရှိစိုက်ပျိုးထားသည့် အနီမျိုး ၁၀ ထဲမှ Syrah(Shiraz), Tempranillo, Carignan နဲ့ အဖြူမျိုး ကိုးမျိုးများထဲမှ Sauvignon Blanc, Muscat Petits Grans, Chenin မျိုးတွေကမြန်မာ့မြေမှာ ပိုဖြစ်ထွန်းတယ်လို့ ဆိုပါတယ်။

## စိုက်ပျိုးခြင်းနှင့် ပြုစုခြင်း

စိုက်ပျိုးမည့်မြေနေရာအား မြေဆီလွှာ စမ်းသပ်စစ်ဆေးခြင်းများ၊ စပျစ်များအတွက်လိုအပ်သော အာဟာရမြေသြဇာများ ထည့်သွင်းခြင်း၊ ရောဂါများမကျရောက်အောင် ကာကွယ်ခြင်းပြုလုပ်ပေးရတယ်။ စပျစ်စိုက်ပျိုးပြီး အသီးခူးဆွတ်မှုအား(၃)နှစ်သက်တမ်းရှိချိန်တွင် စတင်ဆွတ်ခူးမှသာ အရည်အသွေးပြည့်မီသည့် ဝိုင်ထုတ်လုပ်နိုင်တယ်လို့ဆိုပါတယ်။

## ရေရရှိရေးကိုတော့-

စပျစ်ပင်များရေရရှိရေးအတွက် သဘာဝ ရေထွက်များမှ ရေများအား ပိုက်များဖြင့်သွယ်ယူပြီး ရေလှောင်ကန်များ တူးဖော်သိုလှောင်ထားပါကြောင်း တွေ့ရပါတယ်။ စပျစ်ပင်များအား အစက်ချရေပေးစနစ်ဖြင့် ရေပေးဝေတယ်လို့ဆိုပါတယ်။ အစက်ချစနစ်ရဲ့အားသာချက်မှာ ရေများလေလွင့်မှုနည်းပါးခြင်း၊ မြေဆီလွှာများ ထိန်းသိမ်းပေးနိုင်ခြင်း အဓိကပင်မအမြစ်များအား ရေပေးဝေမှုထိရောက်စွာပေးနိုင်ခြင်းနှင့် အပေါ်ယံမြေဆီလွှာတွင် မလိုအပ်သော အမြစ်များ ပွားများမှုကင်းခြင်း ဖြစ်တယ်လို့သိရပါတယ်။

## ထုတ်လုပ်မှုအနေဖြင့်-

၂၀၀၃ ခုနှစ်မှစတင် စမ်းသပ်စိုက်ပျိုးသော အပင်များမှ သက်တမ်းပြည့်အပင်များ ဝိုင်ထုတ်လုပ်ရာတွင် အရည်အသွေးပြည့်မီစွာ ထုတ်လုပ်နိုင်ရန်အတွက် စမ်းသပ်ထုတ်လုပ်မှုအား အဆင့်ဆင့်လုပ်ဆောင်ခဲ့ရာ ၂၀၁၈ ခုနှစ်တွင် အရည်အသွေးပြည့်မီသော ဝိုင်ဖြူ ဝိုင်နီများအား အောင်မြင်စွာ ထုတ်လုပ်နိုင်ခဲ့ပါတယ်။ ပြောင်းလဲနေသော ကမ္ဘာ့ဝိုင်ဈေးကွက် တောင်းဆိုချက်များအပြင် ပြည်တွင်းအကြိုက် ဝိုင်မျိုးပေါင်းများစွာ ဆက်လက်ထုတ်လုပ်နေတယ်လို့ သိရပါတယ်။ ပြင်သစ်နည်းပညာနဲ့ ထုတ်လုပ်ထားတယ်လို့လည်း ကြားသိရတဲ့အတွက် စာရေးသူမှ အထူးပင်စိတ်ဝင်စားမိတယ်။ ကမ္ဘာမှာ ဝိုင်နည်းပညာနဲ့ပတ်သက်ရင် ပြင်သစ်ကဦးဆောင်သူလို့ လူတိုင်းက မှန်းဆမိမယ်လို့ထင်ပါတယ်။

ထုတ်လုပ်တဲ့နည်းအဆင့်ဆင့်ကတော့ ကနဦး စပျစ်သီးတွေအတွက် အချိုဓာတ်ဒီဂရီ၊ အချဉ်ဒီဂရီကို တိုင်းတာရပါတယ်။ သတ်မှတ်ထားတဲ့အချိုဓာတ်ရပြီဆိုမှ စပျစ်သီးများကို ခူးဆွတ်ရပါတယ်။ ခူးဆွတ်ပြီးတဲ့ စပျစ်သီးကို ဝိုင်ဖောက်ရန်အတွက် စက်ရုံသို့ပို့ပြီးတော့ အညှာခြွေပြီး ကြိတ်ခွဲစက်နှင့် ကြိတ်ခွဲပါတယ်။ ကြိတ်ခွဲပြီးစပျစ်ကို အအေးပေးပိုက်လိုင်းမှတဆင့် ဖြတ်သန်းပြီး စပျစ်ရည်ကို ညှစ်ယူပါတယ်။ ရလာတဲ့စပျစ်ရည်ကို ဝိုင်စိမ်ကန်မှာ ၂၄ နာရီ အအေးခံပြီး အရည်ကြည်ကွဲယူကာ ဝိုင်ဖောက်ကန်သို့ ပို့ဆောင်ပြီး ဝိုင်တဆေး Yeast နှင့်ဆာလဖာ Sulfur ထည့်ခြင်းဖြင့် ဝိုင်ဖောက်ပါတယ်။ ထို့နောက် ကာဗွန်ဒိုင်အောက်ဆိုဒ် $CO_2$ ကိုဝိုင်မျက်နှာပြင်သို့ အုပ်ပေးခြင်းအားဖြင့် အောက်ဆီဂျင်ဝင်ရောက်မှု (Oxidation) မဖြစ်စေရန် ကာကွယ်ပေးပါတယ်။ တဆေးထည့်ပြီးနောက် ဝိုင်ဖောက်ခြင်း ပြီးဆုံးတဲ့အချိန်ထိ နေ့စဉ်ဝိုင်အချိုသိပ်သည်းဆကို နေ့စဉ် မနက်တစ်ကြိမ် ညတစ်ကြိမ် တိုင်းတာရပါတယ်။ ဝိုင်ဖောက်နေစဉ်ကာလတွင် အပူချိန်(၁၆-၁၈)ဒီဂရီကြားဖြင့် ဖောက်ပါတယ်။ အပူချိန်နိမ့်နိမ့်နဲ့ ဝိုင်ဖောက်ခြင်းက သဘာဝတရားကပေးတဲ့ဝိုင်ရဲ့ အနံ့၊အရသာ တည်မြဲစေတယ်လို့ ကြားသိရပါတယ်။ ဝိုင်ဖောက်ခြင်းပြီးဆုံးပါက အခြားသိုလှောင်ကန်သို့ ဝိုင်ရည်ကြည်များကွဲယူပြီး နှစ်လခန့်အအေးခံထားပြီးနောက် ဝိုင်အရည်အသွေးထိန်းကန် သို့ ဝိုင်ရည်ကြည်များကွဲသို့ပြောင်းကာ အောက်ဆီဂျင်မဝင်စေရန် လေလုံအဖုံးဖြင့်ဖုံးပြီး ဝိုင်တည်ငြိမ်အောင် ထားနေစဉ်ကာလအတွင်း ဝိုင်များကိုစမ်းသပ်ဓာတ်ခွဲကာ လျော့နည်းသွားသည့် ဆာလဖာဒိုင်အောက်ဆိုဒ်၊ ကာဗွန်ဒိုင်အောက်ဆိုဒ်များကို ဖြည့်ပေးခြင်းဆောင်ရွက်ရပါတယ်။ ဝိုင်တွင်ပါဝင်သော အနည်များကိုချရန် အထူးပြုလုပ်ထားတဲ့ ဝိုင်စိမ်ကန်မှာ ထပ်မံပြီး(၁)လ အအေးပေးရပါတယ်။ ထို့နောက်ဝိုင်အနည်စစ်ခြင်း လုပ်ပါတယ်။ ဝိုင်ပုလင်းမသွတ်မီ ဝိုင်များကို ၎င်းတို့ကိုယ်ပိုင်ဓာတ်ခွဲခန်းတွင် စမ်းသပ်စစ်ဆေးသည့်အပြင် ပြင်သစ်ဓာတ်ခွဲခန်းသို့ ပို့ဆောင်ကာ ထပ်မံစမ်းသပ်စစ်ဆေးစေပြီး ဝိုင်များဈေးကွက်သို့ ရောင်းချရန်အတွက် အဆင်သင့်ဖြစ်မှသာ ပုလင်းသွတ်၊ တံဆိပ်ကပ်ခြင်းဆောင်ရွက်တယ်လို့ သိရပါတယ်။

ထုတ်လုပ်တဲ့ဝိုင်အမျိုးအစားတွေကတော့ ဝိုင်ဖြူအချိုမဲ့ ဝိုင်ဖြစ်တဲ့ Sauvignon Blanc, Chardonnay အချိုပျော့ ဝိုင်ဖြူ Late Harvest, Muscat Seletction ချိုပြင်းဝိုင်ဖြူ Muscat Fortified နှင့် Rose (ပန်းဆီရောင်) ဝိုင်အပြင် အချိုမဲ့ဝိုင်နီတွေကတော့ Pinot Noir, Cabernet Sauvignon, Syrah, Shiraz-Tempranillo ဝိုင်နီချိုပြင်းဖြစ်တဲ့ Red Tawny တို့ဖြစ်ပါတယ်။ ဝိုင်သောက်သုံးပါက မှန်ကန်တဲ့အပူချိန်နဲ့ သောက်မှသာလျှင် မှန်ကန်တဲ့ဝိုင်အရသာကိုရမယ်လို့ဆိုပါတယ်။ ဝိုင်ဖြူကို ၈ ဒီဂရီနဲ့ ၁၀ ဒီဂရီကြားနဲ့ ဝိုင်နီကို ၁၆ ဒီဂရီနဲ့ ၁၈ ဒီဂရီကြား သောက်သုံးသင့်ကြောင်း အချိုမဲ့ဝိုင်၊ အချိုပျော့ဝိုင်နှင့် ဝိုင်ချိုပြင်း(အချိုတည်းဝိုင်)များထဲက အချိုမဲ့ဝိုင်သည် ကျန်းမာရေးကို အကောင်းဆုံးဖြစ်စေကြောင်း၊ ဝိုင်ကိုသောက်သုံးခြင်းဖြင့် Cholesterol ကိုချေဖျက်ပေးပြီး သွေးထဲမှ အောက်ဆီဂျင်လုယူစေတဲ့အရာကို ချေဖျက်ပေးနိုင်ကြောင်း လေ့လာဖတ်ရှုရပါတယ်။

ဝိုင်သောက်သုံးမယ်ဆို ပထမဆုံးအမြင် - ဝိုင်၏ အရောင်ကို လေ့လာခြင်း၊ အနံ့-ဝိုင်၏အနံ့ကိုရှူခြင်း၊ အရသာ - ဝိုင်၏ အရသာခံခြင်း၊ သုံးသပ်ခြင်း - ဝိုင်မြည်းစမ်းပြီး အဖြေထုတ်သုံးသပ်ခြင်းဖြစ်ပါတယ်။

နှစ်စဉ်ထုတ်လုပ်မှုပမာဏနဲ့ ဈေးကွက်တင်ပို့မှုကတော့ 750 ml, 500ml, 375ml ပုလင်းအရွယ်အစား အမျိုးစုံနဲ့ပျမ်းမျှပုလင်းပေါင်း (120,000) သိန်းခန့်ထုတ်လုပ်ပြီး ပြည်တွင်းဈေးကွက်တွင် အများကြီးရောင်းချပြီး ထုတ်လုပ်မှု၏ ၁၀ ရာခိုင်နှုန်းခန့်ကို ဂျပန်နိုင်ငံသို့တင်ပို့တယ်လို့သိရပါတယ်။ Red Mountain Estate မှ ထုတ်လုပ်သည့် ဝိုင်များက Red Mountain ခြံထွက်စပျစ်များနဲ့ ရာနှုန်းပြည့်ထုတ်လုပ်ထားခြင်းဖြစ်ပါတယ်။ Red Mountain Estate စတည်ထောင်တဲ့အချိန်မှ ၂၀၀၁ ခုနှစ်မှ ၂၀၁၅ ခုနှစ်အထိ ပြင်သစ်ပညာရှင်နဲ့ အနီးကပ်လေ့လာသင်ယူ လက်တွဲထုတ်လုပ်ခဲ့သည့်အပြင် တိုးတက်ပြောင်းလဲလာသော နည်းပညာများ ထပ်မံလေ့လာသင်ယူရန် ပြည်တွင်းပညာရှင်ကိုလည်း ပြင်သစ်နိုင်ငံသို့ ပညာတော်သင်အဖြစ် စေလွှတ်ခဲ့ပါတယ်။ နှစ်စဉ်ဝိုင်ဖောက်သည့် ကာလအတွင်း ပြင်သစ်နိုင်ငံ University du Vin ဝိုင်တက္ကသိုလ်မှ ဆရာများလာရောက်ပြီး ပြောင်းလဲသောနည်းပညာကို လာရောက်အကြံပေးခြင်းများ ရှိပါတယ်။

စိုက်ပျိုးထုတ်လုပ်မှုကုန်ကျစရိတ်အနေနဲ့ ပထမနှစ်တစ်ဧကကျပ်သိန်း ၅၀ ကျော်ကုန်ကျနိုင်ပြီး ၃နှစ်ခန့်ကြာမှ ခူးဆွတ်ရပါကြောင်း၊ နှစ်စဉ်ပြုပြင်စရိတ် တစ်ဧက ၇ သိန်းမှ ၁၀ သိန်းခန့်ကုန်ကျနိုင်ပါတယ်။ စပျစ်သီးအထွက်နှုန်းမှာ အသီးလှိုင်လှိုင်ထွက်သောနှစ်တွင် တစ်ဧကလျှင်ပိဿာ ၁၂၀၀ ခန့်ထွက်ရှိပြီး ၁ ဒသမ ၅ ကီလိုဂရမ်တွင် စပျစ်ဝိုင် 750ml ဝိုင်တစ်လုံးရရှိပါကြောင်း၊ ပြည်တွင်းလက်လီရောင်းချဈေးမှာ 750ml,500ml ကိုတစ်သောင်းကျော်နှင့်အထက်ရောင်းချပြီး 375ml ကျပ်ခုနစ်ထောင်ခန့်ရောင်းချတာကို လေ့လာတွေ့ရှိရပါတယ်။ တွေ့ကြုံရသည့် အခက်အခဲအနေဖြင့် စိုက်ပျိုးစရိတ်ကြီးမြင့်နေ၍ ပြည်ပဈေးကွက်ထိုးဖောက်ရန် ခက်ခဲနေကြောင်း၊ ပုလင်းပိတ်နှင့်ဝက်သစ်ချ cork ကို ပေါ်တူဂီနိုင်ငံမှ မှာယူကာဝိုင်များသိုလှောင်သည့် ဝက်သစ်ချစည်ကို ဟန်ဂေရီမှ မှာယူအသုံးပြုလျက်ရှိပြီး အထက်ပါအသုံးပြုသည့် ဝိုင်ပုလင်းနှင့် ဆက်စပ်ပစ္စည်းများကို ပြည်တွင်းမှာ လိုအပ်တဲ့အချိန်တွင် ဝယ်ယူရရှိနိုင်ပါက စရိတ်သက်သာနိုင်တယ်လို့ သိရပါတယ်။

အနာဂတ်ဆောင်ရွက်မည့်အစီအစဉ်အနေဖြင့် စပျစ်စိုက်ပျိုးထုတ်လုပ်မှုကို အခြေခံကျကျ လေ့လာဆောင်ရွက်လျက်ရှိကြောင်း၊ နောင်တွင် တောင်သူများကို စပျစ်စိုက်ပျိုးမှုနည်းစနစ်များ ဖြန့်ဝေပေးသွားကာ စိုက်ပျိုးလာစေရန် အစီအစဉ်ရှိကြောင်း၊ တောင်သူများကို စိုက်ပျိုး၊ ထုတ်လုပ်၊ ထိန်းသိမ်းသည့်အပေါ် မူတည်ပြီး ထွက်လာမည့် စပျစ်သီးအရည်အသွေးအပေါ်တွင် ဈေးနှုန်းအပြောင်းအလဲ ရှိကြမှာဖြစ်ပါတယ်လို့ဆိုပါတယ်။

ပြည်တွင်း SMEs ပြပွဲပြိုင်ပွဲများတွင် ပါဝင်ပြသသည့်အပြင် ပြည်ပပြပွဲများဖြစ်တဲ့ ၂၀၀၉ ခုနှစ် Korean တွင်ကျင်းပသော ASEAN Food Exhibition ၊ ၂၀၁၀ ခုနှစ်တွင် Japan နှင့် ၂၀၁၅ ခုနှစ် ဟောင်ကောင်နိုင်ငံတို့တွင် သွားရောက်ပြသခဲ့သည့်အတွက် မြန်မာ့ SMEs အသင်းလုပ်ငန်းရှင်တစ်ဦး၏ ကြိုးစားမှုကို ဂုဏ်ယူဝင့်ကြွားသင့်ပါတယ်။

မြန်မာနိုင်ငံတွင် ဝိုင်စက်ရုံနှစ်ရုံသာရှိရာ စက်ရုံနှစ်ရုံလုံးမှာ ရှမ်းပြည်နယ်တွင်သာရှိပြီး ညောင်ရွှေမြို့နယ်၊ အင်းလေးကန် အရှေ့ဘက်ခြမ်းတွင် တည်ရှိတဲ့အတွက် စပျစ်စိုက်ခင်းများ၊ အင်းလေးကန်ရေပြင်နဲ့ တောတောင် သဘာဝအလှတရားများရှိရာ Red Mountain Estate ဝိုင်ခြံမှ ဝိုင်များ မြည်းစမ်းရန်အတွက် အရောက်လှမ်းခဲ့ဖို့ ဖိတ်ခေါ်ပါတယ်။

# ပြည်ပသို့ ကျွဲ၊ နွားတင်ပို့မှုနှင့်စပ်လျဉ်း၍ တောင်သူများ သတင်းအချက်အလက် မှန်ကန်စွာသိရှိစေရေး အသိပညာပေးဟောပြောပွဲများ ကျင်းပ




စီးပွားရေးနှင့်ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာန၊ စားသုံးသူရေးရာဦးစီးဌာန၊ ဒုတိယညွှန်ကြားရေးမှူးချုပ် ဦးအောင်မောင်းသည် စားသုံးသူရေးရာဦးစီးဌာန၊ စစ်ကိုင်းတိုင်းဒေသကြီး ဦးစီးမှူး၊ ရွှေဘိုခရိုင်ဦးစီးမှူးနှင့်ဝန်ထမ်းများလိုက်ပါလျက် စစ်ကိုင်းတိုင်းဒေသကြီး၊ဝက်လက်မြို့နယ်၊ မင်းကျီကျေးရွာ အခြေခံပညာအထက်တန်းကျောင်းတွင် ကျင်းပပြုလုပ်သည့် ကျွဲ၊ နွားများ ပြည်ပတင်ပို့မှုနှင့်စပ်လျဉ်း၍ သတင်းအချက်အလက်များ မှန်ကန်စွာ သိရှိစေရေး အသိပညာပေးဟောပြောပွဲအခမ်းအနားသို့ တက်ရောက်ခဲ့ပါသည်။

အခမ်းအနားတွင် ဒုတိယညွှန်ကြားရေးမှူးချုပ်က အဖွင့်အမှာစကားပြောကြားရာ၌ ကျွဲ၊ နွားများ ပြည်ပတင်ပို့မှုနှင့် ပတ်သက်၍ သတင်းအချက်အလက်များ မှန်ကန်စွာသိရှိစေရန် ယခုကဲ့သို့ လာရောက်ဆွေးနွေးရှင်းလင်းရခြင်းဖြစ်ပါကြောင်း၊ ကျွဲနွားတင်ပို့ခွင့်ပြုခြင်းနှင့်စပ်လျဉ်း၍ နိုင်ငံတော်မှ အကောင်အထည်ဖော်ဆောင်ရွက်လျက်ရှိသော ဈေးကွက်စီးပွားရေးစနစ်နှင့်အညီ ရောင်းလိုအားနှင့်ဝယ်လိုအားအရဖြစ်ပေါ်နေသော လွတ်လပ်သည့်ဈေးကွက်ကို ဖော်ဆောင်နိုင်ရန်နှင့် တရားမဝင်တင်ပို့နေမှုများအား တရားဝင်လမ်းကြောင်းပေါ်သို့ရောက်ရှိစေရန်၊ မွေးမြူရေး တောင်သူများဝင်ငွေနှင့် အလုပ်အကိုင်အခွင့်အလမ်းများ ပိုမိုရရှိစေရန်နှင့် တောင်သူလယ်သမားတို့၏ အကျိုးစီးပွားကို ပိုမိုကာကွယ်ဆောင်ရွက်နိုင်ရန် ရည်ရွယ်၍ ကျွဲနွားအရှင်များအား ပြည်ပသို့ တရားဝင်တင်ပို့ခွင့်ကို ၂၀၁၇ခုနှစ် အောက်တိုဘာ ၉ ရက်နေ့တွင် အမိန့်ကြော်ငြာစာထုတ်ပြန်၍ တင်ပို့ခွင့်ပြုခဲ့ပါကြောင်း၊ ယခင် တရားဝင်တင်ပို့ခွင့်မပြုမီက တရားမဝင်တင်ပို့မှုများရှိနေခဲ့ပါကြောင်း၊ ထိုသို့တရားမဝင် တင်ပို့နေချိန်တွင် တောင်သူများမှာ ဈေးနှုန်းနည်းပါးစွာရရှိခဲ့ပါကြောင်း၊ ယခုတရားဝင်တင်ပို့ခွင့်ပြုပြီးနောက်တွင် တောင်သူများ ယခင်ကထက် ဈေးနှုန်းနှစ်ဆရရှိလာကြပါကြောင်း၊ ကျွဲ၊ နွားများ ပြည်ပတင်ပို့ခြင်းဖြင့် တောင်သူများအကျိုးစီးပွား ပိုမိုဖြစ်ထွန်းလာစေခြင်း၊ မွေးမြူရေးလုပ်ငန်းများ ဖွံ့ဖြိုးတိုးတက်လာခြင်း၊ နိုင်ငံတော် အခွန်အခ တိုးတက်ရရှိလာခြင်း၊ကုန်သွယ်မှုပမာဏတိုးတက်လာခြင်း၊နိုင်ငံတော်၏ GDP တိုးတက်စေခြင်း၊ တရားမဝင်ကုန်သွယ်မှုများ လျော့နည်းသွားခြင်း၊ Supply Chain တစ်လျှောက်လုံးရှိ လယ်သမား၊ အလုပ်သမားများမှစ၍ ကုန်သည်လုပ်ငန်းရှင်အထိ အလုပ်အကိုင်များနှင့် အကျိုးအမြတ်များ တိုးတက်ရရှိစေခြင်း စသည့်အကျိုးကျေးဇူးများရရှိပါကြောင်း၊တရားဝင်တင်ပို့ခွင့်ပြုခြင်းနှင့်ပတ်သက်၍ ကျွဲနွားမွေးမြူသူတောင်သူများ၏ ပြောကြားမှုများမှာ ယခုအခါ ကျွဲနွားဈေးနှုန်းများမှာ တရားမဝင်ဈေးထက် (၂)ဆခန့်ပိုမိုရရှိသဖြင့် အကျိုးအမြတ်ပိုမိုရရှိလာခြင်း၊ ကျွဲနွားများ တရားဝင် တင်ပို့ခြင်းဖြင့် မိသားစုများ အလုပ်အကိုင်အခွင့်အလမ်းများ ပိုမိုတိုးတက်ရရှိလာစေခြင်းစသည့် အကျိုးများစွာ ရရှိလာပါကြောင်း ရှင်းလင်း ဆွေးနွေးခဲ့သည်။ ထို့နောက် တရုတ်နိုင်ငံသို့ ကျွဲနွား များ တရားမဝင် တင်ပို့မည့် ကျွဲနွားများဖမ်းဆီးရရှိမှုအခြေအနေများနှင့် ဘင်္ဂလားဒေ့ရှ်နိုင်ငံသို့ ကျွဲနွားများ မှောင်ခိုတင်ပို့နေမှုများကို ဓာတ်ပုံမှတ်တမ်းများဖြင့် ရှင်းလင်းပြသခဲ့ပြီး တရားမဝင် တင်ပို့မှုများ ပပျောက်စေရန်နှင့် တောင်သူများ အကျိုးအမြတ်ပိုမိုရရှိရေး အတွက် ယခုကဲ့သို့ တင်ပို့ခွင့်ပြုခြင်းဖြစ်ပါကြောင်း ရှင်းလင်း ဆွေးနွေးခဲ့ပါသည်။ ဆက်လက်၍ မွေးမြူရေးနှင့် ကုသရေးဦးစီးဌာန၊ မြို့နယ်ဦးစီးမှူးက ဝက်လက်မြို့နယ်အတွင်း ကျွဲနွားမွေးမြူထားရှိမှုနှင့် လုပ်ငန်းဆောင်ရွက်နေမှုအခြေအနေများကို ရှင်းလင်းဆွေးနွေးခဲ့ပါသည်။ ထို့နောက် တက်ရောက်လာသည့် တောင်သူများက သိလိုသည်များမေးမြန်းကြပြီး ဒုတိယညွှန်ကြားရေးမှူးချုပ်က ပြန်လည်ရှင်းလင်းဆွေးနွေးခဲ့ပါသည်။ ဟောပြောပွဲအခမ်းအနားသို့ ဝက်လက်မြို့နယ် ဒုတိယမြို့နယ်အုပ်ချုပ်ရေးမှူး၊ မွေးမြူရေးနှင့် ကုသရေးဦးစီးဌာန၊ မြို့နယ်ဦးစီးမှူးနှင့် စားသုံးသူရေးရာဦးစီးဌာန၊ ရွှေဘိုခရိုင်ဦးစီးမှူးရုံးမှ ဝန်ထမ်းများ၊ ဒေသခံတောင်သူများ စုစုပေါင်း ၄၀ ဦးတက်ရောက်ခဲ့ပြီး ညနေ ၃း၃၀ အချိန်တွင် ဟောပြောပွဲ အခမ်းအနားပြီးမြောက်ခဲ့ပါသည်။

ထို့နောက် အောက်တိုဘာ ၉ ရက်က ဒုတိယညွှန်ကြားရေးမှူးချုပ် ဦးအောင်မောင်းသည် စားသုံးသူရေးရာဦးစီးဌာန၊ မကွေးတိုင်းဒေသကြီးဦးစီးမှူး၊ ပခုက္ကူခရိုင်ဦးစီးမှူးနှင့်ဝန်ထမ်းများ လိုက်ပါလျက် မကွေးတိုင်းဒေသကြီး၊ ရေစကြိုမြို့နယ်၊ ငွေးဂုဏ်ကျေးရွာ အခြေခံပညာအထက်တန်းကျောင်းခွဲတွင် ကျင်းပပြုလုပ်သည့် ကျွဲ၊ နွားများ ပြည်ပတင်ပို့မှုနှင့်စပ်လျဉ်း၍ သတင်းအချက်အလက်များ မှန်ကန်စွာသိရှိစေရေးအသိပညာပေးဟောပြောပွဲ အခမ်းအနားသို့တက်ရောက်ခဲ့ပါသည်။ အခမ်းအနားသို့ ရေစကြိုမြို့နယ် ဒုတိယမြို့နယ်အုပ်ချုပ်ရေးမှူး၊ စိုက်ပျိုးရေး ဦးစီးဌာန၊မြို့နယ်ဦးစီးမှူး၊မွေးမြူရေးနှင့်ကုသရေးဦးစီးဌာန မြို့နယ်ဦးစီးမှူးနှင့် ဝန်ထမ်းများ တက်ရောက်ခဲ့ပြီး အခမ်းအနားတွင် ဒုတိယညွှန်ကြားရေးမှူးချုပ်က ကျွဲ၊ နွားများ ပြည်ပတင်ပို့မှုနှင့်ပတ်သက်၍ သတင်းအချက်အလက်များ မှန်ကန်စွာသိရှိစေရေး အသိပညာပေး ဟောပြောခဲ့ပါသည်။

ဆက်လက်၍ စိုက်ပျိုးရေးဦးစီးဌာန၊ မွေးမြူရေးနှင့်ကုသရေးဦးစီးဌာနတို့မှ မြို့နယ်ဦးစီးမှူးများက လုပ်ငန်းဆောင်ရွက်နေမှုအခြေအနေများကို ရှင်းလင်းဆွေးနွေးခဲ့ကြပြီး စားသုံးသူရေးရာဦးစီးဌာန၊ ပခုက္ကူခရိုင်ဦးစီးမှူးက ပြည်ပတင်ပို့မှုအလားအလာကောင်းသော ဈေးကွက်ဝင်သီးနှံများအကြောင်း ဆွေးနွေးရှင်းလင်းခဲ့ရာ တက်ရောက်လာသူများက သိလိုသည်များ မေးမြန်းဆွေးနွေးခဲ့ပါသည်။ အခမ်းအနားသို့ဒေသခံပြည်သူများ စုစုပေါင်း ၁၅၀ ဦးခန့် တက်ရောက်ခဲ့ကြောင်းသိရသည်။

**အောင်ဆန်းလင်း(DOCA)**

# ကုန်သွယ်ရေးဇုန်အဆင့်သို့တိုးမြှင့်လာတော့မည့် ကန်ပိုက်တီကုန်သွယ်ရေးစခန်း

ကန်ပိုက်တီကုန်သွယ်ရေးစခန်းသည် ကချင်ပြည်နယ်၊ မြစ်ကြီးနားခရိုင်၊ ဝိုင်းမော်မြို့နယ်အတွင်း ပါဝင်သော ကုန်သွယ်ရေးစခန်းဖြစ်ပါတယ်။ ပင်လယ်ရေမျက်နှာပြင်အထက် ပျမ်းမျှအမြင့်ပေ ၆၅၃၄ ပေအထက်တွင် တည်ရှိပြီး စိမ်းလန်းစိုပြည်သည့် တောင်တန်းများဖြင့် သာယာလှပလျက်ရှိပါတယ်။ နယ်စပ်မြို့လေးဖြစ်သော ကန်ပိုက်တီမြို့လေး၏ အရှေ့ဘက်တွင် ကန်ပိုက်တီကုန်သွယ်ရေးစခန်းတည်ရှိပြီး တရုတ်နိုင်ငံ၊ယူနန်ပြည်နယ်၊ ပေါင်စန်းခရိုင်၊ ထိန်ချုံးမြို့နယ်နှင့်အဓိကကုန်သွယ်မှုဆောင်ရွက်လျက်ရှိပါတယ်။

ကန်ပိုက်တီစခန်း၏ အဓိက ပို့ကုန်များမှာ တစ်သျှူးငှက်ပျော ၊ (yellow Maize) (FAQ) (ပြောင်းဖူးစေ့)၊ (Water Melon )(ဖရဲ)၊ စပါးခွံ မီးသွေးတောင့်များဖြစ်ပြီး အဓိက လယ်ယာထွက်ကုန်ပစ္စည်းများဖြစ်ပါတယ်။ အများဆုံး သွင်းကုန်များမှာ ဓာတ်မြေဩဇာ၊ ဘိလပ်မြေ၊ ဆောက်လုပ်ရေးသုံးပစ္စည်းများဖြစ်ပြီး တစ်ဦးချင်း ကုန်သွယ်မှုမှတ်ပုံတင်လက်မှတ်ဖြင့်လည်း မော်တော်ဆိုင်ကယ်များ တင်သွင်းလျက်ရှိပါတယ်။

ကန်ပိုက်တီကုန်သွယ်ရေးစခန်း၏ ကုန်သွယ်မှုအနေဖြင့် ၂၀၁၄-၂၀၁၅ ဘဏ္ဍာနှစ်တွင် ပို့ကုန် အမေရိကန် ဒေါ်လာ ၈ ဒသမ ၈၂၃ သန်း၊ သွင်းကုန် အမေရိကန်ဒေါ်လာ ၅၀ ဒသမ ၁၉၅ သန်း၊ ကုန်သွယ်မှု ပမာဏ အမေရိကန်ဒေါ်လာ၅၉ ဒသမ ၀၁၈ သန်း၊ ၂၀၁၅-၂၀၁၆ ဘဏ္ဍာနှစ်တွင် ပို့ကုန် အမေရိကန်ဒေါ်လာ ၂၈ ဒသမ ၇၉၆) ဒေါ်လာ သန်း၊သွင်းကုန် အမေရိကန် ဒေါ်လာ ၆၇ ဒသမ ၄၄၈ ဒေါ်လာသန်း၊ ကုန်သွယ်မှုပမာဏ အမေရိကန် ဒေါ်လာ ၉၆ ဒသမ ၂၄၄ သန်း၊ ၂၀၁၆-၂၀၁၇ ဘဏ္ဍာနှစ်တွင် ပို့ကုန် အမေရိကန် ဒေါ်လာ ၆၄ ဒသမ ၀၉၄ သန်း၊ သွင်းကုန် အမေရိကန်ဒေါ်လာ ၄၂ ဒသမ၄၇၇ သန်း၊ ကုန်သွယ်မှု ပမာဏ အမေရိကန်ဒေါ်လာ ၁၀၆ ဒသမ၅၇၁ သန်း၊ ၂၀၁၇-၂၀၁၈ ဘဏ္ဍာနှစ်တွင် ပို့ကုန် အမေရိကန်ဒေါ်လာ ၈၅ ဒသမ ၉၂၈ သန်း၊ သွင်းကုန် အမေရိကန် ဒေါ်လာ ၃၀ဒသမ၇၁၈ သန်း၊ ကုန်သွယ်မှုပမာဏ အမေရိကန်ဒေါ်လာ ၁၁၆ ဒသမ ၆၄၆ သန်း၊ ၂၀၁၈ ခုနှစ် ဧပြီလမှ စက်တင်ဘာလထိ(ယာယီ) ပို့ကုန် အမေရိကန်ဒေါ်လာ ၇၁ ဒသမ ၅၀၂ သန်း၊ သွင်းကုန် အမေရိကန် ဒေါ်လာ ၁၂ ဒသမ၇၃၄သန်း၊ ကုန်သွယ်မှုပမာဏ အမေရိကန် ဒေါ်လာ ၈၄ ဒသမ ၂၃၆ သန်းဖြစ်သဖြင့် နှစ်စဉ်ကုန်သွယ်မှုပမာဏ တိုးမြင့်လာတာကို တွေ့မြင်ရမှာဖြစ်ပါတယ်။ ကန်ပိုက်တီကုန်သွယ်ရေးစခန်းမှာ ပို့ကုန်တင်ပို့မှုကို အဓိကအားထားရပြီး နှစ်စဉ်လည်း ပို့ကုန်တိုးတက်တင်ပို့နိုင်ခဲ့ ပါတယ်။

ယခုလိုနှစ်စဉ် ကုန်သွယ်မှု တိုးတက်လာမှုကြောင့် ၂၀၁၈-၂၀၁၉ ဘဏ္ဍာနှစ်တွင် ကုန်သွယ်မှုလျာထားချက်အနေဖြင့် ပို့ကုန်အမေရိကန်ဒေါ်လာသန်း ၁၃၀ နှင့်သွင်းကုန် အမေရိကန်ဒေါ်လာသန်း ၂၀၊ စုစု ပေါင်း ကုန်သွယ်မှုပမာဏ အမေရိကန် ဒေါ်လာသန်း ၁၅၀ လျာထားသည်ဟု သိရှိရပါတယ်။ ယခုနှစ်ရာသီဥတု ကောင်းမွန်မှုအခြေအနေများကြောင့် တစ်သျှူးငှက်ပျောထွက်ရှိမှုကောင်းမွန်ပြီး လျာထားချက်ပြည့်မီမည်ဟုလည်း မျှော်လင့်ထားကြောင်း သိရှိရပါတယ်။

သို့အတွက်ကြောင့် နိုင်ငံတော်အကြီးအကဲများ၏လမ်းညွှန်မှုအရ နယ်စပ်ဒေသစီးပွားရေးဇုန်များတည်ထောင်အကောင်အထည်ဖော် ဆောင်ရွက်မည့် စီမံကိန်းများထဲတွင် ကန်ပိုက်တီကုန်သွယ်ရေးစခန်းသည်လည်း တစ်ခုအပါအဝင်ဖြစ်ပြီး ကုန်သွယ်ရေးဇုန်တိုးမြှင့် အကောင်အထည်ဖော်ဆောင်ရန်အတွက် Plan များ ချမှတ်ဆောင်ရွက်လျက်ရှိကာ မြေပြုပြင်ခြင်းလုပ်ငန်းများဖြင့် စတင် အကောင်အထည်ဖော်ဆောင်ရွက်လျက်ရှိကြောင်းသိရှိရပါတယ်။ မြေထိုးပြုပြင်ဆောင်ရွက်ပြီးစီးမှုသည်လည်း (၇၀ရာခိုင်နှုန်း) ပြီးလုနီးပါးဖြစ်ကြောင်းသိရှိရပါတယ်။ဒါကြောင့်ယခုဆောင်ရွက်နေသောကန်ပိုက်တီကုန်သွယ်ရေးစခန်းသည် ကန်ပိုက်တီကုန်သွယ်ရေးဇုန်အဖြစ် တိုးမြှင့်ဆောင်ရွက်လာပါက ဒေသဖွံ့ဖြိုးမှုသည်လည်း အရှိန်အဟုန်မြင့်တိုးတက်လာနိုင်သဖြင့် ကချင်ပြည်နယ်သည်မြန်မာနိုင်ငံအတွင်းရှိပြည်နယ်များတွင် ဖွံ့ဖြိုးမှုလျင်မြန်စွာ တိုးတက်လာနိုင်ကြောင်း သိရှိရပါတယ်။

**ဝင်းကို**

# စက်သုံးဆီ(ဓာတ်ဆီ၊ ဒီဇယ်)၊ ဆန်၊ သကြား၊ ရွှေနှင့် အမေရိကန်ဒေါ်လာ ပြည်တွင်း

## စက်သုံးဆီ (ဓာတ်ဆီ၊ ဒီဇယ်) ပြည်တွင်းဈေးနှုန်းနှင့်ကမ္ဘာ့ဈေးကွက်အခြေအနေသုံးသပ်ချက်

ကမ္ဘာ့လောင်စာဆီဈေးကွက် အခြေအနေအား လေ့လာကြည့်ရာတွင် ဓာတ်ဆီဈေးနှုန်းသည် ၂၀၁၈ ခုနှစ် အောက်တိုဘာ ၈ ရက် Global Petrol Prices Website တွင်ဖော်ပြထားရှိသည့် ဈေး နှုန်းများအရ ကမ္ဘာ့နိုင်ငံပေါင်း ၁၁၁ နိုင်ငံအနက် အောက်တိုဘာ ဒုတိယပတ်အတွင်းဈေးနှုန်း မြင့်တက်ခဲ့သည့် နိုင်ငံပေါင်း ၅၂ နိုင်ငံရှိ၍ Zambia နိုင်ငံသည် ယခင်တစ်ပတ်ဈေးနှုန်းထက် ၁၆ ဒသမ ၈၀ ရာခိုင်နှုန်းထိ အမြင့်မားဆုံးအဖြစ် ဈေးနှုန်းမြင့်တက်ခဲ့ပါသည်။

ယခုတစ်ပတ်အတွင်း ဓာတ်ဆီဈေးနှုန်း တည်ငြိမ်သည့် နိုင်ငံ ၅၂ နိုင်ငံရှိပြီး ကမ္ဘောဒီးယား၊ တရုတ်၊ အင်ဒိုနီးရှား၊ လာအို၊ မလေးရှား၊ ပါကစ္စတန်၊ ရုရှား၊ သီရိလင်္ကာနှင့် ထိုင်ဝမ် စသည့် နိုင်ငံများပါဝင်၍ ၎င်းနိုင်ငံများသည် ယခင်တစ်ပတ်ဈေးနှုန်းနှင့်နှိုင်းယှဉ်ပါကဈေးနှုန်း ပြောင်းလဲခြင်းမရှိသည်ကို လေ့လာတွေ့ရှိရ ပါသည်။

ဈေးနှုန်းကျဆင်းသွားသည့် နိုင်ငံအနေဖြင့် ခုနစ်နိုင်ငံရှိ၍ Costa Rica၊ Slovakia၊ Tanzania၊Honduras၊ ဘာဘေဒို၊ ဩစတြေးလျနှင့် အိန္ဒိယနိုင်ငံတို့ပါဝင်ပြီး ယခင်တစ်ပတ်ဈေးနှုန်းထက် သုည ဒသမ ၁၀ ရာခိုင်နှုန်းမှ ၂ဒသမ ၅၀ ရာခိုင်နှုန်းထိ ကျဆင်းခဲ့သည်ကို တွေ့ရှိရပါသည်။

အာဆီယံနိုင်ငံများ၏ ၂၀၁၈ ခုနှစ် အောက်တိုဘာလ (၈) ရက်နေ့ Global Petrol Prices Website တွင် ဖော်ပြထားရှိသည့် ဓာတ်ဆီဈေးနှုန်းအနေဖြင့် ယခင်တစ်ပတ်နှင့် နှိုင်းယှဉ်လျှင် ဗီယက်နမ်နိုင်ငံသည် ၂ ဒသမ ၆၀ ရာခိုင်နှုန်း၊ ဖိလစ်ပိုင်နိုင်ငံသည် ၁ ဒသမ ၇၀ ရာခိုင်နှုန်း၊ ထိုင်းနိုင်ငံသည် ၁ ဒသမ ၀၀ ရာခိုင်နှုန်း၊ စင်ကာပူနိုင်ငံသည် ၄ ဒသမ ၈၀ ရာခိုင်နှုန်းမြင့်တက်ခဲ့ပြီး ကမ္ဘောဒီးယား၊ အင်ဒိုနီးရှား၊ လာအိုနှင့် မလေးရှားနိုင်ငံများသည် ဈေးနှုန်းအပြောင်းအလဲမရှိ တည်ငြိမ်နေခဲ့သည်ကို လေ့လာတွေ့ရှိရပါသည်။

ဒီဇယ်ဆီဈေးနှုန်းသည် ၂၀၁၈ ခုနှစ် အောက်တိုဘာ ၈ ရက်နေ့ Global Petrol Prices Website တွင် ဖော်ပြထားရှိသည့် ကမ္ဘာ့နိုင်ငံပေါင်း ၁၁၁ နိုင်ငံအနက် အောက်တိုဘာလ ဒုတိယပတ်အတွင်းဈေးနှုန်းမြင့်တက်ခဲ့သည့် နိုင်ငံပေါင်း ၅၇ နိုင်ငံရှိခဲ့၍ (Zambia) နိုင်ငံသည် ယခင်တစ်ပတ် ဈေးနှုန်းထက် ၂၂ ဒသမ ၀၀ ရာခိုင်နှုန်းထိ အမြင့်မားဆုံးအဖြစ် ဈေးနှုန်းမြင့်တက်ခဲ့ပါသည်။

ယခုတစ်ပတ်အတွင်း ဒီဇယ်ဈေးနှုန်း တည်ငြိမ်သည့် နိုင်ငံများသည် ကမ္ဘောဒီးယား၊ တရုတ်၊ အင်ဒိုနီးရှား၊ လာအို၊ မလေးရှား၊ နီပေါ၊ သီရိ လင်္ကာ၊ ပါကစ္စတန်၊ ထိုင်ဝမ်နှင့် ထိုင်း စသည့်နိုင်ငံများ အပါအဝင် ၄၈ နိုင်ငံရှိပြီး ၎င်းနိုင်ငံများသည် ယခင်တစ်ပတ်ဈေးနှုန်းနှင့် နှိုင်းယှဉ်ပါက ဈေးနှုန်းပြောင်းလဲခြင်းမရှိသည်ကို လေ့လာတွေ့ရှိရပါသည်။

ဈေးနှုန်းကျဆင်းသွားသည့် နိုင်ငံအနေဖြင့် ခြောက်နိုင်ငံရှိ၍ ဂျာမနီ၊ Slovakia၊ Honduras၊Georgia၊ အိန္ဒိယနှင့် Mayotteနိုင်ငံ စသည်တို့ပါဝင်ပြီး ယခင်တစ်ပတ်ဈေးနှုန်းထက် သုည ဒသမ ၁၀ ရာခိုင်နှုန်းမှ ၂ ဒသမ ၃၀ ရာခိုင်နှုန်းထိ ကျဆင်းခဲ့သည်ကိုတွေ့ရှိရပါသည်။

အာဆီယံနိုင်ငံများ၏ ၂၀၁၈ ခုနှစ် အောက်တိုဘာ ၈ ရက်နေ့ Global Petrol Prices Website တွင် ဖော်ပြထားရှိသည့် ဒီဇယ်ဈေးနှုန်းအနေဖြင့် ယခင်တစ်ပတ်နှင့်နှိုင်းယှဉ်လျှင်ဖိလစ်ပိုင်နိုင်ငံသည် ၂ ဒသမ ၉၀ ရာခိုင်နှုန်း၊ ဗီယက်နမ်နိုင်ငံသည် ၂ ဒသမ ၇၀ ရာခိုင်နှုန်းနှင့် စင်ကာပူနိုင်ငံသည် ၁ ဒသမ ၁၀ ရာခိုင်နှုန်းထိဈေးတက်ခဲ့ကာ ကမ္ဘောဒီးယား၊ အင်ဒိုနီးရှား၊ လာအို၊ မလေးရှားနှင့် ထိုင်းနိုင်ငံများသည် ဈေးနှုန်းအပြောင်းအလဲမရှိ တည်ငြိမ်နေသည်ကို လေ့လာတွေ့ရှိရပါသည်။

အာဆီယံနိုင်ငံများ၏ ၂၀၁၈ ခုနှစ် အောက်တိုဘာ ၈ ရက်နေ့တွင် ဖြစ် ပေါ်နေသော ဓာတ်ဆီ၊ ဒီဇယ် တစ်လီတာဈေးနှုန်းများအား တစ်ဖက်ပါအတိုင်း ဖော်ပြအပ်ပါသည်-

တန်ဖိုး- အမေရိကန်ဒေါ်လာ

| စဉ် | နိုင်ငံအမည် | ရေတွက်ပုံ | ဓါတ်ဆီ | ဒီဇယ် |
|---|---|---|---|---|
| ၁ | မြန်မာ | လီတာ | ၀.၇၀ | ၀.၆၉ |
| ၂ | အင်ဒိုနီးရှား | လီတာ | ၀.၆၈ | ၀.၇၉ |
| ၃ | ထိုင်း | လီတာ | ၁.၂၀ | ၀.၉၁ |
| ၄ | ဗီယက်နမ် | လီတာ | ၀.၉၇ | ၀.၈ |
| ၅ | စင်္ကာပူ | လီတာ | ၁.၆၅ | ၁.၃၁ |
| ၆ | မလေးရှား | လီတာ | ၀.၅၃ | ၀.၅၂ |
| ၇ | ဖိလစ်ပိုင် | လီတာ | ၁.၁၂ | ၀.၈၉ |
| ၈ | ကမ္ဘောဒီးယား | လီတာ | ၁.၀၈ | ၀.၉၅ |
| ၉ | လာအို | လီတာ | ၁.၂၂ | ၀.၉၇ |
| ၁၀ | ဘရူနိုင်း | Global Petrol Prices website တွင် ဖော်ပြထားခြင်းမရှိပါ။ | | |

၂၀၁၈ ခုနှစ်အောက်တိုဘာ ၈ ရက်နေ့တွင် Global Petrol Prices Website ၌ ဖော်ပြထားရှိသည့် ကမ္ဘာ့စက်သုံးဆီဈေးနှုန်းမှာ ဓာတ်ဆီ တစ်လီတာတွင် အမေရိကန်ဒေါ်လာ ၁ ဒသမ ၁၈ နှင့် ဒီဇယ်ဆီ တစ်လီတာတွင် အမေရိကန်ဒေါ်လာ ၁ ဒသမ ၀၈ ရှိပြီး စက်သုံးဆီ ဈေးနှုန်းနိုင်ငံအလိုက် နည်း/များတွင် မြန်မာနိုင်ငံသည် ဓာတ်ဆီဈေး နှုန်း ၂၈ နိုင်ငံမြောက်နှင့် ဒီဇယ်ဆီဈေးနှုန်း ၂၇ နိုင်ငံမြောက်တွင် ရှိနေသောကြောင့် ကမ္ဘာ့နိုင်ငံများနှင့်နှိုင်းယှဉ်လျှင် စက်သုံးဆီဈေးနှုန်းသက်သာသော နိုင်ငံများတွင် ပါဝင်ပါသည်။

ယခုတစ်ပတ်တွင် ဓာတ်ဆီ၊ ဒီဇယ်ဈေးနှုန်း အနည်းဆုံး၊ အများဆုံးနိုင်ငံများစာရင်းကို တစ်လီတာ ဈေးနှုန်းများဖြင့် အောက်ပါအတိုင်း ဖော်ပြအပ်ပါသည်-

တန်ဖိုး- အမေရိကန်ဒေါ်လာ

| စဉ် | ဓါတ်ဆီဈေးနှုန်း အနိမ့်ဆုံးနိုင်ငံ | | | ဓါတ်ဆီဈေးနှုန်း အမြင့်ဆုံးနိုင်ငံ | | |
|---|---|---|---|---|---|---|
| | နိုင်ငံအမည် | ရေတွက်ပုံ | တန်ဖိုး | နိုင်ငံအမည် | ရေတွက်ပုံ | တန်ဖိုး |
| ၁ | ဗင်နီဇွဲလား | လီတာ | ၀.၀၁ | ဘာဘေဒို | လီတာ | ၁.၉၄ |
| ၂ | အီရန် | လီတာ | ၀.၂၉ | နယ်သာလန် | လီတာ | ၁.၉၅ |
| ၃ | ဆူဒန် | လီတာ | ၀.၃၄ | အိုက်စလန် | လီတာ | ၁.၉၈ |
| ၄ | ကူဝိတ် | လီတာ | ၀.၃၅ | နော်ဝေ | လီတာ | ၂.၀၇ |
| ၅ | အယ်ဂျီးရီးယား | လီတာ | ၀.၃၅ | ဟောင်ကောင် | လီတာ | ၂.၂၁ |

## ဆန်ပြည်တွင်းဈေးနှုန်းနှင့် ကမ္ဘာ့ဈေးကွက်အခြေအနေ သုံးသပ်တင်ပြခြင်း

ပြည်ပဆန်ဈေးကွက်ကို လေ့လာကြည့်ပါက ၂၀၁၈ခုနှစ်၊ အောက်တိုဘာ ၈ ရက်တွင် International Rice Market Website တွင် ဖော်ပြချက်အရ ပါကစ္စတန် ဆန်ဈေးနှုန်းများမှာ ဧည့်မထ ၅ မှတ်တစ်တန်လျှင် အမေရိကန်ဒေါ်လာ ၃၈၃ ဖြင့်လည်းကောင်း၊ ဧည့်မထ ၂၅ မှတ် တစ်တန်လျှင် အမေရိကန်ဒေါ်လာ ၃၄၈ ဖြင့်လည်းကောင်း၊ ထိုင်းဆန်ဈေးနှုန်းများမှာ ၁၀၀ ရာခိုင်နှုန်း ဘီဂရိတ်ဆန်တစ်တန်လျှင် အမေရိကန်ဒေါ်လာ ၄၀၀ ဖြင့်လည်း ကောင်း၊ ဧည့်မထ ၂၅ မှတ်တစ်တန်လျှင် အမေရိကန်ဒေါ်လာ ၃၆၇ ဖြင့်လည်းကောင်း၊ ဧည့်မထ ၅မှတ်တစ်တန်လျှင် အမေရိကန်ဒေါ်လာ ၃၉၀ ဖြင့်လည်းကောင်း ရှိခဲ့ပါသည်။ ဗီယက်နမ်နိုင်ငံ၏ ဆန်ဈေးကွက်တွင် ဧည့်မထ ၅ မှတ်တစ်တန်လျှင် အမေရိကန်ဒေါ်လာ ၄၀၄ ဖြင့်လည်းကောင်း၊ ဧည့်မထ ၂၅ မှတ် ဆန်တစ်တန်လျှင် အမေရိကန်ဒေါ်လာ ၃၈၀ ဖြင့်လည်းကောင်း၊ အိန္ဒိယနိုင်ငံတွင် ဧည့်မထ ၂၅ မှတ်ဆန် တစ်တန်လျှင် အမေရိကန်ဒေါ်လာ ၃၅၈ ဖြင့်လည်းကောင်း၊ ပေါင်းဆန်တစ်တန်လျှင် အမေရိကန် ဒေါ်လာ ၃၆၈ ဖြင့်လည်းကောင်း အသီးသီးရှိသည်ကို လေ့လာတွေ့ရှိရပါသည်။ ယခင်တစ်ပတ်ဈေးများနှင့်နှိုင်းယှဉ်ပါက ပါကစ္စတန်၊ ထိုင်းနှင့် ဗီယက်နမ်နိုင်ငံတွင် ဧည့်မထ ၅ မှတ်၊ ၂၅ မှတ်ဆန်အမျိုးအစားများ အနည်းငယ်ဈေးမြင့်တက်ခဲ့ပြီး အိန္ဒိယနိုင်ငံတွင် ဧည့်မထ ၂၅ မှတ် ဆန်နှင့် ပေါင်းဆန်အမျိုးအစား ဆန်ဈေးနှုန်းများဈေးတည်ငြိမ်နေခဲ့သည်ကို လေ့လာတွေ့ရှိရပါသည်။

ဗီယက်နမ်နိုင်ငံတွင် ဖိလစ်ပိုင်နှင့် အခြားနိုင်ငံများ၏ ဆန်ဝယ်လိုအားများပြားလာမှုကြောင့် ယခုတစ်ပတ်အတွင်း ဗီယက်နမ်ဆန်ပို့ကုန်ဈေးများမြင့်တက်ခဲ့ပြီး ယခင်တစ်ပတ်က ငါးမှတ်ဆန်တစ်တန်လျှင် ၃၉၅-၄၀၅ ဒေါ်လာရှိခဲ့ရာမှ ဝယ်လိုအားမြင့်တက်လာသောကြောင့်ယခုတစ်ပတ်တွင်တစ်တန်လျှင်၄၀၀-၄၀၅ဒေါ်လာသို့မြင့်တက်လာခဲ့သည်ကို တွေ့ရှိရပါသည်။ ထို့ပြင် ဖိလစ်ပိုင်နိုင်ငံသည် ယခုနှစ်မကုန်မီ ဆန်တန်ချိန် တိုးမြှင့်တင်သွင်းရန်ဆုံးဖြတ်ခဲ့ပြီး တင်ဒါမှတစ်ဆင့် ဝယ်ယူမည့် ဆန်တန်ချိန်နှစ်သိန်းခွဲအပြင် ထပ်ဆောင်းဆန်တန်ချိန် ငါးသိန်းဝယ်ယူမည်ဟု ကြေညာခဲ့ပါသည်။ ၎င်းဝယ်လိုအားသည် ဖိလစ်ပိုင်သို့ ဆန်အဓိကထောက်ပံ့ရောင်းချနေသော ဗီယက်နမ်နှင့် ထိုင်းနိုင်ငံတို့၏ ဆန်ပို့ကုန်ဈေးများကို မြင့်တက်စေခြင်းလည်း ဖြစ်ပါသည်။

ထိုင်းနိုင်ငံတွင်လည်း ငါးမှတ်ဆန်၏ဈေးနှုန်းသည် ယခင်တစ်ပတ်က ၃၉၀-၃၉၃ ဒေါ်လာရှိခဲ့ရာမှ ယခုတစ်ပတ်တွင် ၃၉၅-၃၉၈ ဒေါ်လာသို့ရောက်ရှိလာခဲ့ပါသည်။ ထို့ပြင်လေ့လာချက်များအရ ဘင်္ဂလားဒေ့ရှ်နှင့် သီရိလင်္ကာနိုင်ငံတို့သည် အရန်ဆန်ဖြည့်ဆည်းရေး ဆန်တန်ချိန်လေးသိန်း အရေးပေါ်ဝယ်ယူရန် ထိုင်းနိုင်ငံနှင့် ဆွေးနွေးနေကြောင်း ထိုင်းနိုင်ငံ၊ စီးပွားရေးနှင့် ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာန လက်အောက်ရှိနိုင်ငံခြားကုန်သွယ်ရေး ဦးစီးဌာနက ထုတ်ပြန်သည့် သတင်းရင်းမြစ်များအရ သိရှိရပြီး ၎င်းနှစ်နိုင်ငံသည် ဆန်တန်ချိန် နှစ်သိန်းစီ ဝယ်ယူမည်ဖြစ်ပြီး ပေါင်းဆန်နှင့် ဆန်ဖြူကို အဓိကဝယ်ယူမည်ဖြစ်ကြောင်း လေ့လာသိရှိရပါသည်။ ထို့ပြင် ဒေါ်လာနှင့်ယှဉ်သော ဘတ်ငွေတန်ဖိုးမြင့်တက်လာမှုကြောင့် ထိုင်းဆန်ဈေးမြင့်တက်လာခြင်းဖြစ်သည်ဟု ကုန်သည်များထံမှ သိရှိရပါ သည်။ ထိုင်းနိုင်ငံသည် ယခုလက်ရှိကာလထိ ဆန်တန်ချိန် ၈ ဒသမ ၂၂ သန်း တင်ပို့နိုင်ခဲ့ပြီး တန်ဖိုး ဘတ်ငွေ ၁၃၄ ဘီလီယံရှိပြီး ဝန်ကြီးဌာန၏ စဉ်ဆက်မပြတ် ဈေးကွက်ကြိုးပမ်းဖော်ဆောင်မှုကြောင့် ယခုနှစ်အတွင်း မျှော်မှန်းထားသည့်အတိုင်း ပြည်ပသို့ဆန်တင်ပို့မှု တန်ချိန် ၁၁ သန်းအထိ ရရှိလိမ့်မည်ဟု စီးပွားရေးနှင့် ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာန ဝန်ကြီး Mr Sontirat က ပြောကြားခဲ့ပါသည်။

ကမ္ဘာ့ထိပ်တန်းဆန်တင်ပို့သည့် အိန္ဒိယနိုင်ငံ၌ ယခုတစ်ပတ်တွင် ပြည်ပမှ ဆန်ဝယ်ယူမှု အရောင်းအဝယ်အေးလာခြင်း၊ မိုးသီးနှံ အထွက်ကောင်းဖွယ်ရှိခြင်း၊ ရူပီးငွေတန်ဖိုးနိမ့်ကျခြင်းတို့ကြောင့် ဆန်ပို့ကုန်ဈေးများ ကျဆင်းခဲ့ပါသည်။ ရူပီးငွေဈေးကျဆင်းခြင်းသည်လည်း အိန္ဒိယဆန်အရောင်းအဝယ်စာချုပ်များကို ဈေးအနည်းဆုံး ကျရောက်စေခြင်းဖြစ်ပြီး အိန္ဒိယရူပီးငွေတန်ဖိုးသည် ၂၀၁၈ ခုနှစ်အတွင်း ၁၃ ရာခိုင်နှုန်းနီးပါးကျဆင်းကာ ယခုလတွင် စံချိန်တင် အနိမ့်ဆုံးသို့ရောက်ရှိခဲ့သည်ကို တွေ့ရှိရပါသည်။

အီရတ်နိုင်ငံသည် နိုင်ငံတကာ တင်ဒါခေါ်ဆိုမှုမဟုတ်ဘဲ တိုက်ရိုက်စာချုပ်များမှတစ်ဆင့် ဗီယက်နမ်နိုင်ငံမှ ဆန်တန်ချိန် ၉၀၀၀၀ ဝယ်ယူခဲ့ကြောင်း အီရတ်ကုန်သွယ်ရေးဝန်ကြီးဌာနက အောက်တိုဘာ ၁၀ ရက်တွင် ထုတ်ပြန်ခဲ့ပါသည်။ ထိုစာချုပ်များမှတစ်ဆင့် ဝယ်ယူခဲ့သည့် အရန်သီးနှံများသည် နိုင်ငံ၏သီးနှံလိုအပ်ချက်ကို ၂၀၁၉ ခုနှစ်၊ ဖေဖော်ဝါရီလ သို့မဟုတ် မတ်လအထိ လုံလောက်စေမည်ဟု ဝန်ကြီးဌာနကထုတ်ပြန်ခဲ့ပါသည်။ ဗီယက်နမ်ဆန်ကိုတစ်တန်လျှင် ၅၇၇ ဒေါ်လာနှုန်းဖြင့် ဝယ်ယူခဲ့ပြီး ဝန်ကြီးဌာနသည် တိုက်ရိုက်ဝယ်ယူမှုများအပြင် ဆန်တန်ချိန် ၃၀၀၀၀ ကို နိုင်ငံတကာတင်ဒါခေါ်ဆို၍ဝယ်ယူသွားရန်လည်းရှိကြောင်း၊ အီရတ်ပြည်သူများသည် အစိုးရမှသက်သာသည့်နှုန်းဖြင့် ရောင်းချသော ကောက်ပဲသီးနှံများအပေါ် မှီခိုနေရသဖြင့် ကုန်သွယ်ရေးဝန်ကြီးဌာနသည် နှစ်စဉ်ဂျုံနှင့်စပါး တန်ချိန်သန်း နှင့်ချီတင်သွင်း နေရခြင်းဖြစ်ကြောင်း၊ အီရတ်အစိုးရအဖွဲ့သည် ပြည်တွင်း ရိက္ခာဖူလုံမှုရရှိစေရန် တင်ဒါမှတစ်ဆင့် ဂျုံနှင့်ဆန်များဝယ်ယူမှုအပြင် တိုက်ရိုက် စာချုပ်များမှလည်း သီးနှံဝယ်ယူရန် ကုန်သည်ရေးဝန်ကြီးဌာနအား ခွင့်ပြုထားသည်ကို လေ့လာသိရှိရ ပါသည်။

ပြည်တွင်းဆန်ဈေးနှုန်းအနေဖြင့် နှစ်ဆန်းပိုင်းမှစပြီး ပြည်တွင်းဆန်ဈေး မြင့်တက်လာခဲ့ရာမှ ယခုအချိန်တွင် တစ်အိတ်လျှင် ကျပ် ၂၀၀၀၀ နီးပါးဈေးတက်လာကာ ပြီးခဲ့သည့်ငါးနှစ်အတွင်း အမြင့်ဆုံးစံချိန်တင် မြင့်တက်ခဲ့ခြင်းဖြစ်ပြီး ပေါ်ဆန်းမွှေးဆန်အမျိုးအစားများဖြစ်သည့် ရွှေဘိုပေါ်ဆန်းနှင့် ဧရာဝတီပေါ်ဆန်းဆန်များ အများဆုံးဈေးတက်ခဲ့သည်ကို မြန်မာနိုင်ငံဆန်စပါးအသင်းချုပ်၏ မှတ်တမ်းများအရ သိရှိခဲ့ရပါသည်။ ဧည့်မထနှင့် ငစိန်ဆန်အမျိုး အစား ဆန်များလည်း တစ်အိတ်လျှင် ကျပ် ၂၇၀၀ မှ အများဆုံး ကျပ် ၃၅၀၀ ထိ ဈေးမြင့်တက်လာခဲ့သည်ကို တွေ့ရှိရပါသည်။

စာမျက်နှာ ၁၇ သို့

# ဈေးနှုန်းနှင့် ကမ္ဘာ့ဈေးကွက် အခြေအနေ၊ အပတ်စဉ်ဈေးနှုန်း သုံးသပ်ချက်

တန်ဖိုး - အမေရိကန်ဒေါ်လာ

| စဉ် | ဒီဇယ်ဆီဈေးနှုန်း အနိမ့်ဆုံးနိုင်ငံ | | | ဒီဇယ်ဆီဈေးနှုန်း အမြင့်ဆုံးနိုင်ငံ | | |
|---|---|---|---|---|---|---|
| | နိုင်ငံအမည် | ရေတွက်ပုံ | တန်ဖိုး | နိုင်ငံအမည် | ရေတွက်ပုံ | တန်ဖိုး |
| ၁ | အီရန် | လီတာ | ၀.၀၇ | ဘယ်ဂျီယံ | လီတာ | ၁.၈၀ |
| ၂ | ဆော်ဒီအာရေဗျ | လီတာ | ၀.၁၃ | ဟောင်ကောင် | လီတာ | ၁.၈၂ |
| ၃ | အယ်ဂျီးရီးယား | လီတာ | ၀.၁၉ | ဆွီဒင် | လီတာ | ၁.၈၇ |
| ၄ | ဆူဒန် | လီတာ | ၀.၂၃ | အိုက်စလန် | လီတာ | ၁.၉၅ |
| ၅ | Ecuador | လီတာ | ၀.၂၇ | နော်ဝေ | လီတာ | ၁.၉၇ |

၂၀၁၈ ခုနှစ်၊ အောက်တိုဘာ ၈ ရက်တွင် မြန်မာနိုင်ငံနှင့် ကုန်သွယ်မှုအများဆုံး ဆောင်ရွက်သော တရုတ်၊ ဂျပန်နှင့် အိန္ဒိယနိုင်ငံများ၏ စက်သုံးဆီ (၁)လီတာ ဈေးနှုန်းများအား အောက်ပါအတိုင်း ဖော်ပြအပ်ပါသည်-

တန်ဖိုး - အမေရိကန်ဒေါ်လာ

| စဉ် | နိုင်ငံအမည် | ရေတွက်ပုံ | ဓါတ်ဆီ | ဒီဇယ် |
|---|---|---|---|---|
| ၁ | တရုတ် | လီတာ | ၁.၁၄ | ၁.၀၂ |
| ၂ | ဂျပန် | လီတာ | ၁.၃၆ | ၁.၁၆ |
| ၃ | အိန္ဒိယ | လီတာ | ၁.၁၅ | ၁.၀၃ |

Oil-Price.Net Website ၌ ဖော်ပြထားရှိသည့် ကမ္ဘာ့ရေနံစိမ်း (Crude Oil) နေ့စဉ်ဈေးနှုန်းများအား အောက်ပါအတိုင်း ဖော်ပြအပ်ပါသည်-

တန်ဖိုး - အမေရိကန်ဒေါ်လာ

| စဉ် | ရက်စွဲ | ရေတွက်ပုံ | ဈေးနှုန်း |
|---|---|---|---|
| ၁ | ၇.၁၀.၂၀၁၈ | စည် | ၇၄.၃၄ |
| ၂ | ၈.၁၀.၂၀၁၈ | စည် | ၇၄.၂၉ |
| ၃ | ၉.၁၀.၂၀၁၈ | စည် | ၇၁.၉၆ |
| ၄ | ၁၀.၁၀.၂၀၁၈ | စည် | ၇၃.၁၇ |
| ၅ | ၁၁.၁၀.၂၀၁၈ | စည် | ၇၀.၉၇ |

ပြည်တွင်းဈေးကွက်အနေဖြင့် ပြည်တွင်းတွင် သုံးစွဲနေသည့် စက်သုံးဆီများကို ပုဂ္ဂလိကလုပ်ငန်းရှင်များအနေဖြင့် စင်ကာပူနိုင်ငံမှ အဓိကတင်သွင်း၍ ဖြန့်ဖြူးရောင်းချလျက်ရှိရာ စင်ကာပူဈေးနှုန်း MOPS နှင့် နိုင်ငံခြားငွေလဲလှယ်နှုန်းတို့အပေါ် မူတည်၍ ပြည်တွင်းစက်သုံးဆီဈေးနှုန်းအတက်အကျ ပြောင်းလဲမှုဖြစ်ပေါ် လျက်ရှိသည်ကို လေ့လာတွေ့ရှိရပါသည်။ အိမ်နီးချင်းအာရှနိုင်ငံအချို့နှင့် နှိုင်းယှဉ်လေ့လာမည်ဆိုပါက မြန်မာနိုင်ငံအနေဖြင့် စက်သုံးဆီဈေးသက်သာသည့် နိုင်ငံတွင်ပါဝင်ပြီး မြန်မာနိုင်ငံအောက်တွင် မလေးရှားနှင့် ဘရူနိုင်းနိုင်ငံတို့သာ ရှိကြောင်း ၁၁-၁၀-၂၀၁၈ ရက်တွင်ပြုလုပ်သည့် လျှပ်စစ်နှင့် စွမ်းအင်ဝန်ကြီးဌာန၏ သတင်းထုတ်ပြန်ရေး အခမ်းအနားမှ သိရှိရပါသည်။ မိမိတို့နိုင်ငံတွင် လက်ရှိထုတ်လုပ်နိုင်သည့် စက်သုံးဆီသည် တစ်နိုင်ငံလုံးသုံးစွဲမှု၏ ၇ ရာခိုင်နှုန်းကိုသာ ထုတ်လုပ်နိုင်သဖြင့် ၉၃ ရာခိုင်နှုန်းကို ပြည်ပနိုင်ငံမှ တင်သွင်းရခြင်းဖြစ်ပါသည်။

ပြည်ပမှ တင်သွင်းရာတွင် အိမ်နီးချင်းနိုင်ငံများမှ တင်သွင်းခြင်းဖြစ်ပြီး အဓိကအားဖြင့် စင်ကာပူနိုင်ငံမှ တင်သွင်းခြင်းဖြစ်ပါသည်။ စင်ကာပူနိုင်ငံမှ အဓိကဝယ်ယူ တင်သွင်းရသည့်အတွက် မိမိတို့နိုင်ငံမှာ ပြန်ရောင်းရသည့်ဈေးသည် စင်ကာပူနိုင်ငံ၏ MOPS ( Means of Platts Singapore) ဈေးနှုန်းပေါ် မှ အဓိကအခြေခံခြင်းဖြစ်ပါ သည်။ နောက်တစ်နည်းအားဖြင့် ပြည်တွင်းတွင်ဖြစ်ပေါ် နေသည့် နိုင်ငံခြား ငွေကြေးလဲလှယ်နှုန်းပေါ်တွင်လည်း မူတည်နေပါသည်ဟု လျှပ်စစ်နှင့် စွမ်းအင်ဝန်ကြီးဌာန၊ မြန်မာ့ရေနံထွက်ပစ္စည်း ရောင်းဝယ်ရေးလုပ်ငန်းမှ သိရှိရပါသည်။ ယခင်နှစ်က နိုင်ငံခြားငွေလဲလှယ်နှုန်းမှာ အမေရိကန်တစ်ဒေါ်လာလျှင် မြန်မာငွေကျပ် ၁၃၆၀ ခန့်ရှိရာမှ ယခုနှစ်တွင် အမေရိကန်တစ်ဒေါ်လာလျှင် မြန်မာငွေကျပ် ၁၅၀၀ ကျော်မြင့်တက်ခဲ့ကြောင်း တွေ့ရှိရပါသည်။ နှစ်စဉ်နှစ်တိုင်း ယခုအချိန်ကာလသည် ကမ္ဘာ့ရေနံစိမ်းဈေးနှုန်းများ၊ စက်သုံးဆီဈေးနှုန်းများ မြင့်တက်နေကျအချိန်လည်းဖြစ်ကြောင်း သိရှိရပါသည်။

## ကြယ်စင်(တန့်ဆည်မြေ)

| စဉ် | မြို့အမည် | စက်သုံးဆီ(ကျပ်/ဂါလံ) | | | | | | | | | |
|---|---|---|---|---|---|---|---|---|---|---|---|
| | | ဓါတ်ဆီ | | | | | ဒီဇယ်ဆီ | | | | |
| | | အောက်တိုဘာ ၅ | အောက်တိုဘာ ၈ | အောက်တိုဘာ ၉ | အောက်တိုဘာ ၁၀ | အောက်တိုဘာ ၁၁ | အောက်တိုဘာလ ၅ | အောက်တိုဘာလ ၈ | အောက်တိုဘာလ ၉ | အောက်တိုဘာလ ၁၀ | အောက်တိုဘာလ ၁၁ |
| ၁ | မြစ်ကြီးနား | ၅၂၅၀ | ၅၂၃၀ | ၅၂၃၀ | ၅၂၃၀ | ၅၂၃၀ | ၅၂၇၀ | ၅၂၅၀ | ၅၂၅၀ | ၅၂၅၀ | ၅၂၅၀ |
| ၂ | လားရှိုး | ၅၁၀၀ | ၅၁၀၀ | ၅၁၀၀ | ၅၁၀၀ | ၅၁၀၀ | ၅၂၀၀ | ၅၂၀၀ | ၅၂၀၀ | ၅၂၀၀ | ၅၂၀၀ |
| ၃ | ကျိုင်းတုံ | ၅၇၆၀ | ၅၇၆၀ | ၅၇၆၀ | ၅၇၆၀ | ၆၀၃၀ | ၅၈၅၀ | ၅၉၄၀ | ၅၉၄၀ | ၅၉၄၀ | ၆၁၆၅ |
| ၄ | တောင်ကြီး | ၅၁၅၀ | ၅၁၀၀ | ၅၁၀၀ | ၅၁၀၀ | ၅၁၀၀ | ၅၂၀၀ | ၅၁၅၀ | ၅၁၅၀ | ၅၁၅၀ | ၅၁၅၀ |
| ၅ | လွိုင်ကော် | ၅၀၀၀ | ၄၆၀၀ | ၄၆၀၀ | ၄၆၀၀ | ၄၆၀၀ | ၅၁၅၀ | ၅၂၀၀ | ၅၂၀၀ | ၅၂၀၀ | ၅၂၀၀ |
| ၆ | ဘားအံ | ၄၇၇၀ | ၄၇၇၀ | ၄၇၇၀ | ၄၈၃၇ | ၄၈၃၇ | ၄၉၅၀ | ၄၉၅၀ | ၄၉၅၀ | ၄၉၉၅ | ၄၉၉၅ |
| ၇ | မော်လမြိုင် | ၅၀၆၂ | ၅၀၀၇ | ၅၀၀၇ | ၅၀၀၇ | ၅၀၀၇ | ၄၉၉၅ | ၅၀၄၀ | ၅၀၄၀ | ၅၀၄၀ | ၅၀၄၀ |
| ၈ | ထားဝယ် | ၅၁၅၂ | ၅၁၅၂ | ၅၁၅၂ | ၅၁၅၂ | ၅၁၅၂ | ၅၀၆၂ | ၅၀၆၂ | ၅၀၆၂ | ၅၀၆၂ | ၅၀၆၂ |
| ၉ | မြိတ် | ၄၆၃၅ | ၄၆၃၅ | ၄၆၃၅ | ၄၇၂၅ | ၄၇၂၅ | ၄၆၈၀ | ၄၆၈၀ | ၄၆၈၀ | ၄၈၈၃ | ၄၈၈၃ |
| ၁၀ | ရန်ကုန် | ၃၈၅၀ | ၃၈၅၀ | ၃၈၅၀ | ၃၈၅၀ | ၄၀၅၀ | ၄၉၃၂ | ၄၉၃၂ | ၄၉၃၂ | ၄၉၃၂ | ၄၉၃၂ |
| ၁၁ | ပုသိမ် | ၄၇၅၀ | ၄၇၅၀ | ၄၇၅၀ | ၄၇၅၀ | ၄၇၅၀ | ၄၉၅၀ | ၄၉၀၀ | ၄၉၀၀ | ၄၉၀၀ | ၄၉၀၀ |
| ၁၂ | စစ်တွေ | ၄၂၈၀ | ၄၂၈၀ | ၄၂၈၀ | ၄၄၀၀ | ၄၄၀၀ | ၄၆၈၀ | ၄၆၈၀ | ၄၆၈၀ | ၄၇၂၀ | ၄၇၂၀ |
| ၁၃ | ဟားခါး | ၅၂၃၀ | ၅၄၆၀ | ၅၄၆၀ | ၅၄၆၀ | ၅၄၆၀ | ၅၁၂၀ | ၅၂၅၀ | ၅၂၅၀ | ၅၂၅၀ | ၅၂၅၀ |
| ၁၄ | မုံရွာ | ၄၉၀၀ | ၄၉၀၀ | ၄၉၀၀ | ၄၉၀၀ | ၄၉၀၀ | ၄၉၀၀ | ၄၉၀၀ | ၄၉၀၀ | ၅၀၀၀ | ၅၀၀၀ |
| ၁၅ | မန္တလေး | ၄၆၀၀ | ၄၆၀၀ | ၄၆၀၀ | ၄၆၀၀ | ၄၆၀၀ | ၄၉၀၀ | ၄၉၀၀ | ၄၉၀၀ | ၄၉၀၀ | ၄၉၀၀ |
| ၁၆ | ပခုက္ကူ | ၄၁၅၀ | ၄၁၅၀ | ၄၁၅၀ | ၄၁၅၀ | ၄၁၅၀ | ၄၂၀၀ | ၄၂၀၀ | ၄၂၀၀ | ၄၂၀၀ | ၄၂၀၀ |
| ၁၇ | မကွေး | ၄၈၅၀ | ၄၉၅၀ | ၄၉၅၀ | ၄၉၅၀ | ၄၉၅၀ | ၅၀၄၆ | ၅၀၉၂ | ၅၀၉၂ | ၅၀၉၂ | ၅၀၉၂ |
| ၁၈ | ပြည် | ၄၇၅၀ | ၄၉၀၀ | ၄၉၀၀ | ၄၉၀၀ | ၄၉၀၀ | ၄၉၀၀ | ၅၁၀၀ | ၅၁၀၀ | ၅၁၀၀ | ၅၁၀၀ |
| ၁၉ | ပဲခူး | ၄၇၆၅ | ၄၇၆၅ | ၄၇၆၅ | ၄၇၆၅ | ၄၇၆၅ | ၄၈၃၅ | ၄၈၃၅ | ၄၈၃၅ | ၄၈၃၅ | ၄၈၃၅ |
| ၂၀ | ပျဉ်းမနား | ၄၉၂၈ | ၄၉၂၈ | ၄၉၂၈ | ၄၉၂၈ | ၄၉၂၈ | ၅၀၁၈ | ၅၀၁၈ | ၅၀၁၈ | ၅၀၁၈ | ၅၀၁၈ |
| ၂၁ | နေပြည်တော် | ၄၉၂၈ | ၄၉၂၈ | ၄၉၂၈ | ၄၉၂၈ | ၄၉၂၈ | ၅၀၁၈ | ၅၀၁၈ | ၅၀၁၈ | ၅၀၁၈ | ၅၀၁၈ |
| ၂၂ | ကလေး | ၅၀၀၀ | ၅၀၀၀ | ၅၀၀၀ | ၅၀၀၀ | ၅၀၀၀ | ၄၉၀၀ | ၄၉၀၀ | ၄၉၀၀ | ၄၉၀၀ | ၄၉၀၀ |

Source : DOCA-Domestic

မြန်မာနိုင်ငံမြို့ကြီးများတွင် နေ့စဉ်ဖြစ်ပေါ်နေသော စက်သုံးဆီဈေးနှုန်းများအား အထက်ပါအတိုင်း ဖော်ပြအပ်ပါသည်-

သို့ဖြစ်ပါ၍ စက်သုံးဆီ (ဓာတ်ဆီ၊ ဒီဇယ်ဆီ) ဈေးနှုန်းများသည် ယခု အောက်တိုဘာလ ဒုတိယပတ်အတွင်း ကမ္ဘာ့ဈေးနှုန်းများမှာ ဆက်လက်မြင့်တက်လျက်ရှိကြောင်း သိရှိရပါသည်။ Global Petrol Price Website တွင်ဖော်ပြချက်အရ ယခုတစ်ပတ်အတွင်း အာရှဒေသနိုင်ငံများဖြစ်သော ကမ္ဘောဒီးယား၊ တရုတ်၊ အင်ဒိုနီးရှား၊ လာအို၊ မလေးရှား၊ ပါကစ္စတန်၊ ရုရှား၊ သီရိလင်္ကာနှင့် ထိုင်ဝမ်နိုင်ငံများ၏ ဈေးနှုန်းမှာ တည်ငြိမ်နေသည့် အနေအထားတွင်ပါဝင်ပြီး မြန်မာနိုင်ငံအတွင်းရှိ မြို့ကြီးများ၏ စက်သုံးဆီ ဈေးနှုန်းများ မှာယခင်တစ်ပတ်နှင့်နှိုင်းယှဉ်လျှင် ဈေးနှုန်းမြင့်တက်လျက်ရှိကြောင်း လေ့လာသုံးသပ်တင်ပြအပ်ပါသည်။

## ရွှေနှင့် အမေရိကန်ဒေါ်လာငွေ လဲလှယ်နှုန်း ပြည်တွင်းဈေးနှုန်းနှင့်ကမ္ဘာ့ဈေးကွက်အခြေအနေ သုံးသပ်တင်ပြခြင်း

ဒေါ်လာဈေးကစားမှုကြောင့် လွန်ခဲ့သည့် (၁၅) ရက်ခန့်မှ တစ်ဒေါ်လာလျှင် ၁၆၀၀ ကျပ်နှင့်အထက် စံချိန်တင်မြင့်တက်ခဲ့သည့် ဒေါ်လာဈေးနှင့် အခေါက်ရွှေတစ်ကျပ်သားလျှင် ၁၀ သိန်းအထက် ရောက်ရှိခဲ့သည့် ပြည်တွင်းရွှေဈေးသည် ရန်ကုန်ဈေးကွက်ရှိ ရွှေဘုံသာ(မဂို)လမ်းတွင် ရွှေလက်ကား ဈေးကွက်မှ လေပတ်ကားလုပ်သူများကို စက်တင်ဘာ ၂၄ ရက်၌ အထူးစုံစမ်းစစ်ဆေးရေးဦးစီးဌာန(စစစ)က ဝင်ရောက်စစ်ဆေးခဲ့ရာ အမေရိကန်တစ်ဒေါ်လာလျှင် ၁၅၀၀ ကျပ်ဝန်းကျင်နှင့် အခေါက်ရွှေ တစ်ကျပ်သားလျှင် ၉ သိန်း ၇ သောင်းဝန်းကျင်ထိ ကျပ် ၆၀၀၀၀ ခန့် ပြန်ကျလာခဲ့သော်လည်း မြန်မာနိုင်ငံဗဟိုဘဏ်၏ထုတ်ပြန်ချက်အရ အောက်တိုဘာ ၁၁ ရက်တွင် တစ်ဒေါ်လာလျှင်ငွေလဲလှယ်နှုန်းသည် ၁၅၂၀ ကျပ်သို့ ပြန်လည်မြင့်တက်လာခဲ့ပြီး ပြည်တွင်းရွှေဈေးနှုန်းသည်လည်း အောက်တိုဘာ ၁၁ ရက်တွင် ၁၀၁၅၀၀၀ ကျပ်သို့ပြန်လည်မြင့်တက်လာခဲ့သည်။ စက်တင်ဘာလမှ အောက်တိုဘာလအတွင်း ကမ္ဘာ့ရွှေဈေးနှင့် မြန်မာ့ရွှေဈေး အခြေအနေတို့ကို အောက်ပါအတိုင်း တွေ့ရှိရပါသည်-

စက်တင်ဘာလနှင့်အောက်တိုဘာလအတွင်းနေ့စဉ် ဖြစ်ပေါ်နေသည့် ကမ္ဘာ့ရွှေဈေးနှင့် မြန်မာ့ရွှေဈေးကွက်အခြေအနေ

| စဉ် | နေ့စွဲ | ရွှေဈေးနှုန်း | |
|---|---|---|---|
| | | အခေါက်ရွှေ ၁ ကျပ်သားဈေးနှုန်း | (ဒေါ်လာ/ အောင်စ) |
| ၁ | ၂၁.၉.၂၀၁၈ | ၁၀၃၇၀၀၀ | ၁၂၀၉ |
| ၂ | ၂၂.၉.၂၀၁၈ | ၁၀၂၇၀၀၀ | ၁၁၉၉ |
| ၃ | ၂၄.၉.၂၀၁၈ | ၁၀၀၄၅၀၀ | ၁၁၉၇ |
| ၄ | ၂၅.၉.၂၀၁၈ | ၁၀၀၉၀၀၀ | ၁၁၉၉ |
| ၅ | ၂၆.၉.၂၀၁၈ | ၉၉၃၀၀၀ | ၁၂၀၀ |
| ၆ | ၂၇.၉.၂၀၁၈ | ၉၈၆၀၀၀ | ၁၁၉၇ |
| ၇ | ၂၈.၉.၂၀၁၈ | ၉၇၅၀၀၀ | ၁၁၈၅ |
| ၈ | ၂၉.၉.၂၀၁၈ | ၉၇၇၀၀၀ | ၁၁၉၃ |
| ၉ | ၁.၁၀.၂၀၁၈ | ၉၇၀၀၀၀ | ၁၁၈၇ |
| ၁၀ | ၂.၁၀.၂၀၁၈ | ၉၇၃၀၀၀ | ၁၁၈၈ |
| ၁၁ | ၃.၁၀.၂၀၁၈ | ၉၇၅၀၀၀ | ၁၂၀၃ |
| ၁၂ | ၄.၁၀.၂၀၁၈ | ၉၇၇၀၀၀ | ၁၂၀၀ |
| ၁၃ | ၅.၁၀.၂၀၁၈ | ၉၈၅၀၀၀ | ၁၂၀၀ |
| ၁၄ | ၆.၁၀.၂၀၁၈ | ၉၉၁၀၀၀ | ၁၂၀၃ |
| ၁၅ | ၇.၁၀.၂၀၁၈ | ၉၉၀၀၀၀ | ၁၂၀၃ |
| ၁၆ | ၈.၁၀.၂၀၁၈ | ၉၉၆၀၀၀ | ၁၁၉၄ |
| ၁၇ | ၉.၁၀.၂၀၁၈ | ၁၀၀၀၀၀၀ | ၁၁၉၀ |
| ၁၈ | ၁၀.၁၀.၂၀၁၈ | ၁၀၁၁၀၀၀ | ၁၁၈၇ |
| ၁၉ | ၁၁.၁၀.၂၀၁၈ | ၁၀၁၅၀၀၀ | ၁၁၉၇ |

Source: estimate of world's exchange rate and gold price page


**စာမျက်နှာ ၁၇ သို့**

## သကြား ပြည်တွင်းဈေးနှုန်းနှင့်ကမ္ဘာ့ဈေးကွက်အခြေအနေ သုံးသပ်တင်ပြခြင်း

ကမ္ဘာ့သကြားဈေးကွက်အနေဖြင့် ယခုတစ်ပတ်အတွင်း ဖြစ်ပေါ်နေသော ဈေးနှုန်းများအနေဖြင့် International Sugar Organization (ISO) ၏ website ဖြစ်သော www.isosugar.org တွင် ဖော်ပြချက်များအရ ကမ္ဘာ့သကြားဈေးအနေဖြင့် ယခင်တစ်ပတ်အတွင်း ဖြစ်ပေါ်ခဲ့သော ဈေးနှုန်းများနှင့်နှိုင်းယှဉ်လျှင် ယခုတစ်ပတ်တွင် ဈေးနှုန်းမြင့်တက်လာကြောင်း လေ့လာတွေ့ရှိရပါသည်။

အဆိုပါ website တွင် ဖော်ပြချက်များအရ သကြားဖြူ (White Sugar) တစ်တန်လျှင် အောက်တိုဘာ ၁ ရက်တွင် အမေရိကန်ဒေါ်လာ ၃၂၆ ဒသမ ၉၅ ပေါက်ဈေး ရှိခဲ့ရာမှ အောက်တိုဘာ ၁၀ ရက်တွင် အမေရိကန်ဒေါ်လာ ၃၅၇ ဒသမ ၀၅ အထိ ဈေးမြင့်တက်လာသည်ကို အောက်ပါအတိုင်း တွေ့ရှိရပါသည်-

| Date | ISA Daily Price | 15 Day Average | White Sugar Price Index | |
|---|---|---|---|---|
| 10-Oct-18 | 12.99 cts/lb | 11.84 cts/lb | 357.05 $/T | 16.20 cts/lb |
| 9-Oct-18 | 13.11 cts/lb | 11.73 cts/lb | 355.05 $/T | 16.10 cts/lb |
| 8-Oct-18 | 13.06 cts/lb | 11.61 cts/lb | 351.45 $/T | 15.94 cts/lb |
| 5-Oct-18 | 12.74 cts/lb | 11.49 cts/lb | 347.65 $/T | 15.77 cts/lb |
| 4-Oct-18 | 12.47 cts/lb | 11.43 cts/lb | 342.70 $/T | 15.54 cts/lb |
| 3-Oct-18 | 12.37 cts/lb | 11.41 cts/lb | 339.65 $/T | 15.41 cts/lb |
| 2-Oct-18 | 12.17 cts/lb | 11.40 cts/lb | 333.70 $/T | 15.14 cts/lb |
| 1-Oct-18 | 11.70 cts/lb | 11.37 cts/lb | 326.95 $/T | 14.83 cts/lb |
| 28-Sep-18 | 10.97 cts/lb | 11.38 cts/lb | 320.10 $/T | 14.52 cts/lb |
| 27-Sep-18 | 10.66 cts/lb | 11.42 cts/lb | 313.65 $/T | 14.23 cts/lb |
| 26-Sep-18 | 10.62 cts/lb | 11.46 cts/lb | 312.70 $/T | 14.18 cts/lb |
| 25-Sep-18 | 10.92 cts/lb | 11.52 cts/lb | 318.55 $/T | 14.45 cts/lb |
| 24-Sep-18 | 10.99 cts/lb | 11.54 cts/lb | 319.40 $/T | 14.49 cts/lb |
| 21-Sep-18 | 11.44 cts/lb | 11.55 cts/lb | 332.00 $/T | 15.06 cts/lb |
| 20-Sep-18 | 11.39 cts/lb | 11.53 cts/lb | 331.35 $/T | 15.03 cts/lb |
| 19-Sep-18 | 11.39 cts/lb | 11.52 cts/lb | 331.45 $/T | 15.03 cts/lb |
| 18-Sep-18 | 11.22 cts/lb | 11.48 cts/lb | 330.20 $/T | 14.98 cts/lb |
| 17-Sep-18 | 11.32 cts/lb | 11.46 cts/lb | 331.15 $/T | 15.02 cts/lb |
| 14-Sep-18 | 11.79 cts/lb | 11.44 cts/lb | 334.30 $/T | 15.16 cts/lb |
| 13-Sep-18 | 12.20cts/lb | 11.38 cts/lb | 341.80 $/T | 15.50 cts/lb |
| 12-Sep-18 | 12.15 cts/lb | 11.29 cts/lb | 341.10 $/T | 15.47 cts/lb |
| 11-Sep-18 | 11.79 cts/lb | 11.20 cts/lb | 332.95 $/T | 15.10 cts/lb |
| 10-Sep-18 | 11.80 cts/lb | 11.14 cts/lb | 331.85 $/T | 15.05 cts/lb |




Source: www.isosugar.org

၂၀၁၈ ခုနှစ် အောက်တိုဘာလ ဒုတိယပတ်အတွင်း တရုတ်နိုင်ငံတွင် ဖြစ်ပေါ်နေသော သကြားဈေးနှုန်းမှာ တစ်တန်လျှင် ပျမ်းမျှ အမေရိကန်ဒေါ်လာ ၇၉၆ ဖြစ်ပေါ်ခဲ့ပြီး အမေရိကန်နိုင်ငံတွင် တစ်တန်လျှင် အမေရိကန်ဒေါ်လာ ၂၅၆၊ ပါကစ္စတန်နိုင်ငံတွင် တစ်တန်လျှင် အမေရိကန်ဒေါ်လာ ၃၈၃-၄၁၅၊အိန္ဒိယနိုင်ငံတွင် အမေရိကန် ဒေါ်လာ ၄၃၁ -၅၇၀ ဖြစ်ပြီး ယခင်တစ်ပတ်နှင့်နှိုင်းယှဉ်ပါက အမေရိကန်နိုင်ငံ၏သကြားဈေးမြင့်တက်ခဲ့ပြီး ပါကစ္စတန်နိုင်ငံ၊ အိန္ဒိယနိုင်ငံနှင့် တရုတ်နိုင်ငံတို့တွင် ဈေးအနည်းငယ် ကျဆင်းခဲ့ကြောင်းသိရှိရပါသည်။ မြန်မာ-တရုတ် နယ်စပ်ရှိ တစ်ဖက်နိုင်ငံ ဒေသပေါက်ဈေးမှာ တစ်တန်လျှင် ပျမ်းမျှ အမေရိကန်ဒေါ်လာ ၆၅၀ ဖြစ်ကြောင်း သိရှိရပါသည်။

၂၀၁၈ ခုနှစ် အောက်တိုဘာလ ဒုတိယပတ်အတွင်း မြန်မာ-တရုတ်နယ်စပ် မူဆယ်ဒေသ၌ သကြားတစ်တန်လျှင် ပျမ်းမျှဈေးမှာ အမေရိကန်ဒေါ်လာ ၆၇၁ သာရှိပြီး တရုတ်နိုင်ငံတွင် သကြားတစ်တန်လျှင် ပျမ်းမျှအမေရိကန်ဒေါ်လာ ၇၉၆ ပေါက်ဈေးရှိ သောကြောင့် တစ်တန်ပေါ်တွင် အမေရိကန်ဒေါ်လာ ၁၂၅ ဒေါ်လာဈေးနှုန်း ကွာဟချက်ရှိပါသည်။ **စာမျက်နှာ ၁၆ သို့**

## စာမျက်နှာ (၈) နိုင်ငံ၏တည်နေရာအရ အကျိုးရှိစွာ အသုံးချသင့်သည့်. . . . မှအဆက်



ထို့ပြင် တိရစ္ဆာန်ထွက်ကုန်ပစ္စည်းများ (အသားနှင့် ဘေးထွက်ပစ္စည်းများ) သယ်ယူပို့ဆောင်မည်ဆိုပါက ကုန်ပို့မည့်နိုင်ငံ၏ ကျန်းမာရေးထောက်ခံချက်နှင့် စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် ဆည်မြောင်းဝန်ကြီးဌာန၊ မွေးမြူရေးနှင့် ကုသရေးဦးစီးဌာန၊ ရောဂါရှာဖွေထိန်းချုပ်ရေးဌာနခွဲ၏ ထောက်ခံချက်တို့ လိုအပ်မည်ဖြစ်ပြီး မွေးမြူရေးနှင့် ကုသရေးဦးစီးဌာန၊ ညွှန်ကြားရေးမှူးချုပ်ရုံး၏တိရစ္ဆာန်ထွက် ကုန်ပစ္စည်းများ အမည်၊ အရေအတွက်၊ ဈေးနှုန်းများပါဝင်သည့် သဘောထားထောက်ခံချက်တို့ လိုအပ်ကြောင်း သိရပါသည်။ မျိုးစေ့အားတစ်ဆင့်ဖြတ်သန်းကုန်သွယ်ပါက ကုန်ပို့မည့်နိုင်ငံ၏ အပင်ပိုးမွှားရောဂါကင်းရှင်းကြောင်း ထောက်ခံချက်လက်မှတ် (Phythosantary Certificate) လိုအပ်မည်ဖြစ်ပါသည်။ ထို့ပြင် တစ်ဆင့်ဖြတ်သန်းကုန်သွယ်မှုဆောင်ရွက်သူသည် ကုန်ပို့သူနှင့် ကုန်လက်ခံသူတို့၏ လိပ်စာအပြည့်အစုံ၊ ဆက်သွယ်ရမည့် ဖုန်းနံပါတ်၊ဖက်စ်နံပါတ်နှင့် အီးမေးလ်များကိုပါဖော်ပြရန်လည်း လိုအပ်ပါသည်။ တစ်ဆင့်ဖြတ်သန်း ကုန်သွယ်မှုလိုင်စင်ကို စီးပွားရေးနှင့် ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာန၊ ကုန်သွယ်ရေးဦးစီးဌာနတွင် လျှောက်ထားရမည်ဖြစ်ပြီး လုပ်ငန်းရှင်များသည် အပြည်ပြည်ဆိုင်ရာ ကုန်စည်ပို့ဆောင်ရေးနှင့် ဝန်ဆောင်မှုလုပ်ငန်းရှင်များ အသင်းဝင်ဖြစ်ရန်လည်း လိုအပ်ပါသည်။

တစ်ဆင့်ဖြတ်သန်းကုန်သွယ်မှု၏ ထူးခြားချက်မှာ သယ်ယူပို့ဆောင်သည့် လမ်းကြောင်းအလိုက် ကုန်ပစ္စည်းရောက်ရှိကာ သတ်မှတ်ကာလအတွင်း အပြီးတင်ပို့ရခြင်းပင်ဖြစ်ပါသည်။ အိန္ဒိယ၊ မြန်မာ၊ တရုတ် တစ်ဆင့်ဖြတ်သန်းကုန်သွယ်မှု လမ်းကြောင်းဖြစ်သည့် တမူး-မန္တလေး-လားရှိုး-မူဆယ်မှ ဆောင်ရွက်လျှင် သတ်မှတ်ကာလမှာ ၁၀ ရက်ဖြစ်ပြီး ရိဒ်-မန္တလေး-လားရှိုး-မူဆယ် လမ်းကြောင်းမှ ဆောင်ရွက်ပါက သတ်မှတ်ကာလမှာ ၁၃ ရက်ဖြစ်ပါသည်။ ထိုင်း၊ မြန်မာ၊ တရုတ် တစ်ဆင့်ဖြတ်သန်း ကုန်သွယ်မှုလမ်းကြောင်းဖြစ်သည့် မြဝတီ-မန္တလေး-လားရှိုး-မူဆယ်မှ ဆောင်ရွက်လျှင် သတ်မှတ်ကာလမှာ (၁၈) ရက်ဖြစ်ပြီး တာချီလိတ်-ကျိုင်းတုံ-မိုင်လား လမ်းကြောင်းမှ ဆောင်ရွက်ပါက သတ်မှတ်ကာလမှာ (၃) ရက်ဖြစ်ပါသည်။ အိန္ဒိယ၊ မြန်မာ၊ ထိုင်း တစ်ဆင့်ဖြတ်သန်းကုန်သွယ်မှု လမ်းကြောင်းဖြစ်သည့် တမူး-မန္တလေး-ကော့ကရိတ်-မြဝတီမှ ဆောင်ရွက်လျှင် သတ်မှတ်ကာလမှာ (၁၂) ရက်ဖြစ်သည်။ ရန်ကုန်ဆိပ်ကမ်း မြန်မာ-တရုတ် တစ်ဆင့် ဖြတ်သန်းကုန်သွယ်မှုလမ်းကြောင်းဖြစ်သည့် ရန်ကုန်-မန္တလေး-လားရှိုး-မူဆယ်၏ သတ်မှတ်ကာလမှာ (၁၃) ရက်ဖြစ်၍ ရန်ကုန်ဆိပ်ကမ်း မြန်မာ-ထိုင်း တစ်ဆင့်ဖြတ်သန်း ကုန်သွယ်မှုလမ်းကြောင်းဖြစ်သည့် ရန်ကုန်-ကော့ကရိတ်-မြဝတီ၏ သတ်မှတ်ကာလမှာ (၅) ရက်ဖြစ်ပါသည်။ ခွင့်ပြုချက်ရရှိထားသည့် ကုန်ပစ္စည်းများကို တစ်ဆင့်ဖြတ်သန်း သယ်ဆောင်သည့်အခါ သတ်မှတ်ကာလအတွင်းဆောင်ရွက်ရမည်ဖြစ်ကာ မြန်မာနိုင်ငံအတွင်း ဆိုင်းငံ့ သိုလှောင်ခွင့်မရှိသည်ကိုလည်း သိရှိရန်လိုအပ်ပါသည်။

ထို့ပြင် ကုန်ပစ္စည်းများ ဖြတ်သန်းသယ်ဆောင်မည့် ပို့ဆောင်မှုနည်းလမ်းများနှင့် ခရီးလမ်းကြောင်းကို ကြိုတင် တင်ပြရမည်ဖြစ်ပြီး သတ်မှတ်ခွင့်ပြုသည့်လမ်းကြောင်း၊ ပို့ဆောင်မှုနည်းလမ်းနှင့်သာ ဖြတ်သန်းသယ်ယူခွင့်ပြုထားပါသည်။ မြန်မာနိုင်ငံအား ဖြတ်သန်းသယ်ပို့သော ကုန်ပစ္စည်းများကို အလုံးစုံအာမခံထားရှိရမည်ဖြစ်ပြီး အလုံးစုံအာမခံ မပါရှိပါက မြန်မာ့အာမခံလုပ်ငန်းတွင် လုပ်ငန်းအပ်နှံသူ၏စရိတ်ဖြင့် အာမခံထားရမည်ဖြစ်သည့်အပြင် လုပ်ငန်းလုပ်ဆောင်သူသည် အသုံးပြုရန်အတွက် သတ်မှတ်ထား သည့်ယာဉ်အမျိုးအစားဖြင့် လုပ်ငန်းလုပ်ဆောင်နိုင်သူဖြစ်ရမည်ဖြစ်ပါသည်။ ထို့မှသာမက တားမြစ်ကန့်သတ်ထားသော၊ ပြည်တွင်းလုပ်ငန်းရှင်များနှင့် ပြည်ပဈေးကွက်ကို ထိခိုက်စေသော ပစ္စည်းများအား ဆောင်ရွက်ခွင့်မရှိသည်ကိုလည်း သိရှိရမည်ဖြစ်ကာ ထောက်ခံချက်လိုအပ်သော ပစ္စည်းများအတွက် သက်ဆိုင်ရာ ထောက်ခံချက်များကိုလည်း ရယူရမည်ဖြစ်ပါသည်။

တစ်ဆင့်ဖြတ်သန်းကုန်သွယ်မှု (Transit Trade) ကို ဆောင်ရွက်ခြင်းဖြင့် ကုန်သွယ်မှုဝန်းကျင်ကောင်းများ ပေါ်ထွန်း လာစေပြီး သယ်ယူပို့ဆောင်သော လမ်းကြောင်းတစ်လျှောက်တွင် ဆက်စပ်လုပ်ငန်းများ ပေါ်ထွန်းလာစေကာ ဒေသတွင်းတိုးတက်မှုများကို ဖြစ်ပေါ်စေနိုင်ပါသဖြင့် ပြောင်းလဲမှုများကို ဖော်ဆောင်ပေးနိုင်သည်ဖြစ်ရာ ကုန်သွယ်မှုထွန်းကားသော နိုင်ငံကြီးများအကြားတွင် ရှိပြီး အချက်အချာကျသည့် ပထဝီအနေအထားကို ပိုင်ဆိုင်ထားသည့် မိမိတို့နိုင်ငံသားများအနေဖြင့် Transit Trade ကို လုပ်ဆောင်သင့်လှပါသည်။ အရှေ့တောင်အာရှနိုင်ငံများအနက် နီပေါနှင့် ဘူတန်နိုင်ငံတို့သည် အိန္ဒိယနိုင်ငံ၏ (Transit Trade) ကိုအားပြုနေပြီး ယင်းနိုင်ငံတို့၏ ပြည်တွင်းနှင့် အပြည်ပြည်ဆိုင်ရာကုန်သွယ်မှုကို လုပ်ဆောင်နေကြောင်း၊ အလားတူ ဘင်္ဂလားဒေ့ရှ်နိုင်ငံသည်လည်း ဘူတန်၊ အိန္ဒိယ၊ နီပေါနိုင်ငံတို့၏ ပို့ကုန်ကိုမှီခိုနေရာ အဆိုပါ ဒေသတွင်းနိုင်ငံများအတွက် တစ်ဆင့်ဖြတ်သန်းကုန်သွယ်မှု (Transit Trade)သည် အရေးပါကြောင်းကိုလည်း Asia-Pacific Research and Training Network on Trade Working Paper Series, No. 56 တွင် A Review of the Transit Regime and Performance of Strategic Border-Crossings အမည်ဖြင့်ရေးသား ဖော်ပြထားပါသည်။

သို့ပါ၍ ကုန်ပစ္စည်းများ ဖြတ်သန်းသယ်ဆောင်သော လမ်းကြောင်းတစ်လျှောက်နှင့် နယ်စပ်တစ်လျှောက်ရှိ ဒေသခံပြည်သူများ၏ လူမှုစီးပွားများကို များစွာထောက်ပံ့နိုင်သော၊ ကုန်ပစ္စည်းများ သယ်ယူပို့ဆောင်မှု လမ်းကြောင်း Supply Chain တစ်လျှောက်လုံးရှိ နိုင်ငံသားများအား အလုပ်အကိုင်အခွင့်အလမ်းများ ပိုမိုဖြစ်ထွန်းစေနိုင်သည့် တစ်ဆင့်ဖြတ်သန်းကုန်သွယ်မှု (Trasit Trade) အကြောင်း တတ်စွမ်းသမျှ တင်ပြလိုက်ရပါသည်။

Sources:

၁။ Asia-Pacific Research and Training Network on Trade Working Paper Series, No. 56

၂။ www.theigc.org

၃။ မြန်မာနိုင်ငံပို့ကုန်သွင်းကုန်ဆိုင်ရာ လုပ်ထုံးလုပ်နည်းများ (၂၀၁၅)

■

## စာမျက်နှာ (၁၅) သကြား ပြည်တွင်းဈေးနှုန်းနှင့် . . . . မှအဆက်

မြန်မာ-ထိုင်း နယ်စပ် မြဝတီမြို့တွင် သကြားတစ်တန်လျှင် အမေရိကန်ဒေါ်လာ ၄၈၃ ဝန်းကျင်ရှိပြီး ထိုင်းနိုင်ငံ၊ မဲဆောက်မြို့၌ တစ်တန်လျှင် အမေရိကန်ဒေါ်လာ ၅၂၄ ဝန်းကျင်ခန့်ရှိကြောင်း လေ့လာသိရှိရပါသည်။

ထို့အပြင် ရက်သတ္တပတ်အတွင်း တိုင်းဒေသကြီး/ပြည်နယ်များရှိ မြို့ကြီးများ၌ နေ့စဉ်ဖြစ်ပေါ်နေသော သကြားပေါက် ဈေးများကို လေ့လာရာတွင် ရန်ကုန်မြို့နှင့် ဟားခါးမြို့တို့တွင် တစ်ပိဿာလျှင် ကျပ် ၁၈၀၀ ဖြင့် အမြင့်ဆုံးဖြစ်ပေါ်နေပြီး ဘားအံမြို့တွင် သကြားတစ်ပိဿာလျှင် ကျပ် ၁၂၀၀ ဖြင့် အနည်းဆုံးဖြစ်ပေါ်နေကြောင်း တွေ့ရှိရပါသည်။ မြန်မာနိုင်ငံမြို့ကြီးများတွင် နေ့အလိုက်ဖြစ်ပေါ်နေသော ဈေးနှုန်းများကို အောက်ပါအတိုင်းဖော်ပြအပ်ပါသည်-

| စဉ် | မြို့အမည် | သကြား (ကျပ်/ပိဿာ) | | | | |
|---|---|---|---|---|---|---|
| | | အောက်တိုဘာ ၅ | အောက်တိုဘာ ၈ | အောက်တိုဘာ ၉ | အောက်တိုဘာ ၁၀ | အောက်တိုဘာ ၁၁ |
| ၁ | ၂ | ၃ | ၄ | ၅ | ၆ | ၇ |
| ၁ | မြစ်ကြီးနား | ၁၅၀၀ | ၁၅၀၀ | ၁၅၀၀ | ၁၅၀၀ | ၁၅၀၀ |
| ၂ | လားရှိုး | ၁၅၀၀ | ၁၅၀၀ | ၁၅၀၀ | ၁၅၀၀ | ၁၅၀၀ |
| ၃ | ကျိုင်းတုံ | ၁၅၀၀ | ၁၅၀၀ | ၁၅၀၀ | ၁၅၀၀ | ၁၅၀၀ |
| ၄ | တောင်ကြီး | ၁၄၀၀ | ၁၄၀၀ | ၁၄၀၀ | ၁၄၀၀ | ၁၄၀၀ |
| ၅ | လွိုင်ကော် | ၁၅၀၀ | ၁၅၀၀ | ၁၅၀၀ | ၁၅၀၀ | ၁၅၀၀ |
| ၆ | ဘားအံ | ၁၁၀၀ | ၁၂၀၀ | ၁၂၀၀ | ၁၂၀၀ | ၁၂၀၀ |
| ၇ | မော်လမြိုင် | ၁၄၀၀ | ၁၄၀၀ | ၁၄၀၀ | ၁၄၀၀ | ၁၄၀၀ |
| ၈ | ထားဝယ် | ၁၆၀၀ | ၁၆၀၀ | ၁၆၀၀ | ၁၆၀၀ | ၁၆၀၀ |
| ၉ | မြိတ် | ၁၅၀၀ | ၁၅၀၀ | ၁၅၀၀ | ၁၅၀၀ | ၁၅၀၀ |
| ၁၀ | ရန်ကုန် | ၁၈၀၀ | ၁၈၀၀ | ၁၈၀၀ | ၁၈၀၀ | ၁၈၀၀ |
| ၁၁ | ပုသိမ် | ၁၄၀၀ | ၁၄၀၀ | ၁၄၀၀ | ၁၄၀၀ | ၁၄၀၀ |
| ၁၂ | စစ်တွေ | ၁၆၀၀ | ၁၆၀၀ | ၁၆၀၀ | ၁၆၀၀ | ၁၆၀၀ |
| ၁၃ | ဟားခါး | ၁၈၀၀ | ၁၈၀၀ | ၁၈၀၀ | ၁၈၀၀ | ၁၈၀၀ |
| ၁၄ | မုံရွာ | ၁၆၀၀ | ၁၆၀၀ | ၁၆၀၀ | ၁၆၀၀ | ၁၆၀၀ |
| ၁၅ | မန္တလေး | ၁၆၀၀ | ၁၆၀၀ | ၁၆၀၀ | ၁၆၀၀ | ၁၆၀၀ |
| ၁၆ | ပခုက္ကူ | ၁၆၀၀ | ၁၆၀၀ | ၁၆၀၀ | ၁၆၀၀ | ၁၆၀၀ |
| ၁၇ | မကွေး | ၁၅၀၀ | ၁၅၀၀ | ၁၅၀၀ | ၁၅၀၀ | ၁၅၀၀ |
| ၁၈ | ပြည် | ၁၆၀၀ | ၁၆၀၀ | ၁၆၀၀ | ၁၆၀၀ | ၁၆၀၀ |
| ၁၉ | ပဲခူး | ၁၆၀၀ | ၁၆၀၀ | ၁၆၀၀ | ၁၆၀၀ | ၁၆၀၀ |
| ၂၀ | ပျဉ်းမနား | ၁၅၀၀ | ၁၅၀၀ | ၁၅၀၀ | ၁၅၀၀ | ၁၅၀၀ |
| ၂၁ | နေပြည်တော် | ၁၆၀၀ | ၁၆၀၀ | ၁၆၀၀ | ၁၆၀၀ | ၁၆၀၀ |
| ၂၂ | ကလေး | ၁၄၀၀ | ၁၄၀၀ | ၁၄၀၀ | ၁၄၀၀ | ၁၄၀၀ |

Source:DACA-Domestic

Trading Economic Website တွင် ဖော်ပြချက်အရ ၂၀၁၈ခုနှစ် အောက်တိုဘာ လ ၁၁ ရက်နေ့တွင် ကမ္ဘာ့သကြား ဈေးနှုန်းသည် ယခင်တစ်ပတ်ထက် သုည ဒသမ ၅၄ ရာခိုင်နှုန်း မြင့်တက်ခဲ့သည်ကို တွေ့ရှိရပါသည်။ မြန်မာနိုင်ငံအနေဖြင့် ၂၀၁၈ ခုနှစ် အောက်တိုဘာလ ဒုတိယပတ်အတွင်း သကြားဈေးနှုန်း သိသိသာသာ ပြောင်းလဲမှုမရှိကြောင်း လေ့လာတွေ့ရှိ ရပါသည်။


## စာမျက်နှာ (၁၅) ရွှေနှင့် အမေရိကန်ဒေါ်လာငွေ. . . . မှအဆက်

အမေရိကန်ဗဟိုဘဏ်က ဘဏ်အတိုးနှုန်းမြှင့်တင်မှုကို သုံးကြိမ်မြောက်အထိ ဆောင်ရွက်ခဲ့ပြီး လက်ရှိအတိုးနှုန်းသည် ၂ ဒသမ ၂၅ ရာခိုင်နှုန်းအထိ ရှိလာခဲ့သည်။ ဘဏ်အတိုးနှုန်း မြှင့်တင်လိုက်ခြင်းကြောင့် ကန်ဒေါ်လာခိုင်မာမှု ပိုမိုအားကောင်းလာခဲ့သည်ကို တွေ့ရှိရပါသည်။ မြန်မာနိုင်ငံတွင် အမေရိကန်ဒေါ်လာနှင့် မြန်မာကျပ်ငွေလဲနှုန်းမြင့်တက်လာမှုကို ထိန်းချုပ်ရန် လေပတ်ကားရောင်းဝယ်သူများကို ဖမ်းဆီးအရေးယူမှုများ ပြုလုပ်ခဲ့သည့်နောက်ပိုင်း မြန်မာနိုင်ငံတော်ဗဟိုဘဏ်၏ တရားဝင်ငွေလဲလှယ်နှုန်းသည် စက်တင်ဘာ ၂၂ ရက်က အမေရိကန်တစ်ဒေါ်လာလျှင် ၁၅၉၇ ကျပ်ထိ စံချိန်တင် မြင့်တက်လာခဲ့ရာမှ အောက်တိုဘာ ၈ ရက်နေ့တွင် တစ်ဒေါ်လာ ၁၅၀၀ ကျပ်ထိ ပြန်လည်ကျဆင်းလာခဲ့ပြီး အောက်တိုဘာ ၉ ရက်တွင် တစ်ဒေါ်လာလျှင် ၁၅၀၅ ကျပ် မှ အောက်တိုဘာ ၁၁ ရက်တွင် ၁၅၂၀ ကျပ်သို့ ပြန်လည်မြင့်တက်လာခဲ့ ပါသည်။ အတက်အကျမြန်နေသည့် ငွေလဲနှုန်းကို လုပ်ငန်းရှင်များမှ စောင့်ကြည့်လျက်ရှိပြီး တည်ငြိမ်သည့်ငွေလဲနှုန်းဖြစ်လာရန် မျှော်လင့်နေကြပါသည်။

ပြည်တွင်း (ပြင်ပငွေလဲလှယ်နှုန်း) သည် ယခင်လ စက်တင်ဘာ ၂၂ ရက်တွင် အမေရိကန်တစ်ဒေါ်လာလျှင် ၁၆၃၅ ကျပ်ထိ ပေါက်ဈေးဖြစ်ခဲ့သော်လည်း အောက်တိုဘာ ၉ ရက်တွင် တစ်ဒေါ်လာ ၁၅၄၀ ကျပ်အရောင်းနှင့် ၁၅၅၅ ကျပ် အဝယ်ဈေးအထိ ကျဆင်းခဲ့သည်။ သို့သော် အမေရိကန်၏ ဘဏ်အတိုးနှုန်း မြှင့်တင်မှုကြောင့် ကမ္ဘာ့နိုင်ငံများအကြား ကန်ဒေါ်လာ ခိုင်မာမှု ရှိနေခဲ့ရာ မြန်မာနိုင်ငံသည် ၎င်း၏အကျိုးဆက်ကို ထပ်မံခံစားရမည့် အလားအလာများ ရှိနေသည်ဟု ဘဏ်လုပ်ငန်းကျွမ်းကျင်သူ ဗဟိုဘဏ်ဒုတိယဥက္ကဋ္ဌဟောင်းက လေ့လာသုံးသပ်ပြောကြားခဲ့သည်ကို သိရှိရပါသည်။

သွင်းကုန်ကို အဓိကမှီခိုအားထားနေရသည့် မြန်မာ့ပြည်တွင်းစီးပွားရေး ယန္တရားစက်ဝန်းအတွက် နိုင်ငံခြားငွေလဲလှယ်နှုန်းမြင့်တက်နေခြင်းသည် ကြီးမားသည့်အကျိုးဆက်ကို ဖြစ်ပေါ်စေပြီး လက်ရှိတွင် စက်သုံးဆီဈေး၊ နိုင်ငံခြားငွေလဲလှယ်နှုန်းများ မြင့်တက်လာမှု၏ မြင်သာမှုအရှိဆုံး အကျိုးဆက်အဖြစ် တစ်နှစ်တာ ပြည်တွင်းငွေဖောင်းပွမှုနှုန်းသည် ၅ ဒသမ ၅ ရာခိုင်နှုန်းအထိ ရှိလာနေသည်ဟု ဗဟိုစာရင်းအင်းအဖွဲ့က ထုတ်ပြန်ထားသည့်စစ်တမ်းတွင် ဖော်ပြထားသည်ကို လေ့လာသိရှိရပါသည်။

မြန်မာနိုင်ငံတော်ဗဟိုဘဏ်၏ website တွင် Economic Indicator (ရာခိုင်နှုန်း) ဖော်ပြချက်များအရ GDP Growth ၆ ဒသမ ၈ ရာခိုင်နှုန်း ၊ Annual Rate of Inflation ၅ ဒသမ ၅ ရာခိုင်နှုန်း ၊ Year on Year Inflationက ၈ ဒသမ၁၈ ရာခိုင်နှုန်း ရှိသည်ကို လည်း လေ့လာသိရှိရပါသည်။ မြန်မာနိုင်ငံတော်ဗဟိုဘဏ်မှ ထုတ်ပြန်ချက်အရ ၂၀၁၈ ခုနှစ် စက်တင်ဘာ ၁ ရက်နေ့မှ အောက်တိုဘာ ၁၁ ရက်နေ့အထိ ရက်အလိုက် ဖြစ်ပေါ်ပြောင်းလဲခဲ့ သော အမေရိကန်ဒေါ်လာဖြင့် ကျပ်ငွေလဲလှယ်နှုန်းတန်ဖိုးများအား အောက်ပါဂရပ်ဖြင့် ဖော်ပြအပ်ပါသည်-




Source:Central Bank of Myanmar

၂၀၁၈ ခုနှစ်၊ အောက်တိုဘာလ ၅ ရက်နေ့မှ အောက်တိုဘာလ ၁၁ ရက်နေ့အထိ ရက်အလိုက် ဖြစ်ပေါ်ပြောင်းလဲခဲ့သော တစ်ပတ်အတွင်း အမေရိကန်တစ်ဒေါ်လာနှင့်ညီမျှသော နိုင်ငံတကာ ငွေလဲလှယ်နှုန်းများကို တစ်ဖက်ပါဇယားဖြင့် ဖော်ပြအပ်ပါသည်-

တစ်ပတ်အတွင်း အမေရိကန် တစ်ဒေါ်လာ နှင့်ညီမျှသော နိုင်ငံတကာ ငွေလဲနှုန်းဇယား

| စဉ် | နိုင်ငံတကာ ငွေကြေးများ | | ၅-၁၀-၁၈ | ၈-၁၀-၁၈ | ၉-၁၀-၁၈ | ၁၀-၁၀-၁၈ | ၁၁-၁၀-၁၈ | တစ်ပတ်အတွင်း ငွေလဲလှယ်နှုန်း အတက်/အကျ (%) | |
|---|---|---|---|---|---|---|---|---|---|
| ၁ | Myanmar | Kyat | ၁၅၁၀ | ၁၅၀၀ | ၁၅၀၅ | ၁၅၁၀ | ၁၅၂၀ | ၀.၆၆၂ | ⬆ |
| ၂ | Thai Baht | THB | ၃၂.၇၆၅ | ၃၂.၈၅၅ | ၃၂.၈၈၅ | ၃၂.၈၅ | ၃၂.၉၇၅ | ၀.၇၀၂ | ⬆ |
| ၃ | Singapore Dollar | SGD | ၁.၃၈၀ | ၁.၃၈၃ | ၁.၃၈၄ | ၁.၃၈ | ၁.၃၈၄ | ၀.၂၁၇ | ⬆ |
| ၄ | Malaysian Ringgit | MYR | ၄.၁၄၆ | ၄.၁၄၉ | ၄.၁၅၇ | ၄.၁၅၂ | ၄.၁၅၇ | ၀.၂၆၅ | ⬆ |
| ၅ | Indonesian Rupiah | IDR | ၁၅၁၆၅.၀၅၈ | ၁၅၁၈၈.၀၃၅ | ၁၅၂၂၇.၅၅၃ | ၁၅၂၃၀.၀၇ | ၁၅၂၀၃.၀၄၁ | ၀.၂၅၀ | ⬆ |
| ၆ | Chinese Yuan | CNY | ၆.၈၆၉ | ၆.၈၉၉ | ၆.၉၃၁ | ၆.၉၂၃ | ၆.၉၂၄ | ၀.၈၀၁ | ⬆ |
| ၇ | Indian Rupee | INR | ၇၃.၆၃ | ၇၃.၇၆၈ | ၇၄.၁၆၅ | ၇၄.၃၄ | ၇၄.၂၅၁ | ၀.၈၄၃ | ⬆ |
| ၈ | Japanese Yen | JPY | ၁၁၄.၀၂၂ | ၁၁၃.၈၃၅ | ၁၁၂.၉၄၆ | ၁၁၃.၀၅၈ | ၁၁၂.၂၈၅ | -၁.၅၂၃ | ⬇ |
| ၉ | Austrialia Dollar | AUD | ၁.၄၁၄ | ၁.၄၁၈ | ၁.၄၁၁ | ၁.၄၀၄ | ၁.၄၁၄ | ၀.၀၀၀ | − |
| ၁၀ | Euro | EUR | ၀.၈၆၉ | ၀.၈၆၈ | ၀.၈၇ | ၀.၈၆၉ | ၀.၈၆၇ | -၀.၂၃၀ | ⬇ |
| ၁၁ | Pound Sterling | GBP | ၀.၇၆၈ | ၀.၇၆၂ | ၀.၇၆၄ | ၀.၇၆ | ၀.၇၅၇ | -၁.၄၃၂ | ⬇ |

Source:Central Bank of Myanmar

သို့ဖြစ်၍ ၂၀၁၈ ခုနှစ်၊ အောက်တိုဘာလ ၅ ရက်နေ့မှ အောက်တိုဘာလ ၁၁ ရက်နေ့အထိ တွင် ကမ္ဘာ့နိုင်ငံများ၏ အမေရိကန်တစ်ဒေါ်လာလျှင် ငွေလဲလှယ်နှုန်းများ ဆက်လက်မြင့်တက်လျက်ရှိပြီး မြန်မာနိုင်ငံတွင်လည်း တစ်ပတ်အတွင်း အမေရိကန်ဒေါ်လာငွေ လဲလှယ်နှုန်း သုညဒသမ ၆၆၂ ရာခိုင်နှုန်း ပြန်လည်မြင့်တက်ခဲ့သည်ကို တွေ့ရှိရပါသည်။ ဂျပန်ယန်း၊ ယူရိုနှင့် ပေါင်စတာလင် ငွေကြေးတန်ဖိုးများမှာ ယခုတစ်ပတ်အတွင်းမြင့်တက်လာပါ သည်။ ထို့ပြင် မြန်မာနိုင်ငံတော်ဗဟိုဘဏ်အနေဖြင့်လည်း ငွေလဲလှယ်နှုန်း တည်ငြိမ်နိုင်ရေးအတွက် ဆောင်ရွက်ချက်များကို တိုးမြှင့်လုပ်ကိုင်လျက်ရှိပြီး ငွေလဲလှယ်နှုန်းနှင့် စက်သုံးဆီဈေးနှုန်းမြင့်တက်လာခြင်း အကျိုးဆက်သည် ကမ္ဘာနှင့်အဝှမ်း ဖြစ်ပေါ်နေခြင်းကြောင့် မြန်မာနိုင်ငံအနေဖြင့် ရေတိုတွင်ဖြေရှင်းနိုင်မည့် နည်းလမ်းမဟုတ်ကြောင်း၊ ကမ္ဘာ့နိုင်ငံရေး အခြေအနေများအရ ဒေါ်လာငွေကြေးခိုင်မာမှု၊ ရေနံဈေးနှုန်း မြင့်တက်လာမှုများ ဆက်လက်ဖြစ်ပေါ်လာရန် အလားအလာရှိနေသေးရာ သွင်းကုန်အဓိကအားထားနေရသော မြန်မာနိုင်ငံသည် ထိုအကျိုးဆက်၏ ရိုက်ခတ်မှုများကို ခံရနိုင်ဖွယ်ရှိနေသေးသည်ဟု လေ့လာသုံးသပ်တင်ပြအပ်ပါသည်။

## စာမျက်နှာ (၁၄) ဆန်ပြည်တွင်းဈေးနှုန်းနှင့် ကမ္ဘာ့ဈေးကွက်အခြေအနေ. . . . မှအဆက်

သို့ရာတွင် ပြည်ပသို့တင်ပို့နေသည့် ဆန်ဈေးနှုန်းများအနေဖြင့် နှစ်ဆန်းပိုင်းနှင့်ယှဉ်လျှင် အနည်းငယ်သာ ဈေးတက်ခဲ့ပြီး ပြီးခဲ့သည့်နှစ်များနှင့်ယှဉ်လျှင် ဈေးကျခဲ့သည်ကို တွေ့ရှိရပါသည်။ ထို့ပြင် တရုတ်ကုန်သည်များသည် ပြည်တွင်းမှ ဆန်ချောကိုဝယ်ယူခြင်းထက် စပါးဝယ်ယူခြင်းက ပိုပြီးအမြတ်အစွန်းကျန်သည့်အတွက် ပြည်တွင်းမှ နယ်များအထိ စပါးကိုဆင်းဝယ်၍ စုဆောင်းနေသည့်အတွက် ပြည်တွင်းဆန်စက်များ အခက်ကြုံတွေ့နေရသည်ကို သိရှိရပါသည်။ ယခင်နှစ်များကလည်း တရုတ်ကုန်သည်များသည် ပြည်တွင်း အထိ ဝင်လာပြီး စပါးကို တိုက်ရိုက်ဆင်းဝယ်ခဲ့သည့် အတွက် ဆန်စက်အချို့ ရပ်နားရသည်အထိ ဖြစ်ခဲ့ရသည်ကို လေ့လာသိရှိရပါသည်။

မြန်မာ-ထိုင်း နယ်စပ်ဒေသဖြစ်သော မြဝတီမြို့တွင် ၂၀၁၈ ခုနှစ်၊ အောက်တိုဘာလ ၁၁ ရက်တွင် ဖြစ်ပေါ်နေသော ဈေးနှုန်းများအရ ပြင်ပငွေလဲနှုန်းအနေဖြင့်တစ်ဘတ်လျှင် ၄၇ ကျပ်နှုန်းရှိပြီး ဧည့်မထဆန် တစ်အိတ်လျှင် ကျပ် ၂၅၂၀၀ ခန့်ပေါက်ဈေးရှိသဖြင့် ယခင်တစ်ပတ်ဈေးနှင့်နှိုင်းယှဉ်ပါက ဈေးနှုန်းတည်ငြိမ်လျက်ရှိကြောင်း လေ့လာသိရှိရပါသည်။ မြန်မာ-တရုတ် နယ်စပ်ဒေသဖြစ်သော မူဆယ်မြို့တွင် အောက်တိုဘာ ၁၁ ရက်တွင် ဖြစ်ပေါ်နေသော ဈေးနှုန်းများအရ ပြင်ပငွေလဲနှုန်းအနေဖြင့် ၁ ယွမ်လျှင် ၂၃၁ ကျပ်နှုန်းရှိပြီး ဧည့်မထဆန် ၂၅ မှတ် တစ်အိတ်လျှင် ၂၈၄၁၃ ကျပ် မှ ၂၈၈၇၅ ကျပ်ထိ ပေါက်ဈေးရှိသဖြင့် ယခင်တစ်ပတ်နှင့် နှိုင်း ယှဉ်ပါက ဈေးနှုန်းမြင့်တက်ခဲ့ကြောင်း လေ့လာသိရှိရပါသည်။

USDA စာရင်းများအရ ၂၀၁၈ခုနှစ် အောက်တိုဘာလအတွင်း လေ့လာတွေ့ရှိချက်အရ ကမ္ဘာ့ဆန် အဓိကတင်သွင်းသော နိုင်ငံများ၏ တင်သွင်းနိုင်မည့် တန်ချိန်မှာ ဘီနင်း သုည ဒသမ ၆၅၀သန်း၊ ဘင်္ဂလားဒေ့ရှ် ၁ ဒသမ ၁၀၀ သန်း၊ ဘရာဇီး သုည ဒသမ ၆၅၀ သန်း၊ ကင်မရွန်း သုည ဒသမ ၇၀၀ သန်း၊ တရုတ် ၅ ဒသမ ၅၀၀ သန်း၊ အိုင်ဗရီကို့စ် ၁ ဒသမ ၄၅၀ သန်း၊ EU ၂ သန်း၊ ဂါနာ သုည ဒသမ ၆၈၀ သန်း၊ အင်ဒိုနီးရှား ၁ ဒသမ ၂၀၀ သန်း၊ ဂျပန် သုည ဒသမ ၆၈၅ သန်း၊ အီရန် ၁ ဒသမ ၄၀၀ သန်း၊ အီရတ် ၁ ဒသမ ၂၅၀ သန်း၊ ကင်ညာ သုည ဒသမ ၇၅၀ သန်း၊ မလေးရှား ၁ သန်း၊ မက္ကဆီကို သုည ဒသမ ၈၈၀ သန်း၊ မိုဇမ်းဘစ် သုည ဒသမ ၇၅၀ သန်း၊ နိုင်ဂျီးရီးယား ၃ သန်း၊ ဖိလစ်ပိုင် ၁ ဒသမ ၂၀၀ သန်း၊ ဆော်ဒီအာရေးဗျ ၁ ဒသမ ၃၀၀ သန်း၊ ဆီနီဂေါ ၁ ဒသမ ၂၅၀ သန်း၊ တောင်အာဖရိက ၁ သန်း၊ UAE သုည ဒသမ ၉၀၀ သန်း၊ US သုည ဒသမ ၈၅၅ သန်း တင်သွင်းမည်ဖြစ်ကြောင်း လေ့လာတွေ့ရှိ ရပါသည်။

ကမ္ဘာ့ဆန်တင်ပို့သည့် နိုင်ငံများအနက် မြန်မာ နိုင်ငံအနေဖြင့် တန်ချိန် ၃ ဒသမ ၂ သန်းတင်ပို့မည်ဟု USDA စာရင်းများအရ ခန့်မှန်းထားပါသည်။ မြန်မာနိုင်ငံအနေဖြင့် ကမ္ဘာ့ဆန်တင်ပို့မှုများပြားသည့် ဈေးကွက်များဖြစ်သည့် အိန္ဒိယ၊ ထိုင်း၊ ဗီယက်နမ်ဈေးကွက်ကြီးများကို ယှဉ်ပြိုင်နိုင်ရန် အရည်အသွေးကောင်း တန်းမြင့်ဆန်များ ပိုမိုတင်ပို့နိုင်ရေး၊ ဈေးကွက်နိုင်ငံများနှင့် Regular Supplier & Buyer တည်ဆောက်နိုင်ရေး အချိန်နှင့်တစ်ပြေးညီ လိုအပ်သလို ညှိနှိုင်းဆောင်ရွက်သင့်ပါကြောင်း၊ မြန်မာနိုင်ငံနှင့် အဓိကကုန်သွယ်ဖက်နိုင်ငံလည်းဖြစ် အိမ်နီးချင်းနိုင်ငံလည်းဖြစ်သော တရုတ်နိုင်ငံနှင့် ဘင်္ဂလားဒေ့ရှ်နိုင်ငံတို့တွင် ဈေးကွက်လိုအပ်ချက် များစွာရှိနေသောကြောင့် မြန်မာနိုင်ငံမှ ဆန်ပမာဏ အမြောက်အမြား တင်ပို့နိုင်မည်ဆိုလျှင် ပြည်ပသို့တင်ပို့သော ဆန်ဈေးကွက်မြင့် တက်လာနိုင်ကြောင်း လေ့လာတွေ့ရှိရပါသည်။

ဘုရင့်နောင်ကုန်စည်ဒိုင်မှရရှိသော အချက်အလက် များအရ တစ်ပတ်အတွင်းဆန်ဈေးနှုန်းများကို လေ့လာရာတွင် ဈေးနှုန်းများ အတက်အကျ အပြောင်းအလဲများဖြစ်ပေါ်လျက် ရှိသည်ကို လေ့လာတွေ့ရှိရပါသည်။ ဘုရင့်နောင်ကုန်စည်ဒိုင် တွင် အောက်တိုဘာ ၅ ရက်မှ အောက်တိုဘာ ၁၁ ရက်အတွင်း ဖြစ်ပေါ်နေသော ဈေးနှုန်းစာရင်းများအား အောက်ပါအတိုင်း ဖော်ပြအပ်ပါသည်-

| စဉ် | အမျိုးအစား | ရာခိုင်နှုန်း | ဈေးနှုန်း | | | | |
|---|---|---|---|---|---|---|---|
| | | | ၅.၁၀.၂၀၁၈ | ၈.၁၀.၂၀၁၈ | ၉.၁၀.၂၀၁၈ | ၁၀.၁၀.၂၀၁၈ | ၁၁.၁၀.၂၀၁၈ |
| ၁ | ဧီယာ | ၅ | ၂၄၈၀၀ | ၂၄၀၀၀ | ၂၃၇၀၀ | ၂၃၆၀၀ | ၂၃၃၀၀ |
| ၂ | ဧီယာ | ၁၀ | ၂၄၂၀၀ | ၂၃၅၀၀ | ၂၃၂၀၀ | ၂၃၁၀၀ | ၂၂၈၀၀ |
| ၃ | ဧီယာ | ၂၅ | ၂၂၇၀၀ | ၂၂၆၀၀ | ၂၂၅၀၀ | ၂၂၅၀၀ | ၂၂၂၀၀ |
| ၄ | ဧီယာ | ၃၅ | ၂၂၂၀၀ | ၂၂၁၀၀ | ၂၂၀၀၀ | ၂၂၀၀၀ | ၂၁၈၀၀ |
| ၅ | ဧည့်မထ | ၅ | ၂၄၇၀၀ | ၂၃၈၀၀ | ၂၃၂၀၀ | ၂၃၁၀၀ | ၂၃၀၀၀ |
| ၆ | ဧည့်မထ | ၁၀ | ၂၄၂၀၀ | ၂၃၃၀၀ | ၂၂၈၀၀ | ၂၂၈၀၀ | ၂၂၇၀၀ |
| ၇ | ဧည့်မထ | ၂၅ | ၂၂၇၀၀ | ၂၂၆၀၀ | ၂၂၅၀၀ | ၂၂၅၀၀ | ၂၂၂၀၀ |
| ၈ | ဧည့်မထ | ၃၅ | ၂၂၂၀၀ | ၂၂၁၀၀ | ၂၂၀၀၀ | ၂၂၀၀၀ | ၂၁၃၀၀ |

တိုင်းဒေသကြီး/ပြည်နယ်များရှိ မြို့ကြီးများ၌ နေ့စဉ်ဖြစ်ပေါ်နေသော ဧည့်မထဆန်ဈေးနှုန်းများကို လေ့လာကြည့်ပါက ဟားခါးမြို့တွင် ဧည့်မထဆန် တစ်ပြည်လျှင် ကျပ် ၂၄၀၀၊ မုံရွာမြို့တွင် ကျပ် ၂၂၀၀၊ ကျိုင်းတုံမြို့တွင် ကျပ် ၁၉၀၀ အသီးသီးဖြင့် အမြင့်ဆုံး ဈေးနှုန်းများ ဖြစ်ခဲ့ပါသည်။ ဘားအံ၊ မော်လမြိုင်နှင့်ပုသိမ်တို့တွင် ကျပ် ၁၂၀၀ ဖြင့် အနိမ့်ဆုံးဈေးနှုန်းဖြစ်ခဲ့သည်ကို တွေ့ရှိရပါသည်။

မြန်မာနိုင်ငံမြို့ကြီးများတွင် နေ့စဉ်ဖြစ်ပေါ်နေသော ဈေးနှုန်းစာရင်းများအား အောက်ပါအတိုင်းဖော်ပြအပ်ပါသည်-

| စဉ် | မြို့အမည် | ဧည့်မထဆန်(ကျပ်/ပြည်) | | | | |
|---|---|---|---|---|---|---|
| | | ၅.၁၀.၂၀၁၈ | ၈.၁၀.၂၀၁၈ | ၉.၁၀.၂၀၁၈ | ၁၀.၁၀.၂၀၁၈ | ၁၁.၁၀.၂၀၁၈ |
| ၁ | ၂ | ၃ | ၄ | ၅ | ၆ | ၇ |
| ၁ | မြစ်ကြီးနား | ၁၈၀၀ | ၁၈၀၀ | ၁၈၀၀ | ၁၈၀၀ | ၁၈၀၀ |
| ၂ | လားရှိုး | ၁၃၅၀ | ၁၃၅၀ | ၁၃၅၀ | ၁၃၅၀ | ၁၃၅၀ |
| ၃ | ကျိုင်းတုံ | ၁၉၀၀ | ၁၉၀၀ | ၁၉၀၀ | ၁၉၀၀ | ၁၉၀၀ |
| ၄ | တောင်ကြီး | ၁၃၅၀ | ၁၃၅၀ | ၁၃၅၀ | ၁၃၅၀ | ၁၃၅၀ |
| ၅ | လွိုင်ကော် | ၁၇၀၀ | ၁၇၅၀ | ၁၇၅၀ | ၁၇၅၀ | ၁၇၅၀ |
| ၆ | ဘားအံ | ၁၂၀၀ | ၁၂၀၀ | ၁၂၀၀ | ၁၂၀၀ | ၁၂၀၀ |
| ၇ | မော်လမြိုင် | ၁၂၀၀ | ၁၂၀၀ | ၁၂၀၀ | ၁၂၀၀ | ၁၂၀၀ |
| ၈ | ထားဝယ် | ၁၃၀၀ | ၁၃၀၀ | ၁၃၀၀ | ၁၃၀၀ | ၁၃၀၀ |
| ၉ | မြိတ် | ၁၃၀၀ | ၁၃၀၀ | ၁၃၀၀ | ၁၃၀၀ | ၁၃၀၀ |
| ၁၀ | ရန်ကုန် | ၁၂၅၀ | ၁၂၅၀ | ၁၂၅၀ | ၁၂၅၀ | ၁၂၅၀ |
| ၁၁ | ပုသိမ် | ၁၂၀၀ | ၁၂၀၀ | ၁၂၀၀ | ၁၂၀၀ | ၁၂၀၀ |
| ၁၂ | စစ်တွေ | ၁၂၀၀ | ၁၂၀၀ | ၁၂၀၀ | ၁၃၅၀ | ၁၃၅၀ |
| ၁၃ | ဟားခါး | ၂၄၀၀ | ၂၄၀၀ | ၂၄၀၀ | ၂၄၀၀ | ၂၄၀၀ |
| ၁၄ | မုံရွာ | ၂၂၀၀ | ၂၂၀၀ | ၂၂၀၀ | ၂၂၀၀ | ၂၂၀၀ |
| ၁၅ | မန္တလေး | ၁၃၅၀ | ၁၃၅၀ | ၁၃၅၀ | ၁၃၅၀ | ၁၃၅၀ |
| ၁၆ | ပခုက္ကူ | ၁၇၀၀ | ၁၇၀၀ | ၁၇၀၀ | ၁၇၀၀ | ၁၇၀၀ |
| ၁၇ | မကွေး | ၁၅၀၀ | ၁၅၀၀ | ၁၅၀၀ | ၁၅၀၀ | ၁၅၀၀ |
| ၁၈ | ပြည် | ၁၄၀၀ | ၁၄၀၀ | ၁၄၀၀ | ၁၄၀၀ | ၁၄၀၀ |
| ၁၉ | ပဲခူး | ၁၃၀၀ | ၁၃၀၀ | ၁၃၀၀ | ၁၃၀၀ | ၁၃၀၀ |
| ၂၀ | ဖျာပုံ/ပျဉ်းမနား | ၁၃၅၀ | ၁၃၅၀ | ၁၃၅၀ | ၁၃၅၀ | ၁၃၅၀ |
| ၂၁ | နေပြည်တော် | ၁၄၅၀ | ၁၄၅၀ | ၁၄၅၀ | ၁၄၅၀ | ၁၄၅၀ |
| ၂၂ | ကလေး | ၁၅၀၀ | ၁၅၀၀ | ၁၅၀၀ | ၁၅၀၀ | ၁၅၀၀ |

Source-DOCA-Domestic

Trading Economics Website တွင် ဖော်ပြချက်အရ ယခုတစ်ပတ်တွင် ကမ္ဘာ့ဆန်ဈေးနှုန်းမှာ ယခင်တစ်ပတ်နှင့် နှိုင်းယှဉ်ပါက ဈေးနှုန်းတည်ငြိမ်နေခဲ့သည်ကို သိရှိရပါသည်။ သို့ဖြစ်ပါ၍ ၂၀၁၈ ခုနှစ် အောက်တိုဘာလဒုတိယပတ်အတွင်း နိုင်ငံတကာ ဆန်ဈေးနှုန်းများတွင် အတက်အကျ ပြောင်းလဲမှုများရှိသကဲ့သို့ မြန်မာ နိုင်ငံတွင်လည်း ဆန်ဈေးနှုန်းအနည်းငယ် ပြောင်းလဲမှုရှိသည်ကို လေ့လာတွေ့ရှိရပါသည်။

## KAY THI (MWD) Co.,Ltd

**Export / Import & Border Logistics**

လူကြီးမင်းတို့၏ Border Shipment များအတွက်
ကျွန်ုပ်တို့၏ Logistics Team ကို
ယုံကြည်စိတ်ချစွာ အပ်နှံလိုက်ပါ။



Main Office
No.(C/21),Qtr (1),Near of Chit Kyi Yay Bridge, Myawady


Yangon Office :
No.(41-A), Naunggyee Street, Bayintnaung, Mayangone Township, Yangon.

| | |
|---|---|
| Yangon Phone : | 09-5196288, 09-5670988<br>09-791322088, 09-49777688 |
| MWD Phone : | 058-50299, 058-50807 |
| Thai Phone : | 6684 6218284, 6684 6207008<br>6682 4010032 |
| Musel Phone : | 09-5670588, 09-966880880 |
| China Phone : | 15388827289 |

- ကုမ္ပဏီစတင်တည်ထောင်သည့်နှစ် ၂၀၀၅
  (Established) 2005
  နိုင်ငံတော်မှ ပေးအပ်ချီးမြှင့်သည့်ဆုများ
  (Certificate of Honour From Department Of Internal Revenue)
- တစ်နိုင်ငံလုံးအဆင့် 2013-14 အခွန်အများဆုံး ထမ်းဆောင်သူ အဆင့်(၈၆၇)
  (The most commercial tax payer with grade (867) in the whole country 2013-14)
- ကရင်ပြည်နယ်တွင် 2013-14 ခုနှစ်၏ ဝင်ငွေခွန်/ ကုန်သွယ်ခွန် ပထမအများဆုံးထမ်းဆောင်သူ
  (The most income & commercial tax payer in the kayin state 2013-14)
- မြဝတီမြို့နယ်တွင် 2015-16 ခုနှစ်၏ ဝင်ငွေခွန်/ ကုန်သွယ်ခွန် ဒုတိယအများဆုံး ထမ်းဆောင်သူ
  (The most second income & commercial tax payer in the Myawady Tsp; 2015-16)
- ကရင်ပြည်နယ်တွင် 2016-17 ခုနှစ်၏ ဝင်ငွေခွန် ပထမအများဆုံးထမ်းဆောင်သူ
  (The most income tax payer in the kayin state 2016-17)



KAY THI (Myawady) Co.,Ltd
Logistics & Customs Clearance Agency
kay.t.win29@gmail.com



**Border Trade Business**

- Lan Route By Truck (Thailand - Myanmar) (Via Maesod / Myawady)
- Lan Route By truck (China - Myanmar) (Via Musel)
- Loading / Unloading Materials Arrangement

- Warehousing Service (Myawady)
- Documentation Service (Import / Export License, Import/Export Declearation)
- Customs Clearance Service
- Transportation & Delivery Service



## NLM MYAWADDY
### LOGISTICS COMPANY LIMITED


Hote Line : 09-797-971-118,09-797-971-119,09-777-779-991
Email : info@nlmmwdlogistics.com



Branch of Singapore
HTG
YOUR LOGISTICS PARTNER

## WING POWER COMPANY LIMITED

**(Freight Forwarding & General Services)**



Address : Building 40,No#2,Yanshin Road,Yankin Township, Yangon,Myanmar.
H.P : +95 973053154, 09 420000204

BGWD

# BAWGAWADI COMPANY LIMITED

## ဘောဂဝတီကုမ္ပဏီလီမိတက်



## AUTOMOBILE TIMMING BELTS








**Shop:** Ka/38, No.17/18/19/20, Bayintnaung Market, Myatnarsartan, Mayangone Township, Yangon, Myanmar.

**Tel:** (95-1) 682551, 682554, 682627 **E-mail:** bawgawadiyangon@gmail.com

**Website:** www.bawgawadi.com.mm




- ရန်ကုန်စက်ရုံ - [illegible]
- နေပြည်တော်ပင်ရင်းအရောင်းဆိုင် - [illegible]
- နေပြည်တော်ဆိုင်ခွဲ (၁) - [illegible]
- မန္တလေးစက်ရုံ - [illegible]
- မန္တလေးပင်ရင်းအရောင်းဆိုင် - [illegible]
- မန္တလေးဆိုင်ခွဲ - [illegible]
- မန္တလေးဆိုင်ခွဲ - A1,A2 [illegible]
- တွံတေးအရောင်းဆိုင် - [illegible]

# ကယားပြည်နယ်၏ နိုင်ငံခြားရင်းနှီးမြှုပ်နှံမှုအခွင့်အလမ်းကောင်းများ သတ္တိရှိရှိ ရဲရဲရင့်ရင့်နဲ့ ပူးပေါင်းဖော်ဆောင်ကြပါစို့



(ယခင်တစ်ပတ်အဆက်)

**ညီညီအောင်(UMFCCI)**

တင်ပို့ခွင့်ပြုသည့်နည်းလမ်းများကိုကြည့်ပြန်ရင်လည်းပုံမှန်ကုန်သွယ်မှုရောနယ်စပ်ကုန်သွယ်ရေးများမှာပါ အပြည်ပြည်ဆိုင်ရာကုန်သည်ကြီးများအသင်းက ပြဋ္ဌာန်းထားသော Incoterm 2010 တွင်ပါရှိသောနည်း ၁၁ နည်းစလုံးကိုအသုံးပြုခွင့်ပြုထားပြီဖြစ်၏။ နယ်စပ်ကုန်သွယ်မှု ပြုလုပ်ဆောင်ရွက်ကြမည့် လုပ်ငန်းရှင်များ အတွက် စိန်၊ ရေနံ၊ ဆင်စွယ်၊ ဆင်၊ မြင်းနှင့် ရှားပါးတိရစ္ဆာန်များ၊ ရှေးဟောင်းပစ္စည်းနှင့် လက်နက်ခဲယမ်း၊ မီးကျောက်များအစရှိသော ပိတ်ပင်ထားသည့် ကုန်ပစ္စည်းများကိုတော့ တင်ပို့ခွင့်မပြုပေ။ အလားတူ အရက်၊ ဘီယာ၊ စီးကရက်နှင့် တည်ဆဲဥပဒေအရ ကန့်သတ်ထားသောပစ္စည်းများကို တင်သွင်းခွင့်မပြုသည်ကိုသိရှိထားရန်လိုသည်။

ထို့အပြင် စီးပွားကူးသန်းဝန်ကြီးဌာနမှ နယ်စပ်ဒေသများတွင် ကုန်သွယ်မှုလျင်မြန်ချောမွေ့စေရန်နှင့် ကုန်သွယ်မှုဆိုင်ရာလုပ်ငန်းများအား ဥပဒေနှင့်အညီဆောင်ရွက်နိုင်ရန် ပို့ကုန်သွင်းကုန် ကုမ္ပဏီများမှ ကုန်ပစ္စည်းဈေးနှုန်းမှန်ကန်ကြောင်း စီးပွားရေး ကျင့်ဝတ်နှင့်အညီ ဝန်ခံကတိတင်ပြလာပါက လျှောက်ထားသည့် Invoice နှင့် Sale Contract ပါဈေးနှုန်းနှင့်တန်ဖိုးများအတိုင်း နယ်စပ် ပို့ကုန်သွင်းကုန်လိုင်စင်များကိုခွင့်ပြုထုတ်ပေးသွားမည်ဖြစ်သည်။

အဲဒီတော့ ကျွန်တော်တို့ပြည်နယ်အတွင်းမှာ နောက်ပြီးရင်းနှီးမြှုပ်နှံမှုဖိုရမ်မှာ ကျွန်တော်ထပ်ချပြချင်တာက ဒီပြည်နယ်မှာ ရင်းနှီးမြှုပ်နှံမယ်ဆိုရင် ကျွန်တော်တို့ ဒီပြည်နယ်အတွင်းမှာ အမေရိကန်ဒေါ်လာ ငါးဘီလီယံ ရင်းနှီးမြှုပ်နှံလို့ရပါတယ်။ ဒါဟာလည်း ကျွန်တော်တို့ပြည်နယ်အစိုးရအဖွဲ့ရဲ့တာဝန်ယူမှု တာဝန်ခံမှု ကဏ္ဍတွေဆောင်ရွက်နိုင်ဖို့အတွက် မူဝါဒတွေချမှတ်ထားပေးတာ ဖြစ်ပါတယ်။

ယခင်က နိုင်ငံခြားကုမ္ပဏီများလာရောက်ရင်းနှီးမြှုပ်နှံလိုပါက စီးပွားရေးနှင့် ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာနသည် အသေးစားနှင့် အလတ်စားစက်မှုလုပ်ငန်းများအပါအဝင် စက်မှုကုန်ထုတ်လုပ်ငန်းများလုပ်ငန်းတည်ထောင်ဆောင်ရွက်ရာ၌ အထောက်အကူဖြစ်စေရန်၊ ရင်းနှီးမြှုပ်နှံမှုကုန်ကျစရိတ် သက်သာစေရန်အတွက် အသင့်အသုံးပြုနိုင်သည့်ပြုပြင်ထားခြင်းမရှိသော စက်ပစ္စည်း (Used Machines) များကိုပါ နှစ်အလိုက်တင်သွင်းခွင့်ပြုလာခဲ့ပြီဖြစ်သည်။

ထို့အပြင် အခြေခံလူတန်းစား စက်ရုံလုပ်သားများအနေဖြင့် အရည်အသွေးကောင်းမွန်ပြီး ဈေးသက်သာသောပြည်ပစက်ဘီးဟောင်းများကို အသုံးပြုနိုင်ရန်ရည်ရွယ်၍ အသုံးပြုပြီး စက်ဘီး (Used Bicycles) များကိုလည်း နှစ်အလိုက်တင်သွင်းခွင့်ပြုထားပြီးဖြစ်၏။ နိုင်ငံတော်မှအကောင်အထည်ဖော်ဆောင်ရွက်လျက်ရှိသော ဈေးကွက်စီးပွားရေးစနစ်နှင့်အညီ လွတ်လပ်သောဈေးကွက်ကို ဖော်ဆောင်နိုင်ရန်အတွက်လည်းကောင်း၊ တရားမဝင်တင်ပို့ရောင်းချမှုအားတရားဝင်လမ်းကြောင်းပေါ်သို့ရောက်ရှိလာစေရန်လည်းကောင်း၊ တောင်သူလယ်သမားတို့၏ အကျိုးစီးပွားကို ပိုမိုကာကွယ် ဆောင်ရွက်နိုင်ရန်ရည်ရွယ်၍ ကျွဲ၊ နွားအရှင်များကိုလည်း တိရစ္ဆာန် ကျန်းမာရေး၊ ဖွံ့ဖြိုးရေးဥပဒေနှင့်အညီ ပြည်ပသို့တရားဝင်တင်ပို့ခွင့် ပြုထားပြီးဖြစ်ပေသည်။ သို့အတွက် ကယားပြည်နယ်တွင် စိုက်ပျိုးရေးကဏ္ဍအပြင် မွေးမြူရေးကဏ္ဍကိုပါ တွဲဖက်လုပ်ကိုင်နိုင်သော အခွင့်အလမ်းများရရှိလာပြီဖြစ်သည်။

"နောက်တစ်ခုက ကျွန်တော်တို့ ကယားပြည်နယ်မှာ လမ်းပန်းဆက်သွယ်ရေးအနေနဲ့ မြို့နယ်ခုနစ်မြို့နယ်ရှိပါတယ်။ ဒီမြို့နယ် ခုနစ်မြို့နယ်မှာ ဒီလမ်းပန်းဆက်သွယ်ရေးအနေနဲ့ အင်မတန်မှကို အဆင်ပြေချောမွေ့စွာသွားလာနိုင်တဲ့ အနေအထားကောင်းလေး တစ်ခုကိုရရှိပိုင်ဆိုင်ထားပြီးဖြစ်တယ်။ နောက်တစ်ချက်က ကျွန်တော်တို့ လျှပ်စစ်မီးအခန်းကဏ္ဍ၊ လျှပ်စစ်မီးအခန်းကဏ္ဍမှာလည်းပဲ ကျွန်တော်တို့ပြည်နယ်မှာလျှပ်စစ်မီးကို အမှတ်(၁)စက်ရုံ၊ အမှတ်(၂) စက်ရုံ၊ အမှတ်(၃)စက်ရုံ၊ လောပိတ ရေအားပေးလျှပ်စစ်စက်ရုံကနေ ပြည့်ပြည့်ဝဝ ရင်းနှီးမြှုပ်နှံလာတဲ့သူတွေ မီးကိုလိုသလို သုံးစွဲလို့ရနိုင်တဲ့ အနေအထားကို ပိုင်ဆိုင်ထားတဲ့ အခွင့်အလမ်းကောင်းလေးတွေကိုလည်း ရင်းနှီးမြှုပ်နှံတဲ့သူတွေကို ချပြခြင်းဖြစ်ပါတယ်"ဟု ကယားပြည်နယ်ဝန်ကြီးချုပ်က ပြောသည်။

## လမ်းပန်းဆက်သွယ်ရေးနှင့်လျှပ်စစ်ကဏ္ဍ

ကယားပြည်နယ်ဝန်ကြီးချုပ် ဦးအယ်လ်ဖောင်းရှို တင်ပြသွားသလို ကယားပြည်နယ်အတွင်း လမ်းပန်းဆက်သွယ်ရေးနှင့် လျှပ်စစ်မီးအခန်းကဏ္ဍမှာ ယခင်ကနှင့် လုံးဝမတူ အထူးပင်ပြောင်းလဲသွားသည်ကို သတိထားမိလိုက်သည်။ ရန်ကုန်-လွိုင်ကော် ကိုယ်ပိုင်ကားဖြင့်လာလျှင် ၁၂ နာရီမောင်းနှင်ရပြီး ခရီးသည်တင်ဘတ်စ်ကားဖြင့်လာပါက ၁၅ နာရီကြာ မောင်းနှင်ရပေသည်။ မီးရထားခရီးစဉ်အနေဖြင့် လွိုင်ကော်-ပျဉ်းမနား မီးရထား ပြေးဆွဲလျက်ရှိပြီး လွိုင်ကော်ဘူတာမှာ ကယားပြည်နယ်၏ တစ်ခုတည်းသော မီးရထားဘူတာဖြစ်သည်။ ရေကြောင်းခရီးအနေဖြင့် လွိုင်ကော်မြို့ဘီလူးချောင်းမှ မိုးဗြဲရေကာတာ ရေတံခါးကိုဖြတ်၍ အင်းလေးအထိ သွားလာနိုင်သော ရေလမ်းခရီးစဉ်ရှိ၏။

ကယားပြည်နယ်အတွင်း လျှပ်စစ်ဓာတ်အားထုတ်လုပ်ပေးလျက်ရှိသော ရေအားလျှပ်စစ်ဓာတ်အားပေးစက်ရုံသုံးရုံရှိသည်ကို တွေ့ရ၏။ လောပိတအမှတ်(၁)ဓာတ်အားပေးစက်ရုံမှ လွိုင်ကော်မြို့သို့ ဓာတ်အားပေးထားပြီး လောပိတအမှတ်(၂)ဓာတ်အားပေးစက်ရုံမှ လွိုင်ကော်ပင်မခွဲရုံ၊ မန္တလေး၊ ပျဉ်းမနားနှင့်ရန်ကုန်မြို့သို့ ဓာတ်အားပေးထားသည်။ လောပိတအမှတ်(၃)ဓာတ်အားပေးစက်ရုံမှ အမှတ်(၂)လောပိတ ဓာတ်အားပေးစက်ရုံသို့လည်းကောင်း ဓာတ်အားပို့လွှတ်ပေးထားသည်။ ဘီလူးချောင်းအမှတ်(၁)အမှတ်(၂) အမှတ်(၃) ဓာတ်အားဖြန့်ဖြူးစက်ရုံများနှင့် လွိုင်ကော်ပင်မဓာတ်အားခွဲရုံများကတစ်ဆင့် ပြည်နယ်အတွင်း ဓာတ်အားဖြန့်ဖြူးပေးလျက်ရှိရာ ယခုအခါကယားပြည်နယ်အတွင်း ကျေးရွာပေါင်း ၅၀၆ ရွာရှိသည့်အနက် ၃၆၅ ရွာမီးလင်းပြီဖြစ်ပြီး ရာခိုင်နှုန်းအားဖြင့် ၇၂ ဒသမ ၁၃ ရာခိုင်နှုန်းမီးလင်းသွားပြီ ဖြစ်သည်။

စိုက်ပျိုးရေး၊ လျှပ်စစ်မီးနှင့်ပို့ဆောင်ရေးကဏ္ဍအစရှိသည့်ကဏ္ဍကြီး(၃)ရပ်သည်နိုင်ငံခြားရင်းနှီးမြှုပ်နှံသူများအတွက် မရှိမဖြစ်လိုအပ်သော အခွင့်အလမ်းကောင်းများဖြစ်သည်။ ထိုကဲ့သို့အခွင့်အလမ်းကောင်းများပြည်နယ်အတွင်းမှာ အပြည့်အဝရရှိနေပြီဖြစ်သည့်အတွက် ပြည်နယ်ဝန်ကြီးချုပ်က ပြည်ပရင်းနှီးမြှုပ်နှံမှုများကို ရဲရဲကြီးဖိတ်ခေါ်နေခြင်းဖြစ်သည်။

နောက်အဓိကဖိုရမ်ပြုလုပ်တဲ့ရည်ရွယ်ချက်ကတော့ဟိုတယ်နဲ့ခရီးဖွံ့ဖြိုးရေး အခန်းကဏ္ဍဖြစ်ပါတယ်။ ဟိုတယ်နဲ့ခရီးဖွံ့ဖြိုးတိုးတက်ဖို့ဆိုတဲ့နေရာမှာ ဟိုတယ်တွေချည်းပဲတိုးပွားလာနေလို့လည်း မဖြစ်ဘူး။ နောက်ကျွန်တော်တို့ခရီးသွားကဏ္ဍများပြားစွာတိုးတက်လာဖို့ကိုလည်း ဖောင်းပေးဖော်ဆောင်သွားကြဖို့လိုပါတယ်။ ဒီလိုဖောင်းပေးဖော်ဆောင်စေချင်တဲ့အတွက်ကြောင့်လည်း ဒီဖိုရမ်ကို ကျင်းပရခြင်းဖြစ်ပါတယ်ဟု ဝန်ကြီးချုပ်က ဆိုသည်။

## ခရီးသွားလာရေးကဏ္ဍ

ကယားပြည်နယ်တွင် လူအတော်များများ မသိကြသေးသော ခရီးသွားများကို ဆွဲဆောင်မှုပေးနိုင်သော သဘာဝသစ်တောကြီးများ၊ ဂူများ များစွာရှိပေသည်။

## ပန်ပက်ကျေးရွာ၊ ကန်ခုနှစ်ဆင့်၊ ငံရိုးကျေးရွာနှင့် ကွိုင်ငံရေထွက်ဒေသ

ဒီမော့ဆိုမြို့နယ်တွင် ပြည် တွင်းပြည်ပဧည့်သည်လည်ပတ်နိုင်သည့် နေရာလေးနေရာရှိသည်။

ပန်ပက်ကျေးရွာ၊ ကန်ခုနှစ်ဆင့်နှင့် ငံရိုးကျေးရွာနှင့် ကွိုင်ငံရေထွက်ဒေသတို့မှာ သဘာဝတောတောင်များ၊ စိမ့်စမ်းရေတံခွန်များဖြင့် သာယာလှသည်။ ကွိုင်ငံရေထွက် ဂူအတွင်း မယ်တော်မာယာရုပ်ထုသည်ဒေသတွင်း ကျေးရွာလူထု၏ ဘာသာရေး ယုံကြည်ကိုးကွယ်မှု လေးနက်ပုံကို ဖော်ပြသကဲ့သို့ ငံရိုးကျေးရွာတွင်နေထိုင်သောဘော် တိုင်းရင်းသားတို့မှာ တံခွန်တိုင်များကို ကိုးကွယ်ကြသည်မှာ အံ့သြ စရာပင်။ တံခွန်တိုင်ပွဲတော် (ဝါ) ကေ့ဘိုးထိုး ပွဲတော်မှာ ကယားလူမျိုးတို့၏ထင်ရှားသော ရိုးရာပွဲတော်တစ်ခု ဖြစ်သည်။

ကယန်းလူမျိုး(ပဒေါင်)လူမျိုးများနေထိုင်သော ပန်ပက်ကျေးရွာတွင် ခေါင်ရည်ချက်လုပ်မှု၊ သောက်သုံးမှုနှင့် မိန်းမပျိုလေးများလည်ပင်းနှင့် ခြေထောက်များတွင် ကြေးကွင်းများစွပ်သည့် ရိုးရာဓလေ့မှာ ယနေ့ထက်တိုင်ပြည်တွင်းခရီးသွားဧည့်သည်များနှင့် နိုင်ငံခြားသားများစိတ်အဝင်စားဆုံးသော မြင်ကွင်းများပင်ဖြစ်သည်။

## တနီးလာလဲကျေးရွာ

တနီးလာလဲကျေးရွာအနီးရှိ ကန်ခုနှစ်ဆင့်ရေကန်သည် ခရီးသွားဧည့်သည်များ အပန်းဖြေအနားယူရန် ကောင်းမွန်သောနေရာဖြစ်သည်။ တနီးလာလဲကျေးရွာအုပ်စုအတွင်း နွားလှည်းစီးခြင်း၊ လေးခွပစ်ခြင်း၊ ကယားရိုးရာအသားကင်များ ပြုလုပ်ခြင်း၊ ကျေးရွာအနီးရှိ တံခွန်တိုင်၊ ကြာကန်နှင့် ကယားရိုးရာနေအိမ်များကို သွားရောက်လည်ပတ်လေ့လာနိုင်သည်။ မြန်မာနိုင်ငံရှိ ရပ်ရွာလူထုခြေပြုခရီးစဉ်ဒေသကို အာဆီယံအထွေထွေအတွင်းရေးမှူးချုပ်ရုံး၏ Asean Community Based Tourism Award 2017 ဆုကို တနီးလာလဲနှင့် ပန်ပက်ခရီးစဉ်က ရရှိခဲ့ပေသည်။

## ထီးစဲ့ခါးရေတံခွန်

ကယားပြည်နယ်နှင့် ရှမ်းပြည်နယ်နယ်စပ်တွင် ထီးစဲ့ခါး ရေတံခွန်အပြင် ရှမ်းပြည်နယ်ဖယ်ခုံမြို့နယ်တွင်းတည်ရှိသော မိုးဗြဲဆည်ရေတံခါးကြီးဖွင့်ပေးသဖြင့် လွိုင်ကော်-အင်းလေး တောင်ပေါ် ရေလမ်းခရီးစဉ်များ စတင်ပြေးဆွဲနေပြီဖြစ်ပေသည်။ မိုးဗြဲရေတံခါးအဖွင့်အပိတ်ပြုလုပ်ခွင့်ရရှိလာပြီဖြစ်သဖြင့် နိုင်ငံခြားသားရင်းနှီးမြှုပ်နှံမှုအနေဖြင့် စက်လှေများနှင့် Speed Boat များလာရောက် ရင်းနှီးမြှုပ်နှံနိုင်သည်။

**ဆက်လက်ဖော်ပြပါမည်။**

# ပွင့်လင်းမြင်သာရှိရေး၊ အဂတိလိုက်စားမှုလျှော့ကျရေးနှင့် မြန်မာနိုင်ငံ E-Government စနစ် အမြန်ဖော်ဆောင်ရေး

မောင်လွင်ပြင်

E-Government ဖိုရမ် (၂၀၁၈) ကို အောက်တိုဘာ ၅ ရက်က ရန်ကုန်မြို့ လှိုင်တက္ကသိုလ်နယ်မြေ MICT Park ၌ ကျင်းပခဲ့သည်။ ယင်းဖိုရမ်ကို မြန်မာနိုင်ငံ ကွန်ပျူတာအသင်းချုပ်က ကြီးမှူးကျင်းပခြင်းဖြစ်သည်။ ယင်းဖိုရမ်သို့ E-Government ဦးဆောင်ကော်မတီ ဥက္ကဋ္ဌ ဒုတိယသမ္မတ ဦးမြင့်ဆွေ တက်ရောက်အမှာစကား ပြောသည်။ ထို့ပြင် E-Government ဦးဆောင်ကော်မတီ ဒုတိယဥက္ကဋ္ဌ၊ ပို့ဆောင်ရေးနှင့် ဆက်သွယ်ရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးသန့်စင်မောင်၊ အလုပ်သမား၊ လူဝင်မှုကြီးကြပ်ရေးနှင့် ပြည်သူ့အင်အားဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးသိန်းဆွေ၊ ရန်ကုန်တိုင်းဒေသကြီး ဝန်ကြီးချုပ် ဦးဖြိုးမင်းသိန်း၊ ပို့ဆောင်ရေးနှင့် ဆက်သွယ်ရေးဝန်ကြီးဌာန ဒုတိယဝန်ကြီး ဦးသာဦး၊ တိုင်းဒေသကြီး ဝန်ကြီးများ၊ လွှတ်တော်ကိုယ်စားလှယ်များ၊ မြန်မာနိုင်ငံဆိုင်ရာ နိုင်ငံခြားသံရုံးများက သံအမတ်ကြီးများ၊ ဌာနဆိုင်ရာ အကြီးအကဲများ၊ E-Government ဦးဆောင် ကော်မတီ၊ E-Government အကောင်အထည်ဖော်ရေး လုပ်ငန်းကော်မတီနှင့် ဆပ်ကော်မတီများမှ တာဝန်ရှိသူများ၊ မြန်မာနိုင်ငံ ကွန်ပျူတာအသင်းချုပ်၊ မြန်မာနိုင်ငံ ကွန်ပျူတာပညာရှင်အသင်း၊ မြန်မာနိုင်ငံ ကွန်ပျူတာလုပ်ငန်းရှင်အသင်းတို့မှ နာယကများ၊ ဥက္ကဋ္ဌများ၊ ဒုတိယဥက္ကဋ္ဌများနှင့် အဖွဲ့ဝင်များ၊ ကွန်ပျူတာတက္ကသိုလ်အသီးသီးက ပါမောက္ခချုပ်များနှင့် ပါမောက္ခများ၊ ဌာနဆိုင်ရာအသီးသီးက တာဝန်ရှိပုဂ္ဂိုလ်များ၊ ကျွမ်းကျင်ပညာရှင်များ၊ ဖိတ်ကြားထားသူများ တက်ရောက်ကြသည်။

ယင်းသို့ တက်ရောက်သူများစာရင်းကို အပြည့်အစုံ ဖော်ပြရခြင်းမှာ ယင်းဖိုရမ်သည် နိုင်ငံအတွက် မည်မျှအရေးကြီးသည်၊ E-Govenment ကိစ္စကို နိုင်ငံတော်က မည်မျှအရေးပေး အလေးထားနေသည်ကိုပေါ်လွင်စေချင်၍ဖြစ်သည်။ ဖိုရမ်ကျင်းပရခြင်း ရည်ရွယ်ချက်ကလည်း မြန်မာနိုင်ငံအား E-Government စနစ် အကောင်အထည်ဖော်နေမှုများ ရှေ့သို့တစ်ဆင့်ပြီးတစ်ဆင့် အလျင်အမြန် ရွေ့လျားနိုင်ရန် ရည်ရွယ်ထားသည့်အတွက် ဖြစ်သည်။ သို့ဖြစ်လျှင် E-Government စနစ်ဆိုသည်ကို ပြည်သူအများ ဦးစွာသိနားလည်ထားဖို့ လိုပါသည်။ E-Government ဆိုသည်မှာ အစိုးရအဖွဲ့ အစည်းအချင်းချင်း၊ ဝန်ကြီးဌာန အချင်းချင်း၊ အစိုးရနှင့် စီးပွားရေးအဖွဲ့အစည်းများ အချင်းချင်း၊ လုပ်ငန်းရှင်များ အချင်းချင်း၊ အစိုးရနှင့်ပြည်သူများ အကြား အပြန်အလှန် ဆက်သွယ်ခြင်း၊ သတင်းအချက်အလက်များပေးခြင်း၊ အစိုးရက ပြည်သူများအား ဝန်ဆောင်မှုများပေးခြင်း စသည့်ကိစ္စများကို သတင်းအချက်အလက် ဆက်သွယ်ရေးနည်းပညာဟုခေါ်သော ICT နည်းပညာများကို အသုံးပြုပြီး လုပ်ငန်းများဆောင်ရွက်ခြင်းကို ခေါ်သည်။ E-Government သည် ICT နည်းပညာကို အသုံးပြုသည်ဖြစ်၍ ကွန်ပျူတာပညာကို အခြေခံသည်။ ကွန်ပျူတာသုံးပြီး အင်တာနက်စနစ်ဖြင့် ဆောင်ရွက်သည်။ ထို့ကြောင့် E-Government အကောင်အထည်ဖော်ဆောင်မည်ဆိုလျှင် ကွန်ပျူတာပညာနှင့် အင်တာနက်စနစ်ကို မလွဲမသွေ ဆောင်ရွက်ရမည်။ နိုင်ငံအတွင်း၌လည်း ကွန်ပျူတာပညာနှင့် အင်တာနက်စနစ်များ ဖွံ့ဖြိုးတိုးတက်အောင်ဆောင်ရွက်ရမည်။ အများပြည်သူတို့လည်း တတ်ကျွမ်းနားလည်ထားဖို့လိုသည်။

မြန်မာနိုင်ငံတွင် E-Government စနစ် အောင်မြင်စွာ အကောင်အထည်ဖော် ဆောင်ရွက်နိုင်ရန်အတွက် E-Government ဦးဆောင်ကော်မတီကို ဖွဲ့စည်းထားသည်။ ယင်းကော်မတီကို နိုင်ငံတော်သမ္မတရုံး၏ ၂၀၁၈ ခုနှစ် ဇန်နဝါရီ ၂၃ ရက် ရက်စွဲပါ အမိန့်ကြော်ငြာစာအမှတ် ၁၄/၂၀၁၈ အရ ဖွဲ့စည်းခဲ့ခြင်းဖြစ်သည်။ ကော်မတီ၏နာယကမှာ နိုင်ငံတော်၏ အတိုင်ပင်ခံပုဂ္ဂိုလ်ဖြစ်သည်။ ကော်မတီဖွဲ့စည်းခြင်းနှင့်အတူ E-Government

**E-Governmentစနစ်ဆိုသည်ကို ပြည်သူအများဦးစွာ သိနားလည်ထားဖို့ လိုပါသည်။ E-Government ဆိုသည်မှာ အစိုးရအဖွဲ့ အစည်းအချင်းချင်း၊ ဝန်ကြီးဌာန အချင်းချင်း၊ အစိုးရနှင့် စီးပွားရေးအဖွဲ့အစည်းများ အချင်းချင်း၊ လုပ်ငန်းရှင်များ အချင်းချင်း၊ အစိုးရနှင့်ပြည်သူများအကြား အပြန်အလှန် ဆက်သွယ်ခြင်း၊ သတင်း အချက်အလက်များပေးခြင်း၊**

အကောင်အထည်ဖော်ရေး လုပ်ငန်းကော်မတီကိုလည်း ဖွဲ့စည်းခဲ့သည်။ လုပ်ငန်းကော်မတီတွင် လုပ်ငန်းတာဝန်ငါးရပ် ချမှတ်ပြီး တာဝန်ပေးအပ်ထားသည်။ ထို့ပြင် ဦးဆောင်ကော်မတီ၏ လုပ်ငန်းတာဝန်များကို အောင်မြင်စွာ အကောင်အထည်ဖော် ဆောင်ရွက်နိုင်ရန် ဦးဆောင်ကော်မတီက ၂၀၁၈ ခုနှစ် ဇွန် ၁၂ ရက်တွင် E-ID စနစ် လုပ်ငန်းကော်မတီကို ဖွဲ့စည်းခဲ့သည်။ E-Government အကောင်အထည်ဖော်ရေး လုပ်ငန်းကော်မတီအောက်တွင် ဆပ်ကော်မတီရှစ်ခု ထပ်မံဖွဲ့စည်း တာဝန်ပေးထားသည်။ ယင်းဆပ်ကော်မတီရှစ်ခုမှာ- ကြီးကြပ်ကွပ်ကဲမှု ဆပ်ကော်မတီ၊ အခြေခံအဆောက်အဦစနစ်၊ ပုံစံနှင့် ဒီဇိုင်းဆပ်ကော်မတီ၊ ဝယ်ယူရေးနှင့် အစိုးရပုဂ္ဂလိက ပူးပေါင်းဆောင်ရွက်ရေး ဆပ်ကော်မတီ၊ လူ့စွမ်းအားအရင်းအမြစ်ဖွံ့ဖြိုးရေးဆပ်ကော်မတီ၊ လုံခြုံရေးဆပ်ကော်မတီ၊ စံသတ်မှတ်ရေး ဆပ်ကော်မတီ၊ သုတေသနနှင့် ဖွံ့ဖြိုးရေးဆပ်ကော်မတီနှင့် ပြန်ကြားရေးနှင့် နိုင်ငံတကာ ပူးပေါင်းဆောင်ရွက်ရေး ဆပ်ကော်မတီ တို့ဖြစ်ကြသည်။ E-ID စနစ်များနှင့် ပတ်သက်ပြီး E-Govenment ဦးဆောင်ကော်မတီ အစည်းအဝေးများတွင် ခေတ်စနစ်နှင့်လျော်ညီသည့် ဥပဒေ၊ နည်းဥပဒေသစ်များ ပြန်လည်ရေးဆွဲနိုင်ရေး၊ ISO (International Standard Organization) စံကိုက်ညီသည့် မြန်မာယူနီကုတ်ကို စံစနစ်အဖြစ်သတ်မှတ်၍ တစ်နိုင်ငံလုံး အသုံးပြုနိုင်ရေး ၊ ICT Institute များ တည်ထောင်သွားနိုင်ရေးတို့ကို လမ်းညွှန်မှာကြားထားခဲ့ပြီးဖြစ်ကြောင်း သိရသည်။

ယင်းဖိုရမ်တွင် နိုင်ငံတော်ဒုတိယသမ္မတ ဦးမြင့်ဆွေက ICT နည်းပညာအသုံးပြုပြီးE-Government ကို ပီပြင်စွာ အကောင်အထည်ဖော်လာနိုင်ပြီဆိုလျှင် ပိုမိုကောင်းမွန်သည့် အုပ်ချုပ်စီမံမှု စနစ်ဖြစ်လာမည်ဖြစ်ကြောင်း၊ အစိုးရသည်လည်း ပွင့်လင်းမြင်သာမှု ပိုမိုရှိလာမည်ဖြစ်ကြောင်း၊ ပြည်သူများအနေဖြင့် အစိုးရနှင့် ဆက်သွယ်ဆောင်ရွက်ရသည့်လုပ်ငန်းများ ယခင်ကထက် ပိုမိုလွယ်ကူလျင်မြန်လာမည်ဖြစ်ကြောင်း၊ ထို့ပြင် အဂတိလိုက်စားမှု အခြေအနေများလည်း များစွာ လျှော့ချပေးနိုင်မည်ဖြစ်ကြောင်း၊ ထို့ကြောင့် ပြည်သူများသည် အစိုးရ၏အုပ်ချုပ်မှုစနစ်အပေါ်၌ ပိုမိုယုံကြည်မှုရှိလာမည်ဖြစ်ကြောင်း၊ အစိုးရအနေဖြင့်လည်း တိုးတက်လာသည့် နည်းပညာများကို အပြည့်အဝ အသုံးချပြီး ပြည်သူလူထုကို ပိုမိုကောင်းမွန်စွာချောမွေ့သည့် ဝန်ဆောင်မှုများ ပေးနိုင်လာလိမ့်မည်ဖြစ်ကြောင်းများကို ပြောကြားခဲ့သည်။

မြန်မာနိုင်ငံသည် E-Government စနစ် အမြန်အကောင် အထည်ဖော်ရန် လိုအပ်နေသည်။ ဒေသတွင်း အာဆီယံနိုင်ငံ တော်တော်များများ E-Government စနစ် အကောင်အထည်ဖော်ပြီး ပြည်သူ့ဝန်ဆောင်မှုလုပ်ငန်းများ၊ အစိုးရနှင့်စီးပွားရေးလုပ်ငန်းရှင်များ ပူးပေါင်းဆောင်ရွက်နေကြသည်မှာ အချိန်အတော်ကြာပြီဖြစ်သည်။ မြန်မာနိုင်ငံက အတော်လေးကို ခေတ်နောက်ကျနေသည်။ တစ်ခုတော့ရှိသည်။ နိုင်ငံတစ်နိုင်ငံ E-Government စနစ် ကျင့်သုံးအကောင်အထည်ဖော်ဖို့ဆိုလျှင် နိုင်ငံတော်စီးပွားရေးအခြေအနေ ဖွံ့ဖြိုးတိုးတက်နေဖို့လိုသည်။ နိုင်ငံရေးအခြေအနေ တည်ငြိမ်နေဖို့လိုသည်။ တစ်မျိုးသားလုံး သင့်မြတ်ပြီး သွေးစည်းချစ်ကြည်နေဖို့လည်းလိုသည်။ သို့သော် မြန်မာနိုင်ငံတော် အစိုးရသည် ယင်းအခြေအနေများ တိုးတက်ကောင်းမွန်အောင် ကြိုးပမ်းဆောင်ရွက်ရင်း ICT နည်းပညာကို အခြေခံသော E-Government စနစ် အမြန်ပေါ်ပေါက်အောင် အင်တိုက်အားတိုက် ဆောင်ရွက်နေသည်။ ယင်းသို့ဆောင်ရွက်ရာတွင် နိုင်ငံသူ၊ နိုင်ငံသားများ တစ်စိတ်တစ်ဝမ်းတည်းဖြင့် ပူးပေါင်းပါဝင်ဖို့ လိုနေသည်။ စီးပွားရေးလုပ်ငန်းရှင်များ၊ ပညာရှင်များ၊ အုပ်ချုပ်ရေးပိုင်းဆိုင်ရာ စီမံခန့်ခွဲကြသူပုဂ္ဂိုလ်များ၊ ဥပဒေပြုရေးဆိုင်ရာ ပြည်သူ့ကိုယ်စားလှယ်များ၊ လုံခြုံရေး၊ ကာကွယ်ရေးဆိုင်ရာ တာဝန်ရှိသူများအားလုံး တစ်ညီတစ်ညွတ် တည်း ပူးပေါင်းဆောင်ရွက်မည်ဆိုလျှင် အမြန်အကောင်အထည် ပေါ်မည်ဟု ယုံကြည်သည်။

ယခုတော့ E-Government စနစ် အကောင်အထည်ဖော်ရန် အထောက်အကူဖြစ်နိုင်သည့် Myanmar E-Government Master Plan ကို အာရှဖွံ့ဖြိုးရေးဘဏ် (ADB) ၏ ငွေကြေးအထောက်အပံ့၊ အိန္ဒိယနိုင်ငံ၏ နည်းပညာကျွမ်းကျင်မှု အကူအညီနှင့် ပြည်တွင်းရှိ အစိုးရဌာနများ၊ ဝန်ကြီးဌာနများ၊ လုပ်ငန်းရှင်အဖွဲ့များ၊ သုတေသနအဖွဲ့အစည်းများနှင့်အတူ ပြည်တွင်းပြည်ပ E-Government နှင့် ICTနည်းပညာကျွမ်းကျင် ပညာရှင်များနှင့် ပူးပေါင်းပြီး ကမ္ဘာ့နိုင်ငံအသီးသီး၏ အတွေ့အကြုံကောင်းများနှင့် နှိုင်းယှဉ်လေ့လာရေးဆွဲခဲ့ပြီး ဖြစ်သည်ဟု သိရသည်။ လောလောဆယ် အခြေအနေ အရတော့ မြန်မာနိုင်ငံ E-Government အခြေအနေမှာ စတင်တာထွက်စ အခြေအနေတွင်ပင် ရှိနေပါသေးသည်။ အချိန်တော့ ယူရပါမည်။ ပူးပေါင်းဆောင်ရွက်မှု အားကောင်းလာလျှင် အချိန်တိုအတွင်း အမြန်အကောင်အထည်ပေါ် လာနိုင်ပါမည်။ လေ့လာမိသမျှ ကုလသမဂ္ဂ E-Government Survey ၂၀၁၈ အရ လက်ရှိမြန်မာနိုင်ငံ၏ E-Government ဖွံ့ဖြိုးမှု အညွှန်းကိန်းမှာ ယခုနှစ် ၂၀၁၈ အတွက် အဆင့် ၁၅၇တွင်ရှိသည်။ ၂၀၁၆ ခုနှစ်က အဆင့် ၁၆၉ တွင် ရှိသည့်အတွက် အဆင့်ခုန်တက်လာမှုကို အနည်းငယ်ကျေနပ်အားရမိပါကြောင်း ရေးသားတင်ပြလိုက်ရပါသည်။

Commerce ကာတွန်း



# တိုးချဲ့ထုတ်လုပ်သင့်သော အင်းတော်မုန့်တီခေါက်ဆွဲလုပ်ငန်းများ

ကသာခရိုင်၊ အင်းတော်မြို့နယ် မုန့်တီခေါက်ဆွဲလုပ်ငန်းများမှာ ဒေသတွင်းစားသုံးရန် လုပ်ငန်းအကြီးအသေး ၅၀ ကျော် လုပ်ကိုင်လျက်ရှိသည်ပြီး တာရှည်မခံတဲ့အတွက် စီးပွားဖြစ်ထုတ်လုပ်နိုင်ခြင်းမရှိတာ တွေ့ရပါတယ်။ တစ်ခရိုင်အတွင်းရှိတဲ့ ကောလင်းက ရေစိမ်ခေါက်ဆွဲခြောက်များ မှာယူရောင်းချနေရပါတယ်။ ရေစိမ်ခေါက်ဆွဲထုတ်တဲ့ ကုန်ကြမ်း စောရှုပ်ဆန်က အင်းတော်မှာထွက်တဲ့အတွက် ရေစိမ်ခေါက်ဆွဲခြောက်လုပ်ငန်းများကို စီးပွားဖြစ်တိုးချဲ့ထုတ်လုပ်သင့်တယ်လို့ စားသုံးသူများ ထံကသိရပါတယ်။

ကောလင်းရေစိမ်ခေါက်ဆွဲခြောက်လုပ်ငန်းရှင်တစ်ဦးက "စောရှုပ်ဆန်နဲ့ပြုလုပ်ပါတယ်၊ ရေစိမ်၊ အမှုန့်ကြိတ်၊ ပေါင်းခံ၊ ကြိတ်ပြားလုပ်၊ ခေါက်ဆွဲနန်းဆွဲ၊ နေလှန်းခြောက်ပြီး ထုပ်ပိုးရောင်းချပါတယ်၊ ဓာတုဆေး လုံးဝမပါတဲ့အတွက် စားသုံးသူများ စိတ်ချလက်ချ စားသုံးနိုင်ပါတယ်။ ကသာခရိုင်မှာ စောရှုပ်ဆန်ကို ကောလင်း၊ အင်းတော်မြို့နယ်များမှာ စိုက်ပျိုးကြပါတယ်။ စောရှုပ်ဆန်ကအစေးရှိပြီး မာလို့ ရေစိမ်ခေါက်ဆွဲလုပ်ငန်းအတွက် အဓိက ကုန်ကြမ်းဖြစ်ပါတယ်၊ ကောလင်း ရေစိမ်ခေါက်ဆွဲက အထက်မြန်မာပြည်မှာ နာမည်ရတဲ့ ထုတ်ကုန်ဖြစ်ပါတယ်။ ကောလင်းမြို့နယ်မှာ ရေစိမ်ခေါက်ဆွဲ လုပ်ငန်း ၁၀ ခုက နေ့စဉ်ထုတ်လုပ်နေပြီး မြစ်ကြီးနား၊ ဟိုပင်၊ မိုးကောင်း၊ ဗန်းမော်၊ ရွှေကူ၊ ကသာ၊ ထီးချိုင့်၊ အင်းတော်၊ ဗန်းမောက်၊ ကျွန်းလှ၊ ကန့်ဘလူ၊ ထန်းကုန်း၊ ရွှေဘို၊ မုံရွာ၊ မန္တလေးမြို့များကို စီးပွားဖြစ်တင်ပို့ရောင်းချနေတာ တွေ့ရပါတယ်။ အင်းတော်မြို့နယ်မှာ ရေစိမ်ခေါက်ဆွဲလုပ်ငန်းမရှိပါဘူး။ မုန့်တီခေါက်ဆွဲလုပ်ငန်းရှင်များ ရေစိမ်ခေါက်ဆွဲခြောက်လုပ်ငန်း တိုးချဲ့ပါက အောင်မြင်နိုင်ပါတယ်"လို့ ကောလင်းခေါက်ဆွဲ လုပ်ငန်းရှင်တစ်ဦးကပြောပါတယ်။

အင်းတော်မြို့နယ်မှာ ဆင်း-၃ စပါး အဓိကစိုက်ပြီး၊ စောရှုပ်စပါးလည်း အများအပြား စိုက်ပျိုးကြပါတယ်။ ဆင်း-၃ဆန်မှ မုန့်တီ ရှမ်းဆန်စေးခေါက်ဆွဲ ထုတ်လုပ်ပေမယ့် ဒေသတွင်းစားသုံးရန်သာ ဖြစ်နေတာတွေ့ရပါတယ်။ ဒေသတွင်းစားသုံးတဲ့ ကုန်ထုတ်လုပ်ငန်းအဆင့်မှ စီးပွားဖြစ်လုပ်ငန်းအဆင့်ကို ရောက်ရှိဖို့ ဒေသတွင်းမှာထွက်တဲ့ စောရှုပ်ဆန်မှ ရေစိမ်ခေါက်ဆွဲလုပ်ငန်း တိုးချဲ့လုပ်ကိုင်သင့်တယ်လို့ မုန့်တီခေါက်ဆွဲ ဈေးကွက်က သိရပါတယ်။

**ကြည်နိုင်ဦး (အင်းတော်)**

# မော်လမြိုင်မြို့နယ် မုန့်တီ၊ မုန့်ဖတ်၊ ပဲပြား ထုတ်လုပ် ရောင်းချသူများအသင်း ဖွဲ့စည်း

မော်လမြိုင်မြို့နယ် မုန့်တီ၊ မုန့်ဖတ်၊ ပဲပြား ထုတ်လုပ်ရောင်းချသူများအသင်း ဖွဲ့စည်းခြင်းကို အောက်တိုဘာ ၁၀ ရက်က မွန်ပြည်နယ် စားသုံးသူရေးရာဦးစီးဌာန၊ ပြည်နယ်ဦးစီးမှူးရုံး၌ပြုလုပ်ခဲ့ပါသည်။ ပထမဦးစွာ မွန်ပြည်နယ် စားသုံးသူရေးရာဦးစီးဌာန၊ ခေတ္တပြည်နယ်ဦးစီးမှူး ဦးခင်အောင်သွင်မှ ယခုလို မော်လမြိုင်မြို့နယ်မုန့်တီ၊ မုန့်ဖတ်၊ ပဲပြား ထုတ်လုပ်ရောင်းချသူများ အသင်း ဖွဲ့စည်းခြင်းအား ဌာနအနေဖြင့် ပူးပေါင်းဆောင်ရွက်ပေးရခြင်းအတွက် ဝမ်းမြောက်ပါကြောင်း၊ လုပ်ငန်းရှင်များအနေဖြင့် တစ်ဦးတစ်ယောက်ချင်းဆောင်ရွက်မှုမှ အစုအဖွဲ့အသင်းအဖွဲ့အနေဖြင့် ဆောင်ရွက်ခြင်းဖြင့် ရရှိနိုင်သည့် အကျိုးကျေးဇူးများအားလည်းကောင်း၊ မွန်ပြည်နယ်အတွင်း အသင်းအဖွဲ့ပေါင်း ၂၀ ဖွဲ့နှင့် အစုအဖွဲ့ပေါင်း ၃ ဖွဲ့၊ စုစုပေါင်း ၂၃ ဖွဲ့ ဖွဲ့စည်းထားရှိမှုအခြေအနေ၊ ပြည်တွင်းကုန်သွယ်မှု ဖွံ့ဖြိုးတိုးတက်ရေးတွင် အသင်းအဖွဲ့များ၏ကဏ္ဍသည် အရေးကြီးသည့် နေရာတွင် ပါဝင်လျက်ရှိကြောင်း၊ အဖွဲ့ဝင်အချင်းချင်း စည်းစည်းလုံးလုံး ဆွေးနွေးတိုင်ပင် ဆောင်ရွက်ကြရန်နှင့် မိမိတို့ဌာနအနေဖြင့် လိုအပ်သည်များကို ကူညီဆောင်ရွက်ပေးသွားမည်ဖြစ်ကြောင်း ပြောကြားခဲ့ပါသည်။

မုန့်တီ၊ မုန့်ဖတ်၊ ပဲပြား ထုတ်လုပ်ရောင်းချသူများအသင်း ဖွဲ့စည်းမှုအတွက် မုန့်တီ၊ မုန့်ဖတ် ထုတ်လုပ်သူ လုပ်ငန်းရှင် (၁၁) ဦး၊ ပဲပြားထုတ်လုပ်သူလုပ်ငန်းရှင် (၁၁) ဦး၊ စုစုပေါင်း (၂၂) ဦး တက်ရောက်ခဲ့ပြီး တက်ရောက်သူ လုပ်ငန်းရှင်များထဲမှ အများဆန္ဒသဘောတူညီမှုဖြင့် ဥက္ကဋ္ဌ၊ အတွင်းရေးမှူး၊ ဘဏ္ဍာရေးမှူး အပါအဝင် EC အဖွဲ့ဝင် (၉) ဦးအား ရွေးချယ်တင်မြှောက်ခဲ့ကြပါသည်။ ၎င်းအသင်းအနေဖြင့် မုန့်တီ၊ မုန့်ဖတ်၊ ပဲပြား လုပ်ငန်းများတွင် နှစ်စဉ်ကြုံတွေ့နေရသော စွန့်ပစ်ရေများ အနံ့အသက် ကင်းရှင်းရေး၊ ရေဆိုး၊ ရေမြောင်းများကို အနံ့ပျောက်ဆေးများထည့်ခြင်း၊ ပတ်ဝန်းကျင်သန့်ရှင်းအောင် ဆောင်ရွက်ခြင်း၊ မြို့နယ်စည်ပင်သာယာရေးအဖွဲ့၏ အကူအညီဖြင့်ရေမြောင်းများ သန့်ရှင်းအောင် ဆောင်ရွက်ခြင်းများအပြင် ထုတ်ကုန်များတွင် စားသုံးသူ ဘေးအန္တရာယ်ကင်းရှင်းစေရေးအတွက် ဓာတုပစ္စည်းများ ရောနှော ရောင်းချမှု ကင်းစင်ရေးတို့ကို သက်ဆိုင်ရာဌာနများနှင့် အတူတကွ ပူးပေါင်းဆောင်ရွက်ခြင်း၊ မုန့်ဖတ်၊ ပဲပြား လုပ်ငန်းရှင်များ၏ ရေရှည် အကျိုးစီးပွား ဖွံ့ဖြိုးတိုးတက်ရေးအတွက် ဆောင်ရွက်သွားမည်ဖြစ်ကြောင်း သိရှိရပါသည်။

**မိုးမိုး (မွန်)**

# ကားလေးများအဝယ်ရှိလာပြီး စတီကားများဈေးကွက်အေးနေ



အောက်တိုဘာလ ဒုတိယပတ်၏ ရန်ကုန်မြို့ကားဈေး ကွက်အခြေအနေမှာ မိုးရွာသွန်းမှုနည်းပါးသွားပြီး ရာသီဥတု ကောင်းမွန်လာသဖြင့် ကားပွဲစားတန်းနေရာများတွင် လူဝင်လူထွက် ပြန်လည်များပြားလာကာ သိန်း ၁၀၀ အထက် ကားလေးများ အရောင်းအဝယ်ရှိလာကြောင်း၊ ပြည်တွင်းတပ်ဆင် ဂျပန်ကားများမှာလည်း သိန်း ၃၀၀ အောက် ဈေးတန်းတစ်ရပ်ဖြင့် အရောင်းအဝယ်ဖြစ်ကြောင်း သိရသည်။

သီတင်းကျွတ်ကာလ ရောက်ခါနီးသဖြင့် ရာသီဥတု ပြန်လည် ကောင်းမွန်လာကာ မော်တော်ကား အရောင်းအဝယ်များလည်း ပြန်လည်ကောင်းမွန်လာကြောင်း၊ အထူးသဖြင့် ဆီစားသက်သာသည့် ကားလေးများအုပ်စုဖြစ်သည့် ဟွန်ဒါဖစ်၊ ဒီမီယို၊ ဘယ်လ်တာ၊ ဆူဇူကီးဆွစ်ဖ် စသည့်ကားလေးများ ရန်ကုန်လိုင်စင်သာမက နယ်လိုင်စင်များပါ ပြန်လည်ရောင်းချ ဝယ်ယူမှု ရှိလာကြောင်း၊ အဓိက မိုးရာသီကုန်ဆုံးသွားသဖြင့် နယ်ဝယ်လက်များ ရန်ကုန်ပြန်ဆင်းလာပြီး နယ်လိုင်စင်ကားလေးများနှင့် ရန်ကုန်လိုင်စင်ကားလေးများ သိန်း ၁၅၀ အထက် သိန်း ၂၀၀ ဝန်းကျင် ကားများဝယ်ယူမှုရှိလာပြီး အင်ဂျင်ပါဝါကြီးမားသော အာလ်ဖတ်၊ ပါဂျဲရိုး၊ ကလူဂျာ၊ မတ်(ခ်)တူး၊ ခရောင်း စသည့် ကားများလည်း နယ်အဝယ်အနည်းငယ်ရှိကြောင်း၊ လတ်တလော စက်သုံးဆီဈေးနှုန်းကြီးမြင့်နေသဖြင့် လတ်တလောသုံးလိုသူများမှာ အင်ဂျင်ပါဝါသေး ကားလေးများအား ရှာဖွေစီးနင်းလာကြောင်း၊ အင်ဂျင်ကြီးကား ဝယ်ယူသူ အနည်းစုသာရှိပြီး ယင်းတို့မှာ နယ်လုပ်ငန်းသမားများ ဖြစ်သည်ကို တွေ့ရကြောင်း ဝါရင့်ယာဉ်ဝယ်ရောင်း အကျိုးဆောင် ကိုမြင့်ကျော်က ပြောသည်။

လတ်တလောဈေးကွက်ထဲတွင် ဒေါ်လာဈေးတက်သော်လည်း သိသိသာသာ ကွာခြားမှုမရှိသည့် ပြည်တွင်းတပ်ဆင်သည့်ဆူဇူကီးအာတီဂါ၊ စီယက်ဇ် (claz)၊ နီဆန်းဆန်နီဆလွန်း စသည့် ကားများမှာ ရန်ကုန်ဈေးကွက်သာမက နယ်ဈေးကွက်များပါ အရောင်းရ တွင်ကျယ်နေပြီး ဒေါ်လာဈေးမြင့်တက်မှု သိသာစွာ သက်ရောက်သည့် ပြည်ပမှ တင်သွင်းမည့် ကားများမှာ တင်သွင်းဈေးနှုန်း၊ အခွန်ပိုမိုမြင့်မားလာခြင်းကြောင့်တင်သွင်းမှုမရှိသလောက် နည်းပါးသွားကြောင်း သိရှိရသည်။

**SN**

# မိုးညှင်းမြို့ ကလေးစာပေပွဲတော်တွင် စားသုံးသူအသိပညာပေး ပြခန်းပြသ

ကချင်ပြည်နယ်၊မိုးညှင်းခရိုင် ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေး ဦးစီးဌာန၊ အခြေခံပညာ ဦးစီးဌာနနှင့် ခရိုင်စီမံခန့်ခွဲမှုကော်မတီတို့ ပူးပေါင်း ကျင်းပသော မိုးညှင်းမြို့ ကလေးစာပေပွဲတော် ကလေးစာပေပြပွဲနှင့် စာအုပ် ဈေးရောင်းပွဲကို အောက်တိုဘာလ ၇ရက်နေ့က မိုးညှင်းမြို့ အမှတ်(၁)အခြေခံပညာ အထက်တန်းကျောင်း အောင်ဆန်းခန်းမ၌ ကျင်းပပြုလုပ်ခဲ့ရာ မိုးညှင်းခရိုင် စားသုံးသူရေးရာဦးစီးဌာနမှ စားသုံးသူအကာအကွယ်ပေးရေး အသိပညာပေး ပြခန်း ပြသခဲ့ပါသည်။

ပြခန်းတွင် စားသုံးသူရေးရာဦးစီးဌာန၏ မျှော်မှန်းချက်၊ ရည်မှန်းချက်များ၊ စားသုံးသူအကာအကွယ်ပေးရေး လုပ်ငန်းဆောင်ရွက်နေမှုမှတ်တမ်း၊ စားသုံးသူ အခွင့်အရေးနှင့်တာဝန်များ၊ စီးပွားရေး လုပ်ငန်းရှင်များ၏ အခွင့်အရေး၊ တာဝန်နှင့်တားမြစ်ချက်များ၊ ကုန်စည်နှင့်ဝန်ဆောင်မှုများနှင့် ပတ်သက်သော ထိခိုက်နစ်နာမှုများအတွက် တိုင်ကြားနိုင်သည့် ပုံစံနှင့် ဆက်သွယ်ရမည့် နံပါတ်များ၊ သတင်းပြန်ကြားရေးနှင့် စားသုံးသူတိုင်ကြားမှု လက်ခံရေးစင်တာ(CICC) များ ဖွင့် လှစ်ထားသည့် တည်နေရာနှင့်ဆောင်ရွက်ပေးနေမှုများ၊ ထုတ်ကုန်လုံခြုံစိတ်ချရမှုဆိုင်ရာ လိုက်နာရမည့်အချက်များ၊ အသင့်စား အစားအစာများ၊ အားဖြည့်အချိုရည်၊ အချိုရည်ထုတ်လုပ်ပုံနှင့် ဘေးထွက်ဆိုးကျိုးများ၊ မျိုးရိုးဗီဇ ပြောင်းလဲထားသော သီးနှံ၊ အသားများ၏ ဘေးထွက်ဆိုးကျိုးများ၊ ပလတ်စတစ်အိတ်များ၏ ဆိုးကျိုးနှင့် စနစ်တကျ အသုံးပြုနိုင်ရေးတို့ကို ဗီနိုင်းပိုစတာများဖြင့်လည်းကောင်း၊ ဗီဒီယိုကလစ်များဖြင့်လည်းကောင်း ပြသခြင်း၊ နမူနာပစ္စည်းများဖြင့် ရှင်းလင်းဆွေးနွေးခြင်းများကို ဆောင်ရွက်ခဲ့ပါသည်။

ပြခန်းသို့ ကချင်ပြည်နယ် လွှတ်တော်ဥက္ကဋ္ဌ၊ ကချင်ပြည်နယ်လူမှုရေးဝန်ကြီး၊ လွှတ်တော်ကိုယ်စားလှယ်များ၊ ပြည်နယ်အဆင့် ဌာနဆိုင်ရာ တာဝန်ရှိသူများ၊ ခရိုင်အုပ်ချုပ်ရေးမှူးနှင့် ခရိုင်/မြို့နယ် အဆင့်ဌာနဆိုင်ရာများ၊ မိဘပြည်သူများ၊ ကျောင်းသား ကျောင်းသူများ လာရောက်ကြည့်ရှု လေ့လာခဲ့ကြပါသည်။

**မျိုးပပ (ကချင်)**

## ရန်ကုန်မြို့ တစ်ပတ်အတွင်း မော်တော်ယာဉ်ဈေးနှုန်းများ

| စဉ် | အမျိုးအစား/MDL | အက္ခရာ | ဈေးနှုန်း | မှတ်ချက် |
|---|---|---|---|---|
| ၁။ | ဆွစ်ဖ် (၂၀၁၁) | M | ၁၇၅ သိန်း | ၁.၃ ဓာတ်ဆီ၊ နယ်လိုင်စင် |
| ၂။ | ဖစ် (၂၀၁၁) | ယာယီ | ၂၅၀ သိန်း | ၁.၃ ဓာတ်ဆီ၊ ရန်ကုန် |
| ၃။ | ကလူဂျာ (၂၀၀၃) | G | ၃၆၀ သိန်း | ၂.၄ ဓာတ်ဆီ၊ ရန်ကုန် |
| ၄။ | မတ်(စ်) အိပ်စ်(၂၀၁၁) | ယာယီ | ၆၅၀ သိန်း | ၂.၅ ဓာတ်ဆီ၊ ရန်ကုန် |
| ၅။ | အာဗီအာ (၂၀၁၀) | G | ၃၆၀ သိန်း | ၁.၈ ဓာတ်ဆီ၊ ရန်ကုန် |
| ၆။ | နွဲ့ (၂၀၀၈) | I | ၃၃၀ သိန်း | ၂.၀ ဓာတ်ဆီ၊ ရန်ကုန် |
| ၇။ | ခရောင်း (၂၀၀၃) | H | ၃၃၀ သိန်း | ၂.၄ ဓာတ်ဆီ၊ ရန်ကုန် |
| ၈။ | ဟိုက်ဂျက်(၂၀၀၂) | J | ၁၁၈ သိန်း | ၀.၆ ဓာတ်ဆီ၊ ရန်ကုန် |
| ၉။ | အပ်ကား(နှစ် ၂၀) | | ၁၂၃ သိန်း | |

# နိုင်ငံတကာကော်ဖီနေ့ (International Coffee Day) အထိမ်းအမှတ် A Good Cup of Coffee ပွဲကျင်းပ


နိုင်ငံတကာ ကော်ဖီနေ့ (International Coffee Day) အထိမ်းအမှတ် Myanmar Coffee Association နှင့် International Women's Coffee Alliance တို့ပူးပေါင်း၍ ကော်ဖီကောင်းတစ်ခွက် (A Good Cup of Coffee) ပွဲကို အောက်တိုဘာလ ၆ ရက်နေ့ မနက် ၈ နာရီမှ မွန်းလွဲ ၁၃ နာရီခန့်ထိ ရန်ကုန်တိုင်းဒေသကြီး ဒဂုံမြို့နယ်၊ မင်းရဲကျော်စွာလမ်းရှိ ပြည်ထောင်စု မြန်မာနိုင်ငံကုန်သည်များနှင့် စက်မှုလက်မှုလုပ်ငန်းရှင်များအသင်းချုပ်မှာ ကျင်းပခဲ့တယ်လို့ သတင်းရရှိပါတယ်။

အဆိုပါ A Good Cup of Coffee ပွဲတွင် ကော်ဖီချစ်သူများအတွက် ကော်ဖီနဲ့ပတ်သက်တဲ့ အသိပညာ/ဗဟုသုတ တိုးတက်စေရန် ရည်ရွယ်ပြီး ကောင်းမွန်သော ကော်ဖီစိုက်ပျိုးသည့် အလေ့အကျင့် (GAP)၊ အရည်အသွေးကောင်း ကော်ဖီရိတ်သိမ်း/သိုလှောင်/ထုတ်လုပ်မှု (Quality Processing)၊ ကော်ဖီစေ့လှော်မှု (Coffee Roasting)၊ ကော်ဖီထုတ်လုပ်ရန်ပြင်ဆင်မှု (Coffee Preparation Brewing)ကော်ဖီဆိုင်လုပ်ငန်း ဆောင်ရွက်ရာတွင် ထည့်သွင်းစဉ်းစားသင့်သည်များ (About Cafe' Operation) ကော်ဖီနှင့်ပတ်သက်၍ အစားအသောက်ဘေးကင်းလုံခြုံမှု၊ အာဟာရဖြစ်ထွန်းမှုနှင့် အကျိုးကျေးဇူးများကို ကော်ဖီစိုက်ပျိုးထုတ်လုပ်မှုဆိုင်ရာ ကျွမ်းကျင်သူများ၊ ပညာရှင်များက အသိပညာ မျှဝေမှုများ ပြုလုပ်ခဲ့ကြပါတယ်။

အခမ်းအနားတွင် မြန်မာ့စိုက်ပျိုးရေးလုပ်ငန်း၊ ကော်ဖီသီးနှံ လုပ်ငန်းမှ အထွေထွေမန်နေဂျာ ဦးမြင့်ဆွေ၊ (Myanmar Coffee Association) မှ ဥက္ကဋ္ဌဦးရဲမြင့်၊ International Woman's Coffee Alliance မှ ဥက္ကဋ္ဌ ဒေါ်ခင်ဥမ္မာမိုးတို့က ကြိုဆိုနှုတ်ခွန်းဆက်စကားများ ပြောကြားခဲ့ကြောင်း၊ ယနေ့ကျင်းပတဲ့ အပြည်ပြည်ဆိုင်ရာ ကော်ဖီနေ့ အထိမ်းအမှတ် အခမ်းအနားကျင်းပခြင်းအား ဒုတိယအကြိမ်ဖြစ်ပြီး ယမန်နှစ်က ပထမအကြိမ်အဖြစ် ပြည်သူ့ဥယျာဉ်မှာ ကျင်းပခဲ့ကြောင်း၊ မြန်မာနိုင်ငံမှာ ကော်ဖီစိုက်ဧက ၅၀၀၀၀ ကျော်ရှိပြီး အာရေဘီကာအမျိုးကို ဧက ၄၀၀၀၀ ကျော်နဲ့ ရိုဘူစတာအမျိုးကို ဧက ၁၀၀၀၀ ခန့် စိုက်ပျိုးကြကြောင်း၊ အာရေဘီကာအမျိုးဟာ ကုန်းမြင့်ဒေသမှာ စိုက်ပျိုးဖြစ်ထွန်းပြီး ရိုဘူစတာကတော့ မြေပြန့်ဒေသမှာ စိုက်ပျိုးဖြစ်ထွန်းကြောင်း၊ အာရေဘီကာ တစ်တန်ပေါက် ဈေး ကျပ်သိန်း ၄၀ နဲ့ ရိုဘူစတာ တစ်တန်ကျပ်သိန်း ၂၀ ဝန်းကျင်ရှိကြောင်း၊ ပြည်ပသို့ တင်ပို့မှုရှိသလို ပြည်ပမှ ပြန်လည်တင်သွင်းမှု ပမာဏလည်း အမြောက်အများဖြစ်တဲ့အတွက် ပြည်တွင်းကော်ဖီ စားသုံးမှုများနေတယ်ဆိုတာ ထင်ရှားကြောင်း၊ ဒါ့ကြောင့် မြန်မာနိုင်ငံမှာ ကော်ဖီကို ဒီထက်မက ပိုမိုတိုးချဲ့စိုက်ပျိုးရန် လိုအပ်ကြောင်း၊ ရိုဘူစတာစိုက်ပျိုးရန် မြေနေရာများစွာ ကျန်ရှိနေသေးကြောင်း သိရှိခဲ့ရပါတယ်။

မြန်မာနိုင်ငံမှာ အာရေဘီကာရော ရိုဘူစတာပါ နှစ်မျိုးလုံး စိုက်ပျိုးဖြစ်ထွန်းနိုင်တာဟာ မြန်မာနိုင်ငံရဲ့ ထူးခြားချက်ဖြစ်ပါတယ်။ GAP (Good Agriculture Practice ) နည်းပညာများကိုလည်း ဖြန့်ဝေပေးလျက်ရှိပါတယ်။ နိုင်ငံပိုင်ကော်ဖီခြံခြောက်ခြံနဲ့ ပုဂ္ဂလိကစိုက်ခြံ ကိုးခြံဟာ GAP Ceritificate ရရှိထားပြီး ဖြစ်တယ်လို့ သိခွင့်ရခဲ့ပါတယ်။

ပင်လယ်မြေပြင်အထက် ပေ ၃၃၀၀ သို့မဟုတ် မီတာ ၁၀၀၀ အထက်မှာ အာရေဘီကာမျိုးဖြစ်ထွန်းပြီး (Self Pollination) နဲ့ ဝတ်မှုန်ကူးနိုင်တယ်။ အာရေဘီကာမျိုးဟာ အရည်အသွေးမြင့်မားတယ်။ ဈေးနှုန်းမြင့်တယ်။ ဒါပေမဲ့ ရောဂါခံနိုင်မှု အားနည်းတယ်။ ရိုဘူစတာကိုတော့ ပေ ၃၃၀၀ သို့မဟုတ် မီတာ ၁၀၀၀ အောက်မှာ စိုက်ပျိုးဖြစ်ထွန်းတယ်။ (Cross Pollination) နဲ့ ဝတ်မှုန်ကူးတယ်။ ရာသီဥတု၊ မြေအနေအထားနဲ့ အရိပ်ရရှိမှုပေါ် မူတည်ပြီး စိုက်ပျိုးပြီး ၃ နှစ်မှ ၄ နှစ်ဆို ကော်ဖီသီးဆွတ်ခူးမှုကို စတင်နိုင်ပြီလို့လည်း သိရပါတယ်။ ကော်ဖီဆိုင်လုပ်ငန်း စတင်လုပ်ဆောင်သည့် နေရာလိုအပ်ချက်များ၊ ရေရှည်တည်တံ့ခိုင်မြဲနိုင်ရန် လိုအပ် ချက်များနှင့် အောင်မြင်မှုရရှိရန်အတွက်လိုအပ်ချက်များကိုလည်း လေ့လာသိရှိခဲ့ရပါတယ်။ **ပိတောက် (TIR)**



## မူဆယ်နဲ့ ချင်းရွှေဟော်မှ ရော်ဘာ ပိုမိုတင်ပို့

မြန်မာ-တရုတ်နယ်စပ်ရှိ မူဆယ် (၁၀၅)မိုင် ကုန်သွယ်ရေးဇုန်နဲ့ ချင်းရွှေဟော် ကုန်သွယ်ရေးစခန်းမှ စက်တင်ဘာ ၂၉ ရက်မှ အောက်တိုဘာ ၅ ရက်အထိ သီတင်းတစ်ပတ်အတွင်း အမေရိကန်ဒေါ်လာ ၃ ဒသမ ၄၁၆ သန်း တန်ဖိုးရှိရော်ဘာ ၂၅၈၁ တန်ကျော် တင်ပို့ခဲ့ကြောင်း သိရပါတယ်။ မူဆယ် (၁၀၅)မိုင်ကုန်သွယ်ရေးဇုန်မှ တင်ပို့မှု မှာ RSS-3 အမျိုးအစား တန်ချိန် ၁၈၀၀၊ RSS-5 အမျိုးအစား ၄၃၁ တန်ကျော်၊ MSR-20 အမျိုးအစား တန်ချိန် ၃၀၀ နဲ့ ချင်းရွှေဟော် ကုန်သွယ်ရေး စခန်းမှ တင်ပို့မှုမှာ Concentrate Latex 60 ရာခိုင်နှုန်း DRCတန်ချိန် ၅၀ ဖြစ်ကြောင်း သိရပါတယ်။ ယခင်တစ်ပတ် တင်ပို့မှုနဲ့ နှိုင်းယှဉ်ပါက ၁၆၇၁ တန် ပိုမို တင်ပို့ခဲ့တာတွေ့ရပါတယ်။ စက်တင်ဘာ ၃၀ ရက်မှ အောက်တိုဘာ ၆ ရက်အထိ သီတင်းပတ်အတွင်း ပင်လယ်ရေကြောင်း ကုန်သွယ်မှုမှ အမေရိကန်ဒေါ်လာ သုည ဒသမ ၆၃၉ သန်းတန်ဖိုးရှိ ရော်ဘာ ၅၁၆ တန်ကျော်ကို ဂျပန်၊ ကိုရီးယားနဲ့ တရုတ်နိုင်ငံများသို့ တင်ပို့ခဲ့ရာ ဂျပန်နိုင်ငံသို့ MSR-20 အမျိုးအစား ၁၉၆တန်၊ ကိုရီးယားနိုင်ငံသို့ Synthetic Rubber 99 ရာခိုင်နှုန်း၊ RSS-3 , 1 ရာခိုင်နှုန်း၊ အမျိုးအစား ၁၂၆ တန် ပို့ခဲ့ပြီး ယခင်တစ်ပတ် တင်ပို့မှုနဲ့ နှိုင်းယှဉ်ပါက ၁၄၃ တန် လျော့ကျခဲ့ကြောင်း သိရပါတယ်။

ယခုတစ်ပတ် နိုင်ငံတကာ ရော်ဘာဈေးမှာ အတက်အကျ အနည်းငယ်သာရှိတဲ့အတွက် ပြည်ပပို့မယ့် မြန်မာ့ရော်ဘာ FOB ဈေးလည်း အနည်းငယ်သာ အတက်အကျရှိပြီး ယခင်တစ်ပတ်ဈေးအတိုင်း မပြောင်းလဲကြောင်း မြန်မာနိုင်ငံ ရော်ဘာစိုက်ပျိုး ထုတ်လုပ်သူများအသင်းမှ ဈေးနှုန်းထုတ်ပြန်ထားကြောင်း သိရပါတယ်။

**ယဉ်ယဉ်အေး**

## မန္တလေးတိုင်းဒေသကြီး ကုန်သွယ်ရေးနှင့် ရင်းနှီးမြှုပ်နှံမှုတိုးတက်စေရန် Mandalay Business Forum 2018 ကျင်းပမည်

မြန်မာနိုင်ငံ ရင်းနှီးမြှုပ်နှံမှုကော်မရှင် စီးပွားရေးနှင့် ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာန မန္တလေးတိုင်းဒေသကြီးအစိုးရအဖွဲ့၊ မန္တလေးတိုင်းဒေသကြီး ရင်းနှီးမြှုပ်နှံမှုကော်မတီနှင့် New Starlight Group Of Companies တို့ ပူးပေါင်းစီစဉ်၍ မန္တလေးတိုင်းဒေသကြီး၏ ကုန်သွယ်ရေးနှင့် ရင်းနှီးမြှုပ်နှံမှု တိုးတက်စေရန်နှင့် တိုင်းဒေသကြီးအတွင်း စီးပွားရေးအခွင့်အလမ်းများ ပြသရန် မန္တလေးတိုင်းဒေသကြီးအတွင်း ရင်းနှီးမြှုပ်နှံမှုဆိုင်ရာ စီးပွားရေးဥပဒေသစ်များနှင့် စည်းမျဉ်းစည်းကမ်းများအား ရင်းနှီးကျွမ်းဝင်စေရန်နှင့် ဒေသခံစီးပွားရေး လုပ်ငန်းရှင်များအကြား ရင်းနှီးချိတ်ဆက်မှုရရှိရန်ရည်ရွယ်၍ Mandalay Business Forun 2018 ကို နိုဝင်ဘာ ၉ ရက်မှ ၁၁ ရက်အထိ မန္တလေးမြို့ ချမ်းမြသာစည်မြို့နယ်သိပ္ပံလမ်းရှိ Mandalay Convention Center တွင် ကျင်းပမည်။

မန္တလေးမြို့သည် မြန်မာနိုင်ငံ၏ ဒုတိယအကြီးဆုံးမြို့ကြီးဖြစ်ပြီး လူဦးရေ ၁ ဒသမ ၇ သန်းရှိကာ အထက်မြန်မာနိုင်ငံ၏ အချက်အချာကျသောမြို့ဖြစ်သည်။ တရုတ်၊ အိန္ဒိယ၊ ထိုင်းနိုင်ငံများနှင့် ဆက်သွယ်သွားလာနိုင်ပြီး ခရီးသွားလုပ်ငန်း၊ စိုက်ပျိုးရေးလုပ်ငန်း၊ အသေးစား အလတ်စား စက်မှုလုပ်ငန်းများ၊ စားသောက်ကုန်ထုတ်လုပ်မှု လုပ်ငန်းများအတွက် အခွင့်အလမ်းများရှိသောမြို့ဖြစ်ကြောင်းသိရသည်။

**မောင်ပြည်သူ(မန္တလေး)**

### နိုင်ငံတကာနှင့် ပြည်တွင်းကုန်သွယ်မှု လုပ်ငန်းများအတွက် အချက်အလက်များရရှိလိုပါက အောက်ပါဖုန်းနံပါတ်တို့ကို ဆက်သွယ်နိုင်ပါသည်

(၁) မြန်မာကုန်သွယ်မှုဗဟိုဌာန (Myanmar Trade Center) ဖုန်း-၀၁ ၂၅၄၀၂၄ ဖက်စ်- ၀၁ ၂၅၄၀၂၃ အီးမေးလ်-itpic.moc@gmail.com

(၂) Myanmar-EU Trade Help Desk ဖုန်း- ၀၉ ၄၃၀ ၄၁ ၈၄၇ အီးမေးလ်- mmeu.tradehelpdesk@gmail.com

### ပြည်နယ်နှင့် တိုင်းဒေသကြီး အသီးသီးရှိ Consumer Information and Complaint Center (CICC) စားသုံးသူသတင်း ပြန်ကြားရေးနှင့် တိုင်ကြားမှု လက်ခံဆောင်ရွက်ရေးစင်တာများ၏ Contact Points များ

(၁) ရန်ကုန်တိုင်းဒေသကြီး — ၂၂၈/၂၄၀၊ ဒုတိယထပ်၊ ကမ်းနားလမ်းနှင့်ရွှေဘုံသာလမ်းထောင့်၊ ရန်ကုန်မြို့။ Fax:01-254023, Ph:01-250270,254019 email: ygnmapt@gmail.com

(၂) ပဲခူးတိုင်းဒေသကြီး(အနောက်) — ရတနာမာန်အောင်ဘုန်းကြီးကျောင်းအနီး၊ ပြည်မြို့။ Fax : 053-28220, Ph : 053-28032,28020

(၃) ပဲခူးတိုင်းဒေသကြီး(အရှေ့) — အောင်မြေသာရပ်ကွက်၊ ပိုလန်ဝင်း၊ ပဲခူးမြို့။ Ph : 052-2221844, 2221108, 2221036

(၄) ဧရာဝတီတိုင်းဒေသကြီး — ပုသိမ်မြို့။ Fax : 042-21811, Ph: 042-24520,24522 email: yiyinaingwin@gmail.com

(၅) မန္တလေးတိုင်းဒေသကြီး — မန္တလေးမြို့။ Fax : 02-36340, Ph: 02-36342,36339 email: mdymapt@gmail.com

(၆) ရခိုင်ပြည်နယ် — စစ်တွေမြို့။ Fax:043-23426,Ph:043-23426

(၇) မကွေးတိုင်းဒေသကြီး — အစိုးရရပ်ကွက်၊အနော်ရထာလမ်း၊မကွေးမြို့။ Fax : 063-23199, Ph : 063-23196,23197

(၈) ရှမ်းပြည်နယ်(တောင်ပိုင်း) — အရှေ့မြို့ပတ်လမ်း၊ ရေအေးကွင်းရပ်ကွက်၊ အမှတ်(၅)ဈေးမြောက်ဘက်၊ တောင်ကြီးမြို့။ Ph:081-2121615, Fax:081-2121627, email:dtptaunggyi@gmail.com

(၉) ရှမ်းပြည်နယ်(အရှေ့ပိုင်း) — ရပ်ကွက်(၁)၊ နောင်ရေး၊ ကျိုင်းတုံမြို့။ Fax:084-21034,Ph:084-21034

(၁၀) ရှမ်းပြည်နယ်(မြောက်ပိုင်း) — အမှတ်(၉)၊ လေယာဉ်ကွင်းလမ်း၊ ထပရတပ်ရင်း(၆၂၆)နှင့် မျက်နှာချင်းဆိုင်၊ လားရှိုးမြို့။ Fax:082-23493,Ph:082-23039

(၁၁) ကရင်ပြည်နယ် — ဘားအံမြို့။ Fax:058-21666,Ph:058-21041

(၁၂) တနင်္သာရီတိုင်းဒေသကြီး — ကမ်းနားလမ်း၊ ဆိပ်ငယ်ရပ်ကွက်၊ မြိတ်မြို့။ Fax:059-41012,Ph:059-41012

(၁၃) ကချင်ပြည်နယ် — အမှတ်(၁၉၉)၊ မြို့သစ်ရပ်ကွက်၊ မြစ်ကြီးနားမြို့။ Fax:074-22459,Ph:074-22459

(၁၄) ကယားပြည်နယ် — (ဂ/၉)လမ်းကြား၊ ကန္တာရဝတီလမ်းနှင့် သီရိဒေါလမ်းကြား၊ နောင်ယား(က)ရပ်ကွက်၊ လွိုင်ကော်မြို့။ Fax:083-2221005,Ph:083-2221005 email : docakayah@gmail.com

(၁၅) မွန်ပြည်နယ် — အမှတ်(၇)၊ အောက်လမ်းမကြီး၊ ဘိုကုန်းရပ်၊ မော်လမြိုင်မြို့။ Fax:057-2024809, Ph:057-2024318

(၁၆) စစ်ကိုင်းတိုင်းဒေသကြီး — သာစည်လမ်း၊ ဒေါနခြံရပ်၊ မီးရထားသံလမ်းနှင့် ဗိုလ်ချုပ်ကြေးရုပ်ကြား၊ မုံရွာမြို့။ Fax : 071-23630, Ph:071-23630,22924

**စီးပွားရေးအောင်မြင်ရန် သတင်းအချက်အလက်ကို အခြေခံ**

## (၇) နေ့ သားသမီးများအတွက်
## စီးပွားရေး အကြံပေး ဟောကိန်း
### ၁၅-၁၀-၂၀၁၈ မှ ၂၁-၁၀-၂၀၁၈ ရက်နေ့ထိ

ဒေါ်မြတ်မြတ်အေး
(မြန်မာနိုင်ငံ ဝေဒသုတေသနအဖွဲ့)



**တနင်္ဂနွေသားသမီးများအတွက်** အကျိုးမရှိသောအချိန်ဖြုန်းခြင်းကိုမလုပ်မိစေရန်ဆင်ခြင်ရလိမ့်မည်။ လက်ရှိလုပ်ငန်း ရပ်တန့်ပြီး လုပ်ငန်းသစ်ဖြင့်အောင်မြင်မည်။ ပညာရေး၊ အချစ်ရေးကိစ္စတို့တွင်လည်း ရတတ်မအေးစရာ အခက်အခဲများ ကြုံတွေ့နေရတတ်သည်။ ကျန်းမာရေးအနေဖြင့် မျက်စိနှင့်ပတ်သက်သော ဝေဒနာခံစားရတတ်သည်ကို သတိရှိသင့်ပါသည်။ **ယတြာ။ ။အရဟံဂုဏ်တော်ရွတ်ဆိုပါ။**



**တနင်္လာသားသမီးများအတွက်** လုပ်ငန်းဆောင်တာများ ယှဉ်ပြိုင်မှုနှင့် လုပ်ဆောင်နေရတတ်သည်။ ရေထွက်တိရစ္ဆာန်စားသောက်ကုန်များ အကျိုးပေးဖြစ်ထွန်းလိမ့်မည်။ ငါး၊ ပုစွန်တို့မှ ဝင်ငွေရရှိလိမ့်မည်။ ပညာရေးထူးချွန်အောင်မြင်နိုင်ပါသည်။ အချစ်ရေးတွင် မိမိကတစ်ဖက်သတ်ချစ်နေရတတ်သည်။ အိမ်ထောင်ရေးအလိုလိုက် အကြိုက်ဆောင်နေရတတ်ပါသည်။ ကျန်းမာရေးတွင် သွေးတိုး၊ ဆီးချိုဝေဒနာများခံစားရတတ်သည်။ **ယတြာ။ ။ဓာရဏပရိတ်ရွတ်ဖတ်ပူဇော်ပါ။**




**အင်္ဂါသားသမီးများအတွက်** လယ်ယာထွက်ဥယျာဉ်ခြံမြေပစ္စည်းများနှင့်ပတ်သက်ပြီး စီးပွားဖြစ်ထွန်းမှုအားကောင်းလိမ့်မည်။ ပညာရေးကံကောင်းသည်။ နိုင်ငံရပ်ခြားတွင် သွားရောက်ပညာသင်ကြားရလိမ့်မည်။ အချစ်ရေး၊ အိမ်ထောင်ရေးစိတ်တိုင်းကျမှုအားနည်းနေတတ်သည်။ ကျန်းမာရေးအနေဖြင့် အဆစ်အမြစ်ကိုက်ခဲသောဝေဒနာ၊ လေးဘက်နာပိုးများမှ ရရှိသောရောဂါဖြစ်တတ်ပါသည်။ **ယတြာ။ ။ မင်္ဂလသုတ်ရွတ်ဖတ်ပူဇော်ပါ။**



**ဗုဒ္ဓဟူးသားသမီးများအတွက်** စာပေရေးသားထုတ်လုပ်သော ပညာရပ်ဆိုင်ရာလုပ်ငန်းများဖြင့် အောင်မြင်မှုရရှိလိမ့်မည်။ ပုံနှိပ်တိုက်လုပ်ငန်း၊ စာအုပ်ရောင်းဝယ်ရေးလုပ်ငန်းများမှ ဝင်ငွေကောင်းလိမ့်မည်။ ဉာဏ်ရည်ထက်မြက်မှုရှိသောကြောင့် ပညာရေးထူးချွန်မည်။ အချစ်ရေးတွင် ဝေဝါးနေတတ်သည်။ ဆုံးဖြတ်ချက်ချရန် မဝံ့မရဲဖြစ်နေလိမ့်မည်။ ကျန်းမာရေးတွင် အရေပြားဆိုင်ရာရောဂါ၊ သွေးနှင့်ပတ်သက်သော ရောဂါများဖြစ်တတ်ပါသည်။ **ယတြာ။ ။မေတ္တသုတ်ရွတ်ဆိုပါ။**



**ကြာသပတေးသားသမီးများအတွက်** လျှပ်စစ်နှင့်ပတ်သက်သောစီးပွားရေးလုပ်ငန်းအောင်မြင်လိမ့်မည်။ ဆက်သွယ်ရေးလုပ်ငန်းတွင်ကျယ်နေမည်။ နိုင်ငံတကာစီးပွားရေးကုန်သွယ်မှုလုပ်ငန်းများမှ စီးပွားဖြစ်ထွန်းမှုအားကောင်းနေပါသည်။ တီထွင် ဉာဏ်ထက်မြက်မှုပိုမိုမြင့်မားလာလိမ့်မည်။ အချစ်ရေး၊ အိမ်ထောင်ရေးသင့်တင့်မှုရှိနေမည်။ ကျန်းမာရေးအနေဖြင့် အပူကြီးသောဝေဒနာအပြင်းဖျားခြင်းဖြစ်တတ်သည်ကို ဂရုစိုက်သင့်ပါသည်။ **ယတြာ။ ။ရှင်သီဝလိရဟန္တာအားကိုးကွယ်ပါ။**



**သောကြာသားသမီးများအတွက်** ရတနာပစ္စည်းများနှင့်ပတ်သက်၍ အကျိုးပေးအားကောင်းနေမည်။ ရွှေဆိုင်ရတနာဆိုင်များဖွင့်ပါက စီးပွားတိုးတက်လိမ့်မည်။ ဝင်ငွေကောင်းမည်။ အကျိုးပေးကောင်းနေတတ်ပါသည်။ ပညာရေးထူးချွန်နေမည်။ ဉာဏ်ရည်ဉာဏ်သွေးထက်မြက်မှုရှိသည်။ အချစ်ရေး၊ အိမ်ထောင်ရေးကံသင့်တင့်နေတတ်သည်။ တစ်ခါတစ်ရံအငြင်းပွားမှုရှိတတ်သည်။ ကျန်းမာရေးအနေဖြင့် အသည်းအဆီဖုံးရောဂါ၊ သွေးတိုး၊ ဆီးချိုဝေဒနာခံစားရတတ်ပါသည်။ **ယတြာ။ ။ ပဋ္ဌာန်းဒေသနာရွတ်ဖတ်ပူဇော်ပါ။**



**စနေသားသမီးများအတွက်** စက်ရုံ၊ အလုပ်ရုံလုပ်ငန်းများ အကျိုးပေးကောင်းနေတတ်ပါသည်။ ဝင်ငွေ၊ ထွက်ငွေမျှတနေလိမ့်မည်။ တပည့်လက်အောက်ငယ်သားများ၏ ပြဿနာများကိုဖြေရှင်းပေးနေရတတ်သည်။ စိတ်ရောလူပါ ပင်ပန်းနေမည့်ကာလဖြစ်နေတတ်ပါသည်။ ပညာရေးတွင် ရည်မှန်းချက်ပြည့်ရန် ကြိုးစားရဦးမည်။ အချစ်ရေး၊ အိမ်ထောင်ရေးတွင် သင့်တင့်သော နှလုံးသွင်းနေရတတ်သည်။ ကျန်းမာရေးထိခိုက်ဒဏ်ရာကြောင့် ဝေဒနာခံစားရတတ်သည်။ **ယတြာ။ ။ ရတနသုတ်ရွတ်ဖတ်ပူဇော်ပါ။**

# လှိုင်သာယာမြို့နယ်အတွင်းရှိ အခြေခံပညာအထက်တန်းကျောင်းများသို့ စားသုံးသူအကာအကွယ်ပေးရေး အသိပညာဟောပြောပွဲကျင်းပခြင်းနှင့် ကျောင်းမုန့်ဈေးတန်းများသို့ ကွင်းဆင်းပညာပေး

စားသုံးသူရေးရာဦးစီးဌာန၊ ရန်ကုန်တိုင်းဒေသကြီး၊ မြောက်ပိုင်းခရိုင် ဦးစီးမှူးရုံးမှ ဝန်ထမ်းများသည် အောက်တိုဘာ ၅ ရက်က လှိုင်သာယာမြို့နယ်အတွင်းရှိ အခြေခံပညာ အထက်တန်းကျောင်းများဖြစ်သည့် အမှတ်(၁)နှင့် အမှတ်(၅)၊ အမှတ်(၇)ကျောင်းများသို့ ဟောပြောပွဲများကျင်းပခြင်းနှင့် ဆရာ/ဆရာမများနှင့်အတူ ကျောင်းမုန့်ဈေးတန်းများသို့ ကွင်းဆင်းပညာပေးလုပ်ငန်းများ ဆောင်ရွက်ခဲ့ပါသည်။

အမှတ်(၁)အခြေခံပညာ အထက်တန်းကျောင်းသို့ စားသုံးသူအကာအကွယ်ပေးရေးအသိပညာပေး ဟောပြောပွဲကျင်းပရာတွင် ကျောင်းအုပ်ဆရာမကြီး ဒေါ်အေးအေးကျွေက အဖွင့်အမှာစကားပြောကြားပြီး မြောက်ပိုင်းခရိုင်ဦးစီးမှူးရုံးမှ ဒုတိယခရိုင်ဦးစီးမှူး ဒေါ်ထားထားလှိုင်က စားသုံးသူ အကာအကွယ်ပေးရေးဥပဒေပါ စားသုံးသူ၏ အခွင့်အရေးနှင့် တာဝန်များ၊ စီးပွားရေးလုပ်ငန်းရှင်၏ အခွင့်အရေးနှင့် တာဝန်များ၊ စီးပွားရေးလုပ်ငန်းရှင်အတွက် တားမြစ်ချက်များ၊ စားသုံးသူအငြင်းပွားမှုဖြေရှင်းရေးအဖွဲ့၏ လုပ်ငန်းတာဝန်များ၊ ပြစ်မှုပြစ်ဒဏ်များ၊ ကုန်စည်/ဝန်ဆောင်မှုများကို ဝယ်ယူအသုံးပြုရာတွင် သတိပြုရမည့် အချက်များကိုလည်းကောင်း၊ ကုန်စည်/ဝန်ဆောင်မှုများနှင့် ပတ်သက်၍ နစ်နာမှုများကို ခရိုင်ဦးစီးမှူးရုံးရှိ (CICC)သို့ တိုင်ကြားနိုင်သည့် နည်းလမ်းများကိုလည်းကောင်း၊ တိုင်ကြားမှုများအပေါ် ဖြေရှင်းဆောင်ရွက်ထားရှိမှုများကိုလည်းကောင်း၊ ကျောင်းသားလူငယ်များသည် ငယ်ရွယ်စဉ်ကပင် ကုန်စည်/ဝန်ဆောင်မှုများကို ရွေးချယ်ဝယ်ယူနိုင်သည့် အလေ့အကျင့်ကောင်းများရရှိစေရန် ရည်ရွယ်၍ လည်းကောင်း၊ စားသုံးသူအခွင့်အရေးကိုပိုမိုသိရှိနားလည်ပြီး စားသုံးသူ အကာအကွယ်ပေးရေး လုပ်ငန်းများတွင် ပူးပေါင်းပါဝင်ဆောင်ရွက်စေရန် ရည်ရွယ်၍ ဟောပြောပွဲများ လာရောက်ကျင်းပခြင်းဖြစ်ကြောင်း အကျယ်တဝင့် ဟောပြောဆွေးနွေးခဲ့ပါသည်။ ဟောပြောဆွေးနွေးပြီးနောက် ဆရာ/ဆရာမများနှင့်အတူ ကျောင်းမုန့်ဈေးရောင်းချမှုများကို ကွင်းဆင်းပညာပေးခဲ့ပါသည်။

အလားတူ အမှတ်(၅)နှင့် အမှတ်(၇) အခြေခံပညာ အထက်တန်းကျောင်းများတွင် ဒုတိယဦးစီးမှူး ဒေါ်နီလာသန်းနှင့် ဒုတိယဦးစီးမှူး ဒေါ်လဲ့လဲ့စိုးတို့က စားသုံးသူအကာအကွယ်ပေးရေး အသိပညာပေး ဟောပြောပွဲများကို ကျင်းပခဲ့ပြီး၊ တာဝန်ခံဆရာမများနှင့်အတူ ကျောင်းမုန့်ဈေးတန်းများသို့ ကွင်းဆင်းပညာပေးလုပ်ငန်းများ ဆောင်ရွက်ခဲ့ပါသည်။ ဟောပြောပွဲများသို့ အမှတ်(၁) အခြေခံပညာ အထက်တန်းကျောင်းတွင် ဆရာ/ဆရာမ၊ ကျောင်းသား/သူနှင့် ကျောင်းမုန့်ဈေးတန်းရောင်းချသူ စုစုပေါင်း (၂၇၀)ဦး၊ အမှတ်(၅) အခြေခံပညာ အထက်တန်းကျောင်းတွင် ဆရာ/ဆရာမ၊ ကျောင်းသား/သူ နှင့် ကျောင်းမုန့်ဈေးတန်းရောင်းချသူ စုစုပေါင်း ၁၅၀ ဦးနှင့် အမှတ်(၇)အခြေခံပညာ အထက်တန်းကျောင်းတွင် ဆရာ/ဆရာမ၊ ကျောင်းသား/သူနှင့် ကျောင်းမုန့်ဈေးတန်းရောင်းချသူ စုစုပေါင်း ၂၇၀ ဦး တက်ရောက်ခဲ့ပြီး တက်ရောက်လာသူများကို 'စားသုံးသူ ပြည်သူများ အန္တရာယ်ကင်းစေဖို့ ပူးပေါင်းဆောင်ရွက်ကြပါစို့' စာတမ်းပါ လက်ကမ်းစာစောင်များ ဖြန့်ဝေပေးခဲ့ပါသည်။

**ထားလှိုင် (ရန်ကုန်)**

## ကတ်တမင်း (Ketamine) ဟု ယူဆရသော အဖြူရောင်ပုံဆောင်ခဲများဖမ်းဆီးရမိ

တာချီလိတ်-မယ်ယန်းကွင်းအတွင်း ၂၀၁၈ အောက် ၅ ၀၉၂၅ အချိန် မိုင်းကိုးဘက်မှ တာချီလိတ်ဘက်သို့ စိုင်းဆန်နွမ်း(ကျား) (၁၃/တခလ(နိုင်)၀၀၀၀၅၄၇၉၉) (အဖ ဦးစိုင်းအင်ကျောက်) မောင်းနှင်လာသော နံပါတ်မပါ Honda MSX အမျိုးအစား အဖြူရောင် ဆိုင်ကယ်အား မယ်ယမ်းကုန်သွယ်ရေးစခန်းတွင် မူယစ်တပ်စုနှင့် OSS ပူးပေါင်းအဖွဲ့တို့မှ ရပ်တန့်စစ်ဆေးရှာဖွေခဲ့ရာ စိုင်းဆန်နွမ်းလွယ်ထားသည့် MTH စာတန်းပါ အဝါညစ်ရောင် ချည်လွယ်အိတ်အတွင်း ကတ်တမင်း (Ketamine) ဟု ယူဆရသော အဖြူရောင်ပုံဆောင်ခဲ အလေးချိန် (၆၅၀) ဂရမ်ခန့် (တန်ဖိုး ကျပ် ၆၅ သိန်းခန့်) တွေ့ရှိရသဖြင့် အမှုဖွင့်အရေးယူနိုင်ရေး ဆောင်ရွက်လျက်ရှိကြောင်း သတင်း ရရှိပါသည်။ **ခိုင် (တာချီလိတ်)**

## မိတ္ထီလာခရိုင်တွင် ငရုတ်မျိုးကောင်းများ စိုက်ပျိုးနေ

မိတ္ထီလာခရိုင်အနေဖြင့် ငရုတ်ကို ၂၅၀၃၁ ဧကစိုက်ပျိုးနိုင်ခဲ့ကြောင်း သက်ဆိုင်ရာဌာန၏ စာရင်းများအရ သိရှိရပါသည်။ ငရုတ်မိုးထောင်မျိုးကိုသာ အများဆုံးစိုက်ပျိုးကြပြီး ဇွန်၊ ဇူလိုင်လတွင် စတင်စိုက်ပျိုးကြကာ ဩဂုတ်၊ စက်တင်ဘာလတွင် ခူးဆွတ်ရိတ်သိမ်းကြကြောင်း ရာသီဥတု အပေါ် လိုက်၍ ဒီဇင်ဘာလအထိ ခူးဆွတ်နိုင်ကြောင်း သိရပါသည်။ ငရုတ်အခြောက် တစ်ဧကပျမ်းမျှအထွက်နှုန်းအနေဖြင့် ပိဿာ ၂၀၀ ဝန်းကျင်ထွက်ရှိပါသည်။ အကျိုးအမြတ်အနေဖြင့် မြေပြုပြင်ခြင်းမှ ရိတ်သိမ်းခူးဆွတ်ပြီးသည်အထိ ပျမ်းမျှ တစ်ဧကကုန်ကျစရိတ် ကျပ် ၃၅၀၀၀၀ မှ ၄၀၀၀၀၀ ဝန်းကျင်ကုန်ကျ၍ တောင်သူရောင်းဈေးတစ်ပိဿာ ကျပ် ၂၃၀၀ မှ ၂၅၀၀ ဖြင့် ရောင်းချလျှင် တစ်ဧက အကျိုးအမြတ် ကျပ် ၁၀၀၀၀၀ မှ ၁၅၀၀၀၀ ခန့်အမြတ်ရရှိကြောင်း သိရပါသည်။ ယခုလက်ရှိပေါက်ဈေးနှုန်းတစ်ပိဿာ ကျပ် ၃၀၀၀ မှ ၃၃၀၀ ဈေးဖြစ်ပြီး ဈေးကွက်အနေဖြင့် ရန်ကုန်၊ မော်လမြိုင်၊ မြဝတီမြို့များသို့ အဓိက တင်ပို့ရောင်းချကြကြောင်း၊ ယခုနှစ် အထွက်နှုန်းကောင်းမွန်ကြောင်း ငရုတ်ကုန်သည်များထံမှ သိရပါသည်။

**မူမူသန်း(မိတ္ထီလာ)**

## ပုသိမ်မြို့ပေါ်တွင် ဒေသထွက်ရာသီကုန် ဖျုံဥ အရောင်းအဝယ်ဖြစ်လျက်ရှိ

ပုသိမ်မြို့ပေါ်တွင် ပြည်ပဈေးကွက် ဝယ်လိုအားရှိသော ဖျုံဥဈေးကွက်မှာ ဒေသထွက်ရာသီကုန်အဖြစ် ဩဂုတ်လဝန်းကျင်မှ စတင်ကာ ဈေးကွက်သို့ဝင်ရောက်လျက်ရှိပြီး အောက်တိုဘာဝန်းကျင် မိုးကုန်ခါနီးရောက်လျှင် အရောင်းပါး၍ နောက်ပိုင်းတွင် အရောင်းအဝယ်မရှိတော့ကြောင်း သိရသည်။

သဘာဝအလျောက် အလေ့ကျပေါက်လျက်ရှိသော ဖျုံဥများကို ဒေသခံများမှ ဈေးကွက်သို့ရောင်းချခြင်း ကြောင့် မိသားစုအပိုဝင်ငွေရရှိပြီး ချောင်းသာ/ ငွေဆောင်ကားလမ်းဘေးရှိ တောင်စောင်းများ၊ သလပ်ခွာ၊ ရှမ်းရွာ ကျေးရွာများနှင့် ငပုတောမြို့နယ်တို့မှလည်း ပုသိမ်ဈေးကွက်သို့ လာရောက်ရောင်းချလျက်ရှိပြီး ဖျုံဥပေါ်စက တစ်ပိဿာလျှင် ကျပ် ၄၀၀-၄၅၀ ဈေးသာရှိသော်လည်း ယခု ဖျုံဥရာသီပြီးဆုံးကာနီးတွင် တစ်ပိဿာကို ကျပ် ၆၀၀-၆၅၀ ဖြင့် အရောင်းအဝယ်ဖြစ်လျက်ရှိကြောင်း၊ ဝယ်ယူထားသောဖျုံဥများကို ရေဆေး ဓားဖြင့်ခြစ်ကာ အခြောက်ခံ၍ ရန်ကုန်၊ မန္တလေး ဈေးကွက်မှတစ်ဆင့် ပြည်ပနိုင်ငံများသို့ တင်ပို့ရောင်းချလျက်ရှိပြီး ပြည်ပနိုင်ငံများတွင် ဖျုံဥကို အလှကုန်နှင့် စားသောက်ကုန်များတွင် အသုံးပြုလျက်ရှိကြောင်း ဈေးကွက်မှ သိရသည်။ **ရာမြေ(ပုသိမ်)**

# လက်လီ/လက်ကားရောင်းချခွင့် လုပ်ငန်းမှတ်ပုံတင် လာရောက်လျှောက်ထားသည့် ကုမ္ပဏီများအပေါ် မှတ်ပုံတင်ခွင့်ပြုထုတ်ပေးမှု အခြေအနေများ

လင်းမျိုးသာ (DOT)

စီးပွားရေးနှင့် ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာနအနေဖြင့် နိုင်ငံခြားသားကုမ္ပဏီ၊ မြန်မာနိုင်ငံသားနှင့် နိုင်ငံခြားသားပေါင်းစည်း ဆောင်ရွက်သည့် ကုမ္ပဏီများအား ပြည်တွင်းတွင် လက်လီ၊ လက်ကားရောင်းချခွင့်ပြုခြင်းကို ၂၀၁၈ ခုနှစ်၊ မေလ ၉ ရက်တွင် အမိန့်ကြော်ငြာစာအမှတ်(၂၅/၂၀၁၈)ဖြင့် ထုတ်ပြန်ကြေညာ၍ ခွင့်ပြုခဲ့ပါသည်။

လက်လီ/လက်ကားရောင်းချခွင့်ပြုပြီးနောက် လုပ်ငန်းရှင်များမှ မှတ်ပုံတင်လျှောက်ထားရာတွင် ပိုမိုရှင်းလင်းလွယ်ကူစေရန်အတွက် လက်လီ/လက်ကား ရောင်းချခွင့်လုပ်ငန်းမှတ်ပုံတင် လျှောက်ထားခြင်းဆိုင်ရာလုပ်ငန်းစဉ် (SOP) ကို သတင်းလွှာ(၂/၂၀၁၈)ဖြင့်လည်းကောင်း၊ နိုင်ငံခြားသားကုမ္ပဏီ၊ မြန်မာနိုင်ငံသားနှင့် နိုင်ငံခြားသား ပေါင်းစည်းဆောင်ရွက်သည့် ကုမ္ပဏီများအား လက်လီ/လက်ကားရောင်းချ ခွင့်ပြုသည့် ဦးစားပေး ကုန်ပစ္စည်းအုပ်စုစာရင်းကို သတင်းလွှာ (၃/၂၀၁၈)ဖြင့်လည်းကောင်းအသီးသီးထုတ်ပြန်ခဲ့ပါသည်။

အမိန့်ကြော်ငြာစာ ထုတ်ပြန်ပြီးနောက် လက်ရှိအချိန်အထိ လက်လီ/လက်ကားရောင်းချခွင့် လုပ်ငန်းမှတ်ပုံတင်လျှောက်ထားလာသည့် နိုင်ငံခြားကုမ္ပဏီနှင့် မြန်မာနိုင်ငံသားကုမ္ပဏီ စုစုပေါင်း ရှစ်ခုရှိပြီဖြစ်ပါသည်။ အဆိုပါ ကုမ္ပဏီရှစ်ခုမှ အမိန့်ကြော်ငြာစာပါ စည်းကမ်းသတ်မှတ်ချက်များနှင့် ကိုက်ညီ၍ လက်လီနှင့် လက်ကား ရောင်းချခွင့်လုပ်ငန်းမှတ်ပုံတင်ကတ် ခွင့်ပြုထုတ်ပေးပြီးသည့် ကုမ္ပဏီ လေးခုရှိပြီးဖြစ်ပါသည်။ အဆိုပါ ကုမ္ပဏီလေးခုတွင် နိုင်ငံခြားသားရာနှုန်းပြည့်ပိုင်ဆိုင်သော ကုမ္ပဏီတစ်ခု၊ နိုင်ငံခြားသားနှင့် နိုင်ငံသား ပေါင်းစည်းဆောင်ရွက်သည့် ကုမ္ပဏီနှစ်ခု၊ မြန်မာနိုင်ငံသားရာနှုန်းပြည့်ပိုင်ဆိုင်သည့် ကုမ္ပဏီတစ်ခု တို့ဖြစ်ပါသည်။

ကျန်ကုမ္ပဏီ ၄ ခုအနက် မြန်မာနိုင်ငံသားရာနှုန်းပြည့်ပိုင်ဆိုင်သည့် ကုမ္ပဏီ ၃ ခုမှ တာဝန်သိစွာ လက်လီရောင်းချခွင့် မှတ်ပုံတင် လာရောက်လျှောက်ထားလာရာ ယင်းကုမ္ပဏီတင် ပြချက်များအရ ဆိုင်တစ်ဆိုင်ချင်းစီတွင် ရောင်းချသော ကုန်ပစ္စည်း၏ တန်ဖိုးမှာ အမေရိကန်ဒေါ်လာ ခုနစ်သိန်းအောက်ဖြင့် ဆောင်ရွက်နေသည်ကို စိစစ်တွေ့ရှိရသည့်အတွက် လက်လီ/လက်ကား မှတ်ပုံတင်ခြင်းမှ ကင်းလွတ်ထားသည့် အုပ်စုတွင် အကျုံးဝင်သဖြင့် ယင်းမြန်မာကုမ္ပဏီ သုံးခုအား စီးပွားရေးနှင့် ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာနမှ အသိအမှတ်ပြု မှတ်တမ်းတင်ထားမည်ဖြစ်ပါသည်။

ကျန်နိုင်ငံခြားသားနှင့် နိုင်ငံသား ပေါင်းစပ်ဆောင်ရွက်သည့် ကုမ္ပဏီတစ်ခုမှ လက်ကားရောင်းချခွင့် မှတ်ပုံတင်လျှောက်ထားရာတွင် ရောင်းချမည့် ကုန်ပစ္စည်းသည် လက်ရှိနိုင်ငံခြားကုမ္ပဏီ၊ နိုင်ငံခြားဖက်စပ်ကုမ္ပဏီများကို ရောင်းချခွင့်ပြုသော ဦးစားပေးကုန်ပစ္စည်း အုပ်စုစာရင်းတွင် ပါဝင်ခြင်းမရှိသဖြင့် လက်ကားရောင်းချခွင့်မှတ်ပုံတင်ခွင့်ပြု၍မရ ကြောင်းအကြောင်းကြားထားပြီးဖြစ်ပါသည်။

နိုင်ငံခြားကုမ္ပဏီ/နိုင်ငံခြား ဖက်စပ်ကုမ္ပဏီများအတွက် ရောင်းချမည့် ကုန်ပစ္စည်းအတွက် သတ်မှတ်ထားသော ကနဦးရင်းနှီးမြှုပ်နှံမှုပမာဏကို ပြည်ပဘဏ်တစ်ခုခုမှ ပြည်တွင်းဘဏ် တစ်ခုခုသို့ လွှဲပြောင်းကြောင်း အထောက်အထားပြသရန် သတ်မှတ်ထားပြီး ယင်းအထောက်အထားအား တစ်လအတွင်းတင်ပြမည်ဖြစ်ကြောင်း ဝန်ခံကတိနှင့်တကွ အခြားသတ်မှတ် အထောက်အထားပြည့်စုံစွာဖြင့် လက်လီ/လက်ကားရောင်းချခွင့် မှတ်ပုံတင်လျှောက်ထားလာပါက ယာယီမှတ်ပုံတင်ကတ်သာ ခွင့်ပြုထုတ်ပေးထားခြင်း ဖြစ်ရာအဆိုပါ ယာယီမှတ်ပုံတင်အားကုမ္ပဏီ ၂ ခုသို့ ခွင့်ပြုထားပါသည်။

လက်လီ/လက်ကားရောင်းချခွင့်လုပ်ငန်း ယာယီမှတ်ပုံတင် လက်မှတ်သာရရှိသူသည် ယာယီမှတ်ပုံတင်ရရှိ သည့်နေ့မှ ရက်(၃၀) အတွင်း ပြည်ပမှ ပြည်တွင်းဘဏ်တစ်ခုခုသို့ အနည်းဆုံး သတ်မှတ် ပမာဏကို ငွေလွှဲပြောင်း/ဖြည့်သွင်းပြီးကြောင်း အထောက်အထား တင်ပြရမည်ဖြစ်ပြီး ယင်းသို့ တင်ပြနိုင်ခြင်းမရှိပါက အဆိုပါ ယာယီ မှတ်ပုံတင်ကို ပယ်ဖျက်သွားမည်ဖြစ်ကြောင်း သတ်မှတ်ချက်အား (SOP) တွင် ဖော်ပြထားပြီးဖြစ်ပါသည်။

မြန်မာနိုင်ငံသား အပြည့်အဝ ဆောင်ရွက်သည့်ကုမ္ပဏီများ အတွက် လက်လီ/လက်ကား ရောင်းချခွင့် အမိန့်ကြော်ငြာစာအရ လက်လီ/လက်ကားဆိုင် တစ်ဆိုင်ချင်းစီတွင် ရောင်းချသည့်ပစ္စည်း အပေါ် ကနဦးရင်းနှီးမြှုပ်နှံမှုပမာဏ အမေရိကန်ဒေါ်လာ (၇)သိန်း နှင့်အထက် သို့မဟုတ် ယင်းနှင့်ညီမျှသော မြန်မာကျပ်ငွေဖြင့် ဆောင်ရွက်လျက်ရှိသည့်ကုမ္ပဏီများသာ လက်လီ/ လက်ကားရောင်းချခွင့် လုပ်ငန်းမှတ်ပုံတင်လျှောက်ထားရန် သတ်မှတ်ထားပြီး ယင်းပမာဏ အောက်ဖြင့် ဆောင်ရွက်သော မြန်မာနိုင်ငံသား ကုမ္ပဏီများကို လက်လီ/လက်ကား ရောင်းချခွင့်မှတ်ပုံတင်ခြင်းမှ ကင်း လွတ်ခွင့်ပြုထားပါသည်။

သို့ဖြစ်ပါ၍ လက်လီ/လက်ကားရောင်းချခွင့်အမိန့်ကြော်ငြာစာ ထုတ်ပြန်ပြီးချိန်မှစ၍ လက်ရှိအချိန်အထိ စီးပွားရေးနှင့် ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာနမှ သတ်မှတ်ထုတ်ပြန်ထားသော စည်းမျဉ်းစည်းကမ်းများကို လိုက်နာပြီး လက်လီ/လက်ကားရောင်းချခွင့်လုပ်ငန်းမှတ်ပုံတင် လာရောက်လျှောက်ထားသည့် မြန်မာနိုင်ငံသား အပြည့်အဝဆောင်ရွက်သည့် ကုမ္ပဏီ၊ မြန်မာနိုင်ငံသားနှင့် နိုင်ငံခြားသား ပူးပေါင်းဆောင်ရွက်သော ကုမ္ပဏီနှင့် နိုင်ငံခြားသား ကုမ္ပဏီများအား အသိအမှတ်ပြုဖော်ပြလိုက်ခြင်းပါသည်။

လက်လီ/လက်ကား ရောင်းချခွင့်ဆိုင်ရာ အမိန့်ကြော်ငြာစာ၊ သတင်းလွှာထုတ်ပြန်ခြင်းများနှင့် ခွင့်ပြုထားပြီးဖြစ်သည့် ကုမ္ပဏီစာရင်းများကို စီးပွားရေးနှင့် ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာန၏ Website ဖြစ်သော www.commerce.gov.mm တွင် ဝင်ရောက်လေ့လာကြည့်ရှုနိုင်ပါသည်။

### လက်လီလက်ကားရောင်းချခွင့်လုပ်ငန်းမှတ်ပုံတင်ကတ် လျှောက်ထားလာသောကုမ္ပဏီများစာရင်း

(၁) လက်လီ/လက်ကားရောင်းချခွင့်လုပ်ငန်းမှတ်ပုံတင်ကတ်ထုတ်ပေးပြီးကုမ္ပဏီ(၄) ခု

| စဉ် | ကုမ္ပဏီ အမည် | ကုမ္ပဏီအမျိုးအစား | ရောင်းချမည့် အမျိုးအစား | ရောင်းချ/ ဖြန့်ဖြူးမည့် ကုန်ပစ္စည်းအုပ်စုစာရင်း | လက်လီ/ လက်ကားမှတ်ပုံတင် အမှတ်နှင့်ခွင့်ပြုထုတ်ပေးသည့် ရက်စွဲ | မှတ်ချက် |
|---|---|---|---|---|---|---|
| ၁ | MYCARE Unicharm Co.,Ltd. | 100% foreign | လက်ကား | Baby Diapers,Adult Diapers, Sanitary, Napkins, Sanitary Panty-Liner, Baby Wet-Tissue, Mask, Cosmetic Puffs | W-0001 (26-9-2018) | Temporary Card ထုတ်ပေးထားခြင်းဖြစ်ပါသည်။ |
| ၂ | Pacific Andaman (SEA) Co.,Ltd., | JV | လက်ကား | အမျိုးသမီးနှင့် ကလေးတစ်ကိုယ်ရေသန့်ရှင်း ရေးသုံးပစ္စည်းများ၊ ဆေးပလာစတာများ၊ အိမ်သန့်ရှင်းရေးသုံးပစ္စည်းများ၊ စားသောက်ကုန်ပစ္စည်းများနှင့် အချိုရည်များ၊ | W-0002 (27-9-2018) | Temporary Card ထုတ်ပေးထားခြင်းဖြစ်ပါသည်။ |
| ၃ | AEON Orange Co.,Ltd., | JV | လက်လီ | ဦးစားပေးရောင်းချခွင့်ပြုသည့်ကုန်ပစ္စည်း အုပ်စု (၁၅)မျိုး၊ | R-0001 (10-10-2018) | လက်လီမှတ် ပုံတင်ကတ် ထုတ်ပေးထားခြင်းဖြစ်ပါသည်။ |
| ၄ | City Mart Holding Co.,Ltd | 100% Myanmar Citizen | လက်လီ | မီနီမားကက်တွင် ရောင်းချမည့်ပစ္စည်းများ | R-0002 (10-10-2018) | လက်လီမှတ် ပုံတင်ကတ် ထုတ်ပေးထားခြင်းဖြစ်ပါသည်။ |

(၂) မြန်မာနိုင်ငံသားအပြည့်အဝဆောင်ရွက်သောကုမ္ပဏီများအတွက်ဆိုင်တစ်ဆိုင်ချင်းစီတွင် ရောင်းချသောကုန်ပစ္စည်း၏ တန်ဖိုးသည့် ကန်ဒေါ်လာ(၇)သိန်းအောက်ဖြင့်သာဆောင်ရွက်ခြင်းဖြစ်သည့်အတွက် မှတ်ပုံတင်ရန်အကျုံးဝင်မှုမရှိသဖြင့် လက်လီ/လက်ကားရောင်းချခွင့်အတွက် တာဝန်သိစွာမှတ်ပုံတင်လျှောက်ထားမှုအပေါ် အသိအမှတ်ပြုမှတ်တမ်းထားရှိသည့် ကုမ္ပဏီ(၃)ခု

| စဉ် | ကုမ္ပဏီ အမည် | ကုမ္ပဏီအမျိုးအစား | ရောင်းချမည့်အမျိုးအစား | ရောင်းချ/ ဖြန့်ဖြူးမည့် ကုန်ပစ္စည်းအုပ်စုစာရင်း | မှတ်ချက် |
|---|---|---|---|---|---|
| ၁ | Myanmar Convenience Store Co.,Ltd. | 100% Myanmar Citizen | လက်လီ | စားသောက်ကုန်၊ လူသုံးကုန်၊ ဆေးပစ္စည်းအပါအဝင် ပစ္စည်းအုပ်စု (၁၂)ခု | |
| ၂ | Denko Trading Co., Ltd. | 100% Myanmar Citizen | လက်လီ/ လက်ကား | စက်သုံးဆီနှင့် Mini Mart | |
| ၃ | Thiri Cosmetic Co.,Ltd. (Mistine) | 100% Myanmar Citizen | လက်လီ/ လက်ကား | အလှကုန်ပစ္စည်းများ | |

# မြန်မာနိုင်ငံ ဖွံ့ဖြိုးတိုးတက်ရန် အရေးပါသော ကဏ္ဍလေးခုအတွက် စက်မှုလုပ်ငန်းနှင့် အခြေခံအဆောက်အအုံဆိုင်ရာ ပြပွဲကျင်းပ

မြန်မာနိုင်ငံ ဖွံ့ဖြိုးတိုးတက်ရန် အရေးပါသော ကဏ္ဍ ၄ ခုအတွက် စက်မှုလုပ်ငန်းနှင့် အခြေခံအဆောက်အအုံဆိုင်ရာပြပွဲကို ရန်ကုန်မြို့ရှိ Yangon Convention Center တွင် အောက်တိုဘာ ၁၁ ရက်မှ ၁၃ ရက်အထိ ကျင်းပခဲ့သည်။

အဆိုပါပြပွဲကြီးတွင် Construction, Power and Mining Myanmar 2018, Intermach Myanmar, MTA Myanmar and Subcon Myanmar 2018, Myanmar Water 2018, Renewable Energy Myanmar 2018 စသည့် ကဏ္ဍကြီးလေးခုကို စုပေါင်းပြသပြီး နိုင်ငံတကာ ပြခန်း ၁၆ ခန်း ပါဝင်ပြသခြင်းဖြစ်ကြောင်း သိရသည်။

ပြပွဲတွင် တရုတ်၊ စင်ကာပူ၊ မလေးရှား၊ ထိုင်း၊ ထိုင်ဝမ်၊ အိန္ဒိယ၊ အစ္စရေး၊ ကိုရီးယားနှင့် ဂျပန်နိုင်ငံတို့ အပါအဝင်နိုင်ငံပေါင်း ၂၃ နိုင်ငံမှ ကုမ္ပဏီပေါင်း ၃၅၀ တို့က စက်မှုလုပ်ငန်းသုံး စက်ပစ္စည်းများ၊ လုပ်ငန်းခွဲဝေအပ်နှံခြင်း၊ အဆောက်အအုံနှင့် ဆောက်လုပ်ရေး၊ သတ္တုတူးဖော်ရေး၊ ရေနှင့် ရေဆိုးစီမံခန့်ခွဲရေး၊ စွမ်းအင်နှင့် ပြန်ပြည့်မြဲ



စွမ်းအင်တို့အပါအဝင် လုပ်ငန်းအမျိုးမျိုးအတွက် နည်းပညာများနှင့် ကိရိယာများကို ပြသထားခြင်းဖြစ်သည်။

ပြပွဲကာလအတွင်းတွင် နည်းပညာဆိုင်ရာ ဆွေးနွေးပွဲများကို ပြုလုပ်သွားမည်ဖြစ်ပြီး ပြည်တွင်းပြည်ပ ကိုယ်စားလှယ်များနှင့် အစိုးရ၊ ပုဂ္ဂလိကပိုင်းဆိုင်ရာတို့ အချင်းချင်း ချိတ်ဆက်နိုင်မည့် အခွင့်အလမ်းများလည်း ရရှိနိုင်ကြောင်း သိရသည်။ စက်မှုလုပ်ငန်းနှင့် အခြေခံအဆောက်အအုံဆိုင်ရာ ပြပွဲကြီးကို UBM Asia မှ စီစဉ်လုပ်ဆောင်ခြင်းဖြစ်ပြီး သက်ဆိုင်ရာဝန်ကြီးဌာန အသီးသီးမှလည်း အသိအမှတ်ပြုထားကြောင်း သိရသည်။

အဆိုပါပြပွဲမှာ စီးပွားရေးဆိုင်ရာ ကျွမ်းကျင်သူများ၊ လုပ်ငန်းရှင်များအတွက် အခမဲ့တက်ရောက်နိုင်သော ပြပွဲတစ်ခုဖြစ်ပြီး ပြပွဲနှင့် ဆက်စပ်လုပ်ငန်းများတွင် ကျွမ်းကျင်သူများ မဖြစ်မနေ တက်ရောက်သင့်ကြောင်း သိရသည်။ **ချောစု**



# တတိယအကြိမ်မြောက် Myanmar Biggest Property Expo ပြုလုပ်မည်

Shwe Property.com မှ စီစဉ်ကျင်းပသည့် တတိယအကြိမ် မြောက် Myanmar Biggest Property Expo ကို အောက်တိုဘာ ၁၉ ရက်မှ ၂၁ ရက်အထိ ရန်ကုန်မြို့ တပ်မတော်ခန်းမတွင် ကျင်းပပြုလုပ်သွားမည်ဖြစ်ကြောင်း သတင်းရရှိသည်။

ယခုပြပွဲတွင် မြန်မာနိုင်ငံမြို့ကြီးများဖြစ်ကြသော ရန်ကုန်၊ မန္တလေး၊ ပြင်ဦးလွင်၊ မုံရွာတို့ရှိ အိမ်ရာစီမံကိန်း ၁၂၀၀ ကျော်ကို ပြသသွားမည်ဖြစ်ပြီး အိမ်ခြံမြေပညာရှင်များ၏ ဆွေးနွေးဟောပြောမှုများ၊ ကံစမ်းမဲအစီအစဉ်များကိုပါ ထည့်သွင်းပြုလုပ်သွားမည်ဖြစ်ကြောင်း သိရသည်။

"ကျွန်တော်တို့ရဲ့ ပြပွဲတိုင်းဟာ လူလတ်တန်းစားကို ဦးတည်ပါတယ်။ ဘာနဲ့တူလဲဆိုတော့ အမေရိကန်၊ ဩစတြေးလျနိုင်ငံလို အခြားနိုင်ငံတော်တော်များများမှာ လူငယ်တိုင်း ကားတစ်စီး ပိုင်ဆိုင်ဖို့ အိပ်မက်ရှိကြပါတယ်။ ဒီပွဲကလည်း အိမ်ပိုင်ကားပိုင်ချင်တဲ့ဆန္ဒကို ဖြည့်ဆည်းပေးချင်ရုံပါပဲ။ ဒီပြပွဲမှာ ကျပ် သိန်း ၂၀၀ ကနေ သိန်း ၂၅၀ ကြား အိမ်ခန်း ၈၀၀ ကျော်၊ ကျပ်သိန်း ၁၆၀ ကနေ သိန်း ၂၀၀ ကြား အိမ်ခန်း ၁၅၀ ကျော်ကို ပြသသွားမယ်။ ပြီးတော့ AYA၊ YOMA နဲ့ KBZ ဘဏ်တွေက အိမ်ရာချေးငွေတာဝန်ခံတွေရှိနေမှာ ဖြစ်တဲ့အတွက် လျှောက်ထားလာတဲ့ အိမ်ရာချေးငွေလုပ်ငန်းစဉ်ကို ပိုပြီး မြန်ဆန်အောင် ဆောင်ရွက်သွားနိုင်မှာ ဖြစ်ပါတယ်" ဟု Shwe Property.com ၏ Managing Director ဖြစ်သူ Mr. Kevin Goos က ပြောသည်။

ShweProperty.com ကို ၂၀၁၁ ခုနှစ်တွင် တည်ထောင်ခဲ့ပြီး Digital Marketing ကို အသုံးပြုကာ အိမ်ခြံမြေ ဝယ်ရောင်းငှားကိစ္စရပ်များကို ဝန်ဆောင်မှုပေးနေကြောင်း သိရသည်။

**သန်းထိုက်အောင်**

# နှစ် ၂၀ အတွင်းဒေါ်လာ ၂၀၀ ဘီလီယံကျော်ရရှိစေမည့် မြန်မာနိုင်ငံ ရင်းနှီးမြှုပ်နှံမှုမြှင့်တင်ရေး စီမံကိန်းစာအုပ်မိတ်ဆက်

တာဝန်ယူမှုရှိသောရင်းနှီးမြှုပ်နှံမှုများ ပိုမိုစီးဝင်လာစေရေးနှင့် လာမည့်နှစ် ၂၀အတွင်း ရင်းနှီးမြှုပ်နှံမှု ပမာဏ အမေရိကန်ဒေါ်လာ ၂၀၀ ဘီလီယံကျော် ရရှိစေရန် မျှော်မှန်းရေးဆွဲထားသည့် မြန်မာနိုင်ငံ ရင်းနှီးမြှုပ်နှံမှုမြှင့်တင်ရေးစီမံကိန်း စာအုပ်မိတ်ဆက်ခြင်း အခမ်းအနားကို အောက်တိုဘာ ၁၀ ရက်က မန္တလေးတိုင်းဒေသကြီးရှိ မန္တလေး ကွန်ဗင်းရှင်းစင်တာတွင် ပြုလုပ်ခဲ့ကြောင်း သတင်းရရှိသည်။

အဆိုပါ အခမ်းအနားသို့ မန္တလေးတိုင်းဒေသကြီးအစိုးရအဖွဲ့၊ သယံဇာတနှင့် သဘာဝပတ်ဝန်းကျင်ထိန်းသိမ်းရေးဝန်ကြီးဦးမျိုးသစ်၊ ဂျပန်အပြည်ပြည်ဆိုင်ရာ ပူးပေါင်းဆောင်ရွက်ရေးအေဂျင်စီ (JICA)၊ GIZ၊ သက်ဆိုင်ရာဝန်ကြီးဌာနများ၊ ရင်းနှီးမြှုပ်နှံမှုနှင့် ကုမ္ပဏီများညွှန်ကြားမှုဦးစီးဌာနနှင့် မီဒီယာများ တက်ရောက်ခဲ့ကြသည်။

ယခုစီမံကိန်းသည် နိုင်ငံတော်အတွက်သာမက ပြည်တွင်းရှိစီးပွားရေးလုပ်ငန်းများအတွက် များစွာအကျိုးရှိနိုင်မည်ဖြစ်ပြီး စီမံကိန်းအောင်မြင်စေရေးအတွက် သက်ဆိုင်သူများအားလုံး ပူးပေါင်းဆောင်ရွက်လိုကြောင်း၊ စီမံကိန်းကို မြန်မာနိုင်ငံ ရင်းနှီးမြှုပ်နှံမှု ကော်မရှင်နှင့် ဂျပန်အပြည်ပြည်ဆိုင်ရာ ပူးပေါင်းဆောင်ရွက်ရေးအေဂျင်စီ (JICA)တို့ ပူးပေါင်း၍ ရေးဆွဲခဲ့ခြင်းဖြစ်ပြီး ရင်းနှီးမြှုပ်နှံမှု ရည်မှန်းချက်များအား မဟာဗျူဟာများချမှတ်ကာ လုပ်ငန်းအဖွဲ့များ ဖွဲ့စည်း အကောင်အထည်ဖော်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း ရင်းနှီးမြှုပ်နှံမှုနှင့် ကုမ္ပဏီများညွှန်ကြားမှုဦးစီးဌာန ညွှန်ကြားရေးမှူးချုပ်၊ မြန်မာနိုင်ငံရင်းနှီးမြှုပ်နှံမှုကော်မရှင် အတွင်းရေးမှူး ဦးအောင်နိုင်ဦးက ပြောသည်။

မြန်မာနိုင်ငံ ရင်းနှီးမြှုပ်နှံမှုမြှင့်တင်ရေးစီမံကိန်းစာအုပ်ကို ရင်းနှီးမြှုပ်နှံမှုနှင့် ကုမ္ပဏီများ ညွှန်ကြားမှုဦးစီးဌာန၏ Website တွင် ဒေါင်းလုတ်ရယူနိုင်ကြောင်း သိရသည်။

**သန်းထိုက်အောင်**

# အောင်လအန်ဆန်ပါဝင်ထိုးသတ်မည့် Pursuit of Greatness တွဲဆိုင်း အပြည့်အစုံကို ထုတ်ပြန်ကြေညာ

ကိုယ်ခံပညာအားကစားပြိုင်ပွဲများကို ဦးစီးကျင်းပလျက်ရှိသော ONE Championship(ONE)က အောက်တိုဘာ ၂၆ ရက်တွင် သုဝဏ္ဏ မိုးလုံလေလုံအားကစားကွင်း၌ ကျင်းပမည့် One: PURSUIT OF GREATNESS ပွဲအတွက် တွဲဆိုင်း အပြည့်အစုံကို ထုတ်ပြန်ကြေညာလိုက်ကြောင်း သိရသည်။

အဓိကပွဲစဉ်အနေနှင့် လက်ရှိဝမ်း မစ်ဒယ်ဝိတ်ကမ္ဘာ့ချန်ပီယံဖြစ်သူ မြန်မာ့စပါးအုံးအောင်လအန်ဆန်က ချန်ပီယံခါးပတ်ကိုကာကွယ်ရန် လက်ဘနွန်နိုင်ငံသား မိုဟာမတ် ခရာကီနှင့် ယှဉ်ပြိုင် ထိုးသတ်သွားမည်ဖြစ်ကြောင်း သိရသည်။

ထို့ပြင် အဓိကတွဲဆိုင်းများအဖြစ် ကိုယ်ခံပညာသိုင်းပေါင်းစုံ ၇၀ ဒသမ ၃ ကီလိုဂရမ်တန်းတွင် Rafael Nunes နှင့် Movlid Khaibulaev ၊ Emilio Urrutia နှင့် Kazuki Tokudome၊ ဖိုးသော်နှင့် Keanu Subba တို့မှလည်းကောင်း၊ ကိုယ်ခံပညာသိုင်းပေါင်းစုံ ၅၆ ဒသမ ၇ ကီလိုဂရမ်တန်း တွင် Dejdamrong Sor Amnuaysirichoke နှင့် Himanshu Kaushik၊ ရဲသွေးနီနှင့် မိုက်ရိုင်းတို့မှလည်းကောင်း၊ ကိုယ်ခံပညာ သိုင်းပေါင်းစုံ ၆၅ ဒသမ၈ ကီလို ဂရမ်တန်းတွင် Ma Xu Dong နှင့် Ahmad Qais Jasoor ၊ ကိုယ်ခံပညာ သိုင်းပေါင်းစုံ ၈၃ ဒသမ ၉ ကီလိုဂရမ်တန်းတွင် Luis Santos နှင့် Daichi Abe၊ ကိုယ်ခံပညာသိုင်းပေါင်းစုံ ၆၁ ဒသမ ၂ ကီလိုဂရမ်တန်းတွင် Rudy Agustian နှင့် Asraful Islam တို့ ပါဝင်ကြောင်း သိရသည်။

One Super Series Kickboxing ပြိုင်ပွဲတွင် ၁၀၂ ဒသမ ၁ ကီလိုဂရမ်တန်းအတွက် Ibrahim El Bouni နှင့် Tarik Khbabez၊ ၆၁ ဒသမ ၂ ကီလိုဂရမ်တန်းအတွက် Joseph Lasiri နှင့် Josh Tonna၊ ၆၅ ဒသမ ၈ကီလိုဂရမ်တန်းအတွက် Han Zi Hao နှင့် Ryan Jakiri တို့ ယှဉ်ပြိုင် ထိုးသတ်မည်ဖြစ်ကြောင်း သိရသည်။

**သန်းထိုက်အောင်**

# 4G+ဒေတာဝန်ဆောင်မှုအား ဒစ်ဂျစ်တယ်နည်းဖြင့်ငွေပေးချေနိုင်ရန် အနန္တနှင့် Wave Money တို့မိတ်ဖက်အဖြစ် ပူးပေါင်းလုပ်ဆောင်

အနန္တ၏ 4G+ ဒေတာဝန်ဆောင်မှုကို ဒစ်ဂျစ်တယ်နည်းဖြင့် ငွေပေးချေနိုင်ရန် အနန္တနှင့် Wave Money တို့မိတ်ဖက်အဖြစ် ပူးပေါင်းလုပ်ဆောင်လိုက်ပြီဖြစ်သည်။

ယခုကဲ့သို့ ပူးပေါင်းမှုသည် ပြည်တွင်းရှိ ကုန်ပစ္စည်းများနှင့် ဝန်ဆောင်မှုများကို ဝယ်ယူရာ၌ ငွေသား သုံးစရာမလိုဘဲ ငွေပေးချေမှုကို ပြုလုပ်နိုင်စေရန်နှင့် ဒစ်ဂျစ်တယ်နည်းပညာဖြင့် ဆန်းသစ်မှုများကို ဖန်တီးရန် ရည်ရွယ်လုပ်ဆောင်ခြင်းဖြစ်ကြောင်း သိရသည်။

Wave Money နဲ့ အနန္တတို့ရဲ့ ရည်မှန်းချက်က မြန်မာနိုင်ငံကို ဒစ်ဂျစ်တယ် အသွင်ကူးပြောင်းရာမှာ တစ်တပ်တအား ပါဝင်ကူညီနိုင်ဖို့ ရည်ရွယ်ပါတယ်။ Wave Money အနေနဲ့ ဒေသတွင်းမှာရှိတဲ့ အခြားသော အဖွဲ့အစည်းတွေ၊ အွန်လိုင်းကနေ တစ်ဆင့် စီးပွားရေးလုပ်ငန်း လုပ်ဆောင်နေသူတွေ၊ တယ်လီကွန်မြူနီကေးရှင်း ကုမ္ပဏီတွေ၊ ဆန်းသစ်တီထွင်ထားတဲ့ ထုတ်ကုန်အသစ်တွေ၊ အသစ်အသစ်သော တီထွင်ဖန်တီးမှုတွေအတွက် အဆင်ပြေလွယ်ကူအောင် အွန်လိုင်းကနေ ငွေပေးချေနိုင်တဲ့ ပလက်ဖောင်း တစ်ခုကို တည်ဆောက်ထားတာပါ။ အနန္တလို နည်းပညာဝန်ဆောင်မှု ကုမ္ပဏီကို ကမ္ဘာ့အဆင့်အတန်းမီ ဒစ်ဂျစ်တယ်ငွေပေးချေမှုစနစ် ထောက်ပံ့ပေးနိုင်တဲ့အတွက် မြန်မာနိုင်ငံရဲ့ ဒစ်ဂျစ်တယ်အသွင် ကူးပြောင်းမှုရည်မှန်းချက်ကို မြန်မြန်ရောက်ရှိအောင် လုပ်ပေးနိုင်မယ်လို့ ယုံကြည်ပါတယ်"ဟု Wave Money ၏ အမှုဆောင်အရာရှိချုပ်ဖြစ်သူ Brad Jones က ပြောသည်။

Wave Money ကို အသုံးပြု၍ အနန္တဒေတာဝန်ဆောင်မှု ငွေဖြည့်ခြင်းကို အနန္တ အက်ပလီကေးရှင်း၊ Wave Money App တို့အသုံးပြုနိုင်သလို Wave Account နှင့် Wave ကိုယ်စားလှယ်ဆိုင်များမှာလည်း ဖြည့်သွင်းနိုင်ကြောင်း သိရသည်။ မိတ်ဖက်အဖြစ် အကျိုးတူ ပူးပေါင်းခြင်း လက်မှတ်ရေးထိုးပွဲကို ရန်ကုန်မြို့ရှိ နိုဗိုတယ်ဟိုတယ်တွင် အောက်တိုဘာ ၁၀ ရက်က ကျင်းပခဲ့ခြင်းဖြစ်သည်။ **ချောစု**

# တစ်တလီဆိုင်ကလုန်းမုန်တိုင်းကြောင့် အိန္ဒိယအရှေ့ပိုင်းဒေသတွင် အနည်းဆုံး လူရှစ်ဦးသေဆုံး

အောက်တိုဘာ ၁၁ ရက်က အင်အားပြင်းထန်သော ဆိုင်ကလုန်းမုန်တိုင်းတိုက်ခတ်မှုကြောင့် အိန္ဒိယအရှေ့ပိုင်းဒေသတွင် လျှပ်စစ်ဓာတ်အားပြတ်တောက်ခြင်း၊ သစ်ပင်များအမြစ်မှပြိုလဲခြင်း၊ အိမ်များရွှံ့နွံနစ်မြုပ်ခြင်းများဖြစ်ပေါ်ပြီး အနည်းဆုံးလူရှစ်ဦးသေဆုံးသည်ဟု အရာရှိများကပြောကြောင်း နယူးယောက်တိုင်းမ် သတင်းတွင် ဖော်ပြသည်။

ဆိုင်ကလုန်း မုန်တိုင်းတစ်တလီသည် ဘင်္ဂလားပင်လယ်အော်တစ်လျှောက်တိုက်ခတ်ပြီး နောက်ကမ်းခြေဒေသများဖြစ်သည့် ဩရိဿနှင့် အန္ဒရာ



ပရာဒေ့ရှ်ဒေသများသို့ ဆက်လက် တိုက်ခတ်ခဲ့ရာ အောက်တိုဘာ ၁၁ ရက်နံနက်ပိုင်းက ကုန်းတွင်းသို့ ဝင်ရောက်ချိန်တွင် လေတိုက်ခတ်နှုန်းမှာ တစ်နာရီလျှင်ကီလိုမီတာ ၁၅၀ သို့မဟုတ် ၉၅ မိုင်နှုန်းသို့ ရောက်ရှိခဲ့သည်။

ပင်လယ်ပြင်နှင့်နီးစပ်သော လူနေဒေသများတွင် မိုးများသည်းထန်စွာ ရွာသွန်းနေပြီး လေပြင်းများကြောင့် အိမ်မိုးသွပ်များပြုတ်ကျခြင်းနှင့် သစ်ပင်များပြိုလဲခြင်းတို့ကို ဆိုရှယ်မီဒီယာ ဗီဒီယိုများတွင် တွေ့ရသည်။

ဩရိဿဒေသတွင် အသေအပျောက်မရှိကြောင်း ကယ်ဆယ်ရေးမဟာမင်းကြီးက သတင်းထောက်များကို ပြောသည်။

သို့သော်လည်း အိမ်နီးချင်းဒေသဖြစ်သည့် အန္ဒရာပရာဒေ့ရှ်ပြည်နယ်တွင် ငါးဖမ်းသမားအုပ်စုတစ်စုနှင့် ကမ်းခြေဒေသဆရီကာကူလမ်ခရိုင်မှ လူနှစ်ဦးအပါအဝင် အနည်းဆုံး လူရှစ်ဦး သေဆုံးခဲ့ကြောင်း အမျိုးသား သဘာဝဘေးဒဏ် စီမံခန့်ခွဲရေးအာဏာပိုင်အဖွဲ့က ပြောသည်။ လူမည်မျှ ဒဏ်ရာရရှိသည်ကို ရှင်းလင်းစွာ မသိရသေးကြောင်းနှင့် အပျက်အစီးတန်ဖိုးကို ခန့်မှန်းရန် စောသေးကြောင်းလည်း ပြောသည်။

မုန်တိုင်းကုန်းတွင်းပိုင်းသို့ မဝင်ရောက်မီအချိန်ကတည်းကပင် ပြည်နယ်အစိုးရများကလူသိန်းပေါင်းများစွာကို ခိုလှုံရာဒေသ ၁၀၀၀ တွင် ပြောင်းရွှေ့နေရာချထားပေးခဲ့သည်။ ဟင်ဒီဘာသာစကားဖြင့် လိပ်ပြာဟုအဓိပ္ပာယ်ရသော ဆိုင်ကလုန်းတစ်တလီ အိန္ဒိယနိုင်ငံအတွင်းသို့ ဝင်ရောက်တိုက်ခတ်ချိန်တွင် လူသန်းဝက်ခန့် လျှပ်စစ်ဓာတ်အားပြတ်တောက်ခံခဲ့ရပြီး ဒေသတွင်းရှိ လေကြောင်း ခရီးစဉ်များ ဖျက်သိမ်းခဲ့ရသည်။ ရက်သတ္တပတ်ကုန်အထိ ကျောင်းအများအပြားကို ပိတ်ထားရသည်။

**စံမီအောင်**

# ဂျာဗားမြေငလျင်အတွက် ရှာဖွေရေးလုပ်ငန်းများကို အင်ဒိုနီးရှားက ရပ်ဆိုင်းတော့မည်

ယခင်လကဖြစ်ပွားခဲ့သော ငလျင်နှင့် ဆူနာမီရေလှိုင်းများကြောင့် ဖြစ်ပေါ်ခဲ့သော ဒုက္ခသည်များအား ရှာဖွေရေးလုပ်ငန်းများကိုအောက်တိုဘာ ၁၂ ရက်တွင်ရပ်ဆိုင်းတော့မည်ဖြစ်ကြောင်း အရာရှိတစ်ဦး၏ ပြောကြားချက်ကို အင်ဒီပင်းဒင့်အွန်လိုင်းသတင်းတွင် ဖော်ပြသည်။

အင်ဒိုနီးရှားအလယ်ပိုင်း ဆူလာဝေစီပြည်နယ်တွင် ၇ ဒသမ ၄ အဆင့် မြေငလျင်လှုပ်ခတ်ပြီးနောက် ဆူနာမီ ရေလှိုင်းများနှင့် မြေပြိုမှုများဖြစ်ပွားကာ လူ ၂၀၀၀ ကျော်သေဆုံးပြီး လူကိုးသောင်းနီးပါးကို နေရာရွှေ့ပြောင်းပေးခဲ့ရကြောင်း အမျိုးသားသဘာဝဘေး ဒဏ်စီမံခန့်ခွဲရေးအေဂျင်စီ(BNPB ) က အောက်တိုဘာ ၁၁ ရက်က အတည်ပြု ပြောသည်။

“အမျိုးသားရှာဖွေရေးနဲ့ ကယ်ဆယ်ရေးအေဂျင်စီက သူ့ရဲ့လုပ်ငန်းတာဝန်တွေကိုပါ လူးမြို့ရှာဖွေရေးနဲ့ ကယ်ဆယ်ရေးအေဂျင်စီကို လွှဲပြောင်းပေးတော့မှာ ဖြစ်ပါတယ်။ သူတို့ဆက်လက်ပြီးတော့ လုပ်ဆောင်သွားမှာပါ ”ဟု BNPB ပြောရေးဆိုခွင့်ရှိသူ ဆူတိုပို နူဂရိုဟိုက သတင်းစာရှင်းလင်းပွဲတစ်ခုတွင်ပြောသည်။ မြေပြိုမှုကြောင့် အိမ်များနစ်မြုပ်သွားသည့်အတွက် လူပေါင်း ၆၈၀ ပျောက်ဆုံးနေသည်ကို နောက်ဆုံးထုတ်ပြန်သော ကိန်းဂဏန်းများအရ သိရကြောင်း ပြောရေးဆိုခွင့်ရှိသူက ပြောသည်။

“စာရင်းတွေဆက်ပြီး ကောက်နေတုန်းဆိုတော့ ပျောက်ဆုံးနေတဲ့ အရေအတွက်ကိုပြောလို့ မရသေးပါဘူး”ဟု သူကပြောသည်။ မြေငလျင်ကြောင့် ပျက်စီးဆုံးရှုံးမှုတွေ ကြီးမားတဲ့အတွက် ပြည်နယ်အုပ်ချုပ်ရေးအဖွဲ့က အရေးပေါ် အခြေအနေအဆင့်ကို အောက်တိုဘာ ၂၆ ရက်အထိ တိုးမြှင့် ဆောင်ရွက်သွားမည်ဖြစ်သည်။ တစ်ချိန်တည်းမှာ အရှေ့ဂျာဗားဒေသမှာ အဆင့် ၆ ဒသမ ၄ ရှိ ပင်လယ်ပြင်အောက် ငလျင်တစ်ခု အောက်တိုဘာ ၁၁ ရက်နံနက်ပိုင်းက လှုပ်ခတ်မှုကြောင့် အနည်းဆုံး လူသုံးဦး သေဆုံး ပြီးရှစ်ဦးဒဏ်ရာရရှိခဲ့ကြောင်း နူဂရိုဟိုက ပြောသည်။ မြေငလျင်ဗဟိုချက်မှာ အရှေ့မြောက် ဆီတူဘွန်ဒိုဒေသ မှ ၆၁ ကီလိုမီတာအကွာ၊ ပင်လယ်ပြင်အောက် ၁၀ ကီလို မီတာအနက်တွင် ဖြစ်ပွားခဲ့ကြောင်း မိုးလေဝသ၊ ဘူမိရူပဆိုင်ရာ အေဂျင်စီက ပြောသည်။

အာရုဏ်တက်ချိန်တွင်ဖြစ်ပွားခဲ့သော မြေငလျင်ကြောင့် အရှေ့ ဂျာဗားပြည်နယ်၊ ဆူမီနက်ခရိုင်တွင် အနည်းဆုံးအိမ် ၂၅ လုံးပျက်စီးခဲ့ကြောင်း နူဂရိုဟိုကပြောသည်။ **စံမီအောင်**

# ဂျပန်နိုင်ငံရှိ စက်ရုံများ ထုတ်လုပ်မှုကျဆင်းခြင်း

သဘာဝဘေးအန္တရာယ်များကြောင့် ဂျပန်နိုင်ငံရှိစက်ရုံများ၏ ထုတ်လုပ်မှုကျဆင်းခြင်းနှင့် ပို့ကုန်များကျဆင်းမှုကြောင့် စိုးရိမ်ဖွယ်ရာဖြစ်လာခဲ့ပါသည်။

ကုန်သွယ်ရေးဝန်ကြီးဌာနမှ ထုတ်ပြန်ခဲ့သော အချက်အလက်များအရ ယခင်နှစ်နှင့်နှိုင်းယှဉ်ပါက ၂၀၁၈ ခုနှစ် ဇူလိုင်တွင် သုည ဒသမ ၁ ရာခိုင်နှုန်းကျဆင်းခဲ့ကြောင်း သိရပါသည်။

ဇူလိုင်လအစောပိုင်းမှစ၍ မိုးသည်းထန်စွာရွာသွန်းမှုနှင့် ရေကြီးမှုများအပါအဝင် သဘာဝ ဘေးအန္တရာယ်များ ကြောင့် ကားထုတ်လုပ်သည့်လုပ်ငန်းကဲ့သို့သော ကုမ္ပဏီအချို့ ယာယီရပ်ဆိုင်းခဲ့ရပြီး အမေရိကန်နိုင်ငံနှင့် ၎င်း၏ ကုန်သွယ်ဖက်နိုင်ငံများအကြား ကုန်သွယ်ရေးတင်းမာမှုနှင့် ပြည်တွင်းဝယ်လိုအားနည်းပါးမှုများ ဖြစ်ပေါ်နေသောကြောင့် စက်ရုံထုတ်ကုန်များနှင့် စီးပွားရေးတို့အပေါ် အခိုင်အမာ သုံးသပ်ပြောဆိုနိုင်ရန် ခက်ခဲလျက်ရှိသည်။

ထုတ်လုပ်သူများကို ကောက်ယူထားသော စစ်တမ်းအရ ၂၀၁၈ ခုနှစ်၊ ဩဂုတ်လတွင် ၅ ဒသမ ၆ ရာခိုင်နှုန်းနှင့် စက်တင်ဘာလတွင် သုည ဒသမ ၅ ရာခိုင်နှုန်း မြင့်တက်လာရန် မျှော်မှန်းထားကြောင်း သိရပါသည်။

အလုပ်အကိုင်လျှောက်ထားသူနှင့် အလုပ်နေရာအချိုးသည် လျှောက်ထားသူတစ်ဦးလျှင် အလုပ်နေရာ ၁ ဒသမ ၆၃ ရာခိုင်နှုန်းရှိနေစဉ်တွင် အလုပ်လက်မဲ့နှုန်းသည် ယခင်လက ၂ ဒသမ ၄ ရာခိုင်နှုန်းရှိခဲ့ရာမှ ၂ ဒသမ ၅ ရာခိုင်နှုန်းသို့ မြင့်တက်လာခဲ့ကြောင်း သိရှိရပါသည်။ **MNK**

# ကုန်သွယ်ရေးစစ်ပွဲကြောင့် အမေရိကန်စီးပွားရေး တိုးတက်မှုနှုန်း လျော့ကျနိုင်

ဩဂုတ်လ ၈ ရက် China Global Television Network (CGTN) အစီရင်ခံစာအရ Atlantic Federal Reserve မှ ကုန်သွယ်ရေးစစ်ပွဲသည် စီးပွားရေးလုပ်ငန်း ၂၀ ရာခိုင်နှုန်းကို နှောင့်နှေးစေခြင်း သို့မဟုတ် ရင်းနှီးမြှုပ်နှံမှုအစီအစဉ်များ ဖျက်သိမ်းခြင်းကို တွန်းအားပေးနေကြောင်း ထုတ်ဖော်ပြောကြားခဲ့ပါသည်။ အကယ်၍မှန်ခဲ့လျှင် အမေရိကန်စီးပွားရေး တိုးတက်မှုနှုန်းသည် လျော့ကျလာနိုင်ပြီး အလုပ်လက်မဲ့မှု မြင့်တက်လာပါလိမ့်မည်။

ထိုအတောအတွင်း အမေရိကန်လယ်သမားများသည် ထရမ့်၏ ဒေါ်လာ ၁၂ ဘီလီယံ ထောက်ပံ့ငွေကို စောင့်ဆိုင်းနေဆဲဖြစ်ပါသည်။ အမေရိကန်ကုန်သည်ကြီးများအသင်း၏ ပြောကြားချက်အရ အခြားစိုက်ပျိုးရေးအုပ်စုများအတွက်နောက်ထပ်အမေရိကန်ဒေါ်လာ ၂၇ ဘီလီယံ လိုအပ်ပါလိမ့်မည်။

ကုန်သွယ်ရေးစစ်ပွဲအကျိုးသက်ရောက်မှုမှာ ကယ်လီဖိုးနီးယား တောမီးလောင်မှုကြောင့် ပျက်စီးခဲ့သည့် အိမ်များ ပြန်လည်တည်ဆောက်သည့် ကုန်ကျစရိတ်နှင့် ဆက်စပ်နေပါသည်။ ကယ်လီဖိုးနီးယား ဆောက်လုပ်ရေးအဖွဲ့အစည်းများအရ ကြိတ်သားများ၊ သံများ၊ သစ်သားများနှင့် အခြား ဆောက်လုပ်ရေးလုပ်ငန်းသုံး ပစ္စည်းများအပေါ်တွင် အခွန်သတ်မှတ်လိုက်ခြင်းကြောင့် ကုန်ကျစရိတ်သည် မြင့်တက်လာခဲ့ပါသည်။ ၎င်းကုန်ကျစရိတ်သည် ကယ်လီဖိုးနီးယားတွင်သာ သက်ရောက်ခြင်းမဟုတ်ဘဲ တစ်နိုင်ငံလုံး အတိုင်းအတာထိ သက်ရောက်နိုင်ပါသည်။

အမေရိကန်နိုင်ငံတွင် ကုန်ချောထုတ်လုပ်မည့် တရုတ်နိုင်ငံနှင့် အခြားနိုင်ငံများမှ တင်သွင်းလာသော အစိတ်အပိုင်းများသည် ငွေကြေးဖောင်းပွမှုကြောင့် ကုန်ကျစရိတ်ပိုမို များလာနိုင်ကြောင်း သိရသည်။

**ခြူးသီရိရွှင် (WTO ဌာနခွဲ)**

# မန္တလေးမြို့တော်အနာဂတ်မြို့ပြစီမံကိန်းရေးဆွဲရေးနှင့် e-Government ဖော်ဆောင်ရေး အဆောက်အအုံနှင့် သက်ဆိုင်သည့် အချက်အလက်များ စစ်တမ်းကောက်ယူ

မန္တလေးမြို့တော်၏ အနာဂတ် မြို့ပြစီမံကိန်းများ ရေးဆွဲခြင်းနှင့် e-Government လုပ်ငန်းစဉ်များ အကောင်အထည်ဖော် ဆောင်ရွက်ရာတွင် အထောက်အကူဖြစ်စေရန် ရည်ရွယ်၍ အဆောက်အအုံနှင့် သက်ဆိုင်သည့် အချက်အလက်များ စစ်တမ်းကောက်ယူခြင်းကို တစ်မြို့နယ်လျှင် အဖွဲ့လေးဖွဲ့ဖြင့် မြို့နယ်ခြောက်မြို့နယ်တွင် အပတ်စဉ်ဗုဒ္ဓဟူး၊ သောကြာနှင့် စနေနေ့များတွင် တစ်ပြိုင်နက် စာရင်း ကောက်ခံဆောင်ရွက်လျက်ရှိသည်။ ကောက်ခံသည့် အချက်အလက်များမှာ အိမ်ထောင်ဦးစီးအမည်၊ ဦးပိုင်မြေ အမျိုးအစား၊ အဆောက်အအုံအမျိုးအစား၊ အိမ်ထောင်စုလူဦးရေ၊ အိမ်ပိုင် / အိမ်ငှား၊ လုပ်ငန်းလိုင်စင်၊ နံရံကပ်ကြော်ငြာ၊ ရေမီတာနံပါတ်နှင့် ရေသုံးစွဲစနစ်၊ မိလ္လာစနစ်၊ ကားဆိုင်ကယ်စီးရေ၊ ဆက်သွယ်ရန် ဖုန်းနံပါတ် စသည်တို့ဖြစ်ပြီး ၎င်းအချက်အလက်များ မှန်ကန်စေရန်နှင့် အချိန်မြန်ဆန်မှုရှိစေရေး အတွက် မြို့သူမြို့သားများက ပူးပေါင်းကူညီဆောင်ရွက်ပေးကြရန် မန္တလေးမြို့တော် စည်ပင်သာယာရေး ကော်မတီက အသိပေး ပန်ကြားထားသည်။

**မောင်ပြည်သူ(မန္တလေး)**





## ဗိုလ်တထောင်မြို့နယ်အတွင်းရှိ အ-ထ-က (၃) ကျောင်းတွင် စားသုံးသူအကာအကွယ်ပေးရေး အသိပညာပေးဟောပြော

ရန်ကုန်တိုင်းဒေသကြီး၊ အရှေ့ပိုင်းခရိုင်ဦးစီးမှူးရုံးမှ ဝန်ထမ်းများသည် ထုတ်ကုန်လုံခြုံစိတ်ချရမှုနှင့် စားသုံး သူပြည်သူများ၏ အကျိုးစီးပွားကိုရှေးရှု၍ အောက်တိုဘာလ (၈) ရက်နေ့တွင် ဗိုလ်တထောင်မြို့နယ်ရှိ အ-ထ-က(၃) ကျောင်းမှ ဆရာ/ဆရာမများနှင့် ကျောင်းသူ/ကျောင်းသားများအား စားသုံးသူအကာအကွယ်ပေးရေး အသိပညာပေးဟောပြောခြင်းနှင့် ကျောင်းမုန့်ဈေးတန်းတို့ကို ကွင်းဆင်း စစ်ဆေးခြင်း လုပ်ငန်းများ ဆောင် ရွက်ခဲ့ကြောင်း သိရှိရပါသည်။

အဆိုပါဟောပြောဆွေးနွေးပွဲတွင် စားသုံးသူရေးရာဦးစီးဌာန၊ အရှေ့ပိုင်းခရိုင်ဦးစီးမှူးရုံးမှ ဝန်ထမ်းများက စားသုံးသူအကာအကွယ်ပေးရေးဥပဒေ ပေါ်ပေါက်လာပုံ၊ စားသုံးသူ၏ အခွင့်အရေးနှင့် တာဝန်များ၊ စီးပွားရေး လုပ်ငန်းရှင်တို့၏ အခွင့်အရေးနှင့် တာဝန်များ၊ ကြော်ငြာများနှင့်ပတ်သက်၍ သတိပြုစရာများ၊ ကုန်စည်နှင့် ဝန်ဆောင်မှုများ ဝယ်ယူသုံးစွဲရာ၌ သတိပြုရမည့်အချက်များ၊ စားသုံးသူပြည်သူများ နစ်နာဆုံးရှုံးမှုများဖြစ်ပေါ်လာပါက တိုင်ကြားနိုင်သည့် စားသုံးသူ သတင်းပြန်ကြားရေးနှင့် တိုင်ကြားမှုလက်ခံဆောင်ရွက်ရေးဌာန (CICC) ရုံးခန်းဖွင့်လှစ်ထားရှိမှုအခြေအနေ၊ (CICC) တိုင်ကြားနိုင်မှုများအား ဖြေရှင်းဆောင်ရွက်ပုံအဆင့်ဆင့်များနှင့် စားသုံးသူနစ်နာတိုင်ကြားခြင်းကို www.doca.gov.mm website မှလည်း တိုင်ကြားနိုင်ကြောင်း ဟောပြောခဲ့ပါသည်။

ဟောပြောပွဲအပြီးတွင် ကျောင်းမုန့်ဈေးတန်းတွင် ရောင်းချထားသော မုန့်များတွင် မိမိတို့နားမလည်သော ဘာသာစကားများဖြင့် ရေးသားထားသော မုန့်များ၊ အစားအသောက်နှင့် ဆေးဝါးကွပ်ကဲရေးဦးစီးဌာန (FDA) မှတားမြစ်ပိတ်ပင်ထားသော အစားအသောက်များ ဖြန့်ဖြူးရောင်းချနေခြင်း ရှိ/မရှိ ကွင်းဆင်းစစ်ဆေးမှုများ ဆောင်ရွက်ခဲ့ပြီး စားသုံးသူအသိပညာပေးလက်ကမ်းစာစောင်များ ဖြန့်ဝေခဲ့ကြောင်း သတင်းရရှိပါသည်။

**တင်မင်း**

## မန္တလေးတိုင်းဒေသကြီး၊ စားသုံးသူရေးရာဦးစီးဌာနမှ စိုက်ပျိုးရေးသုံး ဓာတ်မြေဩဇာ၊ ပိုးသတ်ဆေး၊ ပေါင်းသတ်ဆေး၊ မျိုးစေ့အရောင်းဆိုင်များအား ဥပဒေနှင့်အညီ ဖြန့်ဖြူးရောင်းချရေး အသိပညာပေးဟောပြောဆွေးနွေး

မန္တလေးတိုင်းဒေသကြီး၊ စားသုံးသူရေးရာ ဦးစီးဌာနအစည်းအဝေးခန်းမ၌ ၂၀၁၈ ခုနှစ်၊ အောက်တို ဘာလ(၉) ရက်နေ့တွင် ဓာတ်မြေဩဇာ၊ ပိုးသတ်ဆေး၊ ပေါင်းသတ်ဆေး၊ မျိုးစေ့အရောင်းဆိုင်များအား ဥပဒေနှင့်အညီ ဖြန့်ဖြူးရောင်းချစေရေး အသိပညာပေး ဟောပြောဆွေးနွေးပွဲ ကျင်းပပြုလုပ်ခဲ့ပါတယ်။

ယင်းဟောပြောဆွေးနွေးပွဲတွင် မန္တလေးတိုင်းဒေသကြီး၊ စားသုံးသူရေးရာဦးစီးဌာနမှ ဒုတိယတိုင်းဒေသကြီး ဦးစီးမှူး ဦးဆန်းမြင့်က အဖွင့်အမှာစကား ပြောကြားခဲ့ပြီး စိုက်ပျိုးရေးဦးစီးဌာနမှ ဒုတိယဦးစီးမှူး ဒေါ်နီနီသန်းက GAP အကြောင်း သိကောင်းစရာများ၊ စိုက်ပျိုးရေးဦးစီးဌာန၊ လက်ထောက်ညွှန်ကြားရေးမှူး ဒေါ်ကေသီဝေက ဓာတ်မြေဩဇာ၊ ပိုးသတ်ဆေး၊ ပေါင်းသတ်ဆေးများအား ဥပဒေနှင့်အညီ ဖြန့်ဖြူးရောင်းချရေး၊ ပိုးသတ်ဆေးသည် ဓာတုဗေဒဆေးဖြစ်သည့်အတွက်ကောင်းကျိုး၊ ဆိုးကျိုးများအကြောင်း၊ ဥပဒေနှင့်မညီညွတ်ပါက စီမံခန့်ခွဲမှုနည်းလမ်းအရ အရေးယူနိုင်မှု အခြေအနေများကို အကျယ်တဝင့် ရှင်းလင်းတင်ပြခဲ့ပါတယ်။

မန္တလေးတိုင်းဒေသကြီး၊ စားသုံးသူရေးရာဦးစီးဌာနမှ ဦးစီးအရာရှိ ဒေါ်မေသက်ထွန်းက စားသုံးသူ အကာအကွယ်ပေးရေးဥပဒေပါ အချက်များမှ စီးပွားရေးလုပ်ငန်းရှင်များ လိုက်နာရမည့်အချက်များ၊ တာဝန်များ၊ တားမြစ်ချက်များ၊ စားသုံးသူအငြင်းပွားမှုဖြေရှင်းရေးအဖွဲ့၏ အရေးယူပိုင်ခွင့်နှင့် ပြစ်ဒဏ်များ ဆွေးနွေးခြင်း၊ မန္တလေးတိုင်းဒေသကြီး၊ စားသုံးသူရေးရာဦးစီးဌာနမှ လက်ထောက်ညွှန်ကြားရေးမှူး ဦးတင်အောင်ကျော်က ရုံးချုပ်မှ စိုက်ပျိုးရေးဦးစီးဌာနနှင့် ပူးပေါင်းဆောင်ရွက်ရန် ညွှန်ကြားမှုဖြင့် ပြုလုပ်ရခြင်းဖြစ်ပါကြောင်း၊ စားသုံးသူရေးရာ ဦးစီးဌာန၏ မျှော်မှန်းချက်၊ ရည်မှန်းချက်များ၊ ထုတ်ကုန်လုံခြုံစိတ်ချ ရမှုရှိစေရေးအတွက် ဆောင်ရွက်ထားရှိမှုအခြေအနေများ၊ ကုန်စည်များ အရည်အသွေး မှန်ကန်ရန်လိုအပ်ကြောင်း၊ တိုင်ကြားမှုများအား ဖြေရှင်းဆောင်ရွက်ပေးမှုများ အသစ်ထွက်ရှိမည့်ဥပဒေတွင် ကုန်စည်များအား မြန်မာဘာသာဖြင့် ဖြစ်စေ၊ မြန်မာနှင့်တွဲလျက်ဖြစ်စေ ဖော်ပြပါရှိရမည့်တို့အား တက်ရောက်လာသော စီးပွားရေး လုပ်ငန်းရှင်များမှလည်း တစ်ဆင့်စကား တစ်ဆင့်နား ပြောကြားပေးပါရန် ဟောပြော ဆွေးနွေးခဲ့ပါတယ်။

အဆိုပါဟောပြောဆွေးနွေးပွဲသို့ စားသုံးသူရေးရာဦးစီးဌာန၊ စိုက်ပျိုးရေးဦးစီးဌာန၊ ဓာတ်မြေဩဇာ၊ ပိုးသတ်ဆေး၊ ပေါင်းသတ်ဆေး၊ မျိုးစေ့ရောင်းချသူ စီးပွားရေးလုပ်ငန်းရှင်များ စုစုပေါင်း ၃၅ ဦး တက်ရောက်ခဲ့ကြောင်း သတင်းရရှိပါတယ်။

**သီတာဝင်း စားသုံးသူ (မန္တလေး)**

## မုံရွာမြို့နယ် နဂါးတွင်းကျေးရွာ အ.ထ.က ကျောင်း၌ စားသုံးသူအကာအကွယ်ပေးရေး ဟောပြောပွဲကျင်းပ

စစ်ကိုင်းတိုင်းဒေသကြီး၊ မုံရွာခရိုင်၊ စားသုံးသူရေးရာ ဦးစီးဌာနမှ မုံရွာ မြို့နယ်တာဝန်ခံ ဒေါ်စန်းစန်းဝေနှင့် ဝန်ထမ်းများသည် အောက်တိုဘာ ၅ ရက်တွင် မုံရွာမြို့နယ်၊ နဂါးတွင်းကျေးရွာ အ. ထ. က ကျောင်း၌ ဆရာ၊ ဆရာမ၊ ကျောင်းသား/ကျောင်းသူ ၃၁၅ ဦး၊ ဈေးသည် ၆ ဦးတို့ကိုလည်းကောင်း၊ မုံရွာမြို့နယ်၊ ကျွန်းရွာသစ်ကျေးရွာရှိ အ. မ. က ကျောင်းတွင် ဆရာ၊ ဆရာမ၊ ကျောင်းသား/ကျောင်းသူ ၈၇ ဦး၊ မိဘပြည်သူ ၂၀ ဦးတို့ကိုလည်းကောင်း စားသုံးသူ အကာအကွယ်ပေးရေး အသိပညာပေး ဟောပြောပွဲ ပြုလုပ်ခဲ့ပါသည်။ အသိပညာပေးဆွေးနွေးရာတွင် ဌာနပေါ်ပေါက်လာပုံ၊ စားသုံးသူ အဓိပ္ပာယ်ဖွင့်ဆိုချက်၊ ဌာန၏မျှော်မှန်းချက်၊ ရည်မှန်းချက်၊ ဆောင်ရွက်မှုအခြေအနေများ၊ စားသုံးသူများ၏ အခွင့်အရေးနှင့် တာဝန်များ၊ကုန်စည်နှင့် ဝန်ဆောင်မှုဆိုင်ရာ ထိခိုက်နစ်နာမှုများအတွက် တိုင်ကြားနိုင်သည့်ကိစ္စရပ်များ၊ ထုတ်ကုန် လုံခြုံစိတ်ချရမှုဆိုင်ရာ သိထားသင့်သည် အချက်များ၊ ကျောင်းနေအရွယ်မှစ၍ ဘေးအန္တရာယ်ကင်းရှင်းသော အစားအစာများ ရွေးချယ်ဝယ်ယူစားသောက်နိုင်ရန် ၊ သို့မှသာ အနာဂတ် သားကောင်းသမီးကောင်းလေးတွေ ကျန်းမာသန်စွမ်းသောဘဝကို ပိုင်ဆိုင်နိုင်မှာဖြစ်ကြောင်း၊ သက်တမ်းလွန်မုန့်များ၊ တားမြစ်ဆိုးဆေးပါ အစားအစာများ ရှောင်ကြဉ်စားသောက်ရန်၊ အန္တရာယ်မကင်းသော ကစားစရာပစ္စည်းများ၊ သုံးစွဲပစ္စည်းများကို ရှောင်ကြဉ်နိုင်ရန် စားသုံးသူဗဟုသုတများကို ဟောပြောအသိပညာပေး၍ ကျောင်းမုန့်ဈေးတန်းတွင် ရောင်းချနေသော မုန့်ဆိုင်များအား ကျောင်းကော်မတီ၊ ဈေးကော်မတီတို့နှင့်ပူးပေါင်း၍ ကျန်းမာရေးနှင့်ညီညွတ်ပြီး သန့်ရှင်းလတ်ဆတ်သော မုန့်များရောင်းချရန်၊ ခွင့်မပြုသော မုန့်များ၊ ရက်လွန်အစားအစာများ ရောင်းချခြင်းမပြုရန်နှင့် ကုသခြင်း ထက်ကာကွယ်ခြင်းသည်ပို၍ ထိရောက်သည်ကို အသိပညာပေး ဆွေးနွေးခဲ့ကြောင်း သတင်းရရှိပါသည်။

**သင်းသင်းအေး(မုံရွာ)**

## ယင်းမာပင်ခရိုင်၊ စားသုံးသူအငြင်းပွားမှုဖြေရှင်းရေးအဖွဲ့ (၁၉) ကြိမ်မြောက် လုပ်ငန်းညှိနှိုင်းအစည်းအဝေးကျင်းပ

စစ်ကိုင်းတိုင်းဒေသကြီး၊ ယင်းမာပင်ခရိုင်၊ စားသုံးသူအငြင်းပွားမှု ဖြေရှင်းရေးအဖွဲ့၏ (၁၉)ကြိမ်မြောက် လုပ်ငန်းညှိနှိုင်းအစည်းအဝေးကို အောက်တိုဘာ ၄ ရက်က ယင်းမာပင်ခရိုင်၊ အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန၊ အစည်းအဝေးခန်းမ၌ ကျင်းပရာ ခရိုင်အငြင်းပွားမှုဖြေရှင်းရေးအဖွဲ့ ဥက္ကဋ္ဌ၊ ခရိုင်အထွေထွေအုပ်ချုပ်ရေးမှူး ဦးထွန်းထွန်းနိုင်နှင့် အဖွဲ့ဝင်များ၊ ခရိုင်စားသုံးသူရေးရာဦးစီးဌာနမှ ဝန်ထမ်းများစုစုပေါင်း ၁၉ ဦး တက်ရောက်ခဲ့ကြောင်း သတင်းရရှိပါသည်။



အဆိုပါအစည်းအဝေးတွင် ခရိုင်အငြင်းပွားမှုဖြေရှင်းရေးအဖွဲ့ ဥက္ကဋ္ဌက လစဉ်လုပ်ငန်းဆောင်ရွက်မှုများအနေဖြင့် များပြားလာသည်ဖြစ်ပြီး စားသုံးသူအငြင်းပွားမှု အဖွဲ့ဝင်များအနေဖြင့်လည်း ပူးပေါင်းကွင်းဆင်း ပညာပေးဆောင်ရွက်မှုများ ထိထိမိမိ ဆောင်ရွက်ရန်လိုကြောင်း ဆွေးနွေးခဲ့ပြီး စားသုံးသူရေးရာဦးစီးဌာန၊ ခရိုင်ဦးစီးမှူးက စက်တင်ဘာလလုပ်ငန်းဆောင်ရွက်မှု လျာထားချက်နှင့်အညီ ပြည့်မီကျော်လွန်အောင် ဆောင်ရွက်ပြီးစီးမှုအခြေအနေနှင့် အောက်တိုဘာလအတွင်း ရှေ့ဆက်ဆောင်ရွက်ရမည့် လျာထားချက်များ၊ စက်တင်ဘာလအတွင်း ကွင်းဆင်းဆောင်ရွက်ရာမှ စားသုံးရန်မသင့် ကုန်ပစ္စည်းများနှင့် သက်တမ်းလွန်ပစ္စည်းများ သိမ်းဆည်းလာခြင်းအား အငြင်းပွားမှုဖြေရှင်းရေး အဖွဲ့ဥက္ကဋ္ဌနှင့် အဖွဲ့ဝင်များထံတင်ပြ၍ ဆက်လက်ဆောင်ရွက်နိုင်မည့် အခြေအနေအား တင်ပြဆွေးနွေးခဲ့ပါသည်။

ထို့နောက် အဖွဲ့ဝင်များဖြစ်ကြသော ကျန်းမာရေး၊ ပညာရေး၊ စိုက်ပျိုးရေး၊ စည်ပင်၊ ငါးဦးစီးဌာနတို့မှလည်း စားသုံးသူများ ဘေးကင်းလုံခြုံစိတ်ချရစေရန် တစ်ဦးချင်းစီအဖွဲ့အစည်းအလိုက် ပူးပေါင်းပါဝင် ကွင်းဆင်းဆောင်ရွက်သွားကြရန်များကို ဆွေးနွေး တင်ပြကြပြီး စားသုံးသူအငြင်းပွားမှု ဖြေရှင်းရေး ဥက္ကဋ္ဌက ရင်ပေါင်တိုင်၊ တမာပင်ဂွ၊ ဖိုလ်ဝင်တောင်၊ ကျောက်မှော်ကျေးရွာများရှိစားသောက်ဆိုင်၊ ဈေးဆိုင်များအား ကွင်းဆင်းစစ်ဆေးသွားကြရန်၊ ကျောင်းများတွင် ပညာပေး ဟောပြောခြင်းများ ကျောင်းဈေး စစ်ဆေးခြင်းများ ဆောင်ရွက်ရန်၊ စက်တင်ဘာလ ကွင်းဆင်းစစ်ဆေးရာတွင် သိမ်းဆည်းခဲ့သည့် စားသုံးရန်မသင့် ပစ္စည်းများကိုလည်း အောက်တို ဘာ၉ ရက်တွင် မီးရှို့ဖျက်ဆီးရန် ရှေ့ဆက် စည်ပင်ဈေး၊ ကျောင်းမုန့်ဈေးတန်းများကို ပညာရေး၊ စည်ပင်သာယာရေးတို့နှင့် ပူးပေါင်း၍ ကျယ်ကျယ်ပြန့်ပြန့် စစ်ဆေးဆောင်ရွက်သွားကြရန် များချမှတ်၍ ဆောင်ရွက်ခဲ့ကြောင်း သတင်းရရှိပါသည်။

**ခိုင်မို့မို့(မြင်းမူ)**

# အသံတွေကြားနေရတယ်

နိုင်ဦး(DOCA)




ရုပ်ရှင်မင်းသား၊ အဆိုတော်ဦးကျော်ဟိန်း၏ 'အမိပွာယ်ရှိသောလူ' တေးစီးရီးထဲမှ လူသည် စတင်မွေးဖွားစဉ်အခါက အူဝဲ၊ အူဝဲဟူ၍ ငိုသံပေး၍ အမိဝမ်းတွင်းမှ ငို၍ထွက်လာပြီး လူ့လောကတွင်ကျင်လည်ကျက်စားပြီး ဘဝသစ်သို့ကူးပြောင်းသောအခါတွင်လည်း ဆွေမျိုးသားချင်း၊ မိတ်ဆွေသူငယ်ချင်းများက မျက်ရည်စက်လက်ဖြင့် ငိုကြွေး၍ လိုက်ပါပို့ဆောင်ကြကြောင်း၊ တကယ်တော့ လူသားဘဝသည် အငိုနှင့်စ၍ အငိုနှင့်အဆုံးသတ်ကြောင်း၊ လူ့ဘဝသက်တမ်းတိုတိုလေးအတွင်း စာနာ၊ သနား၊ သည်းခံခွင့်လွှတ်၍ မျှတစွာအသက်မွေးကြရန် တိုက်တွန်းထားသည့် လွန်စွာအမိပွာယ်ရှိလှသော သီချင်းစာသားလေးထဲမှ " အသံတွေကြားနေရတယ်" ဟူသည့် စကားလုံးလေးတွေကို ကျွန်တော်လွန်စွာနှစ်ခြိုက်ခဲ့ပါသည်။

အခုလည်းအသံတွေ ကျယ်ကျယ်လောင်လောင်ကြားနေရပြန်ပါပြီ။ အခြားမဟုတ် ဆင့်ပွားဈေးကွက်ဖြန့်ချိရေးလုပ်ငန်း (Multi Level Marketing) များနှင့်စပ်လျဉ်း၍ အရေးကြီးဝန်ဆောင်မှုလုပ်ငန်းအဖြစ်သတ်မှတ်ကာ တားမြစ်အမိန့်ထုတ်ပြန်ခဲ့ခြင်းကြောင့် MLM ကုမ္ပဏီများ၊ ထိုကုမ္ပဏီများတွင် တာဝန်ထမ်းဆောင်လျက်ရှိသောဝန်ထမ်းများ၊ စားသုံးသူများ၊ ပွင့်လင်းစွာဝေဖန်ထောက်ပြကြသူများသည် ၎င်းတို့၏ ခံစားချက်၊ ခံယူချက်၊ အားသာချက်၊ အားနည်းချက်များကို မီဒီယာနည်းလမ်းပေါင်းစုံမှပွင့်ပွင့်လင်းလင်းပြောကြား၊ ရေးသားနေမှုများကို ကြားနေရသည်။ မြင်တွေ့နေရသည်။ ဖတ်ရှုနေရသည်။ MLM လုပ်ငန်းများကို တားမြစ်မိန့်ထုတ်ပြန်ခဲ့ရခြင်းမှာ မြန်မာနိုင်ငံအတွင်းရှိ ၅၁ သန်းကျော်သော စားသုံးသူပြည်သူများ၏ အကျိုးစီးပွားများကို ကာကွယ်ပေးနိုင်ရန်၊ စားသုံးသူများ၏အခွင့်အရေးများကို ကာကွယ်ပေးရန်၊ ထိခိုက်နစ်နာဆုံးရှုံးမှုများကို ကာကွယ်ပေးရန်နှင့် ကုစားဖြေရှင်းပေးနိုင်ရန်၊ စီးပွားရေးကျင့်ဝတ်များနှင့်အညီ ဆောင်ရွက်လျက်ရှိသော လုပ်ငန်းရှင်များကို ကာကွယ်ပေးရန်၊ မသမာသောလုပ်ငန်းရှင်များ မြန်မာနိုင်ငံ ဈေးကွက်အတွင်းမှ ပျောက်ကွယ်သွားရန်၊ နိုင်ငံတော်ဖွံ့ဖြိုးမှုကို အထောက်အကူပြုနိုင်ရန်၊ မျှတသော ဈေးကွက်ယှဉ်ပြိုင်မှု ဖြစ်ပေါ်လာစေရန် စသည့်ရည်ရွယ်ချက်များဖြင့်MLM လုပ်ငန်းများကို တားမြစ်ခဲ့ခြင်းဖြစ်သည်။ ထို့အပြင် စားသုံးသူပြည်သူများက နစ်နာဆုံးရှုံးမှုများကို တိုင်ကြား လာမှုများပြားလာ၍လည်းကောင်း၊ လုပ်ငန်းရှင်အချို့၏ လုပ်ငန်းများပိတ်ပစ်ရမည့်နီးနီး ဖြစ်လာ၍လည်းကောင်း၊ ခေတ်နှင့်အညီ အချိန်ကိုက် ထုတ်ပြန်ထားခဲ့ခြင်းဖြစ်သည်။ မည်သူ့ကိုသာစေ၊ မည်သူကိုနာစေ သဘောမျိုးမပါဝင်ဘဲ နိုင်ငံ တော်အကျိုး၊ စားသုံးသူများအကျိုး၊ စီးပွားရေးကျင့်ဝတ်များနှင့်အညီ ဆောင်ရွက်သောလုပ်ငန်းရှင်များအတွက် တားမြစ်ကြော်ငြာစာအား ထုတ်ပြန်ခဲ့ခြင်း ဖြစ်ပါသည်။

ထိုသို့ ထုတ်ပြန်နိုင်ရေး တားမြစ်နိုင်ရေးအတွက် အဆောတလျင်၊ မြန်ဆန်စွာပြုလုပ်ခဲ့ခြင်းမဟုတ်ပေ။ သက်ဆိုင်ရာ ဆက်စပ်အဖွဲ့အစည်းများ၊ အသင်းအဖွဲ့များ၊ ဌာနဆိုင်ရာများနှင့် ဆွေးနွေးညှိနှိုင်းကာ အထက်ဌာနအဆင့်ဆင့်သို့ အကျိုးအကြောင်းဖော်ပြကာ အတည်ပြုချက်များ၊ ခွင့်ပြုချက်များရယူ၍ အချိန်ယူကာ ထုတ်ပြန်ခဲ့ခြင်းဖြစ်သည်။ ဘက်ပေါင်းစုံဆွေးနွေးညှိနှိုင်း အဖြေရှာ၍ တားမြစ်ခဲ့ခြင်းဖြစ်သည်။ နိုင်ငံတော် ဖွံ့ဖြိုးတိုးတက်ရေးအတွက် ဆောင်ရွက်နေသည့် အချိန်၊ စားသုံးသူများ၏အခွင့်အရေးများ အပြည့်အဝရရှိရေး၊ ဘေးဥပဒ်အန္တရာယ်ကင်းရှင်းပြီး ထုတ်ကုန်များ လုံခြုံစိတ်ချရမှုရှိသော လူသုံး၊ အိမ်သုံးပစ္စည်းများ ရယူသုံးစွဲခွင့်ရရှိရေးအတွက် အရှိန်အဟုန်မြှင့်တင် ဆောင်ရွက်နေသည့်အချိန်၊ စားသုံးသူ ပြည်သူများ၏ကိုယ်ရော စိတ်ပါထိခိုက် နစ်နာဆုံးရှုံးမှုများကို ကုစားဖြေရှင်းပေးနေသည့် အချိန်တွင် သမားရိုးကျ ရောင်း/ဝယ်မှုဈေးကွက်မှ သွေဖီကာ အကျိုးအမြတ်ရရှိရေးအတွက်သာ ဦးတည်ဆောင်ရွက်သည့် ဆင့်ပွားဈေးကွက်ဖြန့်ချိရေးလုပ်ငန်းများသည် အဟန့်အတား ဖြစ်လျက်ရှိပါသည်။

နိုင်ငံတော်ဖွံ့ဖြိုးတိုးတက်ရေးကို ဟန့်တားယုံသာမက စားသုံးသူများ၊ MLM မန်ဘာ အဖွဲ့ဝင်များ၊ ဝန်ထမ်းများအတွက်ပါ ထိခိုက်နစ်နာဆုံးရှုံးမှုများစွာ ဖြစ်ပေါ်လာနေပါသည်။ မီဒီယာနည်းလမ်းပေါင်းစုံမှလည်း ပွင့်လင်းမြင်သာစွာ ထောက်ပြဝေဖန်၊ အကြံပြုပေးကြပါသည်။ အနှစ်ချုပ်ဆိုပါက MLM လုပ်ငန်းများ မြန်မာ့ဈေးကွက်အတွင်းမှ ပျောက်ကွယ်သွားစေရေးအတွက် ဓမ္မစက်အစား၊ အာဏာစက်ဖြင့် တားမြစ်ပိတ်ပင်ရန် လိုလားနေကြသည်။ ထို့ကြောင့်ပင် စားသုံးသူပြည်သူများ၏ အကျိုးအတွက် အချိန်ကိုက် ထုတ်ပြန်တားမြစ်ခဲ့ခြင်း ဖြစ်သည်။ တားမြစ်မိန့် ထုတ်ပြန်ပြီးနောက်တွင် မီဒီယာနည်းလမ်းပေါင်းစုံမှ MLM လုပ်ငန်းရှင်များ၊ MLM မန်ဘာအဖွဲ့ဝင်ဝန်ထမ်းများ၊ စားသုံးသူများ၊ အပြုသဘောဆောင်သော မီဒီယာများမှ အကြံပြုချက်များ စသည့် အသံများကို ကြားနေရပါသည်။



> သက်ဆိုင်ရာဆက်စပ်အဖွဲ့အစည်းများ၊ အသင်းအဖွဲ့များ၊ ဌာနဆိုင်ရာများနှင့် ဆွေးနွေးညှိနှိုင်းကာ အထက်ဌာနအဆင့်ဆင့်သို့ အကျိုးအကြောင်းဖော်ပြကာ အတည်ပြုချက်များ၊ ခွင့်ပြုချက်များရယူ၍အချိန်ယူကာ ထုတ်ပြန်ခဲ့ခြင်းဖြစ်......

## MLM မန်ဘာအဖွဲ့ဝင်များ၏အသံများ

MLM လုပ်ငန်းတွင် ကိုယ်တိုင်မန်ဘာအဖြစ် လုပ်ကိုင်လျက်ရှိသောသူများကလည်း MLM ကုမ္ပဏီများသည် ပြည်သူလူထုအလွှာပေါင်းစုံကို ထိုးဖောက်ဝင်ရောက်ရန် မက်လုံးပေး ဆွဲဆောင်ကြကြောင်း၊ အိမ်မှာ၊ ရုံးမှာ၊ ရွာမှာနေရင်း တစ်လအနည်းဆုံးဝင်ငွေ နှစ်သိန်း အောက်ထစ်မရချင်ဘူးလား။ ဒီလိုအလုပ်အကိုင်ရှားပါးတဲ့ အချိန်မှာ ဆယ်တန်းအောင်စရာ မလို၊ ဘွဲ့ရဖို့မလို ကိုယ်တိုင်ကြိုးစားရင် ကြိုးစားသလောက် တစ်လနှစ်သိန်းမှ ဆယ်သိန်းအထိရမယ့် အခွင့်အရေးကို လက်လွှတ်ခံမလို့လား စသည်ဖြင့်မြူဆွယ်၍ သူတို့ကုမ္ပဏီမှ ထုတ်လုပ်ဖြန့်ချိသော ပစ္စည်းကိုတစ်လဘယ်လောက်ကုန်အောင် ရောင်းချပေးပါက၊ ဘယ်လောက်ရာခိုင်နှုန်း အကျိုးအမြတ်ပေးမည်။ များများရောင်းနိုင်ပါက လည်းကောင်း၊ မန်ဘာအဖွဲ့ဝင်များ စည်းရုံးပေးပါကလည်းကောင်း ဆုကြေးခံစားခွင့်ရှိကြောင်း စသည်ဖြင့် စည်းရုံးခံရသဖြင့် အတ္တလောဘနောက်လိုက်ပါကာ MLM ကုမ္ပဏီ၏ မန်ဘာများအဖြစ် လုပ်ကိုင်ဆောင်ရွက်နေကြရကြောင်း၊ ပစ္စည်းအမျိုးအစားချင်းအတူတူ ဈေးကြီးမှန်းသိလျက်နှင့် စားသုံးသူများကို စည်းရုံးရောင်းချရကြောင်း၊ ပစ္စည်းစစ်မှန်မှုအာမခံချက်မရှိမှန်းသိလျက်နှင့် လိမ်လည်ရောင်းချနေရကြောင်း၊ သတင်းအချက်အလက်များပြည့်စုံစွာ မပါရှိခြင်း၊ မြန်မာဘာသာဖြင့်ဖြစ်စေ၊ မြန်မာဘာသာနှင့် အခြားဘာသာတွဲလျက်ဖြစ်စေ မပါရှိသော ပစ္စည်းများကိုလည်း စားသုံးသူများဘေးအန္တရာယ် ကင်းရှင်းမှု ရှိ/မရှိ၊ ထုတ်ကုန်များ လုံခြုံစိတ်ချရမှုရှိ/မရှိ မသိရှိဘဲ ဇွတ်မျက်စိမှိတ်ရောင်းချနေရကြောင်း၊ အချိန်ကြာလာတာနဲ့အမျှစားသုံးသူများ၏ သံသယဖြစ်မှုများခံရကြောင်း သိရှိရပါသည်။

ထို့အပြင် ကုမ္ပဏီမှ သတ်မှတ်ပေးထားသည့် အရေအတွက်ကန့်သတ်ချက်များအတိုင်း မရောင်းချနိုင်ပါက သိက္ခာကျမည် စိုးရိမ်၍လည်းကောင်း၊ Diamond၊ Emerald စသည် အဆင့်များကို တက်လှမ်းနိုင်ရေးအတွက် ရောင်းမကုန်သော်လည်း ဝင်ငွေအဆုံးရှုံးခံ၊ အိမ်ပေါင်၊ ကားပေါင်၊ ဆိုင်ကယ်ရောင်းစသည်ဖြင့် ဖာထေး၍ ကုမ္ပဏီက သတ်မှတ်ထားသည့် ငွေကြေးကို ပေးသွင်းကြရ၍လည်းကောင်း၊ အခြားလုပ်ငန်းများကဲ့သို့မဟုတ်ဘဲကုမ္ပဏီမှ ပစ္စည်းများဝယ်ယူစရိတ်၊ သယ်ပို့စရိတ်၊ ဈေးကွက်ထိုးဖောက်စရိတ်နှင့် အခြားမမြင်ရသော စရိတ်မျိုးစုံကို ကုမ္ပဏီမှ ကျခံခြင်းမရှိ၍ မန်ဘာများကသာကျခံရ၍လည်းကောင်း၊ ကြာလာသည်နှင့်အမျှ ငွေကုန်၊ အချိန်ကုန်၊ လူပန်းဖြစ်ကြရ၍လည်းကောင်း၊စားသုံးသူများ၏ စိတ်မကျေနပ်မှု၊ သံသယဖြစ်မှုများကို ခံလာရခြင်းကြောင့် လုပ်ကိုင်ဆောင်ရွက်သင့်သည့် လုပ်ငန်းမဟုတ်ကြောင်း စိတ်မကောင်းဖွယ်ကြား သိရပါသည်။

လက်ရှိတွင် တားမြစ်မိန့်ထုတ်ပြန်ပြီးနောက် ယခင်ကကဲ့သို့ပေါ်ပေါ်တင်တင်ရောင်းချနေရာမှ လက်သိပ်ထိုး ဟိုတစ်စ၊ ဒီတစ်စသာရောင်းချနေရပါကြောင်း၊ အဆိုးဆုံးမှာ မသိ နားမလည်သော ကျေးရွာများသို့အလှူကဲ့သို့ ပရဟိတကဲ့သို့အသွင်ယူ၍ ရိုးသားဖြူစင်ကြသည့် ရွာသူရွာသားများကိုလည်း အလားတူ မက်လုံးပေး ဆွဲဆောင်နေကြကြောင်း၊ ရွာသူရွာသားအချို့မှာ လယ်ရောင်း၊ ဆိုယ်ကယ်ရောင်း၊ ကျွဲရောင်း၊ နွားရောင်း၊ ဆိတ်ရောင်း၍ MLM နွံ့ထဲတွင် နစ်လျက်ရှိကြောင်း၊ မြန်မာမှုနယ်ပယ်တွင် သဒ္ဓါတရားကြီးမားစွာ စေတနာသန့်သန့်ဖြင့် လှူဒါန်းမှုပြုသော အလှူများ၊ အဖြူရောင်နှလုံးသားအရင်းခံ၍ပြုလုပ်သော ပရဟိတလုပ်ငန်းများအထိပါ စီးပွားရေး လောဘဇောတိုက်၍ အမြတ်ထုတ်ခြင်းသည် မြန်မာ့စိတ်ရင်းများကို အရောင်ဆိုးနေသည်နှင့် တူနေပါကြောင်း၊ ငါးစာသာမြင်ပြီး ငါးမျှားချိတ်ကို မမြင်မိသည့် ငါးလေးများကဲ့သို့ မဖြစ်စေရေးအတွက် ကုမ္ပဏီတစ်ခု၊ လူတစ်စုကောင်းစားရေးအတွက် လူများစွာမှ ကြီးမားသည့်ပေးဆပ်မှုများ မဖြစ်ပေါ်စေရေးအတွက် လိုအပ်သော ဆောင်ရွက်မှုများကို ပြုလုပ်ပေးစေချင်ပါကြောင်း စသည်ဖြင့် ပြောကြားခဲ့ကြသည့် အသံများကို ကြားရပါသည်။

**ဆက်လက်ဖော်ပြပါမည်။**

## နာဆရီကိုခေါ်ယူရန် အဲဗာတန်အသင်း ပြင်ဆင်နေ



ပရီးမီးယားလိဂ်ကလပ် အဲဗာတန်အသင်းသည် အန်တယ်ယာစပေါ အသင်းမှ အာဆင်နယ်အသင်း ကွင်းလယ်ကစားသမားဟောင်း နာဆရီကို လာမည့် ဇန်နဝါရီ အပြောင်းအရွှေ့ကာလတွင် ခေါ်ယူသွားရန် ပြင်ဆင်နေကြောင်း သိရသည်။


အသက်(၃၁)နှစ်ရှိပြီဖြစ်သည့် နာဆရီသည် လက်ရှိအချိန်တွင် တူရကီကလပ် အန်တယ်ယာစပေါ အသင်းတွင် ကစားနေသူဖြစ်ပြီး အခါအခွင့်သင့်ပါက အင်္ဂလန်ပရီးမီးယားလိဂ်တွင် ပြန်လည်ကစားလိုကြောင်း ပြောဆိုထားမှုများ ရှိခဲ့သည်။

နာဆရီသည် မာဆေး၊ အာဆင်နယ်၊ မန်စီးတီးနှင့် ဆီဗီလာအသင်းများတွင် ကစားခဲ့သူဖြစ်ပြီး လက်ရှိအချိန်တွင် ခြေစွမ်းပိုင်း ကျဆင်းမှုများရှိနေသည်။ အဲဗာတန်အသင်းသည် ယခုနှစ်ရာသီတွင် ကစားသမား အများအပြား ခေါ်ယူထားကာ တိုက်စစ်ထက်မြက်မှုနှင့်အတူ ကစားအားကောင်းသည့် အသင်းတစ်သင်းအဖြစ် ရပ်တည်လျက်ရှိသည်။

အဲဗာတန်အသင်းအနေဖြင့် နာဆရီကို ခေါ်ယူမည်ဆိုပါက ကာလတိုစာချုပ်တစ်ရပ်သာ ချုပ်ဆိုသွားမည်ဖြစ်ကြောင်း သတင်းများတွင် ဆက်လက်ဖော်ပြထားသည်။

## ပြင်သစ်အသင်းအတွက် ဂိုးသွင်းစံချိန်တင်နိုင်အောင် ကြိုးစားသွားမည်ဟု အမ်ဘတ်ပီပြောကြား

ပီအက်စ်ဂျီအသင်းမှ ပြင်သစ်လူငယ်တိုက်စစ်မှူး အမ်ဘတ်ပီက မိမိ၏ နိုင်ငံအသင်းဖြစ်သည့် ပြင်သစ်အသင်းအတွက် ဂိုးများစွာသွင်းရန် ရည်မှန်းထားပြီး ပြင်သစ်အသင်းသမိုင်း တစ်လျှောက်တွင် ဂိုးအများဆုံးသွင်းသူ ဖြစ်လာရန် ကြိုးပမ်းသွားမည်ဖြစ်ကြောင်း ထုတ်ဖော်ပြောကြားခဲ့သည်။အမ်ဘတ်ပီသည် ယခုအချိန်တွင် အသက်(၁၉)နှစ်သာ ရှိသေးပြီး ၎င်းအသက် (၁၈)နှစ်အရွယ် ၂၀၁၇ ခုနှစ်ကပင် ပြင်သစ်လက်ရွေးစင်အသင်းကြီး၌ ပါဝင်ကစားခွင့် ရရှိခဲ့သည်။ ၎င်းကစားသမားသည် ပီအက်စ်ဂျီအသင်းတွင် နေမာ၊ ကာဗာနီ စသည့် ဝါရင့်တိုက်စစ်မှူးများနှင့်အတူ ပွဲထွက်ခွင့်ရရှိနေပြီး ဂိုးများလည်း အများအပြား သွင်းပေးနေသူဖြစ်သည်။



အမ်ဘတ်ပီက 'ကျွန်တော့်အနေနဲ့ ပြင်သစ်အသင်းအတွက် ဂိုးတွေအများကြီး သွင်းပြဦးမှာပါ။ ပြင်သစ်အသင်းအတွက် အကောင်းဆုံးပေးဆပ်ဖို့ စဉ်းစားထားပြီးသားပါ။ ပြင်သစ်အသင်းရဲ့သမိုင်းမှာ ဂိုးသွင်း စံချိန်သစ်တင်နိုင်အောင် ကြိုးစားသွားမှာပါ' ဟုပြောကြားသည်။

အမ်ဘတ်ပီသည် ပြင်သစ်အသင်းနှင့်အတူ ပြီးခဲ့သည့် ၂၀၁၈ ကမ္ဘာ့ဖလားပြိုင်ပွဲတွင်လည်း ခြေစွမ်းပြနိုင်ခဲ့မှုနှင့်အတူ အကောင်းဆုံး လူငယ်ကစားသမားဆုကို ရရှိခဲ့သည်။ အမ်ဘတ်ပီသည် ပြင်သစ်အသင်းအတွက် ၂၅ ပွဲကစားရာတွင် ၁၀ ဂိုးသွင်းပေးထားသည်။ လက်ရှိအချိန်တွင်ပြင်သစ်အသင်းအတွက် ဂိုးအများဆုံး သွင်းပေးထားသူများအဖြစ် ဟင်နရီက ၅၁ ဂိုး၊ ပလာတီနီက ၄၁ ဂိုး၊ ထရက်ဇီဂေးက ၃၄ ဂိုး၊ ဂီရောက်က ၃၂ ဂိုး၊ ဇီဒန်းက ၃၁ ဂိုး၊ ဂျပ်စ်ဖောင်တိန်က ဂိုး ၃၀၊ ပါပင်က ဂိုး ၃၀နှင့် ဘင်ဇီမာက ၂၇ ဂိုး အသီးသီး သွင်းပေးထားကြသည်။

## ရီးရဲလ်မက်ဒရစ်အသင်းသို့ ပြောင်းရွှေ့လိုခြင်းမှာ ရွှေဘောလုံးဆုအတွက်ကြောင့်ဟု ဟာဇက်ဆို



ဟန်နေသစ် စုစည်းသည်

ချယ်လ်ဆီးအသင်း ကွင်းလယ်ကစားသမား ဟာဇက်က မိမိအနေဖြင့် ရီးရဲလ်မက်ဒရစ်အသင်းသို့ ပြောင်းရွှေ့ကစားလိုခြင်းမှာ ကမ္ဘာ့အကောင်းဆုံးဆုဖြစ်သည့် ရွှေဘောလုံးဆုကို ရယူရန် ဆန္ဒပြင်းပြနေခြင်းကြောင့်သာဖြစ်ကြောင်း ထုတ်ဖော်ပြောကြားလာသည်။

'ကျွန်တော် ရီးရဲလ်မက်ဒရစ်အသင်းကို ပြောင်းရွှေ့ကစားဖို့ ဆန္ဒရှိနေတာတော့ အမှန်ပါပဲ။ ဒီလို ရီးရဲလ်မက်ဒရစ်အသင်းမှာ ကစားချင်တာကလည်း ပွင့်ပွင့်လင်းလင်းပြောရရင် ကျွန်တော့်ကစားသမားဘဝ မကုန်ဆုံးမီမှာ ဘောလုံးသမားတွေ အလိုချင်ဆုံး၊ အရချင်ဆုံးဖြစ်တဲ့ ရွှေဘောလုံးဆုကို ရယူချင်ပါတယ်။ ဒါဟာ ကျွန်တော့်ရဲ့ တစ်ခုတည်းသော ဆန္ဒပဲဖြစ်ပါတယ်။ တခြားရည်ရွယ်ချက်မရှိပါဘူး'ဟု ပြောကြားသည်။

ဟာဇက်က မိမိအနေဖြင့် ရီးရဲလ်မက်ဒရစ်အသင်းသို့ ပြောင်းရွှေ့ကစားရန် ပြင်ဆင်ထားကြောင်း၊ သို့သော် ယခုနှစ် ဇန်နဝါရီ အပြောင်းအရွှေ့ကာလတွင် အသင်းပြောင်းဦးမည် မဟုတ်ကြောင်း၊ သို့သော် တစ်နေ့နေ့ တစ်ချိန်ချိန်တွင် ယင်းအပြောင်းအရွှေ့မှာ ဖြစ်လာနိုင်ကြောင်း၊ ဘောလုံးသမားများ အလိုချင်ဆုံးဖြစ်သည့် ရွှေဘောလုံးဆုကို စပိန်အခြေစိုက် ကစားသမားများဖြစ်သည့် မက်ဆီနှင့် စီရိုနယ်ဒိုတို့ကသာ ကြီးစိုးထားကြောင်း၊ ယခုနှစ်အတွက် အကောင်းဆုံးဆုရရှိခဲ့သည့်ရီးရဲလ်မက်ဒရစ်အသင်း ကွင်းလယ်ကစားသမား လူကာမိုဒရစ်မှာလည်း စပိန်အခြေစိုက်ကစားသမားပင်ဖြစ်ကြောင်း၊ ရွှေဘောလုံးဆုက စပိန်မြေတွင်သာ ရှိနေသည်ဟု မိမိခံယူနေကြောင်း၊ ထိုကဲ့သို့ အခြေအနေများကလည်း လက်တွေ့ဖြစ်ပေါ်လျက်ရှိကြောင်း ထပ်မံပြောကြားခဲ့သည်။

ဟာဇက်သည် ချယ်လ်ဆီးအသင်းနှင့် ၂၀၂၀ ပြည့်နှစ်အထိ စာချုပ်သက်တမ်းရှိနေပြီး ၎င်းကစားသမားကို စာချုပ်သက်တမ်း ထပ်မံတိုးမြှင့်ရန် ပြင်ဆင်နေကြောင်းသိရသည်။ လက်ရှိအချိန်တွင် ဟာဇက်သည် ချယ်လ်ဆီးအသင်းတွင် တစ်ပတ်လုပ်ခ ပေါင်နှစ်သိန်း ရရှိနေပြီး စာချုပ်သစ်ထပ်မံတိုးမည်ဆိုပါက ၎င်းကစားသမားမှာ တစ်ပတ်လုပ်ခ ပေါင်သုံးသိန်းရရှိမည်ဖြစ်သည်။

### ဘောလုံးလောက သတင်းတိုများ

- စပါးအသင်းနည်းပြ ပိုချက်တီနိုသည် ဖီအိုရင်တီးနားအသင်းတွင် ခြေစွမ်းပြနေသည့် နောက်ခံကစားသမား နီကိုလာမီလန်ကိုဗစ်ကို ခေါ်ယူရန် ပြင်ဆင်နေကြောင်း သိရသည်။
- **အာဆင်နယ်အသင်းနှင့် စာချုပ်သက်တမ်းတိုးရန်စောင့်ဆိုင်းနေသည့် ကွင်းလယ်ကစားသမား ရမ်ဆေးသည် အီတလီ စီးရီးအေကလပ် အေစီမီလန်သို့ ပြောင်းရွှေ့ဖွယ်ရှိနေကြောင်းသိရသည်။**
- ရီးရဲလ်မက်ဒရစ်အသင်း ကွင်းလယ်ကစားသမား လူကာမိုဒရစ်သည် အင်တာမီလန်အသင်းသို့ ပြောင်းရွှေ့ရန် သဘောတူညီမှု ရရှိထားသည်မှာ မဟုတ်မှန်ကြောင်း အင်တာမီလန်အသင်းအားကစားဒါရိုက်တာ အော်ဆယ်လီယိုက ပြောကြားလိုက်သည်။

## ရီးရဲလ်မက်ဒရစ်တွင် ကစားလိုသည်မှာ ငယ်ဘဝအိပ်မက်ဟု ကော်တွိုက်စ် ဖွင့်ဟ



ချယ်လ်ဆီးအသင်းမှ ရီးရဲလ်မက်ဒရစ်အသင်းသို့ ပြောင်းရွှေ့သွားခဲ့သည့် ဘယ်လ်ဂျီယံဂိုးသမား ကော်တွိုက်စ်က မိမိအနေဖြင့် ရီးရဲလ်မက်ဒရစ်အသင်းတွင် ကစားလိုသည်မှာ ယခုမှပင်မဟုတ်ဘဲ မိမိ၏ ငယ်ဘဝ အိပ်မက်ပင်ဖြစ်ကြောင်း ထုတ်ဖော်ပြောကြားလာသည်။

ကော်တွိုက်စ်သည် ချယ်လ်ဆီးအသင်းမှ ရီးရဲလ်မက်ဒရစ်အသင်းသို့ ပေါင် ၃၅ သန်းဖြင့် ပြောင်းရွှေ့သွားခဲ့ခြင်းဖြစ်ပြီး ချယ်လ်ဆီးအသင်းက ၎င်းကစားသမားကို လိုလိုလားလား လက်လွှတ်ခဲ့ခြင်းမျိုးမဟုတ်ဘဲ ကစားသမား၏ဆန္ဒကို တားဆီး၍ မရခြင်းကြောင့်သာ လက်လွှတ်လိုက်ရခြင်းဖြစ်သည်။

ကော်တွိုက်စ်က 'ကျွန်တော် ရီးရဲလ်မက်ဒရစ်အသင်းကို ပြောင်းလိုတာ အခုမှမဟုတ်ပါဘူး။ ရီးရဲလ်မက်ဒရစ်အသင်းမှာ ကစားချင်တာက ကျွန်တော့်ရဲ့ ငယ်ဘဝအိပ်မက်တစ်ခုပဲ ဖြစ်ပါတယ်။ ကျွန်တော့်မိသားစုကလည်း လန်ဒန်မှာထက် စပိန်မြေမှာ နေချင်ကြတယ်။ ကျွန်တော့်ဆန္ဒ၊မိသားစုဆန္ဒ အဲဒီနှစ်ခုပေါင်းစပ်လိုက်တော့ ကျွန်တော်ဟာ စပိန်မြေကို မဖြစ်မနေ ပြောင်းရွှေ့ဖို့ဖြစ်လာခဲ့ပါတယ်' ဟု ပြောကြားလိုက်သည်။ ထို့ပြင် ကော်တွိုက်စ်က မိမိအနေဖြင့် ချယ်လ်ဆီးအသင်းတွင် ကစားခဲ့စဉ်က ပထမဂိုးသမားနေရာကိုရခဲ့သော်လည်း ယခု ရီးရဲလ်မက်ဒရစ်အသင်းတွင် နာဗစ်နှင့် ကီကိုကာဆယ်လာ တို့ရှိနေခြင်းကြောင့် ပထမပွဲထွက်ခွင့်အတွက် ပြိုင်ဆိုင်မှုများ ရှိလာမည်ဖြစ်ကြောင်း၊ ကိုယ့်ကိုယ်ကိုယ်ယုံကြည်မှု အပြည့်ရှိ၍ ပွဲထွက်ခွင့်အတွက် စိုးရိမ်မှုမရှိကြောင်း ထပ်မံပြောကြားခဲ့သည်။

# ကမ္ဘာလုံးဆိုင်ရာ စီးပွားဆက်ဆံရေးတင်းမာမှုများကြောင့် ဖြစ်ပေါ်ခဲ့သော စိုးရိမ်မှုဂယက်များမှ ကမ္ဘာ့ကုန်သွယ်ရေးအဖွဲ့ဝင် ဆွစ်ဇာလန်နိုင်ငံ၏ စီးပွားရေးလုပ်ငန်းများ ရုန်းထွက်နိုင်မည့် အခြေအနေရှိ

အဲလ်ပိုင်း တောင်တန်းများအကြား ရှိစတုရန်း ၃၀၀၀ မီတာကျယ်ဝန်းသော Titlis တောင်ထွတ်အနီးသို့ ခရီးသွားများအား ပို့ဆောင်ပေးလျက်ရှိသော ဆွစ်ဇာလန်ကေဘယ်ကား လုပ်ငန်းရှင်များအတွက် ၂၀၁၈ ခုနှစ်အတွက် စီးပွားရေး လုပ်ငန်းများမှာ အခြေအနေကောင်းမွန်လျက်ရှိပါသည်။ Titlis Bergbahnen ၏ အရောင်းမြှင့်တင်ရေးဆိုင်ရာ ဒါရိုက်တာတစ်ဦးဖြစ်သူ Peter Reinle က ၂၀၁၇ ခုနှစ်တွင် ဝင်ငွေမြင့်မားသည့်အနေအထားသို့ရောက်ရှိခဲ့ကြောင်းနှင့် ၂၀၁၈ ခုနှစ်အတွက် အခြေအနေမှာ ၂၀၁၇ ခုနှစ်ထက် ပိုမိုကောင်းမွန်မည့်အခြေအနေရှိနိုင်ကြောင်း ပြောကြားခဲ့ပါသည်။

၂၀၁၅ ခုနှစ်တွင် ဖြစ်ပွားခဲ့သော နိုင်ငံခြား ငွေကြေးကျပ်တည်းမှု ဂယက်နှင့်အတူ ပို့ကုန်ပိုင်းတွင် အားနည်းခဲ့ပြီး ဆွစ်ဖရန့်ငွေကြေးမှာလည်း ယူရိုငွေကြေးနှင့် ဆန့်ကျင်လျက် အရှိန်အဟုန်ဖြင့် တန်ဖိုးမြင့်မားခဲ့သော အခြေအနေမှ ဆွစ်ဇာလန်နိုင်ငံရှိ စက်မှုကုန်ထုတ်လုပ်ငန်းများမှာ အခြေအနေ ပြန်လည်ကောင်းမွန်လာခဲ့ပြီဖြစ်ပါသည်။ ကမ္ဘာ့စီးပွားရေးအမြင့်ဘက်သို့ တက်လာခဲ့သကဲ့သို့ကမ္ဘာလှည့်ခရီးသွားများ အထူးသဖြင့် တရုတ်နိုင်ငံမှ ခရီးသွားများ အများအပြားဝင်ရောက်လာမှုက ဆွစ်စီးပွားရေးလုပ်ငန်းများ ပြန်လည်ကောင်းမွန်လာမှုကို အထောက်အပံ့ဖြစ်စေခဲ့ပါသည်။

Swiss National Bank (SNB) ၏ ခန့်မှန်းချက်အရ ဆွစ်ဇာလန်နိုင်ငံ၏ စီးပွားရေးမှာ ဆက်လက်အားကောင်းလာမည်ဟု မျှော်လင့်ထားပြီး ယခုနှစ်အတွက် နှစ်ရာခိုင်နှုန်းအထိ ဆက်လက်တိုးတက်မည်ဖြစ်ရာ ယင်းမှာ ၂၀၁၄ ခုနှစ်နောက်ပိုင်း အမြန်ဆုံးနှုန်းဖြင့် စီးပွားရေး တိုးတက်လာခြင်းဖြစ်ပါသည်။ အလုပ်လက်မဲ့နှုန်းမှာ ၂ ဒသမ ၆ ရာခိုင်နှုန်းသို့ လျော့ကျခဲ့ပြီး ၎င်းမှာ ဆယ်စုနှစ်တစ်ခုအတွင်း အနိမ့်ဆုံးနှုန်းသို့ ရောက်ရှိခဲ့ခြင်း ဖြစ်ပါသည်။ သို့ရာတွင် ဆွစ်ဇာလန် စီးပွားရေး လုပ်ငန်းများအနေဖြင့် အခြေအနေကောင်းတွင် ရပ်တည်လျက်ရှိသော်လည်း ကမ္ဘာ့ကုန်သွယ်မှုတွင် ပဋိပက္ခများဖြစ်နေသည့်အပြင် ပထဝီနိုင်ငံရေးအရ တင်းမာမှုကြောင့် စိုးရိမ်မှုနှင့်အတူ ခြောက်လှန့်ခံနေရသည့် အခြေအနေမှ လုံးဝကင်းစင်ခြင်း မရှိသေးဟု ဆိုပါသည်။

ကမ္ဘာ့စီးပွားရေးအားအကောင်းဆုံးနှင့် လုံခြုံမှုအရှိဆုံး နိုင်ငံတစ်ခုအဖြစ် အကောင်းအဆိုး ဒွန်တွဲလျက်ရှိသော ချီးမြှောက်မှုနှင့် ရင်ဆိုင်နေရခြင်း ဖြစ်ပါသည်။ အပြည်ပြည်ဆိုင်ရာ ရင်းနှီးမြှုပ်နှံသူများအနေဖြင့် အခြား ရင်းနှီးမြှုပ်နှံမှုများအပေါ် စိုးရွံ့မှုများ ရှိနေချိန်တွင် ဆွစ်ဖရန့်ငွေကြေးမှာ လုံခြုံဘေးကင်းသော ပိုင်ဆိုင်မှုတစ်ခုအနေဖြင့် အာရုံကျလျက်ရှိနေပါသည်။ ယင်းအခြေအနေတွင် နိုင်ငံတွင်းသို့ ရင်းနှီးမြှုပ်နှံမှုများ တိုးပွားလာမှုနှင့်အတူ ဆွစ်ဖရန့် ငွေကြေးတန်ဖိုးမှာလည်း ခိုင်မာ အားကောင်းလာမည် ဖြစ်ပါသည်။ ထိုအခါ ပို့ကုန်လုပ်ငန်းရှင်များအတွက် အထိနာမှုကိုဖြစ်စေသည့်အပြင် ကမ္ဘာလှည့် ခရီးသွားလုပ်ငန်းများမှာလည်း ငွေကြေးတန်ဖိုးမြင့်မားနေသည့်အတွက် ယှဉ်ပြိုင်နိုင်စွမ်း ကျဆင်းနိုင်သည့် အခြေအနေကိုဖြစ်ပေါ်စေနိုင်ပါသည်။

၂၀၁၅ ခုနှစ် နိုင်ငံခြားငွေကြေး အကျပ်အတည်း (Frankenshock) ဖြစ်ပွားစဉ် SNB အနေဖြင့် ၎င်း၏ငွေကြေးတန်ဖိုးကို ယူရိုငွေကြေးနှင့် ဆန့်ကျင်ကာ တန်ဖိုးတက်မလာစေရေးအတွက် ဈေးကွက်နှင့် ယှဉ်ပြိုင်ခြင်းမပြုခဲ့ဘဲ လက်လျှော့ပေးခဲ့ပါသည်။ ငွေကြေး



တန်ဖိုးတက်လာခြင်းကို ကန့်သတ်ရန်အားထုတ်ခြင်းထက် အတိုးနှုန်းအားအနုတ် သုည ဒသမ ၇၅ ရာခိုင်နှုန်းအထိ ဆွဲချခဲ့သည့် ၎င်း၏အဓိက မူဝါဒကိုသာ ကျင့်သုံးခဲ့ပါသည်။ ၎င်းဘဏ်အတိုးနှုန်းမှာ ကမ္ဘာပေါ်တွင် အနည်းဆုံး အတိုးနှုန်း ဖြစ်ပါသည်။ ဆွစ်ဇာလန်နိုင်ငံ၏ စီးပွားရေးမှာ ပြန်လည်တိုးတက်လာသော်လည်း ဘဏ်အတိုးနှုန်းကိုမူ ပြန်လည်မြှင့်တင်ခဲ့ခြင်းမရှိဘဲ ယင်းအတိုင်းသာ ဆက်လက်ထားရှိခဲ့ပါသည်။ SNB အနေဖြင့် ကမ္ဘာလုံးဆိုင်ရာ ဖိအားမှာ တစ်ဖန် ပြန်လည်ဖြစ်ပွားလာနိုင်ပြီး အကျိုးဆက်အားဖြင့် ဆွစ်ဇာလန်နိုင်ငံအတွင်းသို့ ငွေကြေးရင်းနှီးမြှုပ်နှံ မှုများ ပြန်လည်စီးဝင်လာကာ ၎င်း၏ငွေကြေးတန်ဖိုးမြင့်မားလာမှု အခြေအနေကို စိုးရိမ်သည့်အတွက် ယင်းအတိုးနှုန်းအတိုင်း မပြောင်းလဲခဲ့ခြင်း ဖြစ်ပါသည်။ ကမ္ဘာလုံးဆိုင်ရာ ငွေကြေး အကျပ်အတည်း ပြန်လည်ဖြစ်ပွားလာမည်ဆိုပါက SNB သည် ပိုမို ခမ္ဘမိဋ္ဌာန်ကျသော ခြေလှမ်းကို စဉ်းစားလာနိုင်ပါသည်။

ယခုဆယ်စုနှစ်၏အစောပိုင်းနှစ်များတွင် ယူရိုငွေကြေးထက် ဖရန့်ငွေကြေး၏ စိုးရိမ်ဖွယ် တန်ဖိုးမြင့်တက်နေမှုများကို တွေ့ရှိရမည်ဖြစ်ပါသည်။ မကြာသေးမီကပင်ခြိမ်းခြောက်သည့်လက္ခဏာတစ်ရပ်အနေဖြင့် ဆွစ်ဖရန့်မှာ တိတ်တဆိတ် ပြန်လည်မြင့်တက်လာလျက်ရှိပါသည်။ ဩဂုတ်လအတွင်း Zurich's ETH Institute မှ ထုတ်ပြန်သည့် ဆွစ်ဇာလန်နိုင်ငံ၏ စီးပွားရေး တိုင်းတာချက် အစီရင်ခံစာအရ (ကာလတိုအတွက်) ယခုနှစ်ဇူလိုင်လ၏ စီးပွားရေးမှာ အကျဘက်သို့ ရောက်ရှိခဲ့ကြောင်း ဖော်ပြထားပါသည်။ ပြီးခဲ့သည့် မေလမှစတင်ကာ စီးပွားရေးအခြေအနေမှာ ယခင် နှစ်နှစ်တာကာလအတွင်းက တိုးတက်မှုနှုန်းကဲ့သို့ နှစ်ကြိမ်ခန့် ပြန်လည်ခုန်တက်မှုရှိခဲ့ပါသည်။ သို့ရာတွင် အနာဂတ်အတွက် ကမ္ဘာလုံးဆိုင်ရာ ကုန်သွယ်မှုဆက်ဆံရေး ပဋိပက္ခများ မြင့်မားနေမှုနှင့် ပြည်တွင်းသို့ ငွေကြေးစီးဆင်းမှုများ ပြန်လည်များပြားလာမှု အခြေအနေများနှင့်ပတ်သက်၍ စိုးရိမ်မှုအတိုင်းအတာရှိနေကြောင်း Nadia Gharbi က ပြောကြားခဲ့ပါသည်။

ကမ္ဘာလုံးဆိုင်ရာ ကုန်သွယ်မှုဆက်ဆံရေး ပဋိပက္ခများမြင့်မားနေမှုနှင့် ပတ်သက်၍ ဆွစ်ဇာလန်နိုင်ငံအပေါ် တိုက်ရိုက်ရိုက်ခတ်မှုမှာ အကန့်အသတ်ဖြင့်သာ ရှိနိုင်ပါသည်။ ဆွစ်ဇာလန်နိုင်ငံ၏ ဆေးဝါးထုတ်လုပ်ငန်း၊ ဓာတုဗေဒဆိုင်ရာ ထုတ်ကုန်လုပ်ငန်းများ၊ အင်ဂျင်နီယာ ထုတ်ကုန်လုပ်ငန်း၊ နာရီလုပ်ငန်းနှင့် ငွေကြေးဆိုင်ရာ ဝန်ဆောင်မှု လုပ်ငန်းများမှာ အားသာချက်ရှိသော လုပ်ငန်းကဏ္ဍများဖြစ်ပြီး ၎င်းလုပ်ငန်းများမှာ လက်ရှိ ပဋိပက္ခနှင့် ပတ်သက်၍ ထိခိုက်မှုမရှိသေးသည့် လုပ်ငန်းများ ဖြစ်ပါသည်။

သို့ရာတွင် ဥရောပသမဂ္ဂအဖွဲ့၏ စီးပွားရေး ကျဆင်းမှု အထူးသဖြင့် ဂျာမနီ၏ စီးပွားရေးကျဆင်းမှုမှာ ဆွစ်ဇာလန်နိုင်ငံ၏ စီးပွားရေးအား သွယ်ဝိုက်ထိခိုက်နိုင်ပါသည်။ ယင်းထက်ကုန်သွယ်မှုဆိုင်ရာ တင်းမာမှုများကြောင့် အပြည်ပြည်ဆိုင်ရာ ရင်းနှီးမြှုပ်နှံသူများ၏ အာရုံတွင် ဆွစ်ဖရန့် ငွေကြေးအပေါ် ပိုမိုဘဝင်ခိုက်စေမည့်အချက်ကသာ ဆွစ်ဇာလန်နိုင်ငံအတွက် ပိုမိုအလေးထားရမည့် အချက်ဖြစ်ပြီး ၎င်းအချက်မှာ ဆွစ်ဇာလန်နိုင်ငံအတွက် ပိုမို၍ သွယ်ဝိုက်ထိခိုက်စေမည့် အချက်အဖြစ် တွေ့ရှိရကြောင်း UBS ဘဏ်၏ စီးပွားရေးပညာရှင် Alessandro Bee က ဆိုပါသည်။

**ညီညီအောင်**
**WTO သံမှူး၊ ဂျီနီဗာမြို့**

## ရေနံသွင်းကုန်များအတွက် အီရန်လောင်စာဆီတင် သင်္ဘောနှင့် အာမခံကုမ္ပဏီများကို အသုံးပြုရန် အီရန်နိုင်ငံပိုင်ရေနံသန့်စင်ကုမ္ပဏီများသို့ အိန္ဒိယ ခွင့်ပြု

အီရန်အပေါ် အမေရိကန်၏ အရေးယူပိတ်ဆို့မှုကြောင့် အိန္ဒိယထိပ်တန်းသင်္ဘောလိုင်းဖြစ်သည့် Shipping Corp of India (SCI) အပါအဝင် ကုမ္ပဏီအများစုက အီရန်သို့သွားရောက်သည့် ရေကြောင်းခရီးစဉ်များကို ရပ်နားခဲ့ပြီးနောက် အီရန်မှ ရေနံများတင်သွင်းရန်အတွက် အီရန်လောင်စာဆီတင် သင်္ဘောနှင့် အာမခံကုမ္ပဏီ များကို အသုံးပြုရန် နိုင်ငံပိုင်ရေနံသန့် စင်လုပ်ငန်းသို့ အိန္ဒိယအစိုးရက ခွင့်ပြုလိုက်ကြောင်း သိရှိရပါသည်။

အိန္ဒိယကခွင့်ပြုခဲ့သည့် ပုံစံကို အီရန်ရေနံများအား ဆက်လက်တင်သွင်းရန် တရုတ်ကလုပ်ဆောင်နေသည့် နည်းလမ်းအတိုင်းသာဖြစ်ကြောင်း၊ တရုတ်မှရေနံဝယ်လက်အားလုံးလိုလိုသည် အီရန်ရေနံသွင်းကုန်များ အားလုံးနီးပါးကို သယ်ယူရန် National Iranian Tanker Co (NITC) ပိုင်သင်္ဘောများကို ပြောင်းရွှေ့အသုံးပြုနေကြကြောင်း၊ အီရန်၏ ထိပ်တန်းဝယ်လက်နှစ်ဦးက ယခုကဲ့သို့ ဆောင်ရွက်ချက်များသည် US sanction စတင် အသက်ဝင်မည့် နိုဝင်ဘာလမှ တိုင်အောင် အီရန်အား ကမ္ဘာ့ရေနံဈေးကွက်မှ အလုံးစုံဖယ်ထုတ်ခြင်းပြုဖွယ်မရှိကြောင်းကို ညွှန်းဆိုနေသည်ဟု သုံးသပ်ဖော်ပြထားပါသည်။

လက်ရှိတွင် အိန္ဒိယသင်္ဘော လိုင်းဝန်ကြီးဌာနအနေဖြင့် အီရန်ရေနံများကို CIF စနစ်ဖြင့် ဝယ်ယူရန် နိုင်ငံပိုင် ရေနံသန့်စင်လုပ်ငန်းများအား ခွင့်ပြုထားပြီးဖြစ်သည်ဟု အစိုးရသတင်းအမြစ်က ဆိုထားကြောင်း၊ ယခင်ကမူ FOB စနစ်ဖြင့်သာ ခွင့်ပြုခဲ့ကြောင်း၊ ယခုခွင့်ပြုချက်ကြောင့် အီရန်အနေဖြင့် အိန္ဒိယရေနံချက်ကုမ္ပဏီများသို့ CIF စနစ်ဖြင့် ရောင်းချလာနိုင်မည်ဖြစ်ကာ Indian Oil Corp (IOC)၊ Bharat Petroleum Crop Ltd (BPCL) နှင့် MRPL ကုမ္ပဏီတို့မှာလည်း လက်ရှိဘဏ္ဍာနှစ်လက်ကျန်ကာလအတွင်း အီရန်သင်္ဘောလိုင်းများကို ပြောင်းလဲအသုံးပြုလာနိုင်မည့် အခွင့်အရေးများ ရှိလာမည်ဖြစ်ကြောင်း၊ ထို့ပြင် အီရန်သည် သင်္ဘောသယ်ယူပို့ဆောင်စရိတ် အခမဲ့နီးပါးနှင့် အကြွေးဆိုင်းငံ့ကာလ သက်တမ်းတိုးပေးခြင်းတို့ဖြင့် ၎င်းတို့၏ ရေနံများအား ရောင်းချရန် ကမ်းလှမ်းနေသည့်အတွက် အီရန်မှရေနံများကို ဆက်လက်ဝယ်ယူရန် အိန္ဒိယအနေဖြင့် ဆန္ဒရှိကြောင်း၊ ပြီးခဲ့သည့်ဇူလိုင်လတွင် အိန္ဒိယနိုင်ငံပိုင် ရေနံကုမ္ပဏီများသည် အီရန်မှ ရေနံများကို နေ့စဉ်စည်ပေါင်း ၇၆၈၀၀၀ ထိ စံချိန်တင် တင်သွင်းခဲ့ပြီး ၂၀၁၈-၁၉ အတွင်း အိန္ဒိယအနေဖြင့် အီရန်မှရေနံများကို ပြီးခဲ့သည့်နှစ်ထက် နှစ်ဆနီးပါးခန့်အထိ တိုးမြှင့်တင်သွင်းရန် စီစဉ်ထားကြောင်း သိရှိရပါသည်။

**ယဉ်ယဉ်နွယ်၊ စီးပွားရေးသံမှူး၊ နယူးဒေလီမြို့။**

## တောင်ကိုရီးယားနိုင်ငံ ဆိုးလ်မြို့တွင် အာဆီယံ-အိန္ဒိယရက်သတ္တပတ် ကျင်းပမည်

တောင်ကိုရီးယားနိုင်ငံအနေဖြင့် သမ္မတမွန်ဂျေအင်း၏ "New Southern Policy" အရ အမေရိကန်နှင့် တရုတ်တို့ကို အားပြုသည့် စီးပွားရေးမှအာရှနှင့် အရှေ့တောင်အာရှနိုင်ငံများနှင့် ပိုမိုပူးပေါင်းဆောင်ရွက်နိုင်မည့် အခွင့်အလမ်းများကို ဖန်တီးဆောင်ရွက်လျက် ရှိသည်။ ယခုအခါ လာမည့်အောက်တိုဘာလ နောက်ဆုံးပတ်ကို အာဆီယံ-အိန္ဒိယရက်သတ္တပတ်အဖြစ် သတ်မှတ်ကာ တောင်ကိုရီးယားနှင့် အိန္ဒိယ၊ အာဆီယံနိုင်ငံများအကြား ရင်းနှီးမြှုပ်နှံမှု မြှင့်တင်နိုင်မည့် အစီအစဉ်များကို ထည့်သွင်းကျင်းပသွားမည်ဖြစ်ကြောင်း သိရှိရသည်။ Korea Trade-Investment Promotion Agency (KOTRA) အနေဖြင့်လည်း "ASEAN and India Investment Seminar" ကို အောက်တိုဘာလ ၃၀ ရက်တွင် Lotte Hotel World တွင် ကျင်းပပြုလုပ်သွားမည်ဖြစ်ကာ တောင်ကိုရီးယားနိုင်ငံရှိ အိန္ဒိယနှင့် အာဆီယံနိုင်ငံသံရုံးများမှ တာဝန်ရှိသူများ၊ အာရှနိုင်ငံများတွင် ရင်းနှီးမြှုပ်နှံမှုများ ဆောင်ရွက်လျက်ရှိသည့် တောင်ကိုရီးယားကုမ္ပဏီလုပ်ငန်း ရှင်များ၊ ရင်းနှီးမြှုပ်နှံမှုဆိုင်ရာ အဖွဲ့အစည်းများကိုဖိတ်ကြား၍ ရင်းနှီးမြှုပ်နှံမှုမြှင့်တင်ရေးအတွက် ဆွေးနွေးဟောပြောပွဲများ ဆောင်ရွက်သွားမည်ဖြစ်ကြောင်း သိရှိရပါသည်။

**ခင်မျိုးသော်၊ စီးပွားရေးသံမှူး၊ ဆိုးလ်မြို့။**

# သစ်သီးဝလံ ဟင်းသီးဟင်းရွက်များ၏ ဇီဝကမ္မဖြစ်စဉ်ကြောင့် ပျက်စီးဆုံးရှုံးမှုများအား ထိန်းချုပ်ခြင်း

|အောင်ဆန်း (စိုက်ပျိုးရေး)|

မြန်မာနိုင်ငံတွင် သစ်သီးဝလံနှင့် ဟင်းသီးဟင်းရွက်များကို အမယ်ပေါင်းများစွာ ဧကပေါင်းများစွာ စိုက်ပျိုးလျှက်ရှိပါသည်။ မတူညီသော ရာသီဥတုအခြေအနေ ၊ မြေမျက်နှာပြင် အနိမ့်အမြင့် ကွာခြားမှုများအရ ဒေသအလိုက်တွင် မတူကွဲပြားသော သစ်သီးဝလံနှင့် ဟင်းသီးဟင်းရွက်များ စိုက်ပျိုးလျက်ရှိကြသည်။ အဆိုပါ စိုက်ပျိုးလျက်ရှိသော သစ်သီးဝလံနှင့် ဟင်းသီးဟင်းရွက်များသည် ၎င်းတို့ အသီးသီး၏ ဇီဝကမ္မပြောင်းလဲမှု ဖြစ်စဉ်ကြောင့် မရိတ်သိမ်းမီ ဆုံးရှုံးခြင်း၊ ရိတ်သိမ်းဆွတ်ခူးချိန် ဆုံးရှုံးခြင်းနှင့် ရိတ်သိမ်းဆွတ်ခူးပြီးနောက် ဆုံးရှုံးခြင်းများ ဖြစ်ပေါ်နေသည်ကို တွေ့ရှိရသည်။

သစ်သီးဝလံများနှင့် ဟင်းသီးဟင်းရွက်များ၏ မဆွတ်ခူးမီ ဆုံးရှုံးမှုသည် ၁၅-၂၀ ရာခိုင်နှုန်းရှိသည်ဟု ဆိုပါသည်။ ဟင်းသီးဟင်းရွက်တွင် မဆွတ်ခူးမီ ဆုံးရှုံးမှုသည် (၃-၈ ရာခိုင်နှုန်း) ရှိသည်။ သစ်သီးဝလံများသည် မဆွတ်ခူးမီ ဆုံးရှုံးမှုသည် (၇-၁၂ ရာခိုင်နှုန်း) ရှိသည်ဟု ဆိုပါသည်။ သစ်သီးဝလံနှင့် ဟင်းသီးဟင်းရွက်များ၏ ဆွတ်ခူးစဉ်နှင့် စားသုံးသူ လက်ထဲရှိစဉ် ဆုံးရှုံးမှုသည် (၂၃-၄၈ ရာခိုင်နှုန်း) ရှိသည်ဟု သုတေသန ရလဒ်က ဆိုပါသည်။ ဤသို့ သစ်သီးဝလံများနှင့် ဟင်းသီးဟင်းရွက်များ၏ ဇီဝကမ္မဖြစ်စဉ် ပြောင်းလဲမှုကြောင့် ဆုံးရှုံးမှုကို ကာကွယ်ထိန်းသိမ်းရန် လိုအပ်လာပြီ ဖြစ်ပါသည်။ ဤသို့ ကာကွယ်ထိန်းသိမ်းနိုင်ရန်အတွက် ရိတ်သိမ်းချိန်လွန်နည်းပညာ (Postharvest Technology) သည် အရေးကြီးသော ကဏ္ဍတစ်ရပ် ဖြစ်လာပါသည်။

သစ်သီးဝလံနှင့် ဟင်းသီးဟင်းရွက်များ မဆွတ်မီ ဆုံးရှုံးရခြင်းသည် မြေအစိုဓာတ်ခမ်းခြောက်ခြင်း၊ အာဟာရဓာတ်လုံလောက်စွာ မကျွေးခြင်း၊ ပိုးမွှားရောဂါကျရောက်ခြင်း၊ ရာသီဥတုဖောက်ပြန်ခြင်း၊ အလင်းပြင်းအား လေထုစိုထိုင်းဆနှင့် အခြားအချက်များက တရားခံဖြစ်နေသည်ကို တွေ့ရှိရသည်။ အပူချိန်ပြင်းနေပါက ခရမ်းချဉ်သီးများ ဇီဝကမ္မ ဖြစ်စဉ်ပြောင်းမှု ဖြစ်စဉ်ကြောင့် လိမ္မော်ရောင် (သို့) လိမ္မော်ဝါရောင် ဖြစ်ပေါ်စေသည်။ အပူချိန်ပြင်းပါက လိမ္မော်သီးများတွင် ဇီဝကမ္မဘီတာကယ်ရိုတင်း ဖြစ်စဉ် ဟန့်တားခံရခြင်းကြောင့် လိမ္မော်ရောင်မဖြစ်ဘဲ အခြားအရောင်များအဖြစ် ပြောင်းလဲသွားခြင်း၊ အပူချိန်မြင့်ခြင်းကြောင့် ဥစားသီးနှံများတွင် အစာချက်လုပ်နှုန်းနှင့် အသက်ရှူနှုန်း လျော့ကျခြင်းတို့ဖြစ်စေပြီး ဇီဝကမ္မဖြစ်စဉ်တွင် ကာဗိုဟိုက်ဒရိတ်စုဆောင်းမှုကို လျော့ကျစေပါသည်။ ဟင်းသီးဟင်းရွက် သီးနှံများတွင် နေလောင်ဒဏ်ခံရခြင်းများ ဖြစ်စေပါသည်။ အပူချိန်မြင့်မားမှုကြောင့် ကညွတ်တွင် ပင်စည်ပျော့ပြောင်းနူးညံ့မနေဘဲ ပျင်းတွဲတွဲ ဖြစ်နေခြင်း၊ ဂေါ်ဖီထုတ်နှင့် ဆလတ်တို့တွင် ထိပ်ပိုင်းများ လောင်ခြင်း၊ ကြက်သွန်နီ ကြက်သွန်ဖြူတို့တွင် အလင်းဖောက်ခြင်း၊ အာလူးတွင် အနက်ပျောက်ဖြစ်ခြင်း၊ မုန်လာဥတွင် အူချောင်၍ အတွင်းသား ဖော့သားကဲ့သို့ ဖြစ်နေခြင်း စသည့် ဇီဝကမ္မဖြစ်စဉ် ပြောင်းမှုများ ဖြစ်ပေါ်စေပါသည်။

အပူချိန်နိမ့်ခြင်း ဖြစ်ပေါ်ပါက ရှောက်၊ သံပုရာမျိုးနွယ်ဝင်နှင့် သရက်တို့သည် အပူချိန်နိမ့်တွင် အေးသော ရာသီဥတု၌ ဇီဝကမ္မဖြစ်စဉ်ပြောင်းလဲမှု နည်းသည်ကို တွေ့ရှိရသည်။ အပူချိန်နိမ့်နေပါက ကဇွန်းဥတွင် ဇီဝကမ္မဖြစ်စဉ် ပြောင်းလဲမှုကြောင့် အသားဓာတ်နှင့် ကစီဓာတ်ပါဝင်မှုကို တိုးစေပါသည်။ ဘရိုကိုလီနှင့် ဂေါ်ဖီထုတ်တို့တွင် သိုင်ယာမင်းဓာတ်နှင့် ရိုင်ဗိုဖလေဗင်ဓာတ်တို့ ပိုမို ဖြစ်ပေါ်စေပါသည်။ အာလူးတွင် ဇီဝကမ္မဖြစ်စဉ် ပြောင်းလဲမှုကြောင့် ကစီမှ သကြားဓာတ်သို့ ပြောင်းလဲမှုဖြစ်စေပြီး အနက်ရောင်အစင်းများ ဖြစ်ပေါ်လာသည်ကို တွေ့ရသည်။ နာနတ်သီးတွင် အပူချိန်နိမ့်ခြင်းကြောင့် ဇီဝကမ္မဖြစ်စဉ် ပြောင်းလဲမှုဖြစ်စဉ်များဖြစ်ပြီး အသားတွင် အညိုအစက်များ ဖြစ်ပေါ်လာသည်ကို တွေ့ရှိရသည်။

အလင်းပြင်းအားကြောင့် ဆုံးရှုံးမှုတွင် အရည်အသွေး ဆုံးရှုံးခြင်းကို ပိုမို ဖြစ်စေပါသည်။ အလင်းပြင်းအား များခြင်းသည် ဇီဝကမ္မဖြစ်စဉ် ပြောင်းလဲမှုကို တိုက်ရိုက်အကျိုးသက်ရောက်မှု ရှိနေသဖြင့် သစ်သီးဝလံများ၏ အချိုဓာတ် ဖြစ်ပေါ်မှုကို အားပေးသည်။ ဥပမာ အလင်းပြင်းအား များခြင်းသည် သရက်၊ ရှောက်၊ သံပုရာမျိုးနွယ် (ကွဲကော၊ ဂရိတ်ဖရု၊ ရှောက်) တို့ကို အချဉ်ဓာတ် လျှော့ချစေ၍ အချိုဓာတ် ကဲမှုကို အကျိုးပြုပေးပါသည်။ သို့သော် အလင်းပြင်းအား များခြင်းကြောင့် ဇီဝကမ္မ ဖြစ်စဉ်များ ပြောင်းလဲလာပြီး အာလူးအသားများ အစိမ်းရောင် ဖြစ်စေပါသည်။ အရသာ စပ်ရှားရှား ဖြစ်နေပါသည်။ အလေးချိန် လျော့စေပါသည်။ အလင်းပြင်းအား များခြင်းကြောင့် ဇီဝကမ္မဖြစ်စဉ် ပြောင်းလဲလာပြီး ရှောက်သီးတွင် အခွံထူစေပြီး၊ ခရမ်းချဉ်သီးကို အနီရောင် ရင့်စေပါသည်။

လေထု၏ စိုထိုင်းဆသည်လည်း သစ်သီးဝလံများ၏ ဇီဝကမ္မဖြစ်စဉ် ပြောင်းလဲမှုကို လွှမ်းမိုးထားသည်ကို တွေ့ရှိရသည်။ အသီးကြီးထွားဖွံ့ဖြိုးချိန်တွင် စိုထိုင်းဆ များခြင်းသည် အသီးအရွယ်အစားကြီးမှု၊ အသီး၏ မျက်နှာပြင် တင်းမာမှုနှင့် အချိုဓာတ် ပါဝင်မှုကို မြင့်တက်စေပါသည်။ ရှောက်သီးတွင်မူ အခွံထူမှုကို လျော့ကျစေပါသည်။ စိုထိုင်းဆ များနေခြင်းသည် သရက်ဆွတ်ခူးပြီးနောက် ရောဂါဖြစ်စေမှုကို အားပေးပါသည်။ သရက်နှင့်ငှက်ပျောတို့တွင် အသီးဖွံ့ဖြိုးကြီးထွားချိန်၌ လေပြင်းတိုက်ခတ်မှု ခံရပါက အသီးများ ကြွေကျခြင်း၊ အရွက်များ ဒဏ်ရာရခြင်း၊ အချို့ ငှက်ပျောမျိုးများ အသီးအရွယ်အစားငယ်သွားစေပါသည်။

သစ်သီးဝလံနှင့် ဟင်းသီးဟင်းရွက်များ မဆွတ်ခူးမီ အသီးများကြီးထွားဖွံ့ဖြိုးချိန်တွင် ရေလိုအပ်ပါသည်။ မြေကြီးထဲတွင် အစိုဓာတ်နှင့် အာဟာရ အလုံအလောက် ရှိနေရန် လိုအပ်ပါသည်။ မြေကြီးထဲတွင် အစိုဓာတ်နှင့် အာဟာရဓာတ်များ မလုံလောက်ပါက အသီးအရည်အသွေး ကျဆင်းသွားစေနိုင်ပါသည်။ သစ်သီးဝလံများ အထွက်နှုန်းနည်း၍ အရွယ်အစား သေးသွားစေပါသည်။ ခရမ်းချဉ်သီးများ အက်ကွဲမှုဖြစ်ခြင်း၊ ကဇွန်းဥများ အရောင်ဖျော့ခြင်းတို့ဖြစ်စေပါသည်။

မြေကြီးထဲတွင် လုံလောက်သော အာဟာရဓာတ် ဖြည့်သွင်းပေးလျှင် အထွက်နှုန်းကောင်းပြီး အရည်အသွေး တက်စေပါသည်။ သကြားပြောင်းတွင် နိုက်ထရိုဂျင်နှင့် ဖော့စဖရပ်ဓာတ် လုံလောက်စွာ ရရှိလျှင် ဇီဝကမ္မဖြစ်စဉ် ပြောင်းလဲမှုကြောင့် သကြားဓာတ် တိုးပွားမှုကို ဖြစ်ပေါ်စေပါသည်။ လိမ္မော်တွင် နိုက်ထရိုဂျင်ဓာတ် လွန်ကဲစွာ အသုံးပြုခြင်းသည် အပင်၏ ဇီဝကမ္မဖြစ်စဉ် ပြောင်းလဲမှုကြောင့် အခွံထူစေခြင်းနှင့် အသီး အဝါရောင်သို့ ပြောင်းလဲမှု အချိန်ကြာမြင့်စေပါသည်။ ဟင်းသီးဟင်းရွက်များတွင် နိုက်ထရိုဂျင်ဓာတ် ချို့တဲ့ပါက အပင်၏ ဇီဝကမ္မဖြစ်စဉ် ပြောင်းလဲမှု ဖြစ်စဉ်ကြောင့် အပင်ပုခြင်း၊ အရွက်ဝါခြင်း၊ ကယ်လ်စီယမ်ဓာတ် ချို့တဲ့ပါက ဇီဝကမ္မပြောင်းလဲမှု ဖြစ်စဉ်ကြောင့် ခရမ်းချဉ်သီး ထိပ်ပုပ်နာဖြစ်စေပြီး ပန်းသီး အခွံပေါ်တွင် အချိုင့် ဖြစ်ပေါ်စေပါသည်။ ဘိုရွန်ဓာတ်ချို့တဲ့ပါက သဘော်သီးတွင် အဖုအတုံးအခဲလေးများဖြစ်ခြင်း၊ ဂေါ်ဖီထုတ်နှင့် ပန်းမုံလာတွင် ပင်စည်ခေါင်းပွဖြစ်ခြင်း၊ မုံလာဥတွင် အက်ကွဲခြစ်များ ဖြစ်ပေါ်စေပါသည်။

သစ်သီးဝလံနှင့် ဟင်းသီးဟင်းရွက် မဆွတ်ခူးမီ ဆုံးရှုံးနေမှုများကို အထက်ပါ ဆုံးရှုံးမှု ဖြစ်ပေါ်စေသော ဇီဝကမ္မဖြစ်စဉ် ပြောင်းလဲမှု တရားခံများကို ဖြစ်ပေါ်စေသော အကြောင်းရင်း တစ်ချက်ချင်းအလိုက် ဂရုတစိုက် ပြုစု၍ ထိန်းသိမ်းကြရန် ဖြစ်ပါသည်။

သစ်သီးဝလံနှင့် ဟင်းသီးဟင်းရွက်၊ အမြစ်စား ဥစားသီးနှံများသည် ရေဓာတ် ၆၅-၉၅ ရာခိုင်နှုန်းထိ ပါဝင်နေရာ ၎င်းရေဓာတ်ကြောင့် သီးနှံများ ဆွတ်ခူးပြီးချိန် နောက်ပိုင်းတွင် အသက်ရှူခြင်း၊ ရှင်သန်ခြင်းများ ဖြစ်ပေါ်နေသည်ကို တွေ့ရသည်။ သစ်သီးဝလံ၊ ဟင်းသီးဟင်းရွက်နှင့် အမြစ်စား ဥစားသီးနှံများ၏ ဆွတ်ခူးပြီး နောက်သက်တမ်းသည် ၎င်းတို့အတွင်းသို့ လှောင်ထားသော အစာများနှင့် ရေဓာတ် အသုံးပြုမှုနှုန်း၊ ဆုံးရှုံးမှုနှုန်းပေါ်တွင် မူတည်နေပါသည်။ ရင့်ရော်ခြင်း၊ သက်တမ်းကုန်ဆုံးခြင်းများကို ကြိုးကိုင်ထားသော ဇီဝကမ္မဖြစ်စဉ် ပြောင်းလဲမှုများသည် ရပ်တန့်မနေပါ၊ ဆက်လက် ဖြစ်ပေါ်နေပါသည်။ ထိုဖြစ်စဉ်များမှာ အသက်ရှူနေခြင်း၊ အငွေ့ပျံခြင်းနှင့် အီသလင်းဓာတ် ထုတ်လွှတ်ခြင်းတို့ ဖြစ်ပါသည်။

သစ်သီးဝလံနှင့် ဟင်းသီးဟင်းရွက်များ၏ ဇီဝကမ္မဖြစ်စဉ် ပြောင်းလဲမှုအရ ဆွတ်ခူးချိန်တွင် ပြီးပြည့်စုံသော ရင့်မှည့်မှု (အရွယ်ရောက်မှု)၊ ဆွတ်ခူးပုံနည်းလမ်း၊ ဆွတ်ခူးရမည့်အချိန် မှန်ကန်မှုတို့သည် အရေးပါသည်။ ၎င်းအချက်တို့သည် ဆွတ်ခူးပြီးချိန် နောက်ပိုင်း သီးနှံအရည်အသွေးပေါ်တွင် များစွာ လွှမ်းမိုးထားပါသည်။ အထက်ပါ အချက်တို့သည် ဆွတ်ခူးပြီးနောက် အရည်အသွေးကောင်းမွန်မှု၊ ဆက်လက်ဖြစ်ပေါ်လာမည့် ချို့ယွင်းချက် အကျိုးဆက်များကို ခံနိုင်ရည်ရှိမှု-မရှိမှုများကိုပါ အာမခံချက်ပေးနေမည့် အချက်များဖြစ်ပါသည်။

သစ်သီးဝလံနှင့် ဟင်းသီးဟင်းရွက်များသည် ဇီဝကမ္မဖြစ်စဉ် ပြောင်းလဲမှုအရ အစောပိုင်းတွင် အသက်ရှူနှုန်း မြန်ဆန်ကြသည်။ တဖြည်းဖြည်း အရွယ်ရောက် ကြီးထွားလာသောအခါ အသက်ရှူနှုန်း လျော့ကျသွားသည်။ ရိတ်သိမ်းဆွတ်ခူးပြီးသောအခါ အရွယ်ရောက်ပြီး သစ်သီးဝလံနှင့် ဟင်းသီးဟင်းရွက်များသည် အသက်ရှူနှုန်း နှေး၍ နုနယ်သော သစ်သီးဝလံနှင့် ဟင်းသီးဟင်းရွက်တို့မှာ အသက်ရှူနှုန်းမြန်သည်၊ ပို၍ ပျက်စီးလွယ်သည်၊ သစ်သီးဝလံနှင့် ဟင်းသီး ဟင်းရွက်များ ဇီဝကမ္မပြောင်းလဲဖြစ်စဉ်အရ အရွယ်ရောက်ခြင်း၊ ရင့်မှည့်ခြင်း၊ ရင့်ရော်ခြင်း (အိုမင်းခြင်း) အဆင့်များ ဖြစ်ပေါ်ပြောင်းလဲပါသည်။ ရင့်မှည့်ခြင်းသည် အရွယ်ရောက်ခြင်း၏ နောက်ဆုံးအဆင့်ဖြစ်ပြီး ရင့်မှည့်ခြင်းသည် ရင့်ရော်ခြင်း အစဖြစ်သည်။ ရင့်ရော်ခြင်းသည် အိုမင်းခြင်း၏ အစအဆုံးဖြစ်ပါသည်။ အိုမင်းပြီးလျှင် တစ်သျှူးများ သေဆုံး၍ နိဂုံးချုပ်သွားပါသည်။

သစ်သီးဝလံနှင့် ဟင်းသီးသီးဟင်းရွက်များတွင် ဇီဝကမ္မ ပြောင်းလဲမှုဖြစ်စဉ်အရ အသက်ရှူနှုန်း မြန်သောအုပ်စုနှင့် အသက်ရှူနှုန်း မမြန်သောအုပ်စုဟု ရှိသည်။ အသက်ရှူနှုန်း မြန်သောအုပ်စုတွင် ပန်းသီး၊ ထောပတ်သီး၊ ငှက်ပျောသီး၊ သရက်သီး၊ ဖရဲသီး၊ သခွားမွှေး၊ သဘော်သီး၊ သစ်တော်သီး၊ ခရမ်းချဉ်သီး စသည်တို့ အကျုံးဝင်သည်။ အသက်ရှူနှုန်း မမြန်သော အုပ်စုတွင် လိမ္မော်၊ သခွါး၊ ခရမ်း၊ စပျစ်၊ သံပုရာ၊ ကွဲကော၊ နာနတ်၊ စတော်ဘယ်ရီ စသည်တို့ ပါဝင်ပါ သည်။


သစ်သီးဝလံနှင့် ဟင်းသီးဟင်းရွက်တို့၏ ဇီဝကမ္မဖြစ်စဉ် ပြောင်းလဲမှုအရ အသက်ရှူခြင်းသည် အပင်ထဲမှ ကာဗိုဟိုက်ဒရိတ်နှင့် လေထဲရှိ အောက်စီဂျင်တို့ ပေါင်းစပ်ပြီး ကာဗွန်ဒိုင်အောက်ဆိုဒ်၊ ရေနှင့်စွမ်းအင်အဖြစ် ဓာတ်ပြိုကွဲသွားခြင်း ဖြစ်သည်။ တစ်ဖန်အပင်များ အသက်ရှူခြင်းတွင် လေရှိ အသက်ရှူခြင်း၊ လေမဲ့ အသက်ရှူခြင်း ဖြစ်စဉ်များ ရှိသည်။ လေရှိအသက်ရှူခြင်း ဖြစ်စဉ်တွင် အပင်များရှိ ကလူးကို့စ်နှင့် လေထဲမှ အောက်စီဂျင်တို့ ပေါင်းစပ်ပြီး ကာဗွန်ဒိုင်အောက်ဆိုဒ်၊ ရေနှင့်အပူစွမ်းအင်တို့အဖြစ် ဓာတ်ပြိုကွဲသွားခြင်း ဖြစ်သည်။ လေမဲ့အသက်ရှူခြင်း ဖြစ်စဉ်တွင် အပင်ရှိ ကလူးကို့စ်များမှ အီသနော၊ ရေနှင့်အပူစွမ်းအင်အဖြစ် ဓာတ်ပြိုကွဲသွားခြင်း ဖြစ်သည်။ သစ်သီးဝလံများနှင့် ဟင်းသီးဟင်းရွက်များ၏ ဇီဝကမ္မဖြစ်စဉ်အရ အသက်ရှူမြန်ခြင်း၊ မမြန်ခြင်း၊ လေရှိအသက်ရှူခြင်း၊ လေမဲ့အသက်ရှူခြင်းများကို ကြိုတင်သိရှိထားခြင်းအားဖြင့် ဇီဝကမ္မ ပြောင်းလဲမှုဖြစ်စဉ်ကြောင့် သစ်သီးဝလံနှင့် ဟင်းသီးဟင်းရွက်များ ပျက်စီးဆုံးရှုံးမှုကို ကြိုတင် ပြင်ဆင်တားဆီးရန် စီမံနိုင်မည် ဖြစ်ပါသည်။

သစ်သီးဝလံနှင့် ဟင်းသီးဟင်းရွက်များသည် အပူချိန်၊ လေထုအတွင်းရှိ အောက်စီဂျင် ပြင်းအားပမာဏ၊ ကာဗွန်ဒိုင်အောက်ဆိုဒ် ပြင်းအားပမာဏ၊ အီသလင်း ပြင်းအားပမာဏတို့သည် အပင်များ၏ ဇီဝကမ္မ ပြောင်းလဲမှုဖြစ်စဉ်ကို ကြိုးကိုင်ထားသည်။ အပူချိန် ၁၀ ဒီဂရီစင်တီဂရိတ် တိုးလာတိုင်း ဇီဝကမ္မ ပြောင်းလဲမှုဖြစ်စဉ်များသည် ၂-၃ ဆထိ မြန်လာသည်ကို တွေ့ရသည်။ ပြင်ပအပူချိန်များလေ အသက်ရှူနှုန်းမြန်လေ ဖြစ်သည်၊ အပူချိန် ၄၀ စင်တီဂရိတ် တိုးလာသည်နှင့် အမျှ အသက်ရှူနှုန်း မြန်ဆန်လာပြီး ၎င်းထက် ကျော်လွန်လာလျှင် တစ်သျှူးများ၊ ဆဲလ်များ သေသွားကာ ပျက်စီးခြင်းဘဝ ရောက်သွားသည်။ ဤအချက်ကိုလည်း သတိပြုရမည်ဖြစ်သည်။ လေထုထဲတွင် အောက်စီဂျင် ၂၀ ဒသမ ၉ ရာခိုင်နှုန်းထက် လျော့နည်းလာပါက အသက်ရှူနှုန်း နှေးလာသည်။ လေထုထဲွင် အောက်စီဂျင် ၂ ရာခိုင်နှုန်းထက် လျော့နည်းလာပါက လေမဲ့အသက်ရှူခြင်းဖြစ်ပြီး ကာဗွန်ဒိုင်အောက်ဆိုဒ် ထုတ်လွှတ်မှု များစေ၍ သီးနှံများ အချဉ်ပေါက် ပျက်စီးမှု ဖြစ်ပေါ်လာပါသည်။

သစ်သီးဝလံများနှင့် ဟင်းသီးဟင်းရွက်များတွင် ဇီဝကမ္မ ပြောင်းလဲမှုဖြစ်စဉ်အရ အီသလင်းဓာတ်သည် ရုတ်တရက် အသက်ရှူနှုန်းကို ဖြစ်ပေါ်စေပါသည်။ အီသလင်းဓာတ်သည် အပင်အတွင်း သဘာဝအတိုင်း အသီးများ မှည့်စေသော ဟော်မုန်းအဖြစ် တည်ရှိနေခြင်း ဖြစ်သည်။ အပင်အတွင်းတွင် အီသလင်းဓာတ်သည် ဆယ်သန်းပုံ တစ်ပုံသာ ပါဝင်ပါသည်။ အပင်အတွင်း အီသလင်းဓာတ်ရှိခြင်းသည် လိုလားအပ်သော ဖြစ်စဉ်များ ဖြစ်သလို မလိုလားအပ်သော ဖြစ်စဉ်များလည်း ဖြစ်ပေါ်လေ့ရှိသည်။ မလိုလားအပ်သော ဖြစ်စဉ်များမှာ လိမ္မော်၊ သံပုရာ၊ ကွဲကော အသီးတို့၏ အခွံများတွင် အစိမ်းကွက်များ ဖြစ်ပေါ်စေခြင်း၊ ဟင်းသီးဟင်းရွက်များကို အဝါရောင်ဖြစ်စေခြင်း၊ ပန်းပွင့်များတွင် ပွင့်ချပ်များ ကြွေကျခြင်း၊ ပန်းပွင့်ရာမှ ငုံသွားစေခြင်း၊ ငုံရာမှ ရုတ်တရက် ပွင့်သွားစေခြင်း၊ သီးနှံများ၏ သက်တမ်းတိုစေခြင်း ဖြစ်ပါသည်။

■


THAR YAR CHAN MYAE TRADING CO.,LTD
Office : No. (181, 183, 185), Bo Myat Tun Street, Orchid Condo, 5th Floor, Botahtaung Township, Yangon.
Tel : 09 5401711, 09 5078079
E-mail : kotinaung1234@gmail.com


မြန်မာ့မဏ္ဍိုင် ဆောက်လုပ်ရေး ကုမ္ပဏီလီမိတက်
MYANMA PIVOT CONSTRUCTION CO., LTD.
Myanma Pivot
No.1104,Bo Myat Tun Tower,
MahaBandoola Road,
Botahtaung Township,
Yangon,Myanmar.
Ph : 951-296227
Mobile : 095016608
E-mail : myanmapivot2010@gmail.com


MPF PYIN OO LWIN
RVK MEDITECH
Being a partner of choice by offering better value and in time stock.
Contract Manufacturing Available!
Tablet & Capsule
Oral Liquid
Beta Lactam Injection
Beta lactam Orall Solids
Large Volume Parenteral solution (LVP)
Small Volume Parenteral solution (SVP)
Oral Powder
Ophthalmic Products
Marketed by RVK Meditech Co. Ltd., Myanmar
Manufactured by Myanmar Pharmaceutical Factory, Pyin Oo Lwin
Office :
Room 1-B, No.10-C, New University Avenue Rd, Bahan Township, Yangon, MYANMAR.
Hot Line No : 09 765 606 755
Email : marketing@rvkmyanmar.com
Factory :
Quarter (16), Anesakhan, Mandalay - Lashio road, Pyin Oo Lwin, Mandalay Division, Myanmar.


BOSS
deli
oval
Since 1988
Beauty World Co., Ltd.
Yangon Head Office
(1) No.S-B 5, Aung Zeya Housing Complex,Strand Road, Ahlone Tsp, Yangon.
Tel:+95-1-2300866~869 Fax:2300865 Email:sale.ygn@beautyworldmyanmar.com
(2) Theingyi Zay : Tel: +95-1-242775 Ext:2226
(3) Mingalar Zay : Tel: +95-1-298393
Mandalay Branch
No.269,83rd Street, 29th & 30th Street, Chan Aye Thar Zan Tsp, Mandalay.
Tel +95-2-69032~34, 95-9402715501~502. Email: sale.mdy@beautyworldmyanmar.com
Taunggyi Branch
No. 66, Chreey Street, Kan Ayark Qtr., Taunggyi.
Tel +95-9-421069424, 09-977125239 Email: sale.tgi@beautyworldmyanmar.com


Korea No. 1 Multi Active Vitamins
ARONAMIN® Gold
ကျန်းမာခြင်းရဲ့ဟီးရိုး အာရိုနမင်ဂိုလ်း
ပျော်ရွှင်ဖွယ် သီတင်းကျွတ် အခါသမယတွင် လူကြီး၊ မိဘ၊ ဆရာသမားတို့အား
ကျန်းမာခြင်းလက်ဆောင်နှင့်အတူ ဂါရဝပြုလိုက်ပါ
နာကျင်ခြင်း၊
နုံးချည့်ညောင်းညာခြင်း၊
စိတ်ဖိစီးမှုများခြင်းတို့ကို
ပြေပျောက်စေမယ့် တစ်ခုတည်းသောအားဆေး ...
Vitamin C
Vitamin E
Active B12
Active B6
Active B2
Active B1
Korea No.1 Vitamin
ARONAMIN Gold
Multi-Active Vitamin
ASIA WINNER INDUSTRIAL LTD.
AWI UniqueCare Pharmaceutical Co., Ltd.
No. 25 (AWI Building), 63rd Street, Botahtaung Tsp, Yangon, Myanmar.
☎ : (95-1) 397096, 397097, 9010237, 9010238 Ext (201), Fax : (95-1) 397101
Hotline : 097 83 85 83 86


PHYO AUTO SERVICE
PHYO SERVICES CO.,LTD.
CAR SHOWROOM & SALES CENTER
Address : No. 67-B/1, Pho Sein Road, Bahan Township, Yangon.
Tel : 01-546102, 548069

# COMMERCE INTERNATIONAL

# ကုန်သွယ်ရေးသဘောထားကွဲပြားမှုနှင့် ဈေးကွက်မတည်ငြိမ်မှုတို့ကြောင့် အာရှစီးပွားရေးဖွံ့ဖြိုးမှုကိုထိခိုက်နိုင်

ကုန်သွယ်ရေးတင်းမာမှုများ ဆက်လက်ဖြစ်ပွားနေမှုက လာမည့်နှစ်တွင် အာရှစီးပွားရေးဖွံ့ဖြိုးမှုကို သုည ဒသမ ၉ ရာခိုင်နှုန်း ကျဆင်းစေနိုင်ကြောင်း အပြည်ပြည်ဆိုင်ရာ ငွေကြေးရန်ပုံငွေအဖွဲ့ (အိုင်အမ်အက်ဖ်)က ပြောကြားသည်။ သို့ဖြစ်ရာ ပို့ကုန်ကျဆင်းမှုကို ထေမိစေရန်အတွက် ဈေးကွက်ဖြေလျှော့မှုများကို ဆောင်ရွက်ကြရန် ဒေသတွင်းရှိ မူဝါဒရေးဆွဲသူများကို တိုက်တွန်းကြောင်း အေအက်ဖ်ပီသတင်းတွင်ဖော်ပြသည်။

အမေရိကန်ဗဟိုဘဏ် အပါအဝင် အဓိကဗဟိုဘဏ်ကြီးများက ငွေကြေးမူဝါဒများကို မူလခန့်မှန်းထားသည့် အချိန်ထက်စော၍ တင်းကျပ်မည်ဆိုပါက ထွန်းသစ်စစီးပွားရေးများတွင် တွေ့ရသော ဈေးကွက်အခြေအနေမှာ ပိုမိုဆိုးရွားလာနိုင်ကြောင်း တစ်နှစ်နှစ်ကြိမ် ထုတ်ဝေသော အာရှပစိဖိတ် အစီရင်ခံစာတွင် အိုင်အမ်အက်ဖ်က




သတိပေးထားသည်။

စွန့်စားမှုများကြောင့် ဖြစ်ပေါ်လာမည့် ယိုယွင်းပျက်စီးမှုများ၊ မြင့်တက်လျက်ရှိနေသော ကုန်သွယ်ရေး တင်းမာမှုများ၊ နိုင်ငံရေးနှင့် မူဝါဒရေးရာ မရေရာမှုများက ဘဏ္ဍာရေးအခြေအနေများ ကျပ်တည်းလာအောင် တွန်းပို့လျက်ရှိကြောင်း အောက်တိုဘာ ၁၂ ရက်ကထုတ်ပြန်သော အစီရင်ခံစာတွင် ဖော်ပြသည်။

မတည်ရင်းနှီးငွေ စီးဝင်မှု ကျဆင်းမှုနှင့် ငွေကြေးထောက်ပံ့မှု ရရှိအောင် ဆောင်ရွက်ရသော ကုန်ကျစရိတ် မြင့်မားမှုများမှ ဖြစ်ပေါ်လာသော ဖိတ်လျှံ အကျိုးသက်ရောက်မှုများကြောင့် ကသောင်းကနင်းဖြစ်နေသော ထွန်းသစ်စဈေးကွက်များမှာ ပိုမိုဆိုးရွားလာနိုင်ကြောင်း အစီရင်ခံစာတွင် ဖော်ပြထားသည်။

အာရှစီးပွားရေး တိုးတက်မှုနှုန်းမှာ ယခုနှစ်တွင် မူလခန့်မှန်းထားသည့်အတိုင်း ၅ ဒသမ ၆ ရာခိုင်နှုန်းရှိနိုင်ပြီး လာမည့်နှစ်တွင် မူလခန့်မှန်းချက်အောက် သုည ဒသမ ၂ ရာခိုင်နှုန်း ကျဆင်းမည်ဟုခန့်မှန်းထားသည်။ ယခုကဲ့သို့ လျှော့ချခန့်မှန်းရခြင်းမှာ အချို့သော စီးပွားရေးများတွင် ဘဏ္ဍာရေးဈေးကွက် အကျပ်ဆိုက်မှုဂယက်နှင့် ငွေကြေးမူဝါဒ တင်းကျပ်မှုတို့အပြင် အမေရိကန်ပြည်ထောင်စုနှင့်တရုတ်နိုင်ငံတို့၏အခွန်အကောက် လက်တုံ့ပြန် ကောက်ခံမှုတို့ကြောင့်ဖြစ်ကြောင်း အိုင်အမ်အက်ဖ်အစီရင်ခံစာတွင်ဖော် ပြသည်။

လက်ရှိ အဆိုပြုထားဆဲနှင့် အသစ်ထပ်မံဆောင်ရွက်မည့် လက်တုံ့ပြန်အခွန်ကောက်ခံရေး အစီအစဉ်များကြောင့် အမြင့်ဆုံး ခံစားရမည့် အမြင့်ဆုံး ပြည်တွင်း အသားတင်ထုတ်လုပ်မှု ဆုံးရှုံးမှုမှာ တရုတ်နိုင်ငံတွင် ၁ ဒ သမ ၆ ရာခိုင်နှုန်းနှင့် အမေရိကန်နိုင်ငံတွင် ၁ ရာခိုင်နှုန်းသို့ရောက်ရှိနိုင်ကြောင်း သိရသည်။

စံမီအောင် စုစည်းသည်

## ဗီယက်နမ် ဆန်တင်ပို့မှု အမြင့်ဆုံးသို့ ရောက်ရှိမည်ဟု ခန့်မှန်း

ဗီယက်နမ်နိုင်ငံသည် ဆန်ထုတ်လုပ်ရာတွင် ဘေးအန္တရာယ်ကင်းသော ထုတ်လုပ်မှုနည်းလမ်းများကို အသုံးပြုခြင်းနှင့် ဖွံ့ဖြိုးရေးအတွက် အော်ဂဲနစ် လယ်ယာစိုက်ပျိုးရေးကို အထူးအလေးပေးဆောင်ရွက်နေသည့် တစ်ချိန်တည်းမှာပင် အဆင့်မြင့်နည်းပညာများကို အသုံးပြုခြင်းဖြင့်အရည်အသွေးမြင့် ထုတ်လုပ်မှုနှင့် တန်ဖိုးမြှင့်ထုတ်လုပ်မှုသို့ ကူးပြောင်းဆောင်ရွက်လျက်ရှိကြောင်း ဗီယက်နမ်နယူးစ်သတင်းတွင် ဖော်ပြသည်။

အောက်တိုဘာ ၁၁ ရက်က ဟန္နိုင်းမြို့တွင် ကျင်းပသော(၁၀)ကြိမ်မြောက် ကမ္ဘာ့ဆန်ကွန်ဖရင့်တွင် ဗီယက်နမ် ဒုတိယဝန်ကြီးချုပ် ဗောင်ဒင်ဟူးက ယခုကဲ့သို့ ပြောကြားခဲ့ခြင်းဖြစ်သည်။

လယ်ယာစိုက်ပျိုးရေးနှင့်ကျေးလက်ဖွံ့ဖြိုးရေးသည် ဗီယက်နမ်ပါတီ၊ နိုင်ငံတော်နှင့် အစိုးရတို့၏ အဓိကမူဝါဒဖြစ်ပြီး အဆိုပါမူဝါဒတွင် ဆန်စိုက်ပျိုးထုတ်လုပ်မှုနှင့် ပြည်ပတင်ပို့မှုသည် ဗီယက်နမ်၊ ဒေသတွင်းနှင့် ကမ္ဘာ့စားနပ်ရိက္ခာ ဖူလုံရေးအတွက် အရေးပါသော အခန်းကဏ္ဍမှပါဝင်ကြောင်း ဟူးကပြောသည်။

စက်မှုထွန်းကားရေးနှင့် ခေတ်မီတိုးတက်ရေးကို ဗီယက်နမ်နိုင်ငံက အပြင်းအထန် ကြိုးစားဆောင်ရွက်နေသော်လည်း ဆန်စပါးစိုက်ပျိုးသော လယ်ကွင်းများမှာ နိုင်ငံစိုက်ပျိုးမြေဧရိယာ စုစုပေါင်း၏ ၆၀ ရာခိုင်နှုန်းဝန်းကျင်ရှိကြောင်းနှင့် ထုတ်လုပ်မှုမှာ နိုင်ငံအတွင်းရှိ တောင်သူလယ်သမား အိမ်ထောင်စု ကိုးသန်းနီးပါး၏ စားဝတ်နေရေးအတွက် အရေးပါလျက်ရှိသည်။

နှစ်ပေါင်း ၃၀ ခန့် ကြိုးပမ်းဆောင်ရွက်ခဲ့ပြီးနောက် ဗီယက်နမ်နိုင်ငံသည် ကမ္ဘာပေါ်တွင် ဆန်အများဆုံးတင်ပို့သော နိုင်ငံသုံးနိုင်ငံမှဆန် တင်သွင်းရသော ဆင်းရဲသည့်နိုင်ငံဘဝမှ လွတ်မြောက်လာခဲ့သည်။ ယမန်နှစ်က ဗီယက်နမ်နိုင်ငံသည် ဆန်တန် ချိန်ခြောက်သန်းတင်ပို့ခဲ့ပြီး ဝင်ငွေ အမေရိကန်ဒေါ်လာ ၂ ဒသမ ၆ ဘီလီယံရရှိခဲ့သဖြင့် နှစ်အလိုက်နှိုင်း ယှဉ်ပါကပမာဏအားဖြင့် ၂၁ ရာခိုင်နှုန်းနှင့် တန်ဖိုးအားဖြင့် ၂၂ ရာခိုင်နှုန်း မြင့်တက်ခဲ့သည်။ ဗီယက်နမ်ဆန်ကို နိုင်ငံပေါင်း ၁၅၀ တွင် ရရှိနိုင်ပြီး အစဉ်အလာဈေးကွက်များဖြစ်သော တရုတ်၊ ဖိလစ်ပိုင်၊ မလေးရှား၊ ကျူးဘားနှင့် အာဖရိကနိုင်ငံများအပြင် အလားအလာရှိသော နိုင်ငံများဖြစ်သည့် ဥရောပ၊ အမေရိကနှင့် အိုရှင်းနီးယားနိုင်ငံတို့ရှိ ဈေးကွက်များကိုလည်း စူးစမ်းလေ့လာလျက်ရှိသည်။

## နိုင်ငံခြားသား အလုပ်သမားပိုမိုဆွဲဆောင်နိုင်မည့်အစီအစဉ်ကို ဂျပန်နိုင်ငံထုတ်ပြန်

အသက်အရွယ်ကြီးရင့်သူ များပြားခြင်းနှင့် လူဦးရေ ကျဆင်းလာမှုကြောင့် လုပ်သားရှားပါးမှုနှင့် ရင်ဆိုင်နေရသည့်အတွက် နိုင်ငံခြားမှအလုပ်ကြမ်းသမားများကို ဆွဲဆောင်နိုင်မည့် စီမံကိန်းတစ်ရပ်ကို ဂျပန်နိုင်ငံက အောက်တိုဘာ ၁၂ ရက်မှာ ထုတ်ပြန်ခဲ့သည်။



လယ်ယာစိုက်ပျိုးရေး၊ သူနာပြုဆောက်လုပ်ရေး၊ ဟိုတယ်နှင့် သင်္ဘောတည်ဆောက်ရေးကဲ့သို့သော ကဏ္ဍများတွင် လုပ်သားရှားပါးမှုကွက်လပ်ကိုဖြည့်ဆည်းပေးရန် စီမံကိန်းက ရည်ရွယ်ထားကြောင်း သတင်းရရှိသည်။

ဥပဒေမူကြမ်းအရ လုပ်သားရှားပါးသည်ဟု သတ်မှတ်ထားသော နယ်ပယ်များတွင် ကျွမ်းကျင်မှုရှိသော နိုင်ငံခြားသားများကို ဗီဇာထုတ်ပေးပြီး ငါးနှစ်အထိ အလုပ်လုပ်ခွင့်ပေးထားမည်ဖြစ်သည်။ ထိုနယ်ပယ်များတွင် အရည်အသွေးကောင်း၍ ဂျပန်ဘာသာစကား စာမေးပွဲကို အောင်မြင်ထားသော နိုင်ငံခြားသား လုပ်သားများကို မိသားစုဝင်များအား ခေါ်ဆောင်ခွင့်ပေးပြီး အမြဲတမ်းနေထိုင်ခွင့် အဆင့်အတန်းကို ပေးမည်ဖြစ်သည်။

ဥပဒေမူကြမ်းကို ပါလီမန်သို့ စောနိုင်သမျှ အစောဆုံး တင်သွင်းမည်ဖြစ်ကြောင်းနှင့် ဧပြီလလောက်တွင်စတင်နိုင်မည်ဖြစ်ကြောင်း အစိုးရ၏ ပြောရေးဆိုခွင့်ရပုဂ္ဂိုလ် ယိုရှီဟီဒဲ ဆူဂါက ပြောသည်။

ဂျပန်နိုင်ငံသည် အစဉ်အလာအရမကျွမ်းကျင်သော လုပ်သားများကို လက်ခံရာတွင် သတိထား၍ ဆောင်ရွက်လေ့ရှိပြီး လောလောဆယ်တွင် အလွန်ကျွမ်းကျင်မှုမြင့်မားသော ပညာရှင်များကိုသာ အမြဲတမ်းနေထိုင်ခွင့်ပေးရန် ကန့်သတ်ထားသည်။ တစ်ခုတည်းသော ခြွင်းချက်မှာ ဂျပန်လူမျိုးများမှဆင်းသက်လာသော တောင်အာဖရိကနိုင်ငံသားများဖြစ်သည်။

ပြုပြင်ပြောင်းလဲမှုများ၏ရည်ရွယ်ချက်မှာ ဂျပန်လူဝင်မှုကြီးကြပ်ရေးမူဝါဒတစ်ခုလုံးကို ပြောင်းလဲသွားမည့် ရည်ရွယ်ချက်မရှိကြောင်း ဝန်ကြီးချုပ်ရှင်ဇိုအာဘေး၏ အစိုးရအဖွဲ့က အလေးအနက်ပြောသည်။

ဂျပန်နိုင်ငံသည် နိုင်ငံခြားမှဝင်ရောက်လာသူများအပေါ် အဆမတန်မှီခိုမည်မဟုတ်ကြောင်းနှင့် မူဝါဒကို မပြောင်းလဲဘဲ ဆက်လက်ထားရှိမည်ဖြစ်ကြောင်း ယခုဆောင်ရွက်ချက်သည် လူဝင်မှုကြီးကြပ်ရေးမူဝါဒကို ထူးထူးခြားခြားပြောင်းလဲပြီး နိုင်ငံခြားသားများကို အများအပြား လက်ခံမည့်သဘော ရှိ-မရှိ မေးမြန်းချက်ကို ဆူဂါက ဖြေကြားရာတွင်ပြောကြားသည်။

ဂျပန်နိုင်ငံတွင် အလုပ်လက်မဲ့နှုန်းက ၂ ဒသမ ၅ ရာခိုင်နှုန်းသာရှိပြီး အလုပ်ရှာဖွေသူ ၁၀၀ လျှင် လစ်လပ်သော အလုပ်နေရာ အရေအတွက်မှာ ၁၆၃ နေရာရှိသည်။ ထို့ကြောင့် အလုပ်သမားရရှိရန် ရုန်းကန်နေရသည့်အတွက် လူဝင်မှုကြီးကြပ်ရေး စည်းမျဉ်းများကို လျှော့ပေးရန် စီးပွားရေးလုပ်ငန်းများက တောင်းဆိုခဲ့ကြသည်။

အလုပ်သမား လိုအပ်ချက်ကို ၂၀၂၅ ခုနှစ်တွင် ငါးသိန်းရှိမည်ဟု ပြည်တွင်း မီဒီယာတို့ကခန့်မှန်းခဲ့ကြသော်လည်း အဆိုပြုချက်အသစ်တွင်မူ အစိုးရက ရည်မှန်းချက်ကို သတ်မှတ်ထားခြင်မရှိပေ။ အစိုးရကထုတ်ပြန်သော ကိန်းဂဏန်းများအရ ၂၀၁၇ ခုနှစ်တွင် ဂျပန်နိုင်ငံ၌နိုင်ငံခြားအလုပ်သမား ၁ ဒသမ ၂၈ သန်း ရှိကြောင်းနှင့် လွန်ခဲ့သော ၁၀ နှစ်နှင့် နှိုင်းယှဉ်ပါက နှစ်ဆ မြင့်တက်လာကြောင်း သိရသည်။

**Trash is not Garbage**
**အသုံးပြု၍မရသော အရာတိုင်းသည် အမှိုက်မဟုတ်ပါ။**

**စီးပွားရေးအောင်မြင်ရန် သတင်းအချက်အလက်ကို အခြေခံ**